ဓမ္မပီမာန်-ဓမ္မစာပေ ပထမဆုရ

# ဘာသာရေးအနှစ်သာရများ

စာစဉ်(၁)




## အရှင်နန္ဒသေနာလင်္ကာရ

သာမဏေကျော်၊ဓမ္မာစရိယ၊မဟာဓမ္မာစရိယ M.A


(ဒုတိယအကြိမ်)

Graphic - BN

ထွန်းထွန်းတောက်
စာစဉ်-၂

ဓမ္မဗိမာန်-ဓမ္မစာပေ ပထမဆုရ

# ဘာသာရေးအနှစ်သာရများ

စာစဉ် [ ၁ ]

ဒုတိယအကြိမ်


အရှင်နန္ဒသေနာလင်္ကာရ

သာမဏေကျော်၊ ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ M.A



သာသနာ-၂၅၄၈။ ကောဇာ-၁၃၆၆-ခု၊ နယုန်လ။ ခရစ်-၂၀၀၄-ခု၊ ဇွန်လ။

အကာ အနှစ်၊ ကြောင်းကျိုးပြစ်၊ ဆန်းစစ် သိမြင်စေ၊

အကာရှောင်ရှား၊ ဆီနှစ်များ၊ ကြိုးစား ကျင့်နိုင်စေ၊

ဖြန့်ချိရေး
ထွန်းထွန်းတောက်စာပေ
အမှတ်-၂၀၂၊ ဦးချစ်မောင်လမ်း၊ ရန်ကင်းစင်တာအနီး၊
ဂွတ္တာလစ်၊ ဗဟန်း။
ဖုန်း - ၅၄၅၅၅၉၊ ၅၄၈၈၉၂

**စာမူ ခွင့်ပြုချက် အမှတ်**
၃၅၂ / ၂၀၀၄ (၆)
**မျက်နှာဖုံး ခွင့်ပြုချက် အမှတ်**
၃၄၄/၂၀၀၄ (၆)

**ပုံနှိပ်**
စွယ်တော်ပုံနှိပ်တိုက်
ဦးတင်အောင်ကျော်
အမှတ်(၈၅)၊ ၅၆ လမ်း၊ ပုဇွန်တောင်။
**ထုတ်ဝေသူ**
ယုံကြည်ချက်စာပေ
ဦးကျော်ဟင်း
၁၁၁ (၃)ထပ် ညာ၊ ၃၃ လမ်း၊ ရန်ကုန်။

**ကွန်ပျူတာစာစီ**
WW

**မျက်နှာဖုံးဒီဇိုင်း**
ဗညား

**အုပ်ရေ** – ၅၀၀
**တန်ဖိုး** – ၆၀၀ ကျပ်
**ထုတ်ဝေသည့်ကာလ** – ဒုတိယအကြိမ်၊ ၂၀၀၄ ခု၊ ဇူလိုင်လ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ● မိတ်ဆက်အမှာစကား | အ |
| ● ထုတ်ဝေသူ၏အမှာစာ | အော |
| ● နိဒါန်း | က |
| ● ဘာကြောင့် "ဗုဒ္ဓ" လို့ ခေါ်ရပါသလဲ | ၁ |
| ● ဗုဒ္ဓဘာသာရဲ့ အဓိပ္ပါယ်က ဘာလဲ | ၇ |
| ● ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ဖို့ ဘယ်လို အချက်အလက်တွေ လိုအပ်ပါသလဲ | ၉ |
| ● ဘုရားကို ဘာကြောင့် ရှိခိုးရသလဲ | ၁၆ |
| ● ရှိခိုးတဲ့ အဓိပ္ပါယ်က ဘာလဲ၊ ဘယ်လို အချက်အလက်တွေ လိုအပ်ပါသလဲ | ၂၂ |
| ● တရားတော်ကို ဘာကြောင့် ရှိခိုးရသလဲ | ၂၅ |
| ● သံဃာတော်ကို ဘာကြောင့် ရှိခိုးရသလဲ | ၃၂ |
| ● ဘုရား တရား သံဃာကို ဘာကြောင့် "ရတနာ" လို့ သုံးစွဲရပါသလဲ | ၄၀ |
| ● သာသနာဆိုတာ ဘာလဲ | ၅၁ |
| ● ကွယ်လွန်ပြီးနောက် အလောင်းကို သရဏဂုံ တင်တဲ့ ရည်ရွယ်ချက်က ဘာလဲ | ၅၄ |
| ● သီလခံယူတိုင်း သရဏဂုံထပ်ယူဖို့ လိုအပ်ပါသလား | ၅၆ |
| ● သရဏဂုံ ပုတီးစိပ်ခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ | ၅၈ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


- ဗုဒ္ဓဝါဒဟာ လောကကြီးပွားရေးကို အဟန့်အတား ဖြစ်စေပါသလား ၆၂
- ဗုဒ္ဓဝါဒက နတ်နှင့် နတ်ကိုးကွယ်မှုကို လက်ခံပါသလား ၇၁
- ဒါနက သံသရာကို ရှည်စေနိုင်ပါသလား ၇၉
- မြေလျှိုးမိုးပျံစွမ်းရသူနှင့် ရဟန္တာတူပါသလား ၈၇
- အလှူအတန်းကိစ္စမှာ ရေစက်ချမှ ကုသိုလ် အထမြောက်ပါသလား ၁၀၀
- လူချင်းတူပါလျက် ဘဝအနိမ့်အမြင့် ဘာကြောင့် ကွာခြားရပါသလဲ ၁၀၆
- ဆုတောင်းဆိုတာ ဘာလဲ၊ ဆုတောင်းပြည့်ဖို့ ဘာတွေ လိုအပ်ပါသလဲ ၁၁၈
- ကွယ်လွန်သူကို ရည်စူးပြီး ကုသိုလ်ပြု အမျှဝေရင် ကွယ်လွန်သူ ရနိုင်ပါသလား ၁၃၅
- ဗုဒ္ဓဝါဒပေါ်ထွက်လာလို့ ဘယ်လိုအကျိုးတွေ ရရှိပါသလဲ ၁၄၅
- ကမ္ဘာ့ဘာသာတွေထဲမှာ ဗုဒ္ဓဘာသာရဲ့ အထူးခြားဆုံးအချက်က ဘာလဲ ၁၆၇
- မှီငြမ်းကိုးကားကျမ်းများ ၁၈၅

# မိတ်ဆက်အမှာစကား

(၁)

- အမန္တ မက္ခရံ နတ္ထိ =
  မန္တန်မမြောက်သော အက္ခရာ ဟူသည်မရှိ။
- နတ္ထိမူလ မနောသဓံ =
  ဆေးဖက်မဝင်သော သစ်မြစ်စသား ပဥ္စငါးပါး ဟူသည်မရှိ။
- အယောဂျော ပုရိသော နတ္ထိ =
  အသုံးမကျသော ယောကျ်ား မိန်းမ ဟူသည်မရှိ။
- ယောဇကော တတြ ဒုလ္လဘော =

တန်ရာသင့်ရာ အသုံးချတတ်သူကိုသာ လောက၌ ရခဲ၏တဲ့- သတ္တနီတိဆရာဆိုစကားအလွန်မှတ်သားဖွယ်ကောင်းလှသည်။

(၂)

ရှင်တော်ဗုဒ္ဓ မြွက်ဟဟောကြားတော်မူခဲ့သည့် ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ ဟူသော ဓမ္မအားလုံးသည် -

– ကေဝလ ပရိပုဏ္ဏာ = ဖြည့်စွက်ဖွယ်မလိုအောင်ထိ အားလုံးပြည့်စုံ၏။

– ကေဝလ ပရိသုဒ္ဓ = အများအယှွင်းကင်းသဖြင့် အားလုံး သန့်ရှင်း၏။

၄င်းစကားနှစ်ရပ်နှင့်ပတ်သက်၍ အနှစ်ချုပ်စကားဆိုရသော် ဓမ္မဆိုသည်မှာ “ ပြည့်စုံသန့်ရှင်း ဂုဏ်နံ့သင်း” ဟူပါ၏။

(၃)

၁။ ဓိတိ – ရောင့်ရဲလွယ်ခြင်း၊
၂။ ခမာ – သည်းခံခြင်း၊
၃။ ဒမော – အတွေ့ကိုရှောင်ခြင်း၊
၄။ အထေယျံ – မခိုးဝှက်ခြင်း၊
၅။ သောစံ – ကိုယ်တွင်းကိုယ်ပ စင်ကြယ်ခြင်း၊
၆။ ဣန္ဒြိယနိဂ္ဂဟော – မျက်စိ၊ နား၊ နှာ၊ လျှာနှင့်ကိုယ်၊ စိတ် ဆို့ပိတ်ထိန်းသိမ်းခြင်း၊
၇။ ဓီ – စာပေ ကျမ်းဂန် အမှန်သိခြင်း၊
၈။ ဝိဇ္ဇာ – ကိုယ့်အကြောင်း ကိုယ်သိခြင်း၊
၉။ သစ္စံ – အမှန်ပြောခြင်း၊
၁၀။ အက္ကောဓော – ဒေါသထွက်စရာ တွေ့ကြုံလာလည်း သာသာနေလျက် ဒေါသ မထွက်ခြင်း၊

ဤသို့ ဓမ္မလက္ခဏာဆယ်ပါးကို ပိုင်းခြားပြသူက မနုဓမ္မ သတ်ဆရာဖြစ်ပါသတည်း။

(၄)

၁။ မတ္တ – အရက်မူးသူ၊
၂။ ပမတ္တ – မေ့လျော့ပေါ့ဆသူ၊
၃။ ဥမ္မတ္တ – ရူးနေသူ၊
၄။ သန္တ – အားအင်ကုန်ခမ်းနေသူ၊
၅။ ကုဒ္ဓ – ဒေါသကြီးသူ၊
၆။ ဗုဘုက္ခိတ – ထမင်းဆာနေသူ၊
၇။ တရမာန – တရှူးထိုးလုပ်တတ်သူ၊
၈။ လုဒ္ဓ – လောဘကြီးသူ၊
၉။ ဘီတ – ကြောက်တတ်သူ၊
၁၀။ ကာမီ – ကာမတဏှာကြီးသူ၊ (တဏှာပူးသူ)

နံပါတ်စဉ်အတိုင်း အရက်မူးသူမှ တဏှာပူးအထိ ဆယ်ဦးသော လူကို မနုဓမ္မသတ်ဆရာကပင် ဓမ္မကို ဓမ္မမှန်းမသိသူဟု ဆိုပါသတည်း။

(၅)

ဓမ္မ၏နိဂုံးသည် လွတ်မြောက်မှုဟူသော ချမ်းသာဖြစ်သည်။ သံသရာ၌ ဒုက္ခများပြွန်းတီးလျက်ရှိသည်။ ထိုနှင့်မခြား ဒုက္ခပင်လယ်ဝေခြင်းသည် သံသရာ၌အကျုံးဝင်သည်။ စာဖတ်သူသည် ဓမ္မ၏သဘောနှင့်စပ်၍ ပထမဆင့်အဖြစ် သိရန်၊ ဒုတိယဆင့်အဖြစ် ကျင့်ရန်ဟု နားလည်ခံယူပြီးသားဖြစ်တန်ကောင်းပါသည်။ ဓမ္မကို ဓမ္မမှန်းသိသူ

သည် ယင်းနှစ်ရပ်ကိုကျော်ဖြတ်ပြီးသူမှန်ပါက လွတ်မြောက်မှုချမ်းသာနှင့် ပေါင်းစပ်မိပေလိမ့်မည်။ ယင်းအခြေအနေမတိုင်မီကာလကို ထည့်သွင်းစဉ်းစားရပါမည်။ ရေခဲသာနေပျော်သောငါးကို ကုန်းပေါ်သို့ တင်လိုက်သောအခါ မနေတတ် မထိုင်တတ် တဖျတ်ဖျတ်လှုပ်သကဲ့သို့ အာရုံငါးပါးနှင့်ပျော်မွေ့နေလေ့ရှိသောပုထုဇဉ်လူသား၏စိတ်ကို သမာဓိ၊ ပညာဟူသော အဆင့်မြင့်ဓမ္မများနှင့် ပေါင်းစပ်ပေးသောအခါ ကသိကအောက်ဖြစ်မည်မှာသေချာပါသည်။ ရှင်သာမဏေဘ၀၊ ရဟန်းဘ၀၊ ရိပ်သာတို့၌ လူတိုင်းမပျော်မွေ့နိုင်သည်ကို သတိချပ်သင့်ပါသည်။

လက်ထက်တော်အခါက ပြသစ်စရဟန်းတစ်ပါးအား သူ၏ဥပဇ္ဈာယ်ဆရာများက ရဟန်းတော်များကျင့်သုံးရသည့် (၂၂၇)သွယ်သောသိက္ခာပုဒ်များကို တစ်ခုပြီးတစ်ခု တစ်ကြိမ်တည်းဖြင့်ပြောပြကြရာ ကျင့်သုံးရမည့် ဝိနည်းသိက္ခာပုဒ်တွေ ဒီလောက်များမှန်း အစကကြိုသိခဲ့ရင် ရဟန်းတောင်မပြုဘူးဟု ငြီးငွေ့စကားဆိုလေသည်။ ကံသုံးပါးလုံခြုံရေးအနှစ်ချုပ်တရားကို ဘုရားရှင်ထံမှ နာကြားရသောအခါ စိတ်သက်သာစွာဖြင့် သာသနာ၌ပျော်မွေ့သွားပြီး သမာဓိ ပညာ မဂ္ဂင်တရားများဆက်လက်အားထုတ်ရာ အရဟတ္တဖိုလ်ပေါက် ဝိမုတ္တိသုခသို့ဆိုက်ရောက်သွားလေသည်။

ဤစာအုပ်ထွက်ခါစက မြည်းစမ်းဖတ်ရှုခွင့်ရခဲ့ပါသည်။ ယင်းနှင့်အတူ မြန်မာ့အလင်း ကြေးမုံသတင်းစာ စာမျက်နှာများသို့ ဤစာအုပ်ထွက်ရှိကြောင်းသတင်းကိုလည်း ပေးပို့ခဲ့လေသည်။ ၄င်းပြင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာအုပ်စင်ကဏ္ဍ၌လည်း သတင်းအဖြစ်ဖော်ပြပေးစေခဲ့လေသည်။

သာမဏေကျော်ဘွဲ့၊ အစိုးရဓမ္မာစရိယဘွဲ့၊ သာသနာ့တက္က

သီလမဟာဓမ္မာစရိယ (M.A) ဘွဲ့ရ၊ ဤစာအုပ်ကိုပြုစုရေးသားသူ အရှင်နန္ဒသေနာလင်္ကာရသည် ဤစာအုပ်ကိုရေးသားရာ၌ ထောက်ကူပါဝင်သည့် မှီငြမ်းခံ ကျမ်းစာအရေအတွက်ကို စာအုပ်နောက်ဆွယ်၌ ဖော်ပြထားရာ ဤစာအုပ်ရှင်၏ စာပေစွမ်းရည် အဆင့်အတန်းကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။ ဗုဒ္ဓဟောကြားခဲ့သောဓမ္မများသည် အနှစ်သာရများချည်းဖြစ်သော်လည်း ယင်းအထဲမှ လူမှုရေးနယ်ပယ်နှင့် ဆက်နွယ်သော အကြောင်းအရာများကိုရွေးထုတ်ပြီး ဘာသာရေးအနှစ်သာရများဟု ခေါင်းစီးအမည်တပ်ကာ စာအုပ်အဖြစ်ထုတ်ဝေဖြန့်ချိခဲ့လေသည်။

စကားပြောဟန်ဖြင့်ရေးသားတင်ပြထားသဖြင့် အထူးပြင်ဆင်ဖွယ်မလိုတော့ဘဲ ပြောခွင့်ကြုံကပြောရန် ဟောခွင့်ကြုံကဟောရန်တို့အတွက် အသင့်ဖြစ်လေသည်။ ပါဠိပိဋကစာပေမှဆင့်ပွားသော အကြောင်းအရာများဖြစ်၍ ပါဠိဝေါဟာရများ ပူးတွဲပါဝင်သည်မှာ သင့်မြတ်လှပါသည်။ တင်ပြပုံ ရေးသားပုံ ရိုးစင်းကောင်းမွန်သဖြင့်လည်း ဖတ်ရန်နှင့်မှတ်ရန် ရှင်းလင်းလှပါသည်။ ခေါင်းစီးစာတန်းနှင့်အညီ တိုရှင်းလိုရှင်းကျအောင် ရေးသားနိုင်သဖြင့် လုံလောက်သောရှင်းလင်းချက်များကိုလည်း ရရှိစေပါသည်။ ပိဋကတ်ကျွမ်းကျင်စာပေပညာရှင်များအဖို့ ဤစာအုပ်နှင့်ပတ်သက်၍ မည်သို့သဘောထားရှိသည်ကို မခန့်မှန်းနိုင်သော်လည်း မိမိနှင့် မိမိကဲ့သို့ ပိဋကတ်စာပေဆိုင်ရာ လူအလူနများအတွက် ဤစာအုပ်ပါအကြောင်းအရာများက ဘာသာရေးဗဟုသုတကို များစွာတိုးပွားစေလေသည်။

ဤစာအုပ်ရှင် အရှင်နန္ဒသေနာလင်္ကာရသည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ အခြေခံမှစ၍ဓမ္မာစရိယ–တိုင်အောင် ပညာ

သင်ကြားခဲ့၊ စာပေပို့ချခဲ့ကြောင်း ကြားဖူးနားဝရှိခဲ့ပါသည်။ စာသင်သား ဘဝခရီး တစ်ခန်းပြီးဆုံးသောအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္က သိုလ်(ရန်ကုန်)၌ ကထိက တာဝန်ထမ်းဆောင်နေသည့်ဟုသာ ကြားဖူး သော်လည်း မည်သည့်အဆောင်၌သီတင်းသုံးကြောင်း မသိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဆုံဆည်းမှုကိုအရင်းတည်၍ ကိုယ့်ကိုယ်ကိုနှိမ့် ချပြောဆိုတတ်သော နိဝါတနိမာနဂုဏ်၊ တည်ကြည်ငြိမ်သက်သော သမာဓိသန္တိန္ဒြိယဂုဏ်တို့နှင့်ပြည့်စုံသော အရှင်နန္ဒသေနာလင်္ကာရ ဣန္ဒြေတို့မှာ ကြည်ညိုဖွယ်အသွင်ကိုဆောင်ပါသည်။

ဤစာအုပ်အတွက် ဤအမှာစာကိုရေးမည်ဟူသောစိတ်ကူး ဖြင့် ဤစာအုပ်၏ရှေ့မျက်နှာဖုံးကို အချိန်ယူ၍ကြည့်ရာ ၁၃၆၅ ခု နှစ် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့် သဒ္ဓမ္မဝါစီ ငွေရတုဓမ္မစာစောင်မှ ဂုဏ်ဟိတ်အမွန်ပုံရိပ်ဟန်ကဗျာကို ပြေး၍သတိရမိ လိုက်ပါသည်။ အလျဉ်းသင့်သဖြင့် ကဗျာကိုဖော်ပြပါမည် –

* ဗုဒ္ဓနိမိတ်၊ ကြာတံဆိပ်တည့်
ဂုဏ်ဟိတ်အထွတ်၊ ဘဒ္ဒကပ်၌
ပွင့်လတ်တူတူ၊ ရနံ့ကြူသည့်
လေးဆူဘုရား၊ မြတ်ကိုယ်စားဟု
မှတ်သားဖော်ညွှန်း၊ ပဒုံပန်း–––။

* ကြာပန်းပွင့်ရာ၊ ရေမျက်နှာတည့်
ချက်ချာဤဗွေ၊ အောက်ခံမြေနှင့်
မြရေအေးလက်၊ ပေါင်းဆုံဖက်သော်

နှစ်သက်မပြေ၊ ကျက်သရေဖြင့်
မြတ်ငွေကြာပွင့်၊ ရှုတိုင်းတင့်ဘိ---။

* မြေရေအကူ၊ ကြာကယူ၍
ကြာမှုငုံရင့်၊ ကြာဖူးပွင့်သို့
ထူးမြင့်ဆယ်လီ၊ ပါရမီနှင့်
ခါညီအလိုက်၊ သာကြည်ခိုက်တွင်
ရှိုက်မက်ဖွယ်ဆုံ၊ ရနံ့စုံတို့
သင်းထုံမွှေးရန်၊ ပွင့်ချိန်တန်က
စစ်မှန်မြေမှ၊ အေးရေမြကြောင့်
လောကဂုဏ်မြင့်၊ ကြာတို့ပွင့်သည်
ဆင့်ဆင့်ရေထောက်၊ လေးပွင့်မြောက်ပြီ---။

* ပွင့်ရန်အာမုံ၊ ကြာတစ်ငုံလျှင်
အရဏ်နမ်းဆင့်၊ လန်းလန်းစွင့်၍
ရွှန်းတင့်ပြည့်ညီ၊ ပါရမီဖြင့်
သာကြည်ဆင့်ကဲ၊ ဖူးပွင့်ဆဲမို့
ပြုမြဲဒါန၊ ကျင့်သီလနှင့်
ညီမျှဘာဝနာ၊ ဝတ်မှုန်လွှာကို
စုံစွာသိမ်း၊ ရှေ့ခရီး၌
ဖြည့်ဆည်းပြည့်စုံ၊ မွှန်းမွှန်းထုံ၍
စုဆုံယဉ်တင့်၊ ပန်ဆင်ခွင့်ကို
မျှော်လင့်နိုင်ကြပါစေသတည်း---။

အနှစ်ချုပ်ဆိုရသော် ဤစာအုပ်သည် ဘာသာရေးအသိဉာဏ် လမ်းပြ ဓမ္မမီးရှူးတိုင်ဖြစ်ပါသည်။ စာအုပ်ရှင် အရှင်နန္ဒသေနာလင်္ကာရ သည် ဓမ္မလက္ခဏာများနှင့်ပြည့်စုံသူ၊ ဓမ္မကို ဓမ္မမှန်းသိသူလည်းဖြစ်ပါ သည်။ ဗုဒ္ဓ၏ဓမ္မများကို သင့်ရာတန်ရာ၌ အသုံးချတတ်သူလည်းဖြစ်ပါ သည်။ အထက်ပါ မိမိ၏ညွှန်းဆိုချက်များသည် တရားလွန် သို့မ ဟုတ် မမှန်ကန်ဟုဆိုလာစေဦးတော့ ဆရာတော်ဘဒ္ဒန္တသာသန(မဟာ ဝိဇ္ဇာ)ဦးဆောင်သော ဓမ္မဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ပညာရှင်များမှ ဤစာအုပ်အား ဓမ္မဗိမာန်ဓမ္မစာပေ–ပထမဆုအဖြစ်ရွေးချယ်ခြင်း၊ ဆု ချီးမြှင့်ခြင်းနှင့် ဆန်းလွင်ဓမ္မစာပေ–ပထမဆုအဖြစ်ရွေးချယ်ခြင်း၊ ဆု ချီးမြှင့်ခြင်းများသည် ဤစာအုပ်၏ အနှစ်သာရရှိပုံကို မော်ကွန်းတင် လိုက်ခြင်းပင် မဟုတ်တုံလော–––။

မောင်ဘုန်းဝေ(တောင်ကုတ်)
ဗိုလ်တစ်ထောင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်
အဖွဲ့ဝင်အမှတ် – ၃၁၃၃၊
ရက်စွဲ။ ၂၀၀၄ ခုနှစ်၊ မေလ၊ ၂၇ ရက်

## ထုတ်ဝေသူ၏ အမှာစာ

ကျွန်မသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသည်။

ကျွန်မ၏ မိဘနှစ်ပါးသည်လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

ထို့ကြောင့်လည်း ကျွန်မသည် ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ပါသည်။

အထက်ပါအကြောင်းအရာသည် ကျွန်မ ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သော အကြောင်းအရာဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တော်တော်များများသည် ကျွန်မကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့မည်ဟု ထင်မြင်ယူဆမိပါသည်။

သို့သော် အသက်အတော်ကြီးရင့်လာ၍ တွေးခေါ်စဉ်းစားတတ်လာသောအခါ ထိုကဲ့သို့ဖြစ်ရခြင်းအပေါ် ဘဝင်မကျခံစားလာရသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးတစ်ယောက်သည် မိဘနှစ်ပါး ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ရခြင်းထက် ဗုဒ္ဓဘာသာ၏ အနှစ်သာရသဘောတရားကို ကျေကျေညက်ညက်နားလည်၍ ယုံကြည်သက်ဝင်ရခြင်းက ပို၍ကောင်းမွန်သည်ဟု ယူဆမိလာသည်။

ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်သောစာအုပ်များကိုလည်း အတတ်နိုင်ဆုံး ဖတ်ရှုလေ့လာခဲ့ပါသည်။ ကျွန်မအနေဖြင့် ဘဝင်ကျခဲ့သည်လည်းရှိခဲ့ပါသည်။ ဘဝင်မကျသည်လည်းရှိခဲ့ပါသည်။ ဘဝင်မကျသောအခါ ဘာသာရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် ကျေညက်မှုမရှိဟူ၍ သဘောပေါက်နားလည်ခဲ့မိပါသည်။

ပြီးခဲ့သော ၂၀၀၃ ခုနှစ် ကုန်ခါနီးကာလတွင် ယခုထုတ်ဝေသော အရှင်နန္ဒသေနာလင်္ကာရ (သာမဏေကျော်၊ ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ , M.A၊ ကထိက၊ ဝိနယပိဋကမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းမြေ–ရန်ကုန်မြို့) ရေးသားပြုစုသည့် ဘာသာရေးအနှစ်သာရများစာအုပ်ကို ဖတ်ရှုရပါသည်။

စာအုပ်သည် သေးငယ်သည်။ ပေါ့ပါးသည်။ သို့သော် ပစ်ပယ်စရာမရှိ၊ အားလုံး အနှစ်သာရချည်းသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော အခြေခံအချက်အလက်ကလေးများမှအစ ပါဝင်ပြီး စိတ်ဝင်စားဖွယ် အသေးစိတ်ရေးသားတင်ပြချက်များအပေါ်တွင် နှစ်ထောင်းအားရဖြစ်ခဲ့မိပါသည်။ ကျေနပ်ဝမ်းမြောက်ခဲ့ရပါသည်။

ထို့နောက် စာအုပ်လိုအပ်၍ မေးကြည့်သောအခါ စာအုပ်လက်ကျန်မရှိတော့ပါ။ ထို့ကြောင့် ကျွန်မအနေဖြင့် ဒုတိယအကြိမ်ထုတ်ဝေခွင့်ပြုပါရန် စာရေးသူအား ရိုသေလေးစားစွာဖြင့် ဦးခိုက်လျှောက်ထားအပ်ခဲ့ပါသည်။ စာရေးသူမှာလည်း ထုတ်ဝေခွင့်ပြုခဲ့ပါသည်။

ထိုကဲ့သို့ ဒုတိယအကြိမ် ထုတ်ဝေရန် စီစဉ်နေစဉ်အတွင်း ဤစာအုပ်မှာ ၂၀၀၃ ခုနှစ် ထုတ်ဝေသော ဘာသာရေးစာအုပ်များ

အနက်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် ထေရဝါဒဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု ရွေးချယ်ရာတွင် ဓမ္မဗိမာန်ဓမ္မစာပေ ပထမဆုနှင့် ဆန်းလွင်ဓမ္မစာပေ ပထမဆုတို့ကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

ကျွန်မအနေဖြင့် ဤစာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေခွင့် ရရှိခြင်းအပေါ်တွင်လည်း များစွာဝမ်းသာဂုဏ်ယူမိပါသည်။ ဒုတိယ အကြိမ် ထုတ်ဝေခွင့်ပေးခဲ့သော စာရေးသူ အရှင်နန္ဒသေနာလင်္ကာရ အားလည်း များစွာကျေးဇူးတင်မိပါသည်။

မည်သို့ပင်ဖြစ်စေ ဤစာအုပ်သည် ၂၀၀၃ ခုနှစ် ဇူလိုင်လ တွင် ပထမအကြိမ် ထုတ်ဝေ၍ ၂၀၀၄ ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေရသော စာအုပ်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် လူကြီးလူငယ်မရွေး ဤစာအုပ်ကို ဖတ်ရှု၍ ဘာသာရေးအနှစ်သာရများကို အသေးစိတ်ပိုမိုသိရှိနားလည်ပြီး အမျိုး ဘာသာ သာသနာကို စောင့်ရှောက်နိုင်ကြပါစေဟု ရည်သန်ဆန္ဒပြု ပါသည်။

ထုတ်ဝေသူ

# နိဒါန်း

(၁)

မြန်မာနိုင်ငံ လူဦးရေရဲ့ ရာခိုင်နှုန်းအများစုဟာ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများ ဖြစ်ကြပါတယ်။ ယုံကြည်ကိုးကွယ်ကြတဲ့အလျောက် မိမိတို့အိမ်မှာ ပူဇော်ကိုးကွယ်ထားတဲ့ ရုပ်ပွားတော်ကို ဆွမ်းတော် ပန်းတော် ဆက်ကပ်လှူဒါန်းပြီး ဘုရားရှိခိုးသီလယူ ပုတီးစိပ် ဆုတောင်း အမျှဝေစတဲ့ အခြေခံဘာသာရေးကိစ္စတွေကို နေ့စဉ်ပြုလုပ်တတ်ကြပါတယ်။ မိမိတို့ ကြည်ညိုလေးစားတဲ့ဆရာတော် သံဃာတော်တွေ၊ ထင်ရှားတဲ့ စေတီတော် ရုပ်ပွားတော်တွေဆီ သွားပြီးတော့လည်း အခွင့်သင့်တိုင်း ပြုလုပ်လေ့ရှိကြပါတယ်။ ဒီကိစ္စတွေကို အတွင်းကျကျလေ့လာပြီး အနှစ်သာရရှိရှိ လုပ်သူတွေရှိသလို မိရိုးဖလာ လုပ်ရိုးလုပ်စဉ်တစ်ခုအနေဖြင့် လုပ်သူတွေလည်းအများအပြားရှိပါတယ်။

လူငယ်လူရွယ်အများစုဟာ အကြောင်းအမျိုးမျိုးကြောင့်ဘာသာရေးမှာ မိရိုးဖလာ အဆင့်မျှသာ ရှိကြပါတယ်။ ဒီအဆင့်ဟာယိမ်းယိုင်နိုင်၊ ပြောင်းလဲနိုင်တဲ့ အဆင့်ဖြစ်လို့ အထူး အလေးထားစောင့်ရှောက်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။

## နိဒါန်း

ယနေ့ကမ္ဘာကြီးမှာ လူမှုရေး စီးပွားရေး ပညာရေး စသည် တွေဟာ မိရိုးဖလာ မဟုတ်တော့ပါဘူး။ ဆန်းစစ်ဝေဖန်မှု လေ့လာစူး စမ်းမှုတွေနှင့်အတူ အလျင်အမြန် ပြောင်းလဲတိုးတက်နေပါတယ်။ ဘာသာရေးမှာလည်း မိရိုးဖလာ ယုံကြည်မှုလောက်နှင့် မရောင့်ရဲ ကြတော့။ ခြေခြေမြစ်မြစ်လေ့လာမှုတွေ၊ ဆန်းစစ်ဝေဖန်မှုတွေ ရှိလာ ကြပါတယ်။ မိမိတို့ သိလိုတာကို Computer ကိုသုံးပြီး Internet မှ တစ်ဆင့် ကမ္ဘာအရပ်ရပ် ပညာရှင်တွေဆီ မေးမြန်းဆွေးနွေးကြတဲ့အထိ ပြောင်းလဲတိုးတက်လာပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် လူငယ်လူ ရွယ်တွေလည်း မိရိုးဖလာယုံကြည်မှုလောက်ဖြင့် ရပ်တန့်မနေဘဲ အသိ အမြင်ချဲ့ထွင်ဖို့ လိုအပ်လာပါတယ်။ သမထ–ဝိပဿနာ အလုပ်လို အဆင့်မြင့်ကိစ္စတွေကို အလှမ်းမမီသေးပေမဲ့ နေ့စဉ်ကြုံတွေ့နေရတဲ့ (ဥပမာ–မိမိ အမြတ်တနိုးကိုးကွယ်တဲ့ ဘုရားရှင်ကို ဘာကြောင့် ဗုဒ္ဓလို့ ခေါ်သလဲ။ ဘာကြောင့် ရှိခိုးရသလဲ။ ရှိခိုးတဲ့အခိပ္ပါယ်က ဘာလဲ။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ။ ဘုရား တရား သံဃာကို ဘာကြောင့် "ရတနာ" လို့ ခေါ်ရသလဲ–စတဲ့) ဘာသာရေး အခြေခံကိစ္စတွေကိုတော့ ခြေခြေမြစ်မြစ် နားလည်ထားဖို့ လိုအပ်ပါတယ်။

ဒါမှသာ မိမိယုံကြည်ကိုးကွယ်တဲ့ဘာသာ အခြေခံကစပြီး ဘယ်လောက် လေးနက်တယ်။ ဘယ်လောက် ခိုင်မာတယ်။ ယုံကြည် ကိုးကွယ်ရတာ ဘယ်လောက် အနှစ်သာရရှိတယ်ဆိုတာ သိမြင်လာမှာ ဖြစ်ပါတယ်။ သဒ္ဓါ (မိရိုးဖလာ) ဗုဒ္ဓဘာသာဝင်အဆင့်မှ ပညာဗုဒ္ဓဘာ သာဝင်အဆင့်သို့ တက်လှမ်းလာမှာဖြစ်ပါတယ်။ ခွဲခြမ်းစိတ်ဖြာ အသိ ဉာဏ်ပါတဲ့ ယုံကြည်ကိုးကွယ်မှုဟာ ပိုပြီးလေးနက်တတ် ခိုင်မာတတ် ပါတယ်။ ယုံကြည်မှုလေးနက်ခိုင်မာသလောက် လုပ်ဆောင်ချက်လည်း

လေးနက်ခိုင်မာတတ်ပါတယ်။ လုပ်ဆောင်ချက် လေးနက်ခိုင်မာသလောက် ဘာသာရေးနှင့်စပ်တဲ့ အကျိုးခံစားရမှုလည်း ကြီးမားနက်ရှိုင်းတတ်ပါတယ်။

(၂)

ဒီစာအုပ်ပါအကြောင်းအရာအများစုဟာ ဆွေးနွေးမေးမြန်းမှုနှင့် စာရေးသူကိုယ်တိုင်ကြုံခဲ့၊ အဖြေပေးခဲ့ရတဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အကြောင်းအရာအချို့ကတော့ အမြဲတွေ့ထိနေရတဲ့ ဘာသာရေးကိစ္စရပ်တွေဖြစ်ပြီး ခြေခြေမြစ်မြစ် နားလည်ထားသင့်တာတွေဖြစ်လို့ အလေးပေး ထည့်သွင်းထားပါတယ်။ ဒီအကြောင်းအရာတွေဟာ ဘာသာရေးမှာ မိရိုးဖလာအဆင့်မျှဖြင့် ရပ်တန့်နေသူ လူငယ်လူရွယ်များ၊ ယခုမှ ဗုဒ္ဓဘာသာကို လေ့လာသူများအတွက် အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဘာသာရေးအကြောင်းအရာတွေဟာ ပင်ကိုအားဖြင့် နက်နဲသိမ်မွေ့လှပါတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေဟာ ပါဠိဘာသာနှင့် မှတ်တမ်းတင်ထားတာဖြစ်လို့ ဆိုလိုရင်းကို အမှန်အတိုင်း သိနိုင်ဖို့ သာမန်လူတွေအတွက် ပိုမိုခက်ခဲပါတယ်။ ဒီအခက်အခဲကို ပညာရှင်များစွာက နိဿယဘာသာပြန် စကားပြေစတဲ့ နည်းမျိုးစုံဖြင့် ဖြေရှင်းတော်မူခဲ့ကြလို့ ပါဠိဘာသာနှင့်စိမ်းသူ သာမန်လူတွေပင် အမှန်အတိုင်း သိနားလည်ခွင့်ရခဲ့ကြပါတယ်။ ပညာရှင်များကျေးဇူးကြောင့် ပါဠိဝေါဟာရများစွာလည်း သာမန်လူတွေနှင့် ရင်းနှီးကျွမ်းဝင် ဖြစ်သွားခဲ့ပါတယ်။ အချို့

ဝေါဟာရတွေဆိုရင် မြန်မာစကားအဆင့်သို့ပင် ရောက်သွားကြပြီ ဖြစ်ပါတယ်။

ဒီစာအုပ်ပါအကြောင်းအရာတွေဟာ ဘာသာရေးဖြစ်လို့ ပါဠိဝေါဟာရနှင့် မကင်းနိုင်တာအမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ ပါဠိဝေါဟာရများများသုံးရင် လူငယ်လူရွယ်များ ငြီးငွေ့မှာစိုးလို့ နည်းနိုင်သမျှနည်းအောင် ကြိုးစားထားပါတယ်။ မြန်မာစကားသက်သက်ဆိုရင် အဓိပ္ပါယ်ပေါ့ပျက်ပျက်ဖြစ်နိုင်တဲ့ အချို့နေရာတွေမှာတော့ နားလည်လောက်တဲ့ ဘာသာပြန်နှင့်အတူ ယှဉ်တွဲသုံးထားပါတယ်။

(၃)

ရှင်တော်မြတ်ဘုရားရဲ့ အရဟံ၊ သမ္မာသမ္ဗုဒ္ဓစတဲ့ ဂုဏ်တော်တွေ။ တရားတော်ရဲ့ သွာက္ခာတ၊ သန္ဒိဋ္ဌိကစတဲ့ ဂုဏ်တော်တွေ။ သံဃာတော်ရဲ့ သုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္နစတဲ့ ဂုဏ်တော်တွေဟာ ရှိခိုးပူဇော်ထိုက်တဲ့အရာတွေဖြစ်ကြောင်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များပင် သိရှိကြပြီး ဖြစ်ပါတယ်။ ဂုဏ်တော်တွေရဲ့ သဘောသဘာဝကိုလည်း နားလည်ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ အထူးဖော်ထုတ်မနေဘဲ ချန်လှပ်ခဲ့ပါတယ်။ သူ့ဂုဏ်ငါ့ဂုဏ်ဝါသတ္တဝါတွေဟာ မိမိနှင့်ဆက်စပ်မှ ပိုပြီး စိတ်ဝင်တစား၊ ဂရုတစိုက်ရှိတတ်ကြပါတယ်။ မိမိနှင့် တိုက်ရိုက်ဆက်စပ်မှုဟာ အလေးအနက်ထားမှု၊ စူးစိုက်မှုရှိဖို့ တွန်းအားကောင်းတစ်ခု ဖြစ်ပါတယ်။ ဂုဏ်တော်တွေမှာ စိတ်ဝင်တစား အလေးအနက်ထားတဲ့ အလေ့အထ ပိုမိုများလာစေလိုတဲ့ ရည်ရွယ်ချက်နှင့် ဘုရား တရား သံဃာဟာ မိမိနှင့်ဘယ်လိုဆက်စပ်နေတယ်၊ ဘယ်လောက် ကျေးဇူး

ကြီးမားတယ်ဆိုတဲ့အပိုင်းကို အလေးပေးထားပါတယ်။

ဒါ့ပြင်– ဘာသာရေးကို အတွင်းကျကျလေ့လာထားပြီး အလေးအနက် ယုံကြည်ကိုးကွယ်သူများအဖို့ "ဘုရားရှင်ကိုဘာကြောင့် ရှိခိုးရသလဲ" စတဲ့ စကားရပ်တွေဟာ ရင့်သီးကောင်းရင့်သီးနေပါ လိမ့်မယ်။ စိတ်ကသိကအောက် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘာသာ ရေးမှာ မိရိုးဖလာ အဆင့်မျှသာရှိတဲ့ လူငယ်လူရွယ်များ၊ ယခုမှ ဗုဒ္ဓဘာ သာကို လေ့လာသူများအတွက် ရည်ရွယ်ထားကြောင်း နားလည်မှုရှိရင် ဒီစကားရပ်တွေအတွက် ကျေနပ် နှစ်သိမ့်နိုင်ကြလိမ့်မယ်လို့ မျှော်လင့် ပါတယ်။

(၄)

လောကီစီးပွားရေး ကြီးပွားရေးလုပ်သူတွေဟာ မိမိလုပ်နေတဲ့ (လုပ်မယ့်) အလုပ်ရဲ့သဘောသဘာဝကို အခွင့်ရသလောက် လေ့လာ စူးစမ်းကြပါတယ်။ စွမ်းနိုင်သလောက် ခြေခြေမြစ်မြစ် နားလည်အောင် ကြိုးစားကြပါတယ်။ ခြေခြေမြစ်မြစ် နားလည်သူတွေဟာ မိမိအလုပ် အမှား၊ အမှန်ကို ခွဲခြားနိုင်ကြပါတယ်။ အပိုအလုပ် အလိုအလုပ်ကို သိကြပါတယ်။ အားနည်းချက် အားသာချက်ကို သဘောပေါက်ကြ ပါတယ်။ အမှားကိုပြင်၊ အပိုကိုဖယ်ရှား၊ အားနည်းချက်ကိုဖြည့်စွက်နိုင် ကြလို့ အချိန်တိုအတွင်း ကြီးပွားတိုးတက်ကြပါတယ်။ လိုလားတဲ့ စည်းစိမ်ချမ်းသာကို ရယူခံစားနိုင်ကြပါတယ်။

ဘာသာရေးမှာလည်းဒီအတိုင်းပါပဲ။ စွမ်းနိုင်သလောက် ခြေခြေမြစ်မြစ် နားလည်အောင် ကြိုးစားသင့်ပါတယ်။ ဒါမှသာ အမှား

အမုန်၊ အပို အလို၊ အကာပိုင်း အနှစ်ပိုင်းကို ခွဲခြားနိုင်ပါလိမ့်မယ်။ အပိုအလှုပ် အကာအလှုပ်တွေနှင့် အချိန်မဖြုန်းဘဲ ကံကောင်းထောက်မ ရရှိလာတဲ့ လူ့ဘဝကို အနှစ်သာရရှိအောင် အသုံးချနိုင်ပါလိမ့်မယ်။ မျှော်လင့်တောင့်တတဲ့ လောကီလောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို အချိန်တိုအတွင်း ရယူခံစားနိုင်ကြပါလိမ့်မယ်။

မိရိုးဖလာ အဆင့်မျှဖြင့် ရပ်တန့်နေသူ လူငယ်လူရွယ်များ ဘာသာရေး အသိအမြင်ချဲ့ထွင်ပြီး အနှစ်သာရပြည့်ဝတဲ့ လုပ်ရပ်တွေ လုပ်နိုင်ကြခြင်းဖြင့် အနှစ်သာရပြည့်ဝတဲ့ လောကီ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ရယူ ခံစားနိုင်ကြပါစေ။ ။

အရှင်နန္ဒသေနာလင်္ကာရ
သာမဏေကျော်၊ ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ M.A
၁၃၆၅–ခု၊ ကဆုန်လပြည့်နေ့

## ဘာကြောင့် "ဗုဒ္ဓ" လို့ ခေါ်ရပါသလဲ ?

"ဗုဒ္ဓ"ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးနှင့် ချီးကျူးခေါ်ဝေါ် ပူဇော်ထိုက်တဲ့ အင်္ဂါရပ်တွေ ရှင်တော်မြတ်ဘုရားမှာ မြောက်မြားစွာရှိပါတယ်။ ဒီထဲက တစ်ခုကို ထုတ်ပြရရင် –

"ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ ဒုက္ခအစစ်ဖြစ်တယ်၊ ဒီဒုက္ခတွေဟာ တဏှာလောဘကြောင့် ဖြစ်ရတာ၊ ဒီဒုက္ခတွေအားလုံးကုန်ဆုံးရာဟာ နိဗ္ဗာန်ဖြစ်တယ်၊ မဂ္ဂင်ရှစ်ပါးဟာ ဒီနိဗ္ဗာန်ကို မြင်နိုင်သိနိုင် ရောက်နိုင်ဖို့ရာ လမ်းကောင်း လမ်းမှန် အကျင့်ကောင်း အကျင့်မှန်ဖြစ်တယ်" လို့ သစ္စာလေးပါးကို ကိုယ်တော်တိုင်လည်း သိတော်မူတယ်။ ဟောဖော်ညွှန်ပြပြီး အခြားသူတွေကိုလည်း သိစေတော်မူတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားကို "ဗုဒ္ဓ" လို့ ချီးကျူး ခေါ်ဝေါ်ပူဇော်ရပါတယ်။

ဒီနေရာမှာ "**သစ္စာလေးပါးကို ကိုယ်တိုင်သိပြီး အခြားသူတွေကို သိစေလို့ ရှင်တော်မြတ်ဘုရားကို "ဗုဒ္ဓ"လို့ခေါ်ရင်၊ အချို့ပုဂ္ဂိုလ်မြတ်တွေဟာ ရှင်တော်ဘုရားဆီကတစ်ဆင့် သစ္စာလေးပါးကို ကိုယ်တိုင်သိပြီး အခြားသူတွေကိုလည်း သိစေကြတာရှိပါတယ်။ သူတို့ကိုလည်း ဗုဒ္ဓလို့ ခေါ်နိုင်ပါသလား**" လို့ မေးစရာရှိပါတယ်။

သစ္စာလေးပါးကို ရှင်တော်ဘုရား သိမှု၊ သိစေမှုနှင့် အခြားသူတွေ သိမှု၊ သိစေမှုဟာ သာမန်ကြည့်ရင် တူသလိုလို မြင်ကောင်းမြင်နိုင် ပါတယ်။ ဒါပေမဲ့ ရှင်တော်ဘုရား သိမှု သိစေမှုဟာ အခြားသူတွေနှင့် မနှိုင်းယှဉ်လောက်အောင် ကွာခြားလှပါတယ်။

ရှင်တော်မြတ်ဘုရားဟာ အရဟတ္တမဂ်ဉာဏ်တော်ကိုရ (ဘုရားအဖြစ်သို့ရောက်) တော်မူတာနှင့်အတူ လောကကြီးမှာ ရှင်တော်ဘုရားမှတစ်ပါး ဘယ်သူမှ မရနိုင်တဲ့ ဉာဏ်တော်တွေကို ရတော်မူခဲ့ပါတယ်။

ဒါတွေက –

၁။ သတ္တဝါတွေရဲ့ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေ ရင့်မှု မရင့်မှုကို သိတော်မူတဲ့ **ဣန္ဒြိယပရောပရိယတ္တ** ဉာဏ်တော်။

၂။ ဒီပုဂ္ဂိုလ်ဟာ ဒီလိုနှလုံးသွင်း (အာသယ) ရှိတယ်၊ ဒီပုဂ္ဂိုလ်ဟာ ဒီလိုကိလေသာဓာတ် (အနုသယ) ကိန်းအောင်းတယ်စသည်ဖြင့် သိတော်မူတဲ့ **အာသယာနုသယ** ဉာဏ်တော်။

၃။ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြုလုပ်စီရင်နိုင်စွမ်းတဲ့ **ယမကပါဋိဟာရိယ** ဉာဏ်တော်။

၄။ ပဋိသန္ဓေနေမှု အိုမှု နာမှု သေမှုစတဲ့ ဒုက္ခအဖုံဖုံ ခံစားနေကြရတဲ့ သတ္တဝါတွေအပေါ် ကြီးစွာသော သနားကရုဏာနှင့်အတူဖြစ် တော်မူတဲ့ **မဟာကရုဏာသမာပတ္တိ** ဉာဏ်တော်။

၅။ သိစရာမှန်သမျှ အရာအားလုံးကို သိတော်မူနိုင်တဲ့ **သဗ္ဗညုတ** ဉာဏ်တော်။

၆။ ဘယ်လိုပုဂ္ဂိုလ် ဘယ်လိုတရားကမှ ရှင်တော်ဘုရား မသိမ မြင်အောင် တားဆီးပိတ်ပင်မှု မပြုနိုင်တဲ့ **အနာဝရဏ** ဉာဏ်

တော်တွေ ဖြစ်ပါတယ်။

ဒီဉာဏ်တော်တွေဟာ ရှင်တော်မြတ်ဘုရားမှတစ်ပါး ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမှ ရနိုင်တဲ့ ဉာဏ်တော်တွေမဟုတ်ပါဘူး။ စကြာဝဠာအတွင်းမှာ ရှင်တော်ဘုရား တစ်ပါးတည်းသာ ရရှိ ပိုင်ဆိုင်တော်မူတဲ့ ဉာဏ်တော်တွေ ဖြစ်ပါတယ်။ ဒါ့ပြင် -

၁။ အရာဌာန ဟုတ်မဟုတ်၊ အကြောင်း ဟုတ်မဟုတ်ကို သိတော်မူတဲ့ **ဌာနာဌာနကောသလ္လ** ဉာဏ်တော်။

၂။ သတ္တဝါတွေရဲ့ ကံအကျိုးပေးကိစ္စမှာ မူလအကြောင်းတရား၊ အထောက်အပံ့အကြောင်းတရားတွေနှင့်တကွ သိတော်မူတဲ့ **ဝိပါက** ဉာဏ်တော်။

၃။ လူ့ဘဝ နတ်ဘဝစတဲ့ ဘဝတွေကို ရစေနိုင်တဲ့ အကျင့်အမျိုးမျိုး၊ နိဗ္ဗာန်ကို ရစေ မြင်စေနိုင်တဲ့ အကျင့်အမျိုးမျိုးကို သိတော်မူတဲ့ **သဗ္ဗတ္ထဂါမိနီပဋိပဒါ** ဉာဏ်တော်။

၄။ သက်ရှိတွေရဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်စတဲ့ သဘောတွေနှင့် သက်မဲ့တွေရဲ့ ထူးခြားတဲ့ ကွဲလွဲချက်အမျိုးမျိုးကို သိတော်မူနိုင်တဲ့ **အနေကဓာတု နာနာဓာတု** ဉာဏ်တော်။

၅။ သတ္တဝါတွေရဲ့ သဘောထားအမျိုးမျိုး၊ နှလုံးသွင်းအမျိုးမျိုးကို သိတော်မူနိုင်တဲ့ **နာနာဓိမုတ္တိက** ဉာဏ်တော်။

၆။ သတ္တဝါတွေရဲ့ ဣန္ဒြေရင့်မရင့်ကို သိတော်မူတဲ့ **ဣန္ဒြိယပရောပရိယတ္တ** ဉာဏ်တော်။

၇။ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တွေရဲ့ ညစ်နွမ်းကြောင်း၊ ဆုတ်ယုတ်ကြောင်း၊ ဖြူစင်ကြောင်း၊ တိုးတက်ကြောင်း၊

ထမြောက် ပြီးစီးကြောင်းတွေကို သိတော်မူတဲ့ **ဈာနဝိမောက္ခ သမာဓိသမာပတ္တိ** ဉာဏ်တော်။

၈။ ရှေးရှေးကဖြစ်ဖူးခဲ့တဲ့ ဘဝ နေရာဒေသ အမျိုးအနွယ်စသည်ကို သိတော်မူတဲ့ **ပုဗ္ဗေနိဝါသာနုဿတိ** ဉာဏ်တော်။

၉။ သတ္တဝါတွေ စုတေဆဲ ပဋိသန္ဓေနေဆဲကို သိတော်မူတဲ့ **စုတူပပါတ** ဉာဏ်တော်။

၁၀။ ကိလေသာတရားတွေကို အကြွင်းအကျန်မရှိအောင် ပယ်ရှားဖျက်ဆီးနိုင်တဲ့ **အာသဝက္ခယ** ဉာဏ်တော်စတဲ့ ဉာဏ်တော်တွေကိုလည်း ရရှိတော်မူခဲ့ပါတယ်။

ဒါတင်မကပါဘူး။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးများလို ပါရမီကြီးမားတဲ့ ပုဂ္ဂိုလ်ထူးတွေ ရရှိတော်မူကြတဲ့ ဉာဏ်တော်တွေ ရှိပါသေးတယ်။ အချို့ပုဂ္ဂိုလ်မြတ်တွေ တစ်မျိုး၊ အချို့နှစ်မျိုး၊ အချို့သုံးမျိုးစသည်ဖြင့် ပါရမီအားလျော်စွာ ရရှိတော်မူကြပါတယ်။ ဒီဉာဏ်တော်တွေ အားလုံးကိုလည်း အချို့-အရဟတ္တမဂ်ကိုမရမီ၊ အချို့-အရဟတ္တမဂ်ဉာဏ်နှင့်အတူ ရှင်တော်ဘုရား ရရှိတော်မူခဲ့ပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားကို "ဉာဏသာမိ = ဉာဏ်တော်များရဲ့အရှင်သခင်" လို့ ချီးကျူးခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။ ဒီဉာဏ်တော်တွေက-

၁။ မြေလျှိုးမိုးပျံ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ **ဣဒ္ဓိဝိဓ** ဉာဏ်။

၂။ အဝေး အနီး၊ အတိုး အကျယ် အသံအားလုံးကိုကြားနိုင်တဲ့ **ဒိဗ္ဗသောတ** ဉာဏ်။

၃။ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ **ပရစိတ္တဝိဇာနန** ဉာဏ်။

၄။ ရှေးရှေးကဖြစ်ခဲ့ဖူးတဲ့ဘဝ၊ နေရာဒေသ၊ အမျိုးအနွယ်စသည်ကို

သိနိုင်တဲ့ **ပုဗ္ဗေနိဝါသာနုဿတိ** ဉာဏ်။
၅။ အနီး အဝေး၊ အကြီး အသေး အဆင်းအားလုံးကိုမြင်နိုင်တဲ့ **ဒိဗ္ဗစက္ခု** ဉာဏ်။
၆။ ကိလေသာ အာသဝေါတရားအားလုံးကို အပြီးတိုင် ပယ်ဖျက်နိုင်တဲ့ **အာသဝက္ခယ** ဉာဏ်။

**[ဒီဉာဏ်တော်ခြောက်မျိုးလုံးရရှိသူကို ဆဠာဘိည=အဘိညာဉ်ခြောက်ပါးရရှိသူ (အထူးစွမ်းအားထက်တဲ့ ဉာဏ်ခြောက်မျိုးရှိသူ)လို့ ခေါ်ပါတယ်]။**

၁။ ရှေးရှေးကဖြစ်ခဲ့ဖူးတဲ့ဘဝ၊ နေရာဒေသ၊ အမျိုးအနွယ်စသည်ကို သိနိုင်တဲ့ **ပုဗ္ဗေနိဝါသာနုဿတိ** ဉာဏ်။
၂။ အနီး အဝေး၊ အကြီး အသေး အဆင်းအားလုံးကိုမြင်နိုင်တဲ့ **ဒိဗ္ဗစက္ခု** ဉာဏ်။
၃။ ကိလေသာ အာသဝေါတရားအားလုံးကို အပြီးတိုင် ပယ်ဖျက်နိုင်တဲ့ **အာသဝက္ခယ** ဉာဏ်။

**[ဒီဉာဏ်တော်သုံးမျိုးရရှိသူကို တေဝိဇ္ဇ=ဝိဇ္ဇာသုံးပါးရရှိသူ (စွမ်းအားထက်တဲ့ ဉာဏ်သုံးမျိုးရှိသူ)လို့ ခေါ်ပါတယ်]။**

၁။ သင်ယူစရာမလိုဘဲ အနက်အဓိပ္ပါယ်၊ အကျိုးတရားကို သိနားလည်တဲ့ **အတ္ထပဋိသမ္ဘိဒါ** ဉာဏ်။
၂။ သင်ယူစရာမလိုဘဲ ပါဠိဘာသာ၊ အကြောင်းတရားကို သိနားလည်တဲ့ **ဓမ္မပဋိသမ္ဘိဒါ** ဉာဏ်။
၃။ သင်ယူစရာမလိုဘဲ ဘာသာစကားတည်ဆောက်မှု၊ သဒ္ဒါ

စည်းမျဉ်းကို သိနားလည်တဲ့ **နိရုတ္တိပဋိသမ္ဘိဒါ** ဉာဏ်။
၄။ သင်ယူစရာမလိုဘဲ အထက်ကပြခဲ့တဲ့အကြောင်းအရာတွေကို အကျယ်ဝေဖန်နိုင်တဲ့ **ပဋိဘာနပဋိသမ္ဘိဒါ** ဉာဏ်။

**[ဒီဉာဏ်တော်လေးမျိုးရှိသူကို ပဋိသမ္ဘိဒါပတ္တ=ပဋိသမ္ဘိဒါသို့ ရောက်သူ (ဆိုင်ရာတရားတွေကို အမှန်အတိုင်း ဉာဏ်ဖြင့်ထိုးဖေါက် သိတဲ့ ပညာရှင်အဖြစ်သို့ရောက်သူ)လို့ ခေါ်ပါတယ်]။**

သတ္တဝါတွေကို ဟောပြောညွှန်ပြတော်မူတဲ့အခါ ဒီဉာဏ်တော်တွေကို ရှင်တော်မြတ်ဘုရား အသုံးပြုတော်မူပါတယ်။ သတ္တဝါတွေရဲ့ ဓလေ့စရိုက်စတဲ့ အခြေအနေကို ကြည့်တော်မူပြီး ခြောက်သင့်သူကိုခြောက် မြှောက်သင့်သူကို ချီးမြှောက်ပြောဆို သွန်သင်ဆုံးမတော်မူပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားနှင့်တွေ့ပြီး အဆုံးအမကို ခံယူရတဲ့ သတ္တဝါတွေဟာ ကြီးမားတဲ့အကုသိုလ်ကံ ရှိနေသူမဟုတ်ရင် သစ္စာလေးပါးကို သိမြင်သွားကြပါတော့တယ်။

ဒီလို ဉာဏ်တော်ပေါင်း များစွာနှင့်အတူ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူမှု၊ ဉာဏ်တော်များကို အသုံးပြုပြီး သတ္တဝါတွေရဲ့ ပါရမီစရိုက်အားလျော်စွာ ဟောပြောဆုံးမ သစ္စာလေးပါးကို သိစေတော်မူမှုမှာ ဘယ်နတ် ဘယ်လူ ဘယ်ဗြဟ္မာ ဘယ်သတ္တဝါနှင့်မှ မနှိုင်းသာ မယှဉ်သာအောင် ထူးခြားလှပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားကို "ဗုဒ္ဓ" လို့ ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။ ။

## ဗုဒ္ဓဘာသာရဲ့ အဓိပ္ပါယ်က ဘာလဲ ?

"ဗုဒ္ဓဘာသာ" ဆိုတဲ့ စကားရပ်ဟာ ပါဠိကနေ ဆင်းသက်လာတဲ့ စကားရပ်ဖြစ်ပါတယ်။ ဗုဒ္ဓပုဒ်နှင့် ဘာသာပုဒ်ကို တွဲစပ်ထားတာပါ။ ဗုဒ္ဓပုဒ်ရဲ့ အဓိပ္ပါယ်ကို ရှင်းပြပြီးပြီမို့ နားလည်လောက်ပြီထင်ပါတယ်။ "ဘာသာ" ပုဒ်ကတော့ –

(က) ပြောဆိုတဲ့စကား၊

(ခ) အလေ့အကျင့်၊

(ဂ) စာပေ၊

(ဃ) အယူဝါဒတွေကို ညွှန်းဆိုပါတယ်။

ဥပမာဆိုပါစို့ – "မြန်မာနိုင်ငံမှာ ဘယ်လိုဘာသာစကားကို လူအများစု ပြောဆိုကြပါသလဲ" ဆိုတဲ့ နေရာမှာ ပြောဆိုတဲ့စကားကို ညွှန်းဆိုတာ ဖြစ်ပါတယ်။ "တောသူတောင်သားတွေဟာ သူတို့ဘာသာဘာဝ ရိုးသားပျော်ရွှင်စွာ နေထိုင်ကြတယ်" ဆိုတဲ့ နေရာမှာ အလေ့အကျင့်ကို ညွှန်းဆိုတာ ဖြစ်ပါတယ်။ "ဆယ်တန်း ကျောင်းသူကျောင်းသားများ စာမေးပွဲမှာ ခြောက်ဘာသာ ဖြေဆိုရတယ်" ဆိုတဲ့ နေရာမှာတော့ စာပေကို ညွှန်းဆိုတာ ဖြစ်ပါတယ်။ "သူဟာ မကြာမီကမှ ခရစ်ယာန်ဘာသာကနေ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ

ဖြစ်တယ်" ဆိုတဲ့ နေရာမှာ အယူဝါဒကို ညွှန်းဆိုတာ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း "ဘာသာ" ပုဒ်ဟာ အယူဝါဒကို ညွှန်းဆိုတာဖြစ်ပါတယ်။ ဒါကြောင့် "ဗုဒ္ဓဘာသာ" ဆိုတဲ့ စကားဟာ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်ပြီး သူတပါးတွေကိုလည်း သိမြင်စေတော်မူတဲ့ ရှင်တော်မြတ်ဘုရားရဲ့ အယူဝါဒလို့ အဓိပ္ပါယ်ရပါတယ်။ ရှင်တော်မြတ်ဘုရားရဲ့ အယူဝါဒကို လက်ခံ၊ ကျင့်သုံး၊ ယုံကြည်၊ ကိုးကွယ်၊ အားထားဆည်းကပ်သူကို ဗုဒ္ဓဘာသာဝင်လို့ ခေါ်ရပါတယ်။ ။

## ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ဖို့
## ဘယ်လိုအချက်အလက်တွေ လိုအပ်ပါသလဲ ?

**ကံနှင့် ကံရဲ့အကျိုး(အကြောင်းအကျိုးဆက်နွယ်မှု)ကို အလေးအနက် လက်ခံယုံကြည်ဖို့ လိုအပ်သလို ဘာသာရေး အသိဉာဏ်ရှိပြီး ဘုရား တရား သံဃာအပေါ် အလေးအနက် ယုံကြည်မှုရှိဖို့နှင့် ကိုးကွယ်ဆည်းကပ်မှုရှိဖို့ လိုအပ်ပါတယ်။**

ကံနှင့် ကံရဲ့အကျိုး (အကြောင်းအကျိုးဆက်နွယ်မှု)ကို လက်ခံယုံကြည်ခြင်းဟာ အယူဝါဒရေးရာ တစ်ဖက်စွန်းရောက်မှုကို ထိန်းပေးပါတယ်။ အမြင်မှန် အသိမှန် အကျင့်မှန်ဖြစ်ဖို့ လမ်းဖွင့်ပေးပါတယ်။ ဒါကြောင့် ကံနှင့် ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိဖို့ အထူးလိုအပ်ပါတယ်။

ဘုရား တရား သံဃာရဲ့ အများနှင့်မတူ တစ်မူထူးခြားတဲ့ သီလ သမာဓိ ပညာစတဲ့ ဂုဏ်တွေ၊ အစွမ်းသတ္တိတွေကို သိမြင်နိုင်တဲ့ ဘာသာရေး အသိဉာဏ်ဟာ အခြား အယူဝါဒတွေနှင့် နှိုင်းယှဉ်ပြီး စစ်ဆေးသုံးသပ် အမှားအမှန်ကို ဝေဖန်နိုင်ပါတယ်။ အခြား အယူဝါဒရေးရာ ဆွယ်တရားတွေကြောင့် ယိမ်းယိုင်ပြောင်းလဲမှု နည်းပါးတတ်ပါတယ်။ အတွင်းကျကျ လေ့လာနိုင်စွမ်းရှိသလောက် ယုံကြည်ချက်

ပိုမိုခိုင်မာတတ်ပါတယ်။ ဒါကြောင့် ဘာသာရေး အသိဉာဏ်ရှိဖို့လည်း လိုအပ်ပါတယ်။

ယုံကြည်ချက် အားနည်းမှုဟာ အရာရာမှာ ပေါ့ပျက်ပျက်ဖြစ်တတ်ပါတယ်။ ဘာသာရေးနယ်ပယ်မှာ အုတ်အရောရော၊ ကျောက်အရောရောဖြစ်တတ်ပါတယ်။ ဒါကြောင့် ဘုရား တရား သံဃာရဲ့ သီလ သမာဓိ ပညာစတဲ့ ဂုဏ်တွေမှာ အလေးအနက် ယုံကြည်မှုရှိဖို့ လိုအပ်ပါတယ်။

အထက်ကပြခဲ့တဲ့ အချက်အလက်တွေနှင့် ပြည့်စုံပြီး ဘုရား တရား သံဃာသည်သာ မိမိရဲ့ ဆည်းကပ် ကိုးကွယ်ရာအဖြစ် ခံယူ (သရဏဂုံယူ) သူကို စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်လို့ ဆိုနိုင်ပါတယ်။

ဘုရား တရား သံဃာသည်သာ မိမိရဲ့ ကိုးကွယ်ရာ အားထားရာအဖြစ် ခံယူခြင်းကို ပါဠိလို သရဏဂမန၊ မြန်မာလို သရဏဂုံလို့ ခေါ်ပါတယ်။ ကိုးကွယ်ရာ အားထားရာအဖြစ်ခံယူပါကြောင်း နှုတ်ဖြင့် ရွတ်ဆိုမှုကို သရဏဂုံဆောက်တည်တယ်၊ သရဏဂုံယူတယ်လို့ သာမန်အားဖြင့် ဆိုနိုင်သလို ဒီလိုရွတ်ဆိုထားသူကိုလည်း သရဏဂုံရှိသူ၊ သရဏဂုံတည်သူလို့ ခေါ်ပါတယ်။ ရွတ်ဆိုတဲ့အခါ-

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ၊

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ - လို့ ပါဠိလိုဖြစ်စေ၊

- ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ပါ၏၊
- တရားတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ပါ၏၊
- သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ပါ၏၊

လို့ မြန်မာလိုဖြစ်စေ ရွတ်ဆိုနိုင်ပါတယ်။ ဒါတင်မကပါဘူး။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်စတဲ့ မိမိတို့ ပြောဆိုရာ ဘယ်ဘာသာစကားနှင့်မဆို ရွတ်ဆိုနိုင်ပါတယ်။

သရဏဂုံနှင့်ပတ်သက်လို့ အထူးသတိပြုသင့်တဲ့ အချက်တွေ ရှိပါတယ် -

ခုခေတ် သီလဆောက်တည်ကြတဲ့အခါ ရှေးဦးစွာ သရဏဂုံ ယူတတ်ကြပါတယ်။ ဒီအခါမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် နှုတ်ကရွတ်ဆိုနေပေမဲ့ ရွတ်ဆိုနေတဲ့ စကားရဲ့အဓိပ္ပါယ်ကို နားမလည်သူအချို့ တွေ့ရပါတယ်။ ဒါတင်မကပါဘူး။ သရဏဂုံ ရွတ်ဆိုတဲ့အခါ စိတ်ကဟိုရောက်ဒီရောက် အများနှင့်သံယောင်လိုက်ပြီး အမှတ်တမဲ့ ရွတ်ဆိုကြတာတွေလည်းရှိပါတယ်။ ဒါဟာ စစ်မှန်တဲ့ သရဏဂုံကို ရယူနိုင်ဖို့ အထူးစဉ်းစားစရာ ဖြစ်ပါတယ်။

နောက်တစ်ခုက-ဘုရား တရား သံဃာနေရာမှာ အခြားဘာသာတစ်ခုခုရဲ့ ဘုရား တရား သံဃာတွေ၊ နတ်တွေ ဗြဟ္မာတွေကို အစားထိုး ရွတ်ဆိုရင် သရဏဂုံ မဟုတ်ပါဘူး။ သရဏဂုံလို့လည်း မခေါ်နိုင်ပါဘူး။ ဒါကြောင့် သရဏဂုံ ယူတဲ့အခါ -

(က) အားထားကိုးကွယ်လိုစိတ်ရှိဖို့၊

(ခ) စစ်မှန်တဲ့ ဘုရား တရား သံဃာ ဖြစ်ဖို့လိုကြောင်း သတိပြုသင့်ပါတယ်။ နောက်ပြီး သရဏဂုံနှင့်ပတ်သက်လို့-

(၁) သရဏဂုံ အမျိုးအစား၊

(၂) သရဏဂုံ ညစ်နွမ်းမှု၊

(၃) သရဏဂုံ ပျက်ပြယ်မှုတို့ကိုလည်း သိထားသင့်ပါတယ်။

(၁) သရဏဂုံအမျိုးအစားမှာ ဗုဒ္ဓ သရဏံ ဂစ္ဆာမိစသည်ဖြင့် နှုတ်ကရွတ်ဆိုခံယူတဲ့ သရဏဂုံအပြင် –

(က) ရတနာသုံးပါးထံ မိမိကို အပ်နှံလှူဒါန်းမှု **(အတ္တသန္နိယျာတန)** သရဏဂုံလည်း ရှိပါတယ်။ အများအားဖြင့် တရားအားထုတ်သူများ တရားအလုပ်လုပ်ခါနီးမှာ "တပည့်တော်ရဲ့ ခန္ဓာကိုယ်ကို ရှင်တော်မြတ်ဘုရားအား လှူဒါန်းပါ၏"စသည်ဖြင့် ရတနာသုံးပါးထံ မိမိကို အပ်နှံလှူဒါန်းတတ်ကြပါတယ်။ ဒီလို ရတနာသုံးပါးထံ မိမိကို အပ်နှံလှူဒါန်းမှုဟာလည်း သရဏဂုံတစ်မျိုး ဖြစ်ပါတယ်။

(ခ) ဘုရား တရား သံဃာမှတပါး ကိုးကွယ် အားထားရာ မရှိ၊ ဘုရား တရား သံဃာသည်သာ ကိုးကွယ် အားထားရာ အစစ်ဖြစ်တယ်လို့ ခံယူခြင်း **(တပ္ပရာယန)** သရဏဂုံမျိုးလည်းရှိပါတယ်။ ဒီသရဏဂုံအတွက် ကျမ်းဂန်တွေမှာ အာဠဝကဘီလူးရဲ့ဖြစ်ပုံကို နမူနာပြဆိုကြပါတယ်။

ကြားဖူးကြတဲ့အတိုင်း အာဠဝကဘီလူးဆိုတာ အင်မတန်ကြမ်း၊ အင်မတန်တန်ခိုးကြီးတဲ့ နတ်ဘီလူးပါ။ ဘုရားရှင်နှင့်တွေ့ပြီး တရားတော်ကို နာရတဲ့အခါ သူ သောတာပန် ဖြစ်သွားပါတယ်။ ဒီအခါမှာ ရတနာသုံးပါးအပေါ် ယုံကြည်အားထားစိတ်ကို မျိုသိပ်မထားနိုင်တော့လို့ "တပည့်တော် ရောက်လေရာအရပ်မှာ ရှင်တော်မြတ်ဘုရားကို ရှိခိုးပူဇော်လျက်၊ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ တရားတော်များ အလွန်မွန်မြတ်ကြောင်း ပြောဆိုလျက်၊ ရှင်တော်ဘုရားရဲ့ တပည့်သံဃာတော်များ ကောင်းစွာ ကျင့်ကြံတော်မူကြကြောင်း ချီးမွမ်းပြောဆိုလျက် လှည့်လည် သွားလာ နေထိုင်ပါတော့မည်" လို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။ ဒီလို ရတနာသုံးပါးအပေါ်

ယုံကြည်အားထားစိတ်နှင့် ရတနာသုံးပါးသည်သာ ကိုးကွယ်ရာ အစစ်အမှန်ဖြစ်တယ်လို့ ခံယူခြင်းဟာလည်း သရဏဂုံ ခံယူခြင်းတစ်မျိုး ဖြစ်ပါတယ်။

(ဂ) ဘုရား တရား သံဃာရဲ့တပည့်အဖြစ်ခံယူခြင်း (**သိဿဘာဝူပဂမန**) သရဏဂုံလည်းရှိပါတယ်။ ဒီသရဏဂုံအတွက် အရှင်မဟာကဿပရဲ့ ဖြစ်ရပ်ကို ကျမ်းဂန်တွေမှာ နမူနာအဖြစ် ပြဆိုထားပါတယ်။ အရှင်မဟာကဿပလောင်းလျာဟာ ရှင်တော်ဘုရားကို မတွေ့မီကတည်းက လောကရှိ အာသဝေါကင်းကွာ ရဟန္တာများကို ရည်စူးဦးထိပ်ထားပြီး ရဟန်းအသွင်ကို ယူခဲ့ပါတယ်။ နောက်တော့ ရာဇဂြိုဟ်နှင့်နာဠန္ဒာအကြားက ဗဟုပုတ္တကစေတီမှာ ရှင်တော်ဘုရားကို ဖူးမြင်လိုက်ရတာနှင့် လောကအတွင်း ဘုရားအမည်ခံနေကြသူတွေထဲမှာ ရှင်တော်မြတ်ဟာ ဘုရားအစစ်ပဲလို့ သိသွားပါတယ်။ ဒီအခါမှာ “တပည့်တော် ဆရာအစစ်ကို ဖူးတွေ့ရမည်ဆိုလျှင် အရှင်ဘုရားကို သာဖူးတွေ့ပါမည်။ အခြားသူဟာ တပည့်တော်ရဲ့ဆရာ မဖြစ်နိုင်ပါ။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကို ဖူးတွေ့ရမည်ဆိုလျှင် အရှင်ဘုရားကိုသာ ဖူးတွေ့ပါမည်။ အခြားသူဟာ သမ္မာသမ္ဗုဒ္ဓ အမည်ခံနိုင်သူမဖြစ်နိုင်ပါ။ သုဂတဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကို ဖူးတွေ့ရမည်ဆိုလျှင် အရှင်ဘုရားကိုသာ ဖူးတွေ့ပါမည်။ အရှင်ဘုရားမှတစ်ပါး အခြားသူဟာ သုဂတဂုဏ်နှင့် ပြည့်စုံသူမဖြစ်နိုင်ပါ” လို့ ဝမ်းသာအားရစွာနှင့် တပည့်အဖြစ် အသိအမှတ်ပြုပါရန် လျှောက်ထားပါတယ်။ ဒီလို ရတနာသုံးပါးရဲ့ တပည့်အဖြစ် ခံယူမှုဟာလည်း သရဏဂုံခံယူမှုတစ်မျိုး ဖြစ်ပါတယ်။

(ဃ) ဘုရား တရား သံဃာရဲ့ ဂုဏ်တော် ကျေးဇူးတော်

တွေကို သိမြင်ပြီး ဝမ်းသာအားရ ကြည်နူးစိတ်နှင့် ရှိခိုးခြင်း **(ပဏိပါတ)** သရဏဂုံလည်းရှိပါတယ်။ ဒီသရဏဂုံအတွက် ကျမ်းဂန်တွေမှာ ဗြဟ္မာယုပုဏ္ဏားရဲ့ဖြစ်ရပ်ကို နမူနာအဖြစ် ပြဆိုထားပါတယ်။

ဗြဟ္မာယုပုဏ္ဏားဆိုတာ မိထိလာမြို့သားပါ။ ရှင်တော်ဘုရားနှင့်တွေ့တုန်းက အသက်တစ်ရာ့နှစ်ဆယ် ရှိနေပါပြီ။ အဲဒီမြို့မှာ ပစ္စည်းဥစ္စာ အချမ်းသာဆုံး ပညာအတတ်ဆုံး ပါမောက္ခကြီးတစ်ဦးဖြစ်ပါတယ်။ ရှင်တော်ဘုရား မိထိလာမြို့သို့ ကြွရောက်တော်မူလာတဲ့အခါ ရှင်တော်ဘုရားဆီသွားပြီး သူသိချင်နေတဲ့ ပြဿနာတွေကို မေးပါတယ်။ သူမေးသမျှ ပြဿနာတွေကို ရှင်တော်ဘုရား ဖြေကြားပြီးတဲ့အခါမှာတော့ ရှင်တော်မြတ်ဘုရားရဲ့ ခြေဖမိုးတော်အစုံမှာ သူ့ရဲ့နဖူးကိုတင်၊ ခြေတော်အစုံကို သူ့လက်နှင့် အသာအယာ ဆုပ်နယ်ပြီးတော့ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ဗြဟ္မာယုပုဏ္ဏားပါဘုရား။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ဗြဟ္မာယုပုဏ္ဏားပါဘုရား" လို့ လျှောက်ထားပြီး ဝမ်းသာအားရ ကြည်နူးစိတ်နှင့် အကြိမ်ကြိမ် ရှိခိုးပါတယ်။ ဒီလို ဝမ်းသာအားရ ကြည်နူးစိတ်နှင့် ရှိခိုးမှုဟာလည်း သရဏဂုံခံယူမှုတစ်မျိုး ဖြစ်ပါတယ်။

ဒီတော့ သရဏဂုံရယူမှုနှင့်ပတ်သက်လို့ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ စသည်ဖြင့် နှုတ်ကရွတ်ဆို ခံယူဆောက်တည်ရတဲ့ သရဏဂုံအပြင် အခြား သရဏဂုံရယူနိုင်မှုများ ရှိကြောင်းကိုလည်း သိထားသင့်ပါတယ်။

(၂) သရဏဂုံ ညစ်နွမ်းမှုနှင့်ပတ်သက်လို့ –

– ဘုရား တရား သံဃာကို မသိမှု၊ ရတနာသုံးပါးရဲ့

ဂုဏ်တော်တွေကို နားမလည်မှု၊ ကိုးကွယ်ဆည်းကပ်ရမှန်း မသိမှု **(မောဟ)**။

**–** ဘုရား တရား သံဃာအပေါ်မှာ အစစ်အမှန်ဟုတ်ရဲ့လား၊ အတုအယောင်များလား စသည်ဖြင့် သံသယဖြစ်နေမှု **(ဝိစိကိစ္ဆာ)**။

**–** ဘုရား တရား သံဃာအပေါ် အမြင်မကြည်လင်မှု၊ အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်စတဲ့ ဂုဏ်တော်တွေကို မယုံကြည်မှု၊ မလေးမစား မထီမဲ့မြင်ပြုမှု၊ ကိုးကွယ်ဆည်းကပ်ခြင်းဟာ အချိန်ကုန် လူပန်း အလုပ်လို့ ထင်မြင်နေမှု **(မိစ္ဆာဒိဋ္ဌိ)**။

ဒီလိုအချက်အလက်တွေ ရှိနေသူဟာ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ စသည်ဖြင့် နှုတ်ကရွတ်ဆိုနေပေမဲ့ စစ်မှန်တဲ့ သရဏဂုံကို မရနိုင်ပါဘူး။ တကယ်လို့ သရဏဂုံ ဆောက်တည်ပြီးမှ ဒီအချက်တွေ ဖြစ်ပေါ်နေရင်လည်း စင်ကြယ်သန့်ရှင်းတဲ့သရဏဂုံ မဟုတ်တော့ပါဘူး။ ညစ်နွမ်းမသန့်ရှင်းတဲ့ သရဏဂုံ ဖြစ်သွားပါတော့တယ်။

(၃) သရဏဂုံ ပျက်ပြယ်မှုနှင့်ပတ်သက်လို့ –

သရဏဂုံဟာ တစ်ခါခံယူဆောက်တည်ထားရင် သာမန်အားဖြင့် တစ်သက်လုံး တည်ရှိနေတော့တာပါပဲ။ ကွယ်လွန်သွားရင်ဖြစ်စေ၊ ဘာသာခြား ဘုရား တရား သံဃာတွေ နတ်ဗြဟ္မာတွေ ဣဒ္ဓိရှင် သိဒ္ဓိရှင်တွေနှင့်စပ်တဲ့ အကြောင်းအရာတွေကို လေ့လာတဲ့သဘော၊ နှိုင်းယှဉ်ဝေဖန်နိုင်အောင် သင်ယူတဲ့သဘောမဟုတ်ဘဲ သူတို့ကိုအလေးအနက်ထား ကိုးကွယ်ရင်ဖြစ်စေ သရဏဂုံ ပျက်ပြယ်သွားပါတယ်။ ဆိုလိုရင်းကတော့ ကွယ်လွန်သူနှင့် ကိုးကွယ်မှုပြောင်းသွားသူမှာ သရဏဂုံ ပျက်သွားပြီ၊ မရှိတော့ဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ ။

## ဘုရားကို ဘာကြောင့် ရှိခိုးရသလဲ ?

ဘုရားရှင်ဟာ မိမိဆန္ဒအလျောက် ဘုရားဖြစ်အောင် ကျင့်တယ်။ ဘုရားဖြစ်ပြီးနောက် ပရိနိဗ္ဗာန်ပြုသွားပြီးဖြစ်တယ်။ ဒီအတွက် အခြားသူတွေက ဘာရှိခိုးဦးချနေစရာ လိုသလဲလို့ ကျဉ်းမြောင်းတဲ့အမြင်နှင့် တွေးခေါ် ပြောဆိုတတ်ကြပါတယ်။

ရှိခိုးဦးချသင့်တဲ့ အကြောင်းတွေက အများကြီးပါ။ ဒီထဲက အများနားလည်တဲ့ အကြောင်းတစ်ခုကို ပြောရရင် အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်လို့ပါပဲ။ ဘုရားရှင်ရဲ့ ကျေးဇူးတရားတွေဟာ သတ္တဝါတွေအပေါ် ပြောမကုန်အောင် ကြီးမား များပြားလွန်းပါတယ်။ ဘုရားတစ်ဆူရဲ့ ရှိခိုးဦးချထိုက်တဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို အခြားဘုရား တစ်ဆူက တစ်သက်လုံး ဟောတော်မူပေမဲ့ ကုန်နိုင်ဖွယ်မရှိဘူးလို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။

**ကျေးဇူးတရားကို အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ လက်ရှိဘဝတစ်ပိုင်း၊ တမလွန်သံသရာတစ်ပိုင်းနှင့် ဘဝလွတ်မြောက်ရေးတစ်ပိုင်းပါ။**

**လက်ရှိဘဝအနေနှင့်** –

ဒါက ကောင်းတဲ့အပြုအမူ အပြောအဆို အကြံအစည်

(ကုသိုလ်တရား)၊ ဒါက မကောင်းတဲ့အပြုအမူ အပြောအဆို အကြံ အစည် (အကုသိုလ်တရား)လို့ ကုသိုလ် အကုသိုလ်တို့ရဲ့ ကွဲပြားခြား နားချက်တွေ။ ဒါက ကုသိုလ်ရဲ့ အကျိုး၊ ဒါက အကုသိုလ်ရဲ့ အပြစ်လို့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးအပြစ်တွေ။ ကုသိုလ် အကုသိုလ်အား လျော်စွာ သတ္တဝါတွေ ကျင်လည်ရတဲ့ အောက်ဆုံး အဝီစိ၊ အထက် ဘဝဂ်တိုင်အောင် ဘုံဘဝတွေ။ ဒါတွေကို ဘုရားရှင် ဟောပြတော်မူလို့ သတ္တဝါတွေ သိကြရတာ ဖြစ်ပါတယ်။

အချို့က ဒီအကြောင်းအရာတွေကို မိဘဘိုးဘွား ဆရာသမား တွေပြောပြလို့ သိရတာပါလို့စောဒကတက်နိုင်ပါတယ်။ တကယ်တော့ မိဘဘိုးဘွား ဆရာသမားတွေဟာ ကိုယ်တိုင် ထိုးထွင်းသိလို့ ပြောနိုင် ကြတာ မဟုတ်ပါဘူး။ ဘုရားရှင်ဟောပြော ညွှန်ပြမှုကြောင့် သိကြတာ ဖြစ်ပါတယ်။ ဘုရားရှင်ဆီက တစ်ဆင့်သိရလို့ ပြောပြနိုင် ဆုံးမနိုင် ကြတာ ဖြစ်ပါတယ်။

ဒါတွေကိုသိတော့ ဘယ်လိုအကျိုးရှိသလဲလို့ မေးစရာရှိ ပါတယ်။ အကုသိုလ်ကိုသိ အကုသိုလ်အပြစ်ကို မြင်တော့ အကုသိုလ် လုပ်ရမှာ ကြောက်တတ်လာပါတယ်။ အကုသိုလ်အပြစ်ကို ခံယူရမှာ ကြောက်လို့ အကုသိုလ်ဆိုရင် ရှောင်ကြဉ်လာတတ်ပါတယ်။ ကုသိုလ် ကိုသိ ကုသိုလ်အကျိုးကိုမြင်တော့ ကုသိုလ်ရေးမှာ ထကြွနိုးကြားလာ တတ်ပါတယ်။ ကုသိုလ်အကျိုးကို ခံယူရမှာသိလို့ ကုသိုလ်ရေးကို ရှာဖွေလုပ်တတ်လာပါတယ်။

အကုသိုလ်မှုကို ရှောင်ကြဉ်တာကြောင့် မျက်မှောက်ဘဝမှာ မိမိ သူတစ်ပါး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအမျိုးမျိုးမှ လွတ်ကင်းရပါ တယ်။ ဘေးအမျိုးမျိုး ရန်အမျိုးမျိုးမှ လွတ်ကင်းရပါတယ်။ ကုသိုလ်

မှုကို ပြုလုပ်တာကြောင့် လောကီ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ခံစားရပါတယ်။ ဒီအကျိုးတရားတွေဟာ ဘုရားရှင် ဟောပြောညွှန်ပြမှုကို အကြောင်းခံပြီး လက်ရှိဘဝမှာ ခံစားကြရတဲ့ အကျိုးတရားတွေဖြစ်ပါတယ်။

**တမလွန်အနေနှင့်ပြောရရင် –**

မိဘဘိုးဘွားတွေက ရွှေ ငွေ စိန် ကျောက်စတဲ့ ပစ္စည်းဥစ္စာအမွေတွေ တစ်သက်လုံး သုံးမကုန် ဖြုန်းမကုန်အောင် ပေးနိုင်တယ်ထားဦးတော့။ ဆရာသမားတွေက လောကအလယ် တင့်တင့်တယ်တယ်နေနိုင်အောင် ပညာရပ်တွေ ဘက်စုံသင်ပေးတယ်ပဲထားအုံးတော့။ ဒါတွေဟာ တစ်ဘဝ တစ်သက်စာသာ ဖြစ်ပါတယ်။ နောင်ဘဝ သံသရာတိုင်အောင် ဒီပစ္စည်းဥစ္စာ ဒီအသိပညာတွေကို တစ်ခုမှ ယူသွားလို့မရပါဘူး။

ဘုရားရှင်ကတော့ ဒီလိုပစ္စည်းဥစ္စာ ဒီလိုအသိပညာတွေကို သံသရာတလျှောက် ယူသွားနိုင်တဲ့ နည်းလမ်းတွေကို ညွှန်ပြတော်မူပါတယ်။ လိုချင်တဲ့ဘဝ လိုချင်တဲ့ ကောင်းကျိုးအမျိုးမျိုးကို ရယူနိုင်ဖို့နည်းလမ်းပေါင်းများစွာကို အသေးစိတ် ညွှန်ပြတော်မူပါတယ်။ ဒီညွှန်ကြားချက်တွေအတိုင်း လိုက်နာကျင့်သုံးကြသူတွေဟာ ပစ္စည်းဥစ္စာအသိပညာတွေကို သံသရာတလျှောက် ယူဆောင်နိုင်ကြပါတယ်။ လိုချင်တဲ့ဘဝ လိုချင်တဲ့အကျိုးတရားတွေကို ရယူနိုင်ကြပါတယ်။ ဒါတွေဟာ ဘုရားရှင် ဟောဖော်ညွှန်ပြမှုကို အကြောင်းခံပြီး သံသရာမှာ ခံစားကြရတဲ့ အကျိုးတရားတွေ ဖြစ်ပါတယ်။

**ဘဝလွတ်မြောက်ရေးနှင့်ပြောရရင် –**

သတ္တဝါတွေ ဘဝအပြစ်ကို မြင်အောင်ကြည့်တတ်ဖို့၊ ဘဝ

ဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ကျင့်ကြံအားထုတ်တတ်ဖို့ နည်းလမ်းများစွာကို ဘုရားရှင် ညွှန်ကြားတော်မူပါတယ်။ ဒီနည်းလမ်းတွေအတိုင်း လိုက်နာကြလို့ ဘဝ ဝဋ်ဆင်းရဲမှ လွတ်မြောက်သွားကြသူတွေ မရေမတွက်နိုင်တော့ပါဘူး။ လက်ရှိ လိုက်နာကျင့်ကြံကြဆဲလည်း အများကြီးပါ။ နောင်လည်း လိုက်နာကျင့်ကြံကြဦးမှာပါ။

ဒီတော့ ယခုဘဝ နောင်သံသရာနှင့် ဘဝလွတ်မြောက်ရေး အတွက်ပါ မိမိအပေါ် ကျေးဇူးအများဆုံးပုဂ္ဂိုလ်ကို ညွှန်ပြပါဆိုရင် ဘုရားရှင်ကိုသာ ပြရပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်ဟာ သတ္တဝါတွေအတွက် ဘယ်လိုမှ နှိုင်းယှဉ်စရာမရှိတဲ့ အနှိုင်းမဲ့ ကျေးဇူးရှင် ဖြစ်ပါတယ်။ ဒါက ကျေးဇူးခံပုဂ္ဂိုလ်အားလုံးအတွက် သိမ်းကြုံးဖော်ပြခြင်းပါ။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေအတွက်ကတော့ ဘဝရပ်တည်မှုတစ်ခုလုံးဟာ ဘုရားရှင်ကို မှီခိုကြရတာပါ။ တစ်ပါးတည်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ၊ ဘယ်လောက်ပဲ ကျောင်း အဆောက်အအုံ နေရာထိုင်ခင်း ကြီးကျယ်ပါစေ၊ စားသောက်ဖွယ်ရာပြည့်စုံပါစေ၊ အဝတ်အထည်ပေါများပါစေ၊ ကျန်းမာရေးအတွက် ဆေးပစ္စည်းပြည့်စုံပါစေ၊ ဒါတွေအားလုံးဟာ ဘုရားရှင်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ အတိတ်ကံ ပစ္စုပ္ပန်လုပ်ရပ် ပါသင့်သလောက်ပါပေမဲ့ ဘုရားရှင်ကို အမှီပြုဖြစ်ပေါ်လာတာသာ ဖြစ်ပါတယ်။ ဒီအခြေအနေကို သတိရစေချင်လို့ ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီးက **"စိန်နားကပ်ရောင်ကြောင့် ပါးမှာပြောင် တပည့်မောင်တို့ မထောင်နဲ့"** လို့ အသိပေး ဆုံးမတော်မူခဲ့ပါတယ်။

နားမှာဆင်ထားတဲ့ စိန်နားကပ်ရောင်ကြောင့် ပါးကလေး ဖြူဖြူဝင်းဝင်းဖြစ်နေတာကို ပါးက စိန်နားကပ်ရဲ့ ကျေးဇူးကိုမမြင်ဘဲ ငါ့ဘာသာ သဘာဝအလျောက် ဖြူဖွေးဝင်းအိနေတာပါလို့ မာနမ ထောင်သင့်သလို၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေလည်း နေရေး ဝတ်ရေး စားသောက်ရေးစတဲ့ အရာတွေ ပြည့်စုံပေါများနေတာ ကိုယ့်အ စွမ်းအစထင်ပြီး မာနမထောင်မိဖို့၊ ဘုရားရှင်ရဲ့ ဘုန်းကံကြောင့်လို့ သိဖို့၊ ဘုရားကျေးဇူးကို သတိရဖို့ ဆုံးမတဲ့စကား ဖြစ်ပါတယ်။

အသိပညာပိုင်း၊ ကျင့်ကြံအားထုတ်ပိုင်းတွေမှာတော့ ဘုရား ကျေးဇူးကြီးမားမှုကို အထူးပြောစရာ မလိုပါဘူး။ အားလုံး ဘုရားရှင်ကို မှီခိုအားထားကြရတာ ဖြစ်ပါတယ်။ ဘုရားကျေးဇူးကို အခြေခံပြီး ဘဝရပ်တည်ကြရတာ ဖြစ်ပါတယ်။

မိမိနှင့်တကွ သတ္တဝါတွေအပေါ် ဘုရားရှင်ရဲ့ ဒီလောက်များ ပြားတဲ့ ကျေးဇူးတရားတွေကို အနည်းဆုံး တစ်စွန်းတစ်စ မြင်တတ် အောင်ကြိုးစားသင့်ပါတယ်။ တစ်စွန်းတစ်စ မြင်တတ်ရင်ပဲ ဘုရား ရှင်ကို သတိရတိုင်း ရုပ်ပွါးတော် စေတီတော်များကို တွေ့မြင်ရတိုင်း ရှိမခိုး ဦးမချဘဲ မနေနိုင် ဖြစ်လာမှာပါ။ ရှိခိုးမဝ ဦးချမဝ ဖြစ်လာမှာပါ။ ရှိခိုးဦးချနေရတာကို ကြည်နူးမဆုံး ဖြစ်လာမှာပါ။ တစ်ချိန်တစ်ခါက အချိန်မရလို့ဖြစ်စေ အခြားအကြောင်းတွေကြောင့်ဖြစ်စေ ဘုရားဆီ အာရုံမရောက်ဘဲ ဝတ်ကျေရုံ ရှိခိုးတဲ့ အလေ့အထ ရှိကောင်းရှိနိုင်ပေမဲ့ မိမိရဲ့ အနှိုင်းမဲ့ ကျေးဇူးရှင်အဖြစ် တစ်စွန်းတစ်စ သိမြင်လာတဲ့အခါ မှာတော့ ဝတ်ကျေရုံ ရှိခိုးတဲ့အကျင့် လုံးဝ ပျောက်သွားမှာပါ။ တစ်စွန်း တစ်စထက်ပိုပြီး ဘုရားကျေးဇူးကို သိမြင်လာလေ ပိုပြီး ရှိခိုးဦးချလို့ မဝလေ ဖြစ်လာမှာပါ။

ဒီတော့ ဘာကြောင့်ရှိခိုးရသလဲဆိုတဲ့ အမေးကို အကျဉ်းချုပ် ဖြေရရင်–လက်ရှိဘဝအရေး နောင်သံသရာအရေးနှင့် ဘဝလွတ် မြောက်ရေးတွေမှာ ရှင်တော်ဘုရားရဲ့ ကျေးဇူးတရားတွေဟာ သတ္တဝါ တွေအပေါ် များပြားလွန်းပါတယ်။ အခြား ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်လိုပုဂ္ဂိုလ်ရဲ့ ကျေးဇူးတရားကမှ ဘုရားရှင်ရဲ့ ကျေးဇူး တရားကို မနှိုင်းယှဉ်ဝံ့အောင် ဘုရားကျေးဇူး ကြီးမားလှပါတယ်။ ကျေးဇူးတရားနှင့် ပတ်သက်လာရင် ရှင်တော်ဘုရားဟာ သတ္တဝါ တွေရဲ့ အနှိုင်းမဲ့ ကျေးဇူးရှင် ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်ကို ရှိခိုးဦးချ ကန်တော့ကြတာ ဖြစ်ပါတယ်။ ။

## ရှိခိုးတဲ့အခါပွါယ်က ဘာလဲ၊ ဘယ်လိုအချက်အလက်တွေ လိုအပ်ပါသလဲ ?

ခန္ဓာကိုယ်တစ်ခုလုံးမှာ အလေးအနက် အမြတ်တနိုးထားတဲ့ အစိတ်အပိုင်းကို ပြပါဆိုရင် ဦးခေါင်းပိုင်းကို ပြရပါလိမ့်မယ်။ ဥပမာ အနေဖြင့်ပြောရရင် အချင်းချင်း နှုတ်ဆက်ပြောင်ကြည်စယ်ကြရင်း တစ်ယောက်က အခြား တစ်ယောက်ရဲ့ ခြေ၊ လက်၊ ပေါင်၊ ခါးစတဲ့ အစိပ်အပိုင်းတွေကို ကိုင်တွယ်၊ ထိပါး၊ ပုတ်ခတ်တဲ့အခါ ထူးခြားတဲ့ အမူအရာကို မပြတတ်ကြပေမဲ့ ဦးခေါင်းကို ထိလာရင်တော့ မနှစ်သက်တဲ့ အမူအရာကို ပြလာတတ်ကြပါတယ်။ မကြိုက်တဲ့ အမူအရာနှင့် ပြန်လည် တုန့်ပြန်တတ်ကြပါတယ်။ အသက်သိက္ခာ ဂုဏ်ဝါကြီးသူရဲ့ ဦးခေါင်းကို ကိုင်တွယ်ထိပါးတယ်ဆိုရင်တော့ အင်မတန်မဖွယ်မရာအလုပ်၊ ရိုင်းစိုင်းတဲ့ အပြုအမူအဖြစ် မှတ်ယူတတ်ကြပါတယ်။ ဒါက ဘာသဘောလဲဆိုရင် ဦးခေါင်းဟာ သူသူငါငါ အမြတ်တနိုး တန်ဖိုးထားတဲ့အရာဖြစ်ကြောင်း ပြဆိုတာ ဖြစ်ပါတယ်။

ဒီလောက် အမြတ်တနိုး တန်ဖိုးထားတဲ့ ဦးခေါင်းကို ကြမ်းပြင်၊ မြေပြင်ထိအောင် အောက်သို့ချပြီး ရှိခိုး ကန်တော့တယ်ဆိုတာ ဦးထိပ်မှာထားခြင်း၊ ရိုသေလေးစားခြင်း၊ မြတ်နိုးခြင်း၊ ယုံကြည်

ခြင်းသဘောကို ပြဆိုတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။

ဒါတင်မကပါဘူး။ သတ္တဝါတွေဟာ အတ္တမာနကို အလွန်ရှေ့တန်းတင်တတ်ကြပါတယ်။ အပြုအမူ အပြောအဆိုကစပြီး သူတစ်ပါးအပေါ် နည်းနည်းလေး အပေါ်စီးက ပြောရလုပ်ရမှ ကျေနပ်တတ်ကြပါတယ်။ တစ်ဖက်လူကလည်း "အတင်စီးခံ ရတယ်" လို့ ထင်မြင်လိုက်တာနှင့် "ငါ့ကိုဘာကောင်များ အောက်မေ့လဲ" စသည်ဖြင့် မာနထောင်တတ်ကြပါတယ်။ မာနကို ရှေ့တန်းတင်ပြီး ပြန်လည် ပြောဆိုပြုမူတတ်ကြပါတယ်။

မာနတရားဟာ ချိုးနှိမ်ဖို့ ပယ်သတ်ဖို့ ခက်ခဲတဲ့ အရာတစ်ခုပါ။ အပြီးတိုင်ပယ်ဖို့ဆိုတာ လောကုတ္တရာမဂ်နှင့်မှ ဖြစ်နိုင်ပါတယ်။ မဂ်လေးမျိုးထဲမှာ နောက်ဆုံး မဂ်တရားနှင့်သာ အပြီးတိုင် ဖျက်ဆီးပယ်ဖျောက်နိုင်လောက်အောင် သတ္တဝါတွေရဲ့ သန္တာန်မှာ အကြီးအကျယ်အမြစ်တွယ်နေတဲ့ တရားပါ။ ရှိခိုး ဦးချတယ်ဆိုတာ ဒီလောက် အမြစ်တွယ်နေတဲ့ မာနတရားကို အတတ်နိုင်ဆုံး ချိုးနှိမ်လျှော့ချတဲ့ သဘောကိုပြဆိုတဲ့ အဓိပ္ပါယ်လည်း ဖြစ်ပါတယ်။

ရှိခိုးတဲ့အခါ အင်္ဂါငါးချက်နှင့် ပြည့်စုံဖို့လိုကြောင်း ကျမ်းဂန်တွေမှာ ဖွင့်ဆိုကြပါတယ်။

(၁) လက်ဝါးနှစ်ဖက်၊

(၂) ခြေထောက်နှစ်ခု၊

(၃) တံတောင်နှစ်ခု၊

(၄) ဒူးနှစ်ခု၊

(၅) နဖူး၊ ဒီငါးခုဟာ ရှိခိုးသူတည်ရာအခင်း၊ ဒါမှမဟုတ် ကြမ်းပြင် မြေကြီးမှာ ထိနေရမယ်လို့ ပြဆိုကြပါတယ်။ ဒီအင်္ဂါရပ်

ငါးချက်နှင့် ပြည့်စုံတဲ့ရှိခိုးမှုကို ထိခြင်းငါးပါးနှင့်ရှိခိုးမှုလို့ အလေးအနက်မိန့်ဆိုထားကြပါတယ်။ ခုခေတ်မှာတော့ ဒီလို စနစ်တကျ ရှိခိုးနိုင်သူကို မြင်တွေ့ရဖို့ အလွန်ခဲယဉ်းပါတယ်။ ဆရာကောင်းတွေရဲ့ အဆုံးအမနှင့် တွေ့ထိ နေထိုင်ခဲ့ရသူတွေဆီမှာသာ တွေ့ရပါတယ်။ ။

## တရားတော်ကို ဘာကြောင့် ရှိခိုးရပါသလဲ ?

ဘုရားနှင့် သံဃာက ပုဂ္ဂိုလ်အထည်ဒြပ်တွေဖြစ်လို့ ပကတိမျက်စိနှင့် မြင်ကောင်းပေမဲ့ တရားတော်ကတော့ အထည်ဒြပ် မဟုတ်လို့ ပကတိမျက်စိနှင့် မြင်ကောင်းတဲ့အရာ မဟုတ်ပါဘူး။ ဒါကြောင့် ဘာသာရေး အလေ့အလာ အားနည်းသူတွေ မိရိုးဖလာ ကိုးကွယ်သူတွေအဖို့ တရားတော်လို့ ပြောလိုက်ရင် ယောင်ဝါးဝါး ဖြစ်သွားတတ်ကြပါတယ်။ ပိဋကတ် ကျမ်းစာအုပ်တွေကို ပြောတာလိုလို၊ ဟိုကဒီက ဆရာတော်တွေ ရေးသား ဟောကြားထားတဲ့ စာအုပ်တွေ တရားတိတ်ခွေတွေကို ပြောတာလိုလို ဖြစ်သွားတတ်ကြပါတယ်။ ဒါကြောင့် တရားတော်ဆိုတာ ဘာလဲဆိုတဲ့ ကိစ္စကို ရှင်းရှင်းလင်းလင်း သိထားဖို့ လိုအပ်ပါလိမ့်မယ်။

**သင်ယူလိုက်နာရမယ့် ပိဋကတ်တော်နှင့် ထိုးထွင်းသိရမယ့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ကို "တရားတော်" လို့ ခေါ်တာဖြစ်ပါတယ်။** ဒီတရားတော်တွေကို မှတ်သားထားရာဖြစ်လို့ ပါဠိတော် အဋ္ဌကထာ ဋီကာစတဲ့ ကျမ်းစာအုပ်တွေကိုတော့ **"ဓမ္မဘဏ္ဍာဂါရ"**လို့ ခေါ်ရပါတယ်။ တစ်နည်းပြောရရင် တရားတော်တွေကို သိမ်းဆည်းထားရာဖြစ်လို့ **"ဓမ္မစေတီ"** လို့ ခေါ်ရပါတယ်။ တရားတော်မှာ ပုံတော်

မရှိပေမဲ့ သွာက္ခာတ၊ သန္ဒိဋ္ဌိကစတဲ့ ဂုဏ်တော်တွေ အထင်အရှားရှိပါတယ်။ ရှိခိုးတဲ့အခါ တရားတော်ရဲ့ ဒီဂုဏ်တော်တွေကို မြင်အောင်ကြည့်ပြီး ရှိခိုးတတ်ဖို့ အထူးလိုအပ်လှပါတယ်။

စစ်မှန်တဲ့တရားတော်ဟာ ပြုလုပ်ဆဲအခါမှာရော တုန့်ပြန်အကျိုးပေးတဲ့အခါမှာပါ ချမ်းသာစေတတ်တဲ့ ဂုဏ်ထူး သတ္တိထူး ရှိပါတယ်။ ဒီလို ဂုဏ်ထူး သတ္တိထူး ရှိပြီဆိုရင်လည်း စစ်မှန်တဲ့တရားလို့ သိနိုင်ပါတယ်။ ရှိခိုးဦးချ ပူဇော်ရမယ့်တရားဆိုတာ ဒီလို တရားစစ်တရားမှန်ကို ပြောလိုတာ ဖြစ်ပါတယ်။

သတ္တဝါတွေဟာ ချမ်းသာမှုကို လိုလားသူတွေချည်းပါပဲ။ နေ့ရောညဉ့်ပါ မအားမလပ် ရှာဖွေနေကြတာ ချမ်းသာဖို့ ဖြစ်ပါတယ်။ ဒီတော့ မိမိတို့ ရှာဖွေတဲ့ ချမ်းသာမှုကို တကယ်ပေးစွမ်းနိုင်တာ ဘယ်သူလဲလို့ လေ့လာကြည့်ရင် စစ်မှန်တဲ့ တရားတော်ကသာ ပေးစွမ်းနိုင်တယ်ဆိုတာ ပြတ်ပြတ်သားသား သိထားဖို့ လိုပါတယ်။ တရားတော်မှာ အနိမ့် အလတ် အမြင့်ဆိုပြီး အဆင့်အပိုင်းအခြားတွေရှိသလို တရားတော်ကို လေ့လာသင်ယူမှု၊ ကျင့်ကြံလိုက်နာမှု၊ ထိုးထွင်းသိမှုတွေမှာလည်း အနိမ့် အလတ် အမြင့် အပိုင်းအခြားတွေ ရှိပါတယ်။ နိမ့်တဲ့အဆင့်က နိမ့်တဲ့ချမ်းသာမှုကိုပေးပြီး၊ အလယ်အလတ်အဆင့်က အလယ်အလတ်ချမ်းသာ၊ အမြင့်ဆုံးအဆင့်က အမြင့်ဆုံးချမ်းသာကို ပေးကြောင်း နားလည်ထားသင့်ပါတယ်။

**ဒီတော့ တရားတော်ဟာ မိမိနှင့် ဘယ်လိုပတ်သက်တယ်၊ ဘာကြောင့် ရှိခိုးသင့်တယ်ဆိုတာ စူးစမ်းကြည့်ဖို့ လိုအပ်ပါတယ်။** သူများရှိခိုးလို့ လိုက်ရှိခိုးရတယ်ဆိုတာ အဓိပ္ပါယ်မရှိလှပါဘူး။ ကိုယ်တိုင်နားလည်သိမြင်လို့ ရှိခိုးတဲ့အဆင့်ရောက်ဖို့ လိုအပ်ပါတယ်။

ဒီအဆင့်ရောက်အောင်ကြိုးစားဖို့ အထူးလိုအပ်ပါတယ်။ ဒါမှသာ ရှိခိုးမှုဟာ အလွန်လေးနက်တဲ့ အဓိပ္ပါယ်ကို ဆောင်လာမှာ ဖြစ်ပါတယ်။

မြင်လွယ်တဲ့ ဥပမာနှင့် ပြောရရင်–သူတစ်ပါးအကျိုးကို လိုလားမှု (မေတ္တာ)။ ဒုက္ခရောက်သူကို သနားကြင်နာမှု (ကရုဏာ)။ ကြွယ်ဝချမ်းသာသူကို တွေ့မြင်ရလို့ဝမ်းမြောက်မှု (မုဒိတာ)။ မကောင်းမှုလုပ်ရမှာရှက်မှု (ဟိရီ)။ မကောင်းမှုလုပ်ရမှာကြောက်မှု (ဩတ္တပ္ပ)။ လင်သားကျင့်ဝတ်ကိုကျင့်မှု။ မယားကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ လူငယ်ကျင့်ဝတ်၊ လူကြီးကျင့်ဝတ်၊ အုပ်ချုပ်သူကျင့်ဝတ်၊ အုပ်ချုပ်ခံကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်ကိုကျင့်မှုစတဲ့ ကိစ္စရပ်တွေရှိပါတယ်။ ဒီကိစ္စရပ်တွေဟာ ပြုလုပ်ဆဲကာလမှာရော ကိုယ်ရောစိတ်ပါ ချမ်းသာပြီး တုန့်ပြန်အကျိုးပေးတဲ့အခါမှာပါ ကိုယ်ရော စိတ်ပါ ချမ်းသာစေတဲ့ သတ္တိထူး ရှိကြပါတယ်။ ဒါကြောင့် ဒီကိစ္စရပ်တွေကို "တရား" လို့ ခေါ်ရတာ ဖြစ်ပါတယ်။

ဒီတရားတွေ အထင်အရှားရှိနေလို့၊ ဒီတရားတွေကို ကျင့်ကြံလိုက်နာကြလို့ မိမိတို့တတွေ သားသမီးဖြစ်ချိန်က သားသမီးနှင့်တန်အောင် ရပ်တည်နိုင်ခဲ့ကြသလို မိဘဖြစ်လာချိန်မှာလည်း မိဘဂုဏ်နှင့်တန်အောင် ရပ်တည်လာနိုင်ကြတာ ဖြစ်ပါတယ်။ တပည့်ဖြစ်ချိန်က တပည့်နှင့်တန်အောင်၊ အုပ်ချုပ်ခံဖြစ်ချိန်က အုပ်ချုပ်ခံနှင့်တန်အောင် ရပ်တည်နိုင်ခဲ့ကြသလို ဆရာဖြစ်လာချိန်၊ အုပ်ချုပ်သူဖြစ်လာချိန်မှာလည်း ဆရာဂုဏ် အုပ်ချုပ်သူဂုဏ်နှင့် ထိုက်တန်အောင် ရပ်တည်နိုင်ကြတာ ဖြစ်ပါတယ်။ တကယ်လို့သာ မိဘဆရာသမားစတဲ့ ပုဂ္ဂိုလ်တွေက ဒီတရားတွေကို မကျင့်ခဲ့ကြဘူးဆိုရင် မိမိတို့တတွေ လူသားတစ်ယောက်အဖြစ်နှင့် ခုလို သိက္ခာရှိရှိ ဘဝရပ်တည်နိုင်ကြဖို့ မလွယ်

ပါဘူး။

လက်ရှိအခြေအနေနှင့် ကြည့်မယ်ဆိုရင်–မိမိက တကယ်လို့ ဒီတရားတွေကို မကျင့်ဘူး။ မိမိသန္တာန်မှာ ဒီတရားတွေ မရှိဘူးဆိုရင် လူ့လောကမှာ မိမိဘယ်လိုအခြေအနေမျိုးနှင့် ရင်ဆိုင် ရပ်တည်ရမယ် ဆိုတာ တွေးကြည့်နိုင်ပါတယ်။ မိမိတစ်ဦးသာ မဟုတ်ပါဘူး။ မိမိရဲ့ မိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံသားတွေ ဒီတရားတွေ မရှိကြဘူး ဆိုရင် မိမိရဲ့မိသားစုနှင့်တကွ နိုင်ငံသူ နိုင်ငံသားတွေ ဘယ်လို အခြေ အနေမျိုးနှင့် ဘဝရပ်တည်ကြမယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။ တိရစ္ဆာန်တွေ၊ ဒါမှမဟုတ် ဒီထက်ဆိုးဝါးတဲ့ အခြေအနေမျိုးနှင့် ဘဝကို ရင်ဆိုင် ရပ်တည်ကြရမှာ အသေအချာပါပဲ။

ဒါဟာ ဘုရားရှင် ထုတ်ဖော် ဟောကြားတော်မူခဲ့တဲ့ အဆင့် နိမ့်တရားတော်တွေထဲက အချို့ကို သိသာရုံ လေ့လာကြည့်တာဖြစ် ပါတယ်။ အဆင့်နိမ့်တရားတော်သည်ပင် လောကမှာ လူသားတစ် ယောက်အဖြစ် ပီပီပြင်ပြင် ရပ်တည်နိုင်ဖို့ မိမိအပေါ် ဘယ်လောက် ကျေးဇူးပြုထားတယ်။ ကိုယ်စိတ်ချမ်းသာမှုရှိအောင် ဘယ်လောက် အထောက်အကူပေးထားတယ်ဆိုတာကို တွေ့နိုင်ပါတယ်။

တစ်ဆင့်တက်ပြီးလေ့လာကြည့်ရင် "ဈာန်" တရားဆိုတာ ရှိပါတယ်။ ဘုရားရှင် ထုတ်ဖော် ဟောကြားတော်မူတဲ့ သမထနည်း တွေအတိုင်း ကျင့်ကြံအားထုတ်ရင် ဒီဈာန်တရားကို ရယူနိုင်ပါတယ်။ ဈာန်တရားကို ရယူနိုင်သူဟာ ကိုယ်စိတ်ချမ်းသာမှုအဆင့် ပိုပြီးမြင့် သွားပါတယ်။ လောကီချမ်းသာတွေမှာ အမြင့်ဆုံး ချမ်းသာမှုပါပဲ။ တကယ်လို့ ဒီဈာန်တရားနှင့် ဘဝပြောင်းခဲ့ရင်လည်း လူ့ဘဝ နတ်ဘဝ ကိုလွန်ပြီး ဗြဟ္မာဘဝကိုရရှိဖို့ အသေအချာဖြစ်ပါတယ်။ ဒါဟာ

ချာန်တရားကပေးတဲ့ ပစ္စုပ္ပန် တမလွန်ချမ်းသာမှုတွေ ဖြစ်ပါတယ်။

ဒီထက် အဆင့်မြင့်တရားကို ကြည့်မယ်ဆိုရင် "မဂ်လေးပါး၊ ဖိုလ်လေးပါးနှင့် နိဗ္ဗာန်" တရားတွေရှိပါတယ်။ ဘုရားရှင် ထုတ်ဖော်ညွှန်ကြားတော်မူတဲ့ ဝိပဿနာနည်းတွေအတိုင်း ကျင့်ကြံအားထုတ်ရင် ဒီတရားတွေကို ရယူနိုင်ပါတယ်။

မဂ်ဖိုလ်လေးပါးထဲက ပဌမဆုံးဖြစ်တဲ့ သောတာပတ္တိမဂ်ဖိုလ်ဟာ အတ္တရှိတယ်လို့ ယုံမှားမှု၊ ဘုရား တရား သံဃာစသည်တွေမှာ သံသယဖြစ်မှု၊ အထက်မဂ်ဖိုလ် ရယူနိုင်ရေး ကျင့်စဉ်တွေမှာ မှားယွင်းကျင့်ကြံမှု စသည်တွေကို အပြီးတိုင် ပယ်ရှားနိုင်တဲ့အပြင်၊ အခြား အကုသိုလ်ဒုစရိုက်တွေကိုလည်း အထူးနည်းပါးစေတဲ့တရား ဖြစ်ပါတယ်။ ဒီမဂ်ဖိုလ်တရားကို ရယူနိုင်သူဟာ သက်ဆိုင်ရာ အကုသိုလ်ဒုစရိုက်တွေ ကွယ်ပျောက် နည်းပါးသွားတာကြောင့် အကုသိုလ်ဒုစရိုက် အပူခါတ် ငြိမ်းအေးမှုချမ်းသာကို ခံစားရရုံသာမက သောတာပတ္တိမဂ်ဖိုလ်နှင့် တိုက်ရိုက်သိမြင်နိုင်လို့ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာချမ်းသာကိုလည်း လက်ရှိဘဝမှာ ခံစားနိုင်ပြီ ဖြစ်ပါတယ်။

တမလွန်အနေနှင့် ကြည့်မယ်ဆိုရင်လည်း အထူးစိတ်အေးရပြီးဖြစ်ပါတယ်။ အပါယ်လေးပါး ကျရောက် ခံစားရတဲ့ ဒုက္ခဘေးမှ လွတ်ကင်းရရုံသာမက လူ့ဘဝ နတ်ဘဝနှင့်ဆိုရင် အလွန်ဆုံး ခုနစ်ဘဝအတွင်းမှာ အရဟတ္တ မဂ်ဖိုလ်ကိုရရှိပြီး သံသရာ ဘဝဇာတ်သိမ်းဖို့ သေချာပြီး ဖြစ်ပါတယ်။ ခုနစ်ဘဝထက်လွန်ပြီး ဘဝ ဝဋ်ဆင်းရဲမှာ ခံရရိုးထုံးစံ မရှိပါဘူး။ ဒါဟာ သောတာပတ္တိ မဂ်ဖိုလ်တရားကပေးတဲ့ ထူးခြားတဲ့ ချမ်းသာမှုတွေ ဖြစ်ပါတယ်။

နောက်ဆုံး အရဟတ္တ မဂ်ဖိုလ်ကတော့ ရှိသမျှ အကုသိုလ်

တွေကို အပြီးတိုင် ပယ်ဖျက်နိုင်တာကြောင့် ဒီမဂ်ဖိုလ်တရားကို ရသူဟာ အကုသိုလ် ဒုစရိုက်ကို အခြေခံဖြစ်ရတဲ့ ဆင်းရဲဒုက္ခ အားလုံးမှ လွတ်မြောက်ရပါတော့တယ်။ နောက်ဘဝမရှိတော့တာကြောင့် သံသရာဝဋ်ဆင်းရဲ အားလုံးမှလည်း လွတ်မြောက်ပြီး ဖြစ်ပါတယ်။ အမြင့်ဆုံးဖြစ်တဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို လက်ရှိဘဝမှာ အလိုရှိသလို ခံစားနိုင်ပြီ ဖြစ်ပါတယ်။ ဒါတွေဟာ သတ္တဝါတွေ ဘဝသံသရာမှာ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသေးတဲ့ လောကုတ္တရာ ချမ်းသာတွေ ဖြစ်ပါတယ်။

မဂ်ဖိုလ်နိဗ္ဗာန်တို့လို အဆင့်မြင့်တရားတွေကို ကိုယ်တိုင်မရသေးလို့ ချမ်းသာမှုအတိုင်းအတာကို ကိုယ်တိုင် မသိနိုင်သေးပေမဲ့ အဆင့်နိမ့် တရားတွေကြောင့် ရရှိတဲ့ ချမ်းသာမှု အတိုင်းအတာကိုတော့ လက်တွေ့ မျက်တွေ့ သိရှိကြပြီး ဖြစ်ပါတယ်။ ဒါ့ပြင် ဘုရား ရဟန္တာတို့လို ပုဂ္ဂိုလ်ထူးကြီးတွေ ခံစားတော်မူသွားကြတဲ့ သာဓကတွေကို ကြည့်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ရဲ့ ချမ်းသာမှု အတိုင်းအတာကို မှန်းဆသိနိုင်ပါတယ်။

မိမိအပေါ် ဒီလောက်ကောင်းကျိုးအမျိုးမျိုးပေးတော်မူထားတဲ့ တရားတော်ဟာ ဘယ်လောက်စစ်မှန်တယ်။ သွာက္ခာတ၊ သန္ဒိဋ္ဌိကစတဲ့ ဂုဏ်ထူး သတ္တိထူးတွေနှင့် ဘယ်လောက် ပြည့်စုံတယ် ဆိုတာ သံသယဖြစ်စရာမလိုတဲ့ကိစ္စ ဖြစ်ပါတယ်။

စိတ်ထားမြင့်မြတ်သူတွေဟာ မိမိအပေါ်ကျေးဇူးကြီးမားသူကို ကျေးဇူးတုန့်ပြန် ပေးဆပ်တတ်ကြတာ ဓမ္မတာ ဖြစ်ပါတယ်။ မတုန့်ပြန်နိုင်သေးရင် သတိတရ ရှိနေတတ်ကြပါတယ်။ ဒါဟာ စိတ်ထားမြင့်မြတ်သူများရဲ့ သဘာဝအသိ၊ သဘာဝအလုပ် ဖြစ်ပါတယ်။ မိမိအပေါ်

ဒီလောက်ကျေးဇူးကြီးမားတဲ့ တရားတော်ကို မိမိက ဘယ်လို ကျေးဇူး တုန့်ပြန်သင့်ပါသလဲလို့ မေးကြည့်ပါ။ အနည်းဆုံး အမြတ်တနိုး ရှိခိုး ပူဇော်ခြင်းဖြင့် ကျေးဇူးတုန့်ပြန်ပေးဆပ်သင့်တယ်ဆိုတဲ့အဖြေ အလို အလျောက် ပေါ်ထွက်လာပါလိမ့်မယ်။

တရားတော်ရဲ့ကျေးဇူး၊ တရားတော်ရဲ့ ဂုဏ်ထူး သတ္တိထူးကို သိမြင်နားလည်ထားသူဟာ သူများရှိခိုးလို့ လိုက်ရှိခိုးရတာမျိုး၊ သူများ ခိုင်းလို့ ရှိခိုးရတဲ့အဖြစ်မျိုး မရှိတော့ပါဘူး။ မိမိရဲ့ ပင်ကိုအသိ သဘာဝ လှုံ့ဆော်ချက်ကြောင့် အမြတ်တနိုး ရှိခိုးပူဇော်တတ်တဲ့အကျင့် အလိုလို ဖြစ်လာတတ်ပါတယ်။ တရားတော်ရဲ့ ဂုဏ်တော် ကျေးဇူးတော်ကို တွေးမိ၊ သတိရမိတိုင်း လက်အုပ်မချီဘဲ ရှိမခိုးဦးမချဘဲ မနေနိုင် ဖြစ်လာတတ်ကြပါတယ်။

ဒီတော့ တရားတော်ဟာ မိမိနှင့် ဘယ်လို ပတ်သက်တယ်၊ ဘာကြောင့် ရှိခိုးပူဇော်ရတယ်ဆိုတဲ့ စကားရဲ့အဖြေဟာ ပေါ်လွင်ပြီးဖြစ် တာမို့ အထူးပြောစရာ မလိုတော့ဘူးထင်ပါတယ်။ ။

## သံဃာတော်ကို ဘာကြောင့် ရှိခိုးရပါသလဲ ?

"သံဃာ" နှင့်စပ်လို့ သံဃာနှစ်မျိုး ရှိပါတယ်။ အရိယာဖြစ်ပြီး သံဃာနှင့် အရိယာဖြစ်အောင် ကျင့်ကြံ အားထုတ်ဆဲ ပုထုဇဉ်သံဃာတို့ ဖြစ်ပါတယ်။ ကျမ်းဂန်တွေမှာတော့ အရိယာဖြစ်ပြီးသံဃာကို **ပရမတ္ထ သံဃာ** လို့ သုံးပြီး ပုထုဇဉ်သံဃာကို **သမ္မုတိသံဃာ** လို့ သုံးပါတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ – စသည်ရွတ်ဆိုပြီး သရဏဂုံဆောက် တည်တဲ့နေရာ၊ သံဃာ့ဂုဏ်တော်ကိုးပါးကို ပြဆိုတဲ့နေရာ၊ ရတနသုတ် သံဃာ ရတနာကို ပြဆိုတဲ့ နေရာတွေမှာ အရိယာ သံဃာကိုသာ ရည်ညွှန်းကြောင်း သတိပြုမိကြပါလိမ့်မယ်။ ဒါပေမဲ့ ဒါတွေဟာ တိုက်ရိုက်ပြဆိုချက်တွေ ဖြစ်ပါတယ်။ သွယ်ဝိုက်တဲ့နည်းနှင့် အရိယာ ဖြစ်အောင် ကျင့်ဆဲ ပုထုဇဉ်သံဃာကိုလည်း ယူရပါတယ်။ အကြောင်း ကတော့ – အရိယာသံဃာတော်တွေ စောင့်ထိန်းလိုက်နာတော်မူကြတဲ့ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်သီလတော်တွေ၊ ဣန္ဒြေ ခြောက်ပါးကို ယ်ိန်းသိမ်းတဲ့ ဣန္ဒြိယသံဝရသီလတွေ၊ ပစ္စည်းလေးပါး နှင့်စပ်ပြီး လိုက်နာကျင့်သုံးရတဲ့ ပစ္စယသန္နိဿိတသီလတွေ၊ အသက် မွေးမှုနှင့်စပ်ပြီး လိုက်နာရတဲ့ အာဇီဝပါရိသုဒ္ဓိသီလတွေ ရှိပါတယ်။ ဒီသီလတွေကို အရိယာသံဃာတော်များလိုပဲ ပုထုဇဉ် သံဃာတော်

များလည်း လိုက်နာကျင့်သုံးကြရပါတယ်။

ဒါတင်မကပါဘူး။ အောက်အောက် အရိယာသံဃာတွေ အထက်အထက် မဂ်ဖိုလ်ကိုရယူဖို့ ကျင့်ကြံ အားထုတ်တော်မူကြသလို ပုထုဇဉ်သံဃာတွေကလည်း မဂ်ဖိုလ်ကိုရယူဖို့ ကျင့်ကြံ အားထုတ်တော်မူကြပါတယ်။ ဒီလိုစောင့်ထိန်းမှု သီလသိက္ခာပိုင်း၊ ကျင့်ကြံအားထုတ်မှု သမာဓိသိက္ခာ၊ ပညာသိက္ခာပိုင်းတွေမှာ အရိယာသံဃာနှင့် ပုထုဇဉ် သံဃာ တူညီကြတာကြောင့် သွယ်ဝိုက်တဲ့နည်းနှင့် ယူနိုင်တာဖြစ်ပါတယ်။ ကံကြီးကံငယ်ကိစ္စတွေ၊ သံဃိကကျောင်းအလှူ ဆွမ်းအလှူ စတဲ့ ကိစ္စတွေမှာတော့ အရိယာ ပုထုဇဉ် သံဃာနှစ်မျိုးလုံးနှင့် သက်ဆိုင်တာမို့ နှစ်မျိုးလုံးကို တိုက်ရိုက်ယူရပါတယ်။

**ဒီတော့ မိမိတို့နှင့် အရိယာ ပုထုဇဉ်သံဃာတွေ ဘယ်လို ဆက်စပ်နေသလဲ၊ ဘာကြောင့် ရှိခိုးပူဇော်ရသလဲဆိုတာကို လေ့လာကြည့်ဖို့ လိုပါတယ်။**

သုပ္ပဋိပန္နဂုဏ် ဥဇုပ္ပဋိပန္နဂုဏ်စတဲ့ ရှိခိုး ပူဇော်ထိုက်တဲ့ ဂုဏ်တော်အချို့ကို အများသူငါ ကြားဖူးကြ၊ နားလည်ကြပြီးဖြစ်ပါတယ်။ **"သံဃဂုဏော အနန္တော"** ဆိုတဲ့အတိုင်း ရှိခိုးပူဇော်ရတဲ့ အကြောင်းတွေက အများကြီးပါ။ ပင်လယ်ရေမျက်နှာပြင်မှာ လွန့်လူးနေတဲ့လှိုင်းတွေကို ရေတွက်ပြဖို့ခက်ခဲသလို သံဃာ့ဂုဏ်တော်တွေကို ထုတ်ဖော်ရေတွက်ပြဖို့လည်း ခက်ခဲလှပါတယ်။ ဒီထဲက အများနှင့်ဆက်စပ်နေတဲ့ အကြောင်းအရာတစ်ခုကို ပြောချင်ပါတယ်။ သူသူငါငါပါပဲ၊ လူတွေရဲ့ သဘောက ကိုယ်နှင့်ဆက်စပ်လာမှ ပိုပြီးစိတ်ဝင်စားတတ်ကြလို့ပါ။

လူအများစုဟာ အထူးသဖြင့် အသက်အရွယ်ကြီးလာလို့

ဖြစ်စေ၊ နာတာရှည်ရောဂါတစ်ခုခုစွဲကပ်လာလို့ဖြစ်စေ၊ ပစ္စည်းဥစ္စာ မိသားစုစသည် ပျက်စီးလို့ဖြစ်စေ သောကဒုက္ခတွေနှင့် ကြုံလာကြရ ပါတယ်။ ဒီသောကဒုက္ခတွေ ဖိစီးမှုဒဏ်ကိုမခံနိုင်တဲ့အခါ ထွက်ပေါက် ရှာလာတတ်ကြပါတယ်။ ဒီအခါမှာ တရားဘက်ကို အာရုံရောက်လာ တတ်ကြပါတယ်။ တရားကို ထွက်ပေါက်အဖြစ် နားလည်လာကြ ပါတယ်။ မိမိလိုချင် သိချင်တဲ့ တရားကို ဘယ်သူ့ဆီမှာ ရနိုင်မလဲလို့ ရှာဖွေလိုက်ရင် သံဃာတော်တွေကို သတိရလာတတ်ကြပါတယ်။ သံဃာတော်များဟာ မိမိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သူများ၊ အားကိုးထိုက်သူများလို့ မြင်လာတတ်ကြပါတယ်။ အကြောင်းကတော့ သံဃာတော်များဟာ ဘုရားဟောတရားတော်တွေကို ကျင့်ကြံနည်းတွေ နှင့်တကွ သင်ယူကျက်မှတ်ပွားများပြီး စောင့်ရှောက်ထားကြသူတွေ ဖြစ်လို့ပါပဲ။

ဘာကြောင့် ဒီလို သင်ယူ ပို့ချ ဟောပြော ရေးသား ကျင့်ကြံ ပွားများပြီး စောင့်ရှောက်ထားကြသလဲဆိုတာကိုလည်း သိထားဖို့ လိုအပ်ပါတယ်။

ဘုရားရှင်ဟာ ဘုရားဖြစ်ဖို့အတွက် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကြာအောင် ပါရမီတွေကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။ ဒါပေမဲ့ ဘုရားဖြစ်တော်မူတဲ့အခါမှာတော့ လူ့သက်တမ်းအရ လေးဆယ့်ငါးဝါသာ သီတင်းသုံးတော်မူခဲ့ရပါတယ်။ ပါရမီအရင်းအ နှီးစိုက်ခဲ့ရတဲ့ ကာလနှင့်စာရင် ဘုရားအဖြစ် သီးတင်းသုံးတော်မူခဲ့ရတဲ့ ကာလဟာ တိုတောင်းလွန်းလှပါတယ်။ ဘုရားရှင် ဟောကြားတော် မူတဲ့ တရားတော်များဟာ လက်ရှိဘဝ ငြိမ်းချမ်းသာယာရေးသာမက အနာဂတ်အတွက် အာမခံချက် အပြည့်အဝပေးနိုင်တဲ့ တရားတော်များ

ဖြစ်ပါတယ်။ သတ္တဝါတွေအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှပါတယ်။ ဒီတရားတော်တွေဟာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူတာနှင့်အတူ ပျောက်ကွယ်မသွားသင့်ပါဘူး။ ဘုရားရှင်ကို မဖူးတွေ့လိုက်ရတဲ့ နောင်လာနောက်သားတွေလည်း ဒီတရားတော်အတိုင်း လိုက်နာကျင့်ကြံပြီး ကောင်းကျိုးအမျိုးမျိုးကို ရယူခံစားသင့်ပါတယ်။ ဒီလို ရယူနိုင်ရေးအတွက် တရားတော်တွေ မပျောက်မပျက် တည်ရှိနေဖို့ လိုအပ်ပါတယ်။ ဒီလို တည်ရှိနေရေးဟာ သံဃာတော်တွေ မဖြစ်မနေ ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ် ဖြစ်လာပါတယ်။

ဒါကြောင့် သံဃာတော်များဟာ သီလဖြည့်ကျင့်မှု၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ကျင့်ကြံအားထုတ်မှုကို အလေးထား ဆောင်ရွက်တော်မူကြရတဲ့အပြင် ဘုရားဟောဖော် ပိဋကတ်တော်များ မပျောက်ပျက်အောင် သင်ယူပို့ချ ဟောပြောမှုကိုလည်း မဖြစ်မနေ ဆောင်ရွက်တော်မူကြရပါတယ်။

ဆောင်ရွက်တော်မူခဲ့ကြတဲ့ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် –

ဘုရားရှင်လက်ထက်တော်ကတည်းက အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိစတဲ့ မထေရ်မြတ်ကြီးများ ဦးဆောင်ပြီး ဒီကိစ္စကို အရေးပေး ဆောင်ရွက်တော်မူခဲ့ကြပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့နောက်မှာတော့ အရှင်ဥပါလိ ဦးဆောင်တဲ့ မထေရ်မြတ်များက ဝိနယပိဋကတ်၊ အရှင်အာနန္ဒာ ဦးဆောင်တဲ့ မထေရ်မြတ်များက ဒီဃနိကာယ်၊ အရှင်သာရိပုတ္တရာရဲ့ တပည့်ကြီးများဦးဆောင်တဲ့ မထေရ်မြတ်များက မဇ္ဈိမနိကာယ်၊ အရှင်မဟာကဿပ ဦးဆောင်တဲ့ မထေရ်မြတ်များက သံယုတ္တနိကာယ်၊ အရှင်အနုရုဒ္ဓါ ဦးဆောင်တဲ့

မထေရ်မြတ်များက အင်္ဂုတ္တရနိကာယ်နှင့် အခြား ထင်ရှားတဲ့ မထေရ်မြတ်များ ဦးဆောင်တဲ့ အဖွဲ့တွေကလည်း ကျန်ရှိနေတဲ့ ပိဋကတ်တော်တွေကို အသီးသီးတာဝန်ယူပြီး သင်ကြား ပို့ချ ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြပါတယ်။ ဒီနည်းနှင့် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် မျက်မှောက်ခေတ်တိုင်အောင် ဆရာတပည့်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြတာ ဖြစ်ပါတယ်။

ရှည်လျားလှတဲ့ ကာလတစ်လျှောက်မှာ ဒီတရားတော်တွေကို လွယ်လွယ်ကူကူ သက်သက်သာသာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရတာတော့ မဟုတ်ပါဘူး။ အချို့ကာလတွေမှာ အစားဆင်းရဲ အဝတ်ဆင်းရဲ အနေဆင်းရဲစတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကြရပါတယ်။ အချို့ကာလတွေမှာ အသက်ကိုစွန့်ရတဲ့အထိ ကြုံတွေ့ကြရပါတယ်။ သံဃာတော်များဟာ ဘယ်လိုအန္တရာယ်နှင့် ကြုံရသည်ဖြစ်စေ ပိဋကတ်တော်များ ပျောက်ပျက်မသွားရေးကို အလေးထားဆောင်ရွက်တော်မူခဲ့ကြပါတယ်။ ဒါကြောင့် မျက်မှောက်ခေတ်တိုင်အောင် မပျောက်မပျက် တည်ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုတည်ရှိနေလို့လည်း မျက်မှောက်ခေတ်ပုဂ္ဂိုလ်တွေ တရားစစ် တရားမှန်တွေကို လေ့လာနိုင် ကျင့်ကြံနိုင်ကြတာ ဖြစ်ပါတယ်။

တကယ်လို့ ကိုယ်ကျိုးအတွက်သာ ကြည့်ကြမယ်ဆိုရင် အရိယာပုဂ္ဂိုလ်မြတ်များဟာ မိမိတို့ရရှိပြီးဖြစ်တဲ့ ဖလသမာပတ် နိရောဓသမာပတ်တွေဝင်စားပြီး လက်ရှိဘဝမှာ ချမ်းသာစွာ နေတော်မူနိုင်ကြပါတယ်။ အရိယာ မဖြစ်သေးတဲ့ ပုဂ္ဂိုလ်များလည်း မဂ်ဖိုလ်ရရေးကိုသာ အဓိကထားပြီး မိမိတို့ရရှိထားတဲ့ နည်းလမ်းတွေနှင့် ကျင့်ကြံတော်မူနိုင်ကြပါတယ်။ ဒါပေမဲ့ နောင်လာနောက်သား သတ္တဝါများအတွက်

ငှဲကွက်တော်မူကြ ကြောင့်ကြတော်မူကြလို့ ပိဋကတ်တော်များကိုပါ အလေးထားပြီး သင်ယူပို့ချ ဟောပြောတော်မူကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ခုခေတ်စာသင်တိုက်တွေမှာ ပိဋကတ်တော်တွေကို သင်ယူပို့ချဟောပြောနေတဲ့ သံဃာတော်တွေ၊ တရားရိပ်သာတွေမှာ ကျင့်ကြံနည်း အားထုတ်နည်းတွေကို ဟောပြောသင်ပေးနေတဲ့ သံဃာတော်တွေ၊ လက်တွေ့ ကျင့်ကြံအားထုတ်နေတဲ့ သံဃာတော်တွေကို ဖူးတွေ့ရတဲ့အခါ ဘုရား ဟောဖော် တရားတော်များ ကွယ်ပျောက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နေကြတာပါလားလို့ ရှုမြင်သင့်ပါတယ်။ ဒီလို ဆောင်ရွက်မှုဟာ မိမိနှင့်တကွ သိလိုကျင့်လိုသူများ သိလိုကျင့်လိုချိန်မှာ အလွယ်တကူ သိနိုင်ကျင့်နိုင်အောင် ဆောင်ရွက်နေကြတာပါလားလို့ သဘောပေါက်သင့်ပါတယ်။

သံဃာတော်တွေ ဆရာစဉ်ဆက် ဒီလို ဆောင်ရွက်တော်မူခဲ့ကြလို့သာ ဘုရားဟော ပိဋကတ်တော်တွေ မပျောက်မပျက် တည်ရှိနေတာဖြစ်ပါတယ်။ ပိဋကတ်တော်တွေ တည်ရှိနေလို့သာ သောက ဒုက္ခတွေနှင့်ကြုံလာတိုင်း သတ္တဝါတွေ ကုစားနိုင်ကြ၊ ဖြေရှင်းနိုင်ကြတာဖြစ်ပါတယ်။ တရားတော်အတိုင်း ကျင့်နိုင်ကြလို့ မျက်မှောက် တမလွန် ကောင်းကျိုးအမျိုးမျိုးကို ရရှိနိုင်ကြတာ ဖြစ်ပါတယ်။ သံသရာဝဋ်ဆင်းရဲက လွတ်ကင်းနိုင်ကြတာ ဖြစ်ပါတယ်။ သာသနာ့ သမိုင်းတစ်လျှောက်ကို လေ့လာကြည့်ရင် သံဃာတော်များရဲ့ ကြိုးပမ်းဆောင်ရွက်မှုကို အခြေခံပြီး လောကီလောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ရယူသွားကြသူတွေ မရေမတွက်နိုင်အောင် တွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံအတိုင်းအတာနှင့်ကြည့်ရင်ပဲ နိုင်ငံသူ နိုင်ငံသားတွေအပေါ် သံဃာ့ကျေးဇူး ဘယ်လောက်များတယ်ဆိုတာ အားလုံးအသိ ဖြစ်ပါတယ်။

ဒါကြောင့် ဘာသာရေးနှင့် ဆက်နွယ်သူမှန်သမျှ မိမိအပေါ် သံဃာ့ကျေးဇူး ဘယ်လောက်ရှိသလဲလို့ မကြာမကြာ စစ်ဆေးသင့်သလို စာရှုသူကိုယ်တိုင်လည်း မကြာမကြာစစ်မေးကြည့်သင့်ပါတယ်။ ဒါမှသာ သံဃာ့ကျေးဇူးကို ဖေါ်ထုတ် ကြည့်မြင်ဟတ်ပါလိမ့်မယ်။ မိမိဘဝကို ယဉ်ကျေးသိမ်မွေ့စေတဲ့ အသိအမြင် အတွေးအခေါ်တွေ၊ မကောင်းမှုနှင့် ကောင်းမှုကို ခွဲခြားသိမြင်စေမှုတွေ၊ မကောင်းမှု မလုပ်ဖြစ်အောင် စောင့်စည်းစေမှုတွေ၊ ကောင်းမှု လုပ်ဖြစ်အောင် ကြိုးပမ်းစေမှုတွေ၊ မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင်စေလို့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ရမှုတွေစတဲ့ အောက်ခြေအဆင့်ကနေ တရားဓမ္မနှင့် မွေ့လျော်နိုင်တဲ့အထိ ဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုး တရားတွေကို တွေ့မြင်ရပါလိမ့်မယ်။ ဘယ်သူ့ကို အကြောင်းခံပြီး ဒီအကျိုးတရားတွေကို ရရှိခဲ့သလဲလို့ တွေးကြည့်ရင် သံဃာ့ကျေးဇူး သံဃာ့ဂုဏ်ကို ပီပီပြင်ပြင် တွေ့မြင်ရပါလိမ့်မယ်။

ဒါဟာ သံဃာ့ဂုဏ်တော် ကျေးဇူးတော်တွေထဲက မြင်လွယ် သိလွယ်တဲ့ အကြောင်းအရာတစ်ခုမျှ ဖြစ်ပါတယ်။ ဒီအကြောင်းအရာ တစ်ခုကို ခြေခြေမြစ်မြစ် သဘောပေါက်ရင်ပဲ ဘာကြောင့် ရှိခိုးပူဇော်ရတယ်ဆိုတာ အလိုလို နားလည်ပြီး ဖြစ်ပါလိမ့်မယ်။

သံဃာ့ကျေးဇူး သံဃာ့ဂုဏ်ကို အတွင်းကျကျ နားလည် သဘောပေါက်သူတွေဟာ သံဃာတော်ဆိုရင် လေးစားလို့မဆုံး၊ ရှိခိုးလို့မဝ၊ အားထားကိုးကွယ်လို့ မရောင့်ရဲနိုင် ဖြစ်ကြရပါတယ်။ ပုဂ္ဂိုလ်နှင့်ဂုဏ်ကို အလွယ်တကူ ခွဲခြားနားလည်နိုင်သူတွေဟာ ရဟန်းငယ် သာမဏေငယ်များကိုပင် မရိုမသေ မဆက်ဆံရဲကြပါဘူး။ မိမိအပေါ် ကျေးဇူးကြီးမားတဲ့ သံဃာတော်လို့ မြင်အောင် ကြည့်နိုင်ကြပါတယ်။

ဒါကြောင့် သံဃာတော်ကို ရှိခိုးတဲ့အခါ အမှတ်တမဲ့ မဟုတ်ဘဲ မိမိအပေါ် ကျေးဇူးကြီးမားလှတဲ့ ကျေးဇူးရှင်များအဖြစ် မြင်အောင်ကြည့်ပြီး သုပ္ပဋိပန္နစတဲ့ ဂုဏ်တော်တွေကို အာရုံပြုနိုင်အောင် ကြိုးစားသင့်ပါတယ်။ ကြည်ညိုလေးစားရတဲ့ ဆရာတော်တစ်ပါးပါးကို ဖူးမြော် ကန်တော့နေပေမဲ့ သံဃာ့ကျေးဇူး သံဃာ့ဂုဏ်ကို အာရုံရောက် နိုင်အောင် အလေ့အလာ လုပ်သင့်ပါတယ်။ ဒါမှသာ မိမိလုပ်ရပ်ဟာ ပိုပြီးတော့ လေးနက်ခိုင်မာ အနှစ်သာရရှိလာတာကို တွေ့ရပါ လိမ့်မယ်။ ။

## ဘုရား၊ တရား၊ သံဃာကို
## ဘာကြောင့် "ရတနာ"လို့ ခေါ်ဝေါ်သုံးစွဲရပါသလဲ ?

ဘုရား၊ တရား၊ သံဃာကို "ရတနာ" လို့ ဘုရားရှင်ကိုယ်တော်တိုင် စတင်သုံးစွဲတော်မူခဲ့ပါတယ်။ ဒါကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာဝင်တွေကလည်း အမြတ်တနိုး ခေါ်ဝေါ်သုံးစွဲကြတာ ဖြစ်ပါတယ်။

ဘုရားရှင်က ရတနသုတ်တော်မှာ "ဣဒမ္ပိ ဗုဒ္ဓေ ရတနံ = ဘုရားရှင်ဟာ ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တယ်။ ဣဒမ္ပိ ဓမ္မေ ရတနံ = တရားတော်ဟာ ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တယ်။ ဣဒမ္ပိ သံဃေ ရတနံ = သံဃာတော်ဟာ ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တယ်" လို့ အတိအလင်း ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် **ဗုဒ္ဓဘာသာဝင်တွေက ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာသုံးပါး စသည်ဖြင့် တမြတ်တနိုး ခေါ်ဝေါ်သုံးစွဲကြတာ ဖြစ်ပါတယ်။**

ဒီလို သုံးစွဲရတဲ့ရည်ရွယ်ချက်ကို လေ့လာဖို့အတွက် ရတနာရဲ့ သဘောကို နားလည်ထားဖို့ လိုပါလိမ့်မယ်။ ရတနာရဲ့သဘောက

- အမြတ်တနိုးထားထိုက်မှု၊
- တန်ဖိုးကြီးမားမှု၊
- အတုလုပ်လို့မရမှု၊ (တုအောင်လုပ်ပေမဲ့ ပင်ကို အရည်အသွေးကို မမီမှု)
- တွေ့မြင်ဖို့ရှား ခက်ခဲမှု၊
- အထက်တန်းစားပုဂ္ဂိုလ်များသာ သုံးစွဲနိုင်မှုစတဲ့ ဂုဏ်သတ္တိထူးတွေ ရှိပါတယ်။ ဒါက လောကီလောကုတ္တရာ ရတနာနှစ်မျိုးလုံးနှင့် ပတ်သက်တဲ့ ဂုဏ်ထူး သတ္တိထူးတွေ ဖြစ်ပါတယ်။

စိန် ရွှေ ကျောက် သံ ပတ္တမြားစတဲ့ သက်ရှိသက်မဲ့ လောကီရတနာတွေမှာ ဒီဂုဏ်သတ္တိထူးတွေ ရှိတယ်ဆိုတာ သူသူငါငါသိကြပေမဲ့ လောကုတ္တရာရတနာမှာ ဒီဂုဏ်သတ္တိတွေရှိတယ် ဆိုတာကိုတော့ အနည်းစုသာ သိကြပါတယ်။ လောကုတ္တရာရတနာမှာရှိတဲ့ ဂုဏ်သတ္တိတွေက လောကီရတနာတွေ မယှဉ်သာ မနှိုင်းသာအောင် ပိုမိုထက်မြက်နက်ရှိုင်းလှပါတယ်။

ဒါကြောင့် စိတ်ထားမြင့်မြတ်သူတွေဟာ လောကီရတနာထက် လောကုတ္တရာရတနာကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်ကြပါတယ်။ ပိုမိုထူးခြားနက်ရှိုင်းတဲ့ ဂုဏ်သတ္တိတွေကို သိမြင်လို့ ပိုမိုရှာဖွေသိမ်းဆည်းတတ်ကြပါတယ်။ လောကုတ္တရာရတနာနှင့် ပတ်သက်လာရင် လောကီရတနာတွေကို မငဲ့မကွက် ပယ်စွန့်တတ်ကြပါတယ်။ ထီးနန်း၊ တိုင်းပြည်၊ ရာထူးအာဏာ၊ ဇနီး၊ သားသမီး၊ လယ်ယာ၊ တိုက်တာအဆောက်အအုံ၊ စိန်၊ ရွှေစတဲ့ မိမိပိုင် မိမိဆိုင်ပစ္စည်းတွေကို အလွယ်တကူစွန့်လွှတ်ပြီး လောကုတ္တရာရတနာတွေကို မရမနေ ရှာဖွေတတ်ကြပါတယ်။ နှလုံးသားမှာ ထုံမွှမ်းသိမ်းဆည်းတတ်ကြပါတယ်။

**အမြတ်တနိုးထားထိုက်မှုနှင့်ပတ်သက်လို့ –**

ဘုရား၊ တရား၊ သံဃာအာရုံကို နှလုံးသားမှာ ထုံမွှမ်းထားသူများဟာ လက်ရှိဘဝမှာပဲ ဘေးရန်အမျိုးမျိုး ကင်းဝေးကြရပါတယ်။ ချမ်းသာမှုအမျိုးမျိုးကို ရရှိနိုင်ကြပါတယ်။ ကြမ်းတမ်းတဲ့ ကိလေသာတွေ တဖြည်းဖြည်း နည်းပါးလာတာ၊ ကင်းဝေးလာတာကို လက်တွေ့သိမြင်နိုင်ကြပါတယ်။ ကိလေသာတွေ နည်းပါးလာတာနှင့်အတူ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းလာမှုကို လက်တွေ့ခံစားနိုင်ကြပါတယ်။ အဲဒီကတစ်ဆင့် လောကုတ္တရာ မဂ်ဖိုလ် ချမ်းသာတွေ တိုင်အောင် ရရှိနိုင်ကြပါတယ်။ ကျမ်းဂန်တွေမှာ ဒီလိုခံစားသွားကြတဲ့ ဖြစ်ရပ်တွေ အများကြီးတွေ့နိုင်ပါတယ်။ ကျမ်းဂန်တွေမှာ ဖော်ပြမခံရသေးတဲ့ နောက်ပိုင်းဖြစ်ရပ်တွေလည်း အများကြီးပါ။

ဒီလို လောကုတ္တရာရတနာတွေ ထုံမွှမ်းသိမ်းဆည်းထားတဲ့ နှလုံးသားကို "စေတီ" လို့ ခေါ်နိုင်ကြောင်း ကျမ်းဂန်တွေမှာ ညွှန်းဆိုကြပါတယ်။ ဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်တွေ၊ တရားတော်တွေကို သိမ်းဆည်း ဌာပနာထားတဲ့ အရာဝတ္ထုကို "စေတီ = ပူဇော်ထိုက်တဲ့အရာ" လို့ ခေါ်သလို ဘုရား တရား သံဃာ့အာရုံတွေကို သိုမှီးသိမ်းဆည်းထားတဲ့ နှလုံးသားကိုလည်း "စေတီ = ပူဇော်ထိုက်တဲ့အရာ" လို့ မိန့်ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့် ဘုရား တရား သံဃာဆိုတဲ့ ရတနာတွေဟာ နှလုံးသားမှာ ဂုဏ်တော်အာရုံ ထုံမွှမ်းပြီး အမြတ်တနိုး သိမ်းထားထိုက်တဲ့ လောကုတ္တရာရတနာတွေ ဖြစ်ပါတယ်။

**တန်ဖိုးကြီးမားမှုနှင့်ပြောရရင် –**

သိပ္ပံပညာရှင်တွေက ကမ္ဘာကြီးရဲ့သက်တမ်းကို နှစ်သန်းပေါင်းနှစ်ထောင်လို့ ခန့်မှန်းထားကြပါတယ်။ လက်ရှိ မြေပေါ်

မြေအောက် ရှိရှိသမျှ ရွှေ ငွေ စိန် ကျောက်စတဲ့ လောကီရတနာ ပစ္စည်းတွေဟာ ကမ္ဘာမြေကြီးကို အမှီပြု ဖြစ်ပေါ်လာကြတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ ဒီလိုရင့်ကျက်လာအောင် ရင်းနှီးခဲ့ရတဲ့ ကာလဟာ နှစ်သန်းပေါင်းနှစ်ထောင် အတွင်းမှာပဲ ဖြစ်ပါတယ်။

ဘုရားရတနာကတော့ တစ်ဆူ တစ်ဆူ ပွင့်တော်မူဖို့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တွေ ဖြည့်ကျင့်ပြီး အရင်းအနှီးလုပ်ရပါတယ်။ ဘဝကိုပြောတာမဟုတ်ပါဘူး၊ ကမ္ဘာကိုပြောတာပါ။ ကမ္ဘာ့သက်တမ်းတစ်ခုမှာ လက်ရှိ လူ့သက်တမ်းနှင့်ဆိုရင် ဘဝတွေ ဘယ်လောက်များမယ်ဆိုတာ မှန်းကြည့်နိုင်ပါတယ်။

ဖြည့်ကျင့်တော်မူကြတဲ့ ပါရမီ ဆယ်ပါးထဲက ဒါနပါရမီကို ကြည့်ရင်ပဲ သာမန်လူတွေ မတွေးရဲ မကြံရဲတဲ့အလုပ်တွေ အများကြီးပါ။ ကျေကျေနပ်နပ်ဖြင့် မျက်လုံးကိုထုတ်လှူတာ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်လှူတာ၊ အသက်ကိုပေးလှူတာစတဲ့ လုပ်ရပ်ပေါင်းများစွာကို တွေ့နိုင်ပါတယ်။ အခြားပါရမီတွေကို ကြည့်ရင်လည်း ဒီအတိုင်းပါပဲ။ ဘုရား တစ်ဆူ တစ်ဆူ ဖြစ်လာဖို့အတွက် ရင်းနှီးခဲ့ရတဲ့ ပါရမီ၊ အချိန်ကာလတန်ဖိုးဟာ ကြီးမားလှပါတယ်။ ဒါက အကြောင်းတရားကို လေ့လာကြည့်တာပါ။

အကျိုးတရားကိုကြည့်ရင်လည်း စိန် ရွှေစတဲ့ လောကီရတနာတွေဟာ တန်ဖိုးကြီးမားပေမဲ့ တန်ဖိုးဖြတ်လို့ရနိုင်ပါတယ်။ ရကောင်းပါတယ်။ တန်ဖိုးဆိုတာ အသုံးဝင်မှု၊ အကျိုးရှိမှု အတိုင်းအတာကို ကြည့်ပြီး ဆုံးဖြတ်ကြရတာပါ။ ဘုရားတစ်ဆူရဲ့ အသုံးဝင်မှု အကျိုးရှိမှုဟာ တန်ဖိုးဖြတ်လို့ရကောင်းတဲ့အရာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ

ဆိုရင် ဘုရားတစ်ဆူကို အကြောင်းပြုပြီး ပစ္စုပ္ပန်ဘဝ ဘေးရန်အမျိုးမျိုး အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်ရမှု၊ နောင်သံသရာ ဝဋ်ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်ရမှု၊ ပစ္စုပ္ပန်ဘဝ လောကီအကျိုး လောကုတ္တရာအကျိုးအမျိုးမျိုးကို ခံစားရမှု၊ တမလွန်ကာလ ဘဝစည်းစိမ်အမျိုးမျိုးနှင့် မဂ်ဖိုလ်စတဲ့ လောကုတ္တရာချမ်းသာအမျိုးမျိုးကို ခံစားရမှုစတဲ့ ကောင်းကျိုးအမျိုးမျိုးတွေဟာ ကြီးကျယ်များပြားလှပါတယ်။ ဒီအကျိုးတရားတွေကို မရေမတွက်နိုင်တဲ့ လူ နတ် ပြဟ္မာ သတ္တဝါတွေ ခံစားခဲ့ကြပြီးပါပြီ။ ယခုလည်းခံစားကြဆဲပါ။ ဘုရားအဆုံးအမတွေရှိနေသမျှ နောင်လည်းခံစားကြရဦးမှာပါ။ သတ္တဝါတွေခံစားကြရတဲ့ အကျိုးတရားနှင့်ကြည့်ရင်လည်း ဘုရားတစ်ဆူရဲ့ တန်ဖိုးဟာ ကြီးမားလှပါတယ်။

ဒါကြောင့် အကြောင်းတရားနှင့်ကြည့်ကြည့် အကျိုးတရားနှင့်ကြည့်ကြည့် ဘုရားရှင်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဖြစ်ကြောင်း တွေ့နိုင်ပါတယ်။ တရားရတနာ သံဃာရတနာတွေလည်း ဘုရားရတနာနှင့် ဆက်စပ် ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ အကြောင်းအကျိုးနှင့်လေ့လာကြည့်ရင် ဒီရတနာတွေလည်း အဖိုးမဖြတ်နိုင်တဲ့ ရတနာများဖြစ်ကြောင်း တွေ့နိုင်ပါတယ်။

**အတုမလုပ်နိုင်မှုနှင့်ပြောရရင် –**

ဘုရားပွင့်တော်မမူမီကတည်းက မဇ္ဈိမဒေသမှာ ဘုရားအမည်ခံပုဂ္ဂိုလ်တွေ ပေါ်ခဲ့ဖူးပါတယ်။ ကောသလဘုရင်ကြီးလက်ထက်ရောက်တော့ ဘုရင်ကြီးက နန်းတော်သို့ပင့်ခေါ်ပြီး စစ်ဆေးမေးမြန်းခဲ့ပါတယ်။ ဒီအခါမှာ သူတို့ဘုရားမဟုတ်ပါကြောင်း ဝန်ခံခဲ့ကြရပါတယ်။ ပြီးတော့ မာရ်နတ်။ သူလည်း ဘုရားပုံစံဖန်ဆင်းပြီး သူရမ္ဗဋ္ဌဆိုတဲ့ ဒကာတစ်ယောက်ကို လှည့်စားခဲ့ဖူးပါတယ်။ ရှေ့နောက်မညီတဲ့

သူ့စကားကိုကြားတာနှင့် သူ့ရှေ့မှာက အတုမှန်းသိသွားတယ်။ သူ့ခြံထဲကနင်ထုတ်လို့ မာရ်နတ်လည်း ရုပ်ပျက်ဆင်းပျက် ထွက်သွားရတဲ့ ဖြစ်ရပ် ကျမ်းဂန်မှာ တွေ့နိုင်ပါတယ်။

ဘုရားအတုပေါ်သလို တရားအတု သံဃာအတုတွေလည်း ပေါ်တတ်ပါတယ်။ ဘုရားတစ်ဆူရဲ့ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်သတ္တိတွေ၊ တရား သံဃာရဲ့ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်သတ္တိတွေနှင့် စစ်ဆေးလိုက်ရင် အတုဟာ အတုအဖြစ် ပေါ်လွင်သွားတာပါပဲ။ အပြင်ပန်းအနေနှင့် တူသယောင် ပြုလုပ်နိုင် ဟန်ဆောင်နိုင်ပေမဲ့ ဂုဏ်သတ္တိ အရည်အသွေးနှင့်စစ်လိုက်ရင် အတုဟာ အတုပါပဲ။ ဒါကြောင့် ဘုရား တရား သံဃာဟာ တုအောင် လုပ်ယူလို့မရတဲ့ ရတနာအစစ်များ ဖြစ်ပါတယ်။

**တွေ့မြင်ဖို့ရာခက်ခဲမှုနှင့်ပြောရရင် –**

ဘုရားတစ်ဆူ ပွင့်တော်မူလာဖို့ အချိန်ဘယ်လောက်ကြာအောင် ပါရမီတွေဖြည့်ရတယ်ဆိုတာ နားလည်ကြပြီး ဖြစ်ပါတယ်။ ဒီဘုရားရှင်တွေလည်း တစ်ဆူပြီးတစ်ဆူ အလွယ်တကူ ပွင့်တော်မူကြတာမဟုတ်ပါဘူး။ အချို့ကမ္ဘာတွေမှာ တစ်ဆူသာ ပွင့်တော်မူပါတယ်။ အချို့ကမ္ဘာတွေမှာတော့ နှစ်ဆူ၊ သုံးဆူ၊ လေးဆူ၊ အလွန်ဆုံး ငါးဆူအထိသာ ပွင့်တော်မူကြပါတယ်။ ကမ္ဘာတိုင်းလည်း ဘုရားပွင့်တာမဟုတ်ပါဘူး။ ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေ အသင်္ချေ အနန္တပါပဲ။ ယခုလက်ရှိကမ္ဘာမှာတော့ ဘုရားငါးဆူပွင့်မှာမို့ လေးဆူ ပွင့်တော်မူပြီးပါပြီ။ တစ်ဆူသာ ကျန်ပါတော့တယ်။

ပွင့်တော်မူသွားတဲ့ ဂေါတမဘုရားရှင်ကိုပင် စာရေးသူတို့တတွေ ဖူးလိုက်ရဟန်မတူပါဘူး။ ဘုရားအဆုံးအမ သာသနာနှင့်သာ ကြုံတွေ့နေကြရတာပါ။ ယခုကြုံတွေ့နေရတဲ့သာသနာဟာ နှစ်ပေါင်း

ငါးထောင်ခန့် တည်ရှိမယ်လို့ ကျမ်းဂန်တွေမှာ မိန့်ဆိုကြပါတယ်။ ဒါဟာ ကမ္ဘာ့သက်တမ်းနှင့်စာရင် တိုတောင်းလွန်းတဲ့ အချိန်ပိုင်းကလေးပါ။ ဒီသဘောကို မြင်လွယ်အောင်လို့ – တစ်ညလုံး မိုးမှောင်တွေကျ မိုးတွေသည်းထန်နေတဲ့ လမိုက်ညမှာ လျှပ်စီးတစ်ချက် လင်းလက်တဲ့ ဥပမာနှင့် ကျမ်းဂန်တွေမှာ မိန့်ဆိုတော်မူကြပါတယ်။ တစ်ညလုံး မှောင်မိုက်နေတဲ့ အချိန်အတိုင်းအတာနှင့် လောကကြီးမှာ သာသနာ ကွယ်ပျောက်နေချိန် အတိုင်းအတာ၊ လျှပ်စီးတစ်ချက် လင်းလက်တဲ့ အချိန်အတိုင်းအတာနှင့် လောကကြီးမှာ သာသနာ ထွန်းလင်းချိန် အတိုင်းအတာကို နှိုင်းယှဉ်ပြီး သာသနာတော်နှင့် တစ်ကြိမ်တစ်ခါကြုံတွေ့ရဖို့ မလွယ်ကူကြောင်း မိန့်ဆိုတော်မူလိုကြတာဖြစ်ပါတယ်။

နေရာဒေသနှင့် ကြည့်မယ်ဆိုရင် – ဗုဒ္ဓဘာသာစစ်စစ်ကို ယုံကြည်လက်ခံတဲ့ နေရာဒေသကို ကမ္ဘာ့မြေပုံမှာကြည့်ရင် မပြောပလောက်တဲ့ နေရာကွက်ကလေး တွေ့ရမှာပါ။ အခြားနေရာတွေမှာတော့ တစ်နေကုန်အောင် ရှာဖွေလို့ သံဃာတော်တစ်ပါးဖူးမြင်ရဖို့၊ တရားတစ်ကြိမ်တစ်ခါနာကြားရဖို့၊ စေတီတော် ဆင်းတုတော်တစ်ဆူ ဖူးတွေ့ရဖို့ အရေးဟာ ကြုံတောင့်ကြုံခဲပါ။ ဒီကိစ္စကို ပြည်ပမှာနေထိုင်ဖူးသူတွေ ပိုပြီးသဘောပေါက်ကြပါလိမ့်မယ်။ ဒါကြောင့် ဘုရား တရား သံဃာ ရတနာတွေဟာ တွေ့ရ ကြုံရ ဆုံရဖို့ အလွန်ခက်ခဲတဲ့ ရတနာ အစစ်တွေ ဖြစ်ပါတယ်။

**အထက်တန်းစားများသာ သုံးစွဲနိုင်မှုနှင့်ပြောရရင် –**

လောကမှာ တန်ဖိုးကြီး ရတနာပစ္စည်းကို လူတိုင်း ဝတ်ဆင်နိုင်ကြတာ မဟုတ်ပါဘူး။ ချမ်းသာကြွယ်ဝ အထက်တန်းကျသူ

တွေသာ ဝတ်ဆင်သုံးစွဲနိုင်ကြတာပါ။ ဒီအတိုင်းပါပဲ ဘုရား တရား သံဃာကိုလည်း သတ္တဝါတိုင်း လေးစားကြည်ညို ကိုးကွယ်နိုင်ကြတာ မဟုတ်ပါဘူး။ အသိဉာဏ် သဒ္ဓါတရား ဓာတ်ခံအင်အားကောင်းတဲ့ အထက်တန်းစားပုဂ္ဂိုလ်များသာ ကိုးကွယ်ဆည်းကပ်နိုင်ကြတာ ဖြစ်ပါတယ်။

ဥပမာပြောရရင်–သားသမင်စတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ တောတောင်တွေမှာ သွားလာကျက်စားရင်း ရွှေ ငွေ ကျောက် သံပတ္တမြားတွေကို တွေ့တတ်ကြပါတယ်။ ဒါပေမဲ့ အဖိုးတန်ရတနာလို့လည်း မသိကြပါဘူး။ ဘယ်လို အသုံးပြုရမယ်လို့လည်း နားမလည်ကြပါဘူး။ ဒါကြောင့် သူတို့ရဲ့အစားအစာ မြက် သစ်ရွက်လောက်ကိုသာ အာရုံစိုက် ရှာဖွေစားသောက်ပြီး ရတနာတွေကို ရှောင်သွားတတ်ကြပါတယ်။ ဒီဥပမာအတိုင်းပါပဲ – အခွင့်သာလို့ ဘုရား တရား သံဃာကို ဖူးတွေ့ရပေမဲ့ ရတနာလို့ မသိသူတွေ၊ ဘယ်လိုကိုးကွယ်ဆည်းကပ်ပြီး မိမိရဲ့ ပစ္စုပ္ပန် တမလွန် ဝဋ်ဒုက္ခကင်းလွတ်အောင် ဘယ်လိုလုပ်ရမယ်လို့ မသိသူတွေ အများကြီးပါ။ ရတနာသုံးပါးကို ရှောင်ရှားပြီး ကိလေသာ အာရုံတွေကိုသာ ရှာဖွေလိုက်စားသူတွေ အများကြီးပါ။

အသိဉာဏ် သဒ္ဓါ ဓာတ်ခံအားကောင်းပြီး ဘယ်လိုကိုးကွယ်ဆည်းကပ်ရင် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်နိုင်မယ်ဆိုတာကို နားလည်တဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ အထက်တန်းစားပုဂ္ဂိုလ်တွေလောက်သာ ရတနာသုံးပါးကို လေးစားကြည်ညို ကိုးကွယ်နိုင်ကြတာ ဖြစ်ပါတယ်။ ဒီလို စိတ်ပိုင်းဆိုင်ရာ အထက်တန်းစား ပုဂ္ဂိုလ်တွေရဲ့ ယုံကြည်ကိုးစား အားထားရာဖြစ်လို့ ဘုရား တရား သံဃာဟာ ရတနာ

အစစ် ဖြစ်ပါတယ်။

အကျဉ်းအားဖြင့်ပြောရရင် ဘုရား တရား သံဃာကို ရတနာလို့ အမြတ်တနိုး ခေါ်ဝေါ်သုံးစွဲရခြင်းဟာ နှလုံးသားမှာ အမြတ်တနိုး ထုံမွှမ်းသိမ်းထားထိုက်လို့၊ တန်ဖိုးကြီးမားလွန်းလို့၊ တစ်နည်းပြောရရင် တန်ဖိုးမဖြတ်နိုင်လို့၊ အတူလုပ်ယူမရလို့၊ ကြုံဆုံဖူးတွေ့ရဖို့ ခက်ခဲလွန်းလို့၊ ပညာ သဒ္ဓါ ဓာတ်ခံကောင်းတဲ့ အထက်တန်းစားပုဂ္ဂိုလ်တွေရဲ့ ကြည်ညိုလေးစား အားထားရာဖြစ်လို့ ဖြစ်ပါတယ်။

ဒီနေရာမှာ လောကီရတနာနှင့် လောကုတ္တရာရတနာတို့ရဲ့ သဘောကွာခြားချက်ကို သိသာရုံ အနည်းငယ် ဖော်ပြချင်ပါတယ်။

### ဘုံဆိုင်နှင့် ကိုယ်ပိုင် –

ရွှေ ငွေ စိန် ကျောက်စတဲ့ လောကီရတနာတွေဟာ ဘုံဆိုင်ပစ္စည်းပါ။ တစ်ယောက်တည်းရှာဖွေစုဆောင်းပေမဲ့ တစ်ယောက်တည်းပိုင်ဆိုင်လို့ တစ်ယောက်တည်း သုံးစွဲလို့မရပါဘူး။ အနည်းဆုံး ဇနီး သားသမီးတွေကိုတော့ ကျွေးမွေး စောင့်ရှောက် ထောက်ပံ့ရပါသေးတယ်။ မျှဝေပေးရပါသေးတယ်။ လောကုတ္တရာရတနာကတော့ ဒီလို မဟုတ်ပါဘူး။ ကိုယ်ရှာဖွေကျင့်ကြံလို့ရသမျှဟာ ကိုယ်ပိုင်ပါပဲ။ ခွဲဝေပေးလို့ရကောင်းတဲ့အရာ မဟုတ်ပါဘူး။ ရရာရကြောင်း နည်းလမ်းကိုသာ သင်ပေး၊ ညွှန်ပေးနိုင်တဲ့အရာ ဖြစ်ပါတယ်။

### ရန်သူများပြား၊ ရန်ရှောင်ရှား –

လောကီရတနာ ပစ္စည်းဟာ ဘယ်လောက်ပဲ လုံခြုံအောင် စောင့်ရှောက်ထားပေမဲ့ ရန်သူနှင့် မကင်းနိုင်တဲ့အရာ ဖြစ်ပါတယ်။

(၁) ရေတိုက်စားလို့၊ ရေမျောလို့၊ ရေနစ်လို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

(၂) မီးလောင်လို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

(၃) သူခိုး ခိုးယူလို့၊ ဓားပြတိုက်ယူလို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

(၄) သားဆိုး သမီးဆိုး၊ တူဆိုး တူမဆိုး၊ မြေးဆိုး မြစ်ဆိုးစတဲ့ အမွေခံဆိုးတွေ ဖြုန်းတီးလို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

(၅) သက်ဆိုင်ရာ အာဏာပိုင်တွေ သိမ်းယူလို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

လောကုတ္တရာရတနာ ပိုင်ဆိုင်မှုမှာတော့ ဘယ်လိုရန်သူမှ နှောင့်ယှက် ဖျက်ဆီး သိမ်းယူလို့ ရရိုးထုံးစံမရှိပါဘူး။

**နေ့အခါမြှောက်၊ ညမှာခြောက်** –

လောကီရတနာ ပိုင်ဆိုင်သူတွေဟာ ဧည့်ခံပွဲ၊ အလှူ၊ မင်္ဂလာဆောင်၊ ပွဲလမ်းသဘင်စတဲ့ ကိစ္စရပ်တွေမှာ ရတနာပစ္စည်းတွေကို ဆင်ယင်တတ်ကြပါတယ်။ ရတနာပစ္စည်းတွေရှိကြောင်းကို လူဘုံအလယ်ထုတ်ပြရလို့ မြှောက်ကြွကြွ ဖြစ်တတ်ကြပါတယ်။ ကိုယ့်နေရာပြန်ရောက်လို့ ညအချိန်ရောက်ရင်တော့ နေ့လည်က ဆင်ယင်သွားတဲ့ ရတနာပစ္စည်းတွေကို မြင်လိုက်ကြလို့ သူခိုးများရောက်လာမလား၊ ဓားပြများ လာတိုက်မလားနှင့် အခြောက်အလှန့် ခံကြရပါတယ်။

လောကုတ္တရာရတနာ ပိုင်ဆိုင်သူတွေကတော့ ဒီဒုက္ခတွေ ကင်းဝေးကြပါတယ်။ နေ့မှာဖြစ်စေ ညမှာဖြစ်စေ ဘယ်နေရာကို

ရောက်ရောက် အခြောက်မရှိ အပြောက်မရှိ ပကာတိ အေးချမ်းစွာ နေထိုင်နိုင်ကြပါတယ်။

**စွဲလမ်းပြိတ္တာ၊ လူနတ်ရွာ –**

စိန် ရွှေစတဲ့ လောကီရတနာ ပစ္စည်းတွေကို စွဲလမ်းပြီး ဘဝကူးခဲ့မယ်ဆိုရင် ပြိတ္တာ၊ ဥစ္စာစောင့်ဖြစ်ဖို့ သေချာသလောက်ပါပဲ။ ဒီလိုအခြေရောက်သွားကြတဲ့ ဖြစ်ရပ်တွေကို ကိုယ်တိုင်ကြုံဖူး ကြားဖူးသူတွေ အများကြီးပါ။ လောကုတ္တရာရတနာကတော့ ဒီလို မဟုတ်ပါဘူး။ ကွယ်လွန်ခါနီးမှာ သတိမရမှာစိုးလို့ သတိပေး၊ ရွတ်ဖတ်ပေး၊ ဟောပြောပေးကြရပါတယ်။ လောကုတ္တရာရတနာကို သတိတရနှင့် ဘဝကူးခဲ့ရင် သုဂတိလို့ခေါ်တဲ့ လူ့ဘုံ နတ်လောကကို ရောက်ဖို့ သေချာပါတယ်။ ဒီလိုရောက်သွားကြတဲ့ အထောက်အထားတွေ ကျမ်းဂန်မှာ အများအပြား တွေ့နိုင်ပါတယ်။

**သူတော်ကောင်းခွါ၊ သူယုတ်ရှာ –**

လောကုတ္တရာရတနာဆိုတာ စိတ်ထားမြင့်မြတ်သူတွေ၊ အရိယာပုဂ္ဂိုလ်မြတ်တွေ ရှာဖွေသိမ်းဆည်းတဲ့ပစ္စည်းပါ။ ပါရမီဓါတ်ခံညံ့ဖျင်း အသိဉာဏ်ကင်းသူတွေရဲ့ စွန့်ပစ်ပစ္စည်းပါ။ လောကီရတနာကတော့ ပါရမီဓါတ်ခံညံ့ဖျင်း အသိဉာဏ်ကင်းသူတွေ မရမနေ ရှာဖွေစုဆောင်းတဲ့ ပစ္စည်းပါ။ စိတ်ထားမြင့်မြတ်သူတွေ၊ အရိယာ ပုဂ္ဂိုလ်မြတ်တွေရဲ့ စွန့်ပစ်ပစ္စည်းပါ။ ။

## သာသနာ ဆိုတာ ဘာလဲ ?

ဘာသာရေးနှင့် စိမ်းသူများအဖို့ "သာသနာ"လို့ ပြောလိုက်ရင် ရဟန်းသံဃာတွေကို ပြောတာလိုလို၊ ဘုရား စေတီပုထိုးကို ပြောတာလိုလို၊ ကျောင်း ကန် ဇရပ် သိမ်စတဲ့ အဆောက်အအုံကို ပြောတာလိုလို ယောင်ဝါးဝါး ဖြစ်သွားတတ်ကြပါတယ်။

"သာသနာ" ဆိုတာ ပါဠိစကားပါ။ အဆုံးအမလို့ အဓိပ္ပါယ် ရပါတယ်။ သတ္တဝါတွေကို လေးဆယ့်ငါးဝါ ကာလတိုင်အောင် ဟောပြောဆုံးမတော်မူခဲ့တဲ့ ဘုရားရှင်ရဲ့အဆုံးအမကို "သာသနာ"လို့ ခေါ်တာ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့အဆုံးအမကို လေ့လာကြည့်ရင် အုပ်စုသုံးမျိုးရှိကြောင်း တွေ့နိုင်ပါတယ်။

(က) နားလည်တတ်ကျွမ်းအောင် သင်ကြားရတဲ့ အဆုံးအမ၊

(ခ) ကျင့်ကြံအားထုတ်ရတဲ့ အဆုံးအမ၊

(ဂ) ထိုးထွင်းသိရတဲ့ အဆုံးအမ တို့ပါပဲ။ ဒါကိုပဲ ကျမ်းဂန်တွေမှာ "**ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ**" လို့ ညွှန်းဆိုဖော်ပြကြတာ ဖြစ်ပါတယ်။

နားလည်တတ်ကျွမ်းအောင် သင်ကြားရတဲ့ အဆုံးအမက ဘာတွေလဲဆိုရင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ ဖြစ်ပါတယ်။ ကျင့်ကြံ

အားထုတ်ရတဲ့ အဆုံးအမက စာရိတ္တ–ဝါရိတ္တသီလ၊ သမာဓိ၊ ဝိပဿနာပညာဖြစ်ပြီး၊ ထိုးထွင်းသိရတဲ့ အဆုံးအမက မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ဖြစ်ပါတယ်။ ဒါကြောင့် သာသနာဆိုတာ "အဆုံးအမ" လို့ အကျဉ်းချုပ် နားလည်ထားသင့်သလို အဆုံးအမက ဘာတွေလဲ။ ဘာတွေပါဝင်သလဲဆိုရင် ဝိနည်း သုတ္တန် အဘိဓမ္မာ၊ စာရိတ္တ–ဝါရိတ္တသီလ သမာဓိ ဝိပဿနာပညာနှင့် မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်လို့ သိထားသင့်ပါတယ်။

**ဒါနှင့်ပတ်သက်လို့ သာသနာ၊ သာသနာအလုပ်၊ သာသနာ့ဝန်ထမ်း၊ သာသနာ့ပရိဘောဂ၊ သာသနိက အဆောက်အအုံ၊ သာသနာကိုထောက်ပံ့သူ စတဲ့အရာတွေကို ခွဲခွဲခြားခြား သိမြင်ထားသင့်ပါတယ်။** ဒါမှသာ ဘာသာရေးနှင့် ဆက်စပ်ပြီး မိမိလုပ်နေတဲ့ အလုပ်၊ သူတပါးလုပ်နေတဲ့အလုပ်ဟာ ဘာလဲဆိုတာကို ခွဲခြားသိနိုင်ပါလိမ့်မယ်။

သာသနာဆိုတာ ဘုရားအဆုံးအမဖြစ်ကြောင်း နားလည်ပြီမို့ အထူးပြောစရာ မလိုတော့ပါဘူး။ သာသနာ အလုပ်ဆိုတာ ဘုရားရှင်ရဲ့အဆုံးအမအတိုင်း လိုက်နာဆောင်ရွက်တဲ့ အလုပ်ပါပဲ။ ဝိနည်း သုတ် အဘိဓမ္မာကို နားလည်တတ်ကျွမ်းအောင် သင်ကြား ပို့ချ ဟောပြော ရေးသားမှု၊ သီလစောင့်ထိန်းလိုက်နာမှု၊ သမာဓိထူထောင်မှု၊ ပညာပွားများမှု၊ မဂ်ဖိုလ်တရားများကိုသိမြင်မှု၊ သိမြင်အောင် ကြိုးစားအားထုတ်မှုတို့ကို ခေါ်တာဖြစ်ပါတယ်။

သာသနာ့ဝန်ထမ်းဆိုတာ သာသနာအလုပ်ကို အဓိကတာဝန်တစ်ခုအဖြစ် သတ်မှတ်ပြီး ကျေပွန်အောင် ထမ်းဆောင်သူများကို ခေါ်တာဖြစ်ပါတယ်။ အထူးသဖြင့် ရှင်ရဟန်းများသာ ထမ်းဆောင်

နိုင်ကြတာမို့ ရှင်ရဟန်းများကို သာသနာ့ဝန်ထမ်းလို့ ခေါ်ပါတယ်။

သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြတဲ့ ရှင်ရဟန်းများအတွက် ဘုရားရှင် ခွင့်ပြုတော်မူခဲ့တဲ့ သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်စတဲ့ အသုံးအဆောင်ပစ္စည်းများကို သာသနာ့ပရိဘောဂလို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် သာသနာ့အသုံးအဆောင်လို့ ခေါ်ပါတယ်။ စေတီ၊ ပုထိုး၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ သိမ်စတဲ့ အဆောက်အအုံ မှန်သမျှကိုတော့ သာသနိကအဆောက်အအုံလို့ ခေါ်ပါတယ်။

သာသနာ့တာဝန်ကို ထမ်းဆောင်နေသူတွေ ချမ်းသာစွာ ထမ်းဆောင်နိုင်ဖို့ ဆွမ်း သင်္ကန်း ကျောင်း ဆေးစတဲ့ ပစ္စည်းများကို လှူဒါန်းသူများ၊ လိုအပ်ရာရာ ကူညီပံ့ပိုးပေးသူများကို သာသနာကို ထောက်ပံ့သူ၊ သာသနာ့ ဒါယကာလို့ ခေါ်ပါတယ်။

သာသနာ၊ သာသနာနှင့် ဆက်စပ်တဲ့အရာတွေကို ဒီလို ခွဲခွဲခြားခြား နားလည်ထားမှသာ ဘာသာရေးနှင့်စပ်ပြီး မိမိလုပ်တဲ့အလုပ် သူတစ်ပါးလုပ်တဲ့အလုပ်ဟာ ဘာလဲ၊ ဘယ်လိုအမျိုးအစားထဲပါသလဲ ဆိုတာကို ခွဲခြားသိမြင်နိုင်မှာ ဖြစ်ပါတယ်။ ။

## ကွယ်လွန်ပြီးနောက်
## အလောင်းကို သရဏဂုံတင်တဲ့ ရည်ရွယ်ချက်က ဘာလဲ ?

တစ်စုံတစ်ယောက် ကွယ်လွန်ပြီးနောက် အလောင်းကို သရဏဂုံ တင်မှုဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးစံတစ်ခု ဖြစ်နေပါပြီ။ ဘယ်လောက်ပဲဆင်းရဲနွမ်းပါးပါစေ ကျန်ရစ်သူမိသားစုတွေက သရဏဂုံတင်ဖြစ်အောင် ကြိုးစားတတ်ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အလောင်းကို သရဏဂုံတင်ခွင့် မရလိုက်တဲ့ အခါမျိုးမှာ အင်မတန် ဝမ်းနည်းပက်လက် ဖြစ်တတ်ကြပါတယ်။

တစ်ကယ်တော့ တစ်ဦးတစ်ယောက် ကွယ်လွန်တဲ့အခါ အသက်ရှင်စဉ်က သရဏဂုံယူထားခဲ့ရင်လည်း ပျက်ပြယ်သွားပါပြီ။ အလောင်းကောင်က ဘာမှမသိနိုင် မဆိုနိုင်တဲ့အတွက် သရဏဂုံတင်ပေးပေမဲ့ သရဏဂုံ မရနိုင်တော့ပါဘူး။ ဒါပေမဲ့ ကွယ်လွန်သူဟာ ပြိတ္တာအုပ်စုမှာပါဝင်တဲ့ တစ္ဆေ၊ သရဲ၊ မင်စာ၊ နတ်စိမ်းစတဲ့ ဘဝမျိုးကို ရောက်နေခဲ့ရင် သရဏဂုံခံယူနိုင် ဆောက်တည်နိုင်ပါတယ်။ ဒါကြောင့်–

- တကယ်လို့များ ဒီလိုဘဝမျိုးကိုရောက်နေခဲ့ရင် သရဏဂုံ ဆောက်တည်နိုင်ပါစေ၊ သရဏဂုံနှင့်စပ်တဲ့

အကျိုးတွေကို ခံစားနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်။

- အနီးအနားမှာရှိတဲ့ အခြားတစ္ဆေ၊ သရဲစတဲ့ သရဏဂုံ ယူနိုင်သူတွေလည်း သရဏဂုံခံယူဆောက်တည်ပြီး သရဏဂုံနှင့်စပ်တဲ့ အကျိုးတွေကို ရရှိခံစားနိုင်ကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်။
- လက်ရှိဘဝ ကျန်ရစ်သူ မိသားစု ဆွေမျိုး၊ မိတ်ဆွေအ ပေါင်းအသင်းများလည်း သရဏဂုံဆောက်တည်ပြီး သရဏဂုံနှင့်စပ်တဲ့ အကျိုးထူးတွေကို ရရှိနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်။

ဒီလို မွန်မြတ်သန့်စင်တဲ့ ရည်ရွယ်ချက်တွေနှင့် အလောင်းကို သရဏဂုံတင်ကြခြင်း ဖြစ်ပါတယ်။ ။

## သီလခံယူတိုင်းမှာ သရဏဂုံ ထပ်ယူဖို့ လိုပါသလား ?

လောကီသရဏဂုံဟာ ပျက်နိုင်၊ ညစ်နွမ်းနိုင်တဲ့သဘော ရှိပါတယ်။ ပုထုဇဉ်တွေ ဆောက်တည်တဲ့ သရဏဂုံဟာ လောကီ သရဏဂုံ ဖြစ်ပါတယ်။ ပျက်နိုင် ညစ်နွမ်းနိုင်တာကြောင့် စိတ်မချရတဲ့ အခြေနေပါ။

ဘုရားရှိခိုးတိုင်း၊ သီလခံယူတိုင်း၊ သရဏဂုံကိုပါ ခံယူ ခြင်းဟာ တကယ်လို့ ပျက်သွားရင်လည်း အသစ်ယူပြီးဖြစ်အောင်၊ ညှိုးနွမ်းနေရင်လည်း သန့်ရှင်းစင်ကြယ်သွားအောင်၊ မပျက် မညှိုး ပင်ကိုအတိုင်း ရှိနေခဲ့ရင်လည်း "မြဲရာသံပတ်" ဆိုတဲ့စကားအတိုင်း ပင်ကိုခိုင်မြဲနေတဲ့ သရဏဂုံကို ပိုပြီး ခိုင်မြဲအောင် လုပ်တဲ့သဘော ဖြစ်ပါတယ်။

နောက်တစ်ခုက - ဘယ်အရာမှာပဲဖြစ်စေ အလေ့အကျင့် များခြင်းဟာ အလုပ်လုပ်တဲ့အခါ ပိုပြီး လွယ်ကူ မြန်ဆန်မှု ရှိတတ် ပါတယ်။ တစ်ကြိမ်တစ်ခါ သရဏဂုံခံယူထားတာနှင့် ပျက်မသွား ညှိုးမသွားအောင် ထိန်းသိမ်းနိုင်တယ်ထားဦးတော့ - ဘာသာရေး၊ လူမှုရေး၊ စီးပွါးရေး၊ သားသမီးရေးစတဲ့ အရေးပေါင်းများစွာ ပတ်လည် ဝိုင်းနေတဲ့ လူ့လောကမှာ သရဏဂုံကို မေ့လျော့နေတတ်ပါတယ်။

ဒီတော့ ဘုရားဝတ်တက်တိုင်း၊ သီလခံယူတိုင်း၊ သရဏဂုံ ခံယူခြင်းဟာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တွေကို အာရုံပြုပြီးဖြစ်တာမို့ စိတ်ထဲမှာ အလေ့အကျင့်တစ်ခု အထုံ တစ်ခု ဖြစ်လာပါတယ်။ ဒီလို အထုံရနေမှုဟာ–သွားလာရင်း၊ ရောင်းဝယ်ရင်း၊ အလုပ်လုပ်ကိုင်ရင်း ဘုရား တရား သံဃာ့ ဂုဏ်တော် တွေကို အလွယ်တကူ အာရုံပြုနိုင်ဖို့ အထောက်အပံ့ ဖြစ်စေပါတယ်။ ဒါဟာ လောကအလယ်မှာ ဣန္ဒြေရရ သိက္ခာရှိရှိ နေထိုင်နိုင်တဲ့ အလေ့ အကျင့်ကောင်း ဖြစ်ပါတယ်။

တကယ်လို့ ကွယ်လွန်ခါနီးမှာ လောဘအာရုံ၊ ဒေါသအာရုံ စတဲ့ မကောင်းတဲ့အာရုံတွေနှင့် ကြုံတွေ့ရရင်လည်း ဒီအာရုံတွေကို အလွယ်တကူကျော်လွှားပြီး သရဏဂုံအာရုံနှင့် ဘဝကူးနိုင်ဖို့ အထောက်အပံ့ ဖြစ်စေပါတယ်။

ဒီလို မွန်မြတ်တဲ့ရည်ရွယ်ချက်တွေနှင့် ဘုရားရှိခိုးတိုင်း၊ သီလ ခံယူတိုင်း၊ သရဏဂုံကိုပါ ခံယူဆောက်တည်တဲ့ အလေ့အကျင့်ကို ရှေးရှေးကတည်းက ကျင့်သုံးခဲ့ကြတာ ဖြစ်ပါတယ်။ ။

## သရဏဂုံ ပုတီးစိပ်ခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ ?

အများအားဖြင့် လူသားတွေဟာ ပုထုဇဉ်တွေသာ ဖြစ်ကြတာကြောင့် ခံယူဆောက်တည်ထားတဲ့ သရဏဂုံလည်း လောကီသရဏဂုံသာ ဖြစ်ပါတယ်။ လောကီ သရဏဂုံဟာ ပျက်နိုင် ညစ်နွမ်းနိုင်ကြောင်း သိကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှိခိုးတိုင်း သီလခံယူတိုင်း သရဏဂုံကိုပါ ထပ်ယူတတ်ကြကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါတယ်။

ဒီတော့ ဘုရားရှိခိုးတယ် သီလခံယူတယ်ဆိုတာ တစ်နေ့ကို အလွန်ဆုံး မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်လောက်သာ လုပ်နိုင်ကြပါတယ်။ သရဏဂုံခံယူရင်လည်း တစ်ကြိမ်တစ်ခေါက်ခံယူတာနှင့် ပြီးသွားကြတာပါ။ သရဏဂုံ ပုတီးစိပ်တဲ့ အဆင့်ကျတော့ ပိုပြီး အရေအတွက် များလာပါတယ်။ ပိုပြီး အသေးစိတ် ဖြစ်လာပါတယ်။ ဥပမာဆိုပါစို့ – အဓိဋ္ဌာန်ထားပြီး တစ်နေ့ သရဏဂုံ ပုတီးတစ်ပတ်စိပ်သူဟာ ဂုဏ်တော်တွေကို တစ်ရာ့ရှစ်ခေါက် ပွားများပြီး ဖြစ်ပါတယ်။ သုံးပတ်၊ ငါးပတ်၊ မိမိသက်စေ့စသည်ဖြင့် ပုတီးစိပ်သူများအဖို့ ပိုပြီး အကြိမ်များလာ အရေအတွက်များလာပါတယ်။

ဒီနေရာမှာ အကြိမ်များလာ အရေအတွက်များလာတယ်

ဆိုတာ ပုတီးလုံးတွေ တစ်လုံးပြီးတစ်လုံး ကျသွားလို့ များလာတာကို ဆိုလိုတာ မဟုတ်ပါဘူး။ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တော်တွေမှာ အာရုံရောက်မှု စူးစိုက်မှု များလာတာကို ဆိုလိုတာပါ။ အချို့-ပုတီးလုံးတွေကို လက်ကတစ်လုံးချင်း စိပ်ချနေပေမဲ့ ပါးစပ်ကတော့ သားအကြောင်း၊ သမီးအကြောင်း၊ စီးပွားရေးအကြောင်း အားရပါးရ ပြောဆိုနေတာ မြင်ဖူးပါတယ်။ စိတ်က ဂုဏ်တော်မှာ အာရုံရောက်နေရင် ဝမ်းသာစရာပါ။ ဒီလိုမဟုတ်ရင်တော့ ပုတီးကို အားနာဖို့ကောင်းပါတယ်။

ပုတီးစိပ်မှုနှင့်ပတ်သက်လို့ လေ့လာမိသလောက် ကျမ်းဂန်တွေမှာ ပြဆိုထားတာ မတွေ့ရသေးပါဘူး။ ဒါပေမဲ့ ပျံ့လွင့်နေတဲ့ စိတ်ကို ထိန်းသိမ်းနိုင်တဲ့ နည်းတစ်ခုအဖြစ် ရှေးရှေးသူတော်ကောင်းကြီးများ ကျင့်သုံးတော်မူခဲ့ကြတာ တွေ့ရပါတယ်။ ပျံ့လွင့်နေတဲ့ စိတ်ကို အာရုံတစ်ခုတည်းမှာထားဖို့၊ တစ်နည်းပြောရရင် - စိတ်ငြိမ်အောင်လုပ်ရာမှာ အထောက်အကူပြုဖို့၊ မိမိလုပ်လိုတဲ့ လုပ်ငန်းအတိုင်းအတာကို အမှတ်အသားပြုဖို့ အသုံးပြုတာ ဖြစ်ပါတယ်။ ပုတီးပတ်ရေနည်းတာများတာ ပဓာန မဟုတ်ပါဘူး။ အာရုံစူးစိုက်နိုင်မှု အချိန်အတိုင်းအတာသာ ပဓာန ဖြစ်ပါတယ်။

ပုတီးစိပ်မှုနှင့်ပတ်သက်လို့ အဖြစ်အပျက်တစ်ခုကို ကြားဖူးပါသေးတယ်။

တစ်နေရာမှာ တောရဆောက်တည်ပြီး တရားအားထုတ်နေတဲ့ ဆရာတော်ကြီးတစ်ပါး ရှိပါတယ်။ အကျင့်သိက္ခာနှင့် ပြည့်စုံတာမို့ ပတ်ဝန်းကျင်ကလည်း အင်မတန် လေးစားကြည်ညိုကြတယ်။ အနီးအနားရွာက ဒကာဒကာမတွေ ဥပုသ်နေ့တွေမှာ ဆရာတော်ကြီး

သီတင်းသုံးတဲ့ တောရကျောင်းဆီလာပြီး ဥပုသ်စောင့်လေ့ ရှိကြတယ်။ ဒီလိုနှင့် တစ်နေ့မှာ – ဥပုသ်သည်တစ်စုဟာ တရားလုပ်ပုံ လုပ်နည်းအကြောင်းတွေ ဆွေးနွေးကြရင်း ပုတီးအကြောင်း ရောက်သွားတော့ တစ်ယောက်က တစ်နေ့ ဂုဏ်တော်ပုတီး တစ်ပတ် စိပ်ကြောင်း ပြောတယ်။ ဒီတော့ နောက်တစ်ယောက်က ကိုးနဝင်းကျေ ကိုးပတ် စိပ်ကြောင်း၊ နောက်တစ်ယောက်ကလည်း နေ့တိုင်း သက်စေ့ စိပ်ကြောင်း အချင်းချင်း ပြောနေကြတယ်။ ဒါကို ဆရာတော်ကြီး ကြားတော့ စင်္ကြံကြွသလိုလိုနှင့် သူတို့အနား ရောက်လာပြီး **"ဒကာတွေ တယ်ကြိုးစားကြတာပဲ။ အားရစရာ ကောင်းလိုက်တာ။ တစ်နေ့ကို ဂုဏ်တော်ပုတီး တစ်ပတ်စိပ်နိုင်သူနှင့်၊ ကိုးပတ်စိပ်နိုင်သူနှင့်၊ သက်စေ့ စိပ်နိုင်သူနှင့် အတော်ဝမ်းသာဖို့ကောင်းတယ်။ ဘုန်းကြီးတို့များ တစ်သက်လုံး ပုတီးစိပ်လာတာ ခုထိ ပုတီးသုံးလုံးပဲ ရသေးတယ်"**လို့ မိန့်တော်မူပြီး ကျောင်းပေါ် ပြန်ကြွသွားတယ်။ ဒီအခါမှာ ဥပုသ်သည်တွေလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်လိုပြန်လျှောက်ရမှန်းမသိ ဖြစ်သွားကြပါသတဲ့။

ဆရာတော်ကြီးရဲ့ မိန့်ဆိုချက်ဟာ အင်မတန်မှ ထိရောက်လှပါတယ်။ အရေအတွက်ကို အလေးမထားဖို့ အရည်အချင်းကိုသာ ရအောင်ယူဖို့ ရှင်းရှင်းလင်းလင်း ညွှန်ပြတော်မူတာ ဖြစ်ပါတယ်။

အချုပ်ပြောရရင် သရဏဂုံ ပုတီးစိပ်ခြင်းဟာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်၊ တစ်နည်းပြောရရင် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိဆိုတဲ့ အနုဿတိ သုံးမျိုးကို စိတ်ထဲမှာ အထုံရနေအောင်လုပ်တာ ဖြစ်ပါတယ်။ ဒီလို ဂုဏ်တော်အာရုံတွေနှင့် နေနိုင်သူကို ဘုရားနှင့်အတူနေသူ၊ တရားနှင့်အတူနေသူ၊ သံဃာနှင့်

အတူနေသူလို့ ခေါ်နိုင်ပါတယ်။ ဒီဂုဏ်တော်အာရုံတွေနှင့်နေလို့ ရရှိနိုင်တဲ့ လောကီလောကုတ္တရာ အကျိုးတရားတွေက ကြီးမားကျယ်ပြန့်လှပါတယ်။ ကျမ်းဂန်တွေမှာလည်း ဂုဏ်တော်အာရုံနှင့် နေနိုင်အောင် ကြိုးစားဖို့ အထူး ညွှန်ပြထားတာကို တွေ့နိုင်ပါတယ်။ ။

## ဗုဒ္ဓဝါဒဟာ လောကီကြီးပွားတိုးတက်ရေးကို အဟန့်အတား ဖြစ်စေပါသလား ?

ဒီနေရာမှာ လောကီကြီးပွားတိုးတက်ရေးကို (က) **လူမှုရေး၊ (ခ) စီးပွားရေး၊ (ဂ) အာဏာအရှိန်အဝါ**ဆိုတဲ့ အပိုင်းသုံးပိုင်းနှင့် လေ့လာကြည့်သင့်ပါတယ်။

ဒီထဲက (က) **လူမှုရေးပိုင်းမှာ** လူ့ဝတ်ကြောင်တွေအတွက် ဘုရားရှင် ညွှန်ကြားချက် အပိုင်းနှစ်ပိုင်း ရှိပါတယ်။ မဖြစ်မနေ လုပ်ရမယ့်အပိုင်းနှင့် လုံးဝ မပြုမလုပ် ရှောင်ကြဉ်ရမယ့်အပိုင်းတို့ ဖြစ်ပါတယ်။

မဖြစ်မနေပြုလုပ်ရမယ့်အပိုင်းမှာ – မိဘက သားသမီးအပေါ် မဖြစ်မနေပြုလုပ်ပေးရမယ့်ကျင့်ဝတ်တွေ၊ သားသမီးက မိဘအပေါ်၊ ဆရာက တပည့်အပေါ်၊ တပည့်က ဆရာအပေါ်၊ လင်သားက ဇနီးမယားအပေါ်၊ ဇနီးမယားက လင်သားအပေါ်၊ လူကြီးက လူငယ်အပေါ်၊ လူငယ်က လူကြီးအပေါ်၊ အုပ်ချုပ်သူလူတန်းစားက အုပ်ချုပ်ခံလူတန်းစားအပေါ်၊ အုပ်ချုပ်ခံလူတန်းစားက အုပ်ချုပ်သူလူတန်းစားအပေါ်၊ သူငယ်ချင်းမိတ်ဆွေအချင်းချင်း တစ်ဦး အပေါ်တစ်ဦး မဖြစ်

မနေ ပြုလုပ်ကျင့်သုံးရမယ့် ကျင့်ဝတ်တွေ ရှိပါတယ်။ ဒီကျင့်ဝတ်တွေကို အများနားလည်ပြီးဖြစ်လို့ အထူးပြောစရာမလိုဘူးထင်ပါတယ်။

လုံးဝ မပြုမလုပ် ရှောင်ကြဉ်ရမယ့်အပိုင်းမှာ – အနိမ့်ဆုံးအဆင့်ဟာ ငါးပါးသီလပါပဲ။ ငါးပါးသီလဟာ ကိုယ်ချင်းစာတရားကို အခြေခံထားတဲ့ ကျင့်ဝတ်တစ်ခု ဖြစ်ပါတယ်။ ကိုယ်ချင်းစာတတ်သူတွေ အသင့်အတင့် နှလုံးသွင်းတတ်သူတွေအဖို့ ငါးပါးသီလဟာ စောင့်ထိန်းဖို့ မခဲယဉ်းသလို၊ ဖေါက်ဖျက်ကျူးလွန်ဖို့လဲ အလွန်ဝန်လေးကြတဲ့ကိစ္စ ဖြစ်ပါတယ်။

ပါဏာတိပါတ–ဆိုကဲ့ သူတစ်ပါးအသက်သတ်တဲ့ကိစ္စကိုပဲ ကြည့်ကြပါစို့။ သတ္တဝါတွေဟာ သူတို့ကို ညှဉ်းပမ်းသတ်ဖြတ်လာရင် ဖြစ်တဲ့နည်းနှင့် ကာကွယ်တတ်ကြပါတယ်။ လွတ်အောင်ရင်လည်း ရှောင်ရှားတတ်ကြပါတယ်။ အကြောင်းကတော့ သူတို့ကို ညှဉ်းဆဲသတ်ဖြတ်တာကို ဘယ်လိုမှ မလိုလား မနှစ်သက်လို့ပါပဲ။ မိမိကို ညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်မှာကို မိမိလည်း မလိုလားပါဘူး။ ကြုံလာရင်လည်း တစ်နည်းနည်းနှင့် ကာကွယ်မှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် သတ်ဖြတ်မှုကို မိမိမလိုလား မနှစ်သက်သလို အခြားဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါမှ မလိုလား မနှစ်သက်ကြပါလားဆိုတဲ့အသိ၊ ကိုယ်ချင်းစာမှု၊ အသင့်အတင့် နှလုံးသွင်းမှုတွေနှင့် စောင့်ထိန်းလိုက်နာကြရတဲ့ ကိစ္စဖြစ်ပါတယ်။

နောက်တစ်ခါ မဟုတ်မမှန် လိမ်ညာပြောဆိုမှု၊ မတရား စွပ်စွဲပြောဆိုမှုတွေ (မုသာဝါဒ)။ မိမိပိုင် ပစ္စည်းဥစ္စာကို ခြိမ်းခြောက် လုယက်ခိုးဝှက် အနိုင်ကျင့်ယူမှုတွေ (အဒိန္နာဒါန)။ မိမိရဲ့ အမေ၊ အစ်မ၊ နှမ၊

ဇနီး၊ သမီး စသူတွေအပေါ် စော်ကားကျူးလွန်မှုတွေ (ကာမေသုမိစ္ဆာစာရ)ကို မိမိမလိုလား မနှစ်သက်သလို အခြားသူတွေလည်း သူတို့နှင့် ဆက်စပ်ပြီးဖြစ်လာရင် မလိုလား မနှစ်သက်ကြပါဘူး။

ပြီးတော့ ဘိန်း အရက်စတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု (သုရာမေရယ) ကိစ္စလည်း ရှိပါတယ်။ ဒီကိစ္စက ကိုယ်ချင်းစာတရားနှင့် တိုက်ရိုက် မပတ်သက်သလို ထင်ရပေမဲ့ သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှုစတဲ့ ကိစ္စတွေ ဖြစ်ပေါ်လာဖို့ အဓိကအကြောင်းတရားတစ်ခုဖြစ်ပါတယ်။ လွန်ကျူးဖြစ်အောင် တွန်းအားတစ်ခု ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီး ရမ်းကားမှုကို မိမိမလိုလား မနှစ်သက်သလို အခြားသူတွေလည်း မလိုလားကြပါဘူး။ ဒါကြောင့် ဒီကိစ္စတွေကိုလည်း ကိုယ်ချင်းစာမှု၊ အသင့်အတင့် နှလုံးသွင်းမှုတွေနှင့် စောင့်ထိန်းလိုက်နာကြရပါတယ်။ ဒါတွေဟာ လူမှုရေးကျင့်ဝတ်တွေမှာ အနိမ့်ဆုံးအဆင့် ကျင့်ဝတ်တွေသာ ဖြစ်ပါတယ်။

ဒီအနိမ့်ဆုံးဆိုတဲ့ကျင့်ဝတ်တွေကို လေ့လာကြည့်ရင် လူမှုရေးနယ်ပယ်မှာ ဝင်မဆံ့တဲ့အချက်၊ အံဝင်ခွင်ကျ မဖြစ်တဲ့အချက် ရှိ၊ မရှိ မိမိတို့ကိုယ်တိုင် သုံးသပ်လို့ရပါတယ်။ တကယ်တော့ ဒီကျင့်ဝတ်တွေဟာ ဘယ်ဘာသာ ဘယ်လူမျိုး ဘယ်ဒေသ ဘယ်နေရာမှာမဆို အများလက်ခံတဲ့ ကျင့်ဝတ်တွေ၊ ချစ်စရာ မြတ်နိုးစရာ ကျင့်ဝတ်တွေ ဖြစ်ပါတယ်။ ဒီကျင့်ဝတ်တွေကို မလိုက်နာလို့သာ လူမှုရေးနယ်ပယ်မှာ အံဝင်ခွင်ကျ မဖြစ်တာတွေ၊ ဆက်ဆံရေး မပြေလည်တာတွေ ဖြစ်ကြရတာပါ။

**(ခ) စီးပွားရေးနယ်ပယ်နှင့်လေ့လာကြည့်ခြင်း** – ဘုရားလက်ထက်တော်က အထူးထင်ရှားပြီး ယခုတိုင် လူသိများတဲ့ အနာ

ထပိဏ်သေဋ္ဌေးကို လေ့လာကြည့်ကြပါစို့။ အနာထပိဏ်သေဋ္ဌေးလို့ ပြောလိုက်ရင် ဗုဒ္ဓဘာသာဝင်တွေ မကြားဖူးသူ ရှားလှပါတယ်။ ဘုရား ဟောတရားတော်ကို နာယူအပြီး သောတာပန်ဖြစ်ခဲ့သူပါ။ တရားနည်း လမ်းအတိုင်း လိုက်နာကျင့်သုံးမယ်ဆိုတာ သံသယဖြစ်စရာ မရှိ ပါဘူး။ သောတာပန်ဖြစ်သွားလို့ တရားတော်အတိုင်း လိုက်နာကျင့် သုံးလို့ သူ့စီးပွားရေး ဆုတ်ယုတ်သွားကြောင်း အထောက်အထား မတွေ့ရပါဘူး။ သူ့ခေတ်သူ့အခါက အိန္ဒိယအလယ်ပိုင်းတခွင် မြို့ကြီး အတော်များများမှာ သူ့ကိုယ်စားလှယ်၊ သူ့ကုန်လှောင်ရုံ၊ သူ့ပွဲရုံ မရှိ တဲ့မြို့ မရှိသလောက်အောင် စီးပွားရေးကောင်းကြောင်း တွေ့ရ ပါတယ်။

နောက်ပြီး ရာဇဂြိုဟ်မြို့မှာ ထင်ရှားတဲ့ သေဋ္ဌေးကြီးတွေ ရှိကြပါတယ်။ ဇောတိက၊ ဇဋိလ၊ မေဏ္ဍကစတဲ့ သေဋ္ဌေးကြီးတွေပါ။ ဘုရား တရား သံဃာကို အလွန်လေးစားပြီး တရားတော်အတိုင်း လိုက်နာကျင့်ကြံသူတွေ ဖြစ်ကြပါတယ်။ နောက်ပိုင်းမှာ တရားထူး ရသွားကြသူတွေပါ။ သူတို့လည်း ဘာသာရေးကြောင့် စည်းစိမ်ဥစ္စာ လျော့ကျသွားတယ်လို့ မတွေ့ရပါဘူး။ သူတို့သမိုင်းကြောင်းကို လေ့လာကြည့်ရင် ဘာသာရေးကို အကြောင်းပြုပြီး ဒီလောက်ကြီး ကျယ်တဲ့ စည်းစိမ်ဥစ္စာကို ရရှိလာကြောင်းကိုသာ တွေ့ရပါလိမ့်မယ်။

ဘာသာရေး နည်းမှန်လမ်းမှန်နှင့် ရရှိလာတဲ့ ပစ္စည်းဥစ္စာကို **ဓမ္မိယလဒ္ဓ = တရားသဖြင့်ရရှိလာတဲ့ပစ္စည်းဥစ္စာ** လို့ ခေါ်ပါတယ်။ ဒီလိုပစ္စည်းဥစ္စာမျိုးဟာ ရန်သူမျိုးငါးပါး ဖျက်ဆီးမှု ကင်းရှင်းတတ် ပါတယ်။ ဖျက်ဆီးမယ့် ရန်သူလည်း နည်းပါးတတ်ပါတယ်။ ဒီလို ပစ္စည်းဥစ္စာနှင့်ပတ်သက်လို့ စောင့်ရှောက်ရ ထိန်းသိမ်းရ လွယ်ကူပြီး

စိုးရိမ်သောကလည်း နည်းရတတ်ပါတယ်။ ဓမ္မဆိုတဲ့ အရာဟာ မဖောက်မပြန် မှန်ကန်တိကျတဲ့ လက္ခဏာ ရှိပါတယ်။ စောင့်ရှောက်တတ်တဲ့သဘော ရှိပါတယ်။ သူ့ကိုစောင့်ရှောက်ရင် သူကပြန်ပြီး စောင့်ရှောက်တတ်ပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ ဘာသာရေးဟာ စီးပွားရေးကို ဘယ်လိုနည်းနှင့်မှ အဟန့်အတား မပြုပါဘူး။ စီးပွားဥစ္စာ တည်တံ့တိုးပွားဖို့ ကြီးမားတဲ့ အထောက်အပံ့ကိုသာ ပေးတတ်ကြောင်း သတိပြုသင့်ပါတယ်။

**(ဂ) အာဏာအရှိန်အဝါနှင့်လေ့လာကြည့်ရင်** – ဗုဒ္ဓဘာသာဝင်တွေ မကြားဖူးသူ မရှိသလောက်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကို လေ့လာကြည့်နိုင်ပါတယ်။ ဗိမ္ဗိသာရမင်းဆိုတာ မဂဓနိုင်ငံတော်ရဲ့ သက်ဦးဆံပိုင် ဘုရင်တစ်ဆူပါ။ နေပြည်တော်က အလွန်စည်ကားတိုးတက်တဲ့ ရာဇဂြိုဟ်ပါ။ ဘုရားရှင် အလောင်းတော်ဘဝ တောထွက်လာစဉ် ပဏ္ဍဝတောင်ခြေမှာ ဆုံခဲ့ကတည်းက ဗိမ္ဗိသာရမင်းဟာ အလောင်းတော်ကို ကြည်ညိုလေးစားခဲ့ပါတယ်။ ဘယ်လောက်ထိ လေးစားသလဲဆိုရင် သူ့မဂဓနိုင်ငံတော်ကို တစ်ဝက်ခွဲယူပြီး ထီးနန်းအုပ်ချုပ် မင်းလုပ်နေဖို့ ဖိတ်မန်ခဲ့တဲ့ အထိပါပဲ။ အလောင်းတော် လက်မခံတော့မှ ဘုရားဖြစ်တဲ့အခါ သူ့နိုင်ငံတော်ကို ပဋ္ဌမဆုံး ကြွတော်မူလာဖို့ ဖိတ်ကြားခဲ့ပါတယ်။ အလောင်းတော် ဘုရားဖြစ်တော်မူပြီး မကြာမီမှာပဲ ကတိပေးခဲ့တဲ့အတိုင်း ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူခဲ့ပါတယ်။ ရှင်တော်ဘုရားဟောတဲ့ တရားတော်ကို နာကြားရလို့ ဘုရင်ကြီး သောတာပန် ဖြစ်ခဲ့ပါတယ်။ ဘုရား တရား သံဃာနှင့် ပတ်သက်လာရင် အသက်ကိုစွန့်လောက်အောင် ယုံကြည်မှု ခိုင်မြဲပြီး

ဘုရား အဆုံးအမတော်တွေကို မြတ်မြတ်နိုးနိုးလိုက်နာတဲ့ မဂဓနိုင်ငံတော်ရဲ့ အရှင်သခင်ပါ။

ဘုရင်ကြီး သောတာပန်ဖြစ်သွားလို့ တရားတော်တွေအတိုင်း လိုက်နာနေလို့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးစတဲ့ ကိစ္စတွေမှာ လစ်ဟင်းသွားတယ်၊ ဆုတ်ယုတ်သွားတယ်၊ အံဝင်ခွင်ကျမဖြစ်ဘူးလို့ မတွေ့ရသလို ဘုရင့်အရှိန်အဝါ ဩဇာအာဏာ ကျဆင်းသွားတဲ့ အထောက်အထားလည်း မတွေ့ရပါဘူး။ တကယ်တော့ဘုရား အဆုံးအမကြောင့် မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ကြီးကို တိုင်းသူပြည်သားတွေ တိုးလို့သာ ချစ်ခင်လေးစားကြပါတယ်။ အားကိုးယုံကြည်ကြပါတယ်။ ဒါကြောင့် ဘုရင့်အာဏာ ပိုပြီး ကြီးမား ကျယ်ပြန့်ခဲ့တာ တွေ့ရပါတယ်။

နောက်တစ်ခုက – သာသနာ့တစ်ခေတ်ကို ဆန်းသစ်ထွန်းပြောင်စေခဲ့တဲ့ ဘုရင်ကြီး၊ သာသနာ့သမိုင်းမှာ သာသနာတော်ကို အကြီးကျယ်ဆုံး အားပေးထောက်ပံ့ခဲ့တဲ့ ဘုရင်ကြီး၊ ရှင်တော်ဘုရားဟောကြားတော်မူတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပူဇော်တဲ့အနေဖြင့် ရေတွင်း ရေကန် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်စီ ပြုလုပ်လှူဒါန်းပြီး အိန္ဒိယတိုက်အပြင်ဘက်သို့ သာသနာတော်ကို တိုးချဲ့ခဲ့တဲ့ ဘုရင်ကြီး သိရိဓမ္မာသောကကို လေ့လာကြည့်နိုင်ပါတယ်။

ဘုရင်ကြီးဟာ ဘီစီ သုံးရာစုမှာ အိန္ဒိယနိုင်ငံ ပါဋ္ဋလိပုတ်နေပြည်တော်ကို ဗဟိုပြုပြီး အိန္ဒိယတိုက် တစ်ခုလုံးကို အာဏာစက်ဖြန့်ကြက်ခဲ့တဲ့ သက်ဦးဆံပိုင် ဘုရင်တစ်ဆူ ဖြစ်ပါတယ်။ သားတော်သမီးတော်တွေကို သာသနာတော်အတွင်း ကြည်ကြည်ဖြူဖြူ

သွတ်သွင်းပြီး သာသနာပြုပုဂ္ဂိုလ်ကျော်များဖြစ်အောင် ဖန်တီးခဲ့သူပါ။ သာသနာတော်အပေါ် ဒီလောက် ယုံကြည်ကိုးစားမှုကြောင့် ဘုရင့်အရိုန်အဝါ ဩဇာအာဏာ နိမ့်ကျမှေးမှိန်သွားတဲ့ အထောက်အထား မတွေ့ရပါဘူး။

နောက်ပြီး – ပဌမမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သူလို့ သမိုင်းသုတေသီများ သတ်မှတ်ကြတဲ့ အနော်ရထာမင်းကို လေ့လာကြည့်နိုင်ပါတယ်။

အနော်ရထာမင်းဟာ ခရစ်နှစ် ၁၀၄၄၊ မြန်မာသက္ကရာဇ် ၄၀၆ ခုနှစ်မှာ ဘုရင်ဧကရာဇ်အဖြစ် ခံယူခဲ့ပါတယ်။ နန်းမတက်မီ နှစ်ပေါင်း (၅၀၀)ခန့်အထိ အထက်မြန်မာနိုင်ငံမှာ အရည်းကြီးများကိုသာ ကိုးကွယ်ကြရကြောင်း သမိုင်းမှာ တွေ့နိုင်ပါတယ်။ အနော်ရထာဘုရင် နန်းတက်ပြီး မကြာမီ သထုံမှကြွလာတော်မူတဲ့ အရှင်အရဟံနှင့် တွေ့ခဲ့ပါတယ်။ ဒီအချိန်ကစပြီး သူကိုယ်တိုင် ထေရဝါဒသာသနာကို ယုံကြည်လက်ခံခဲ့ပါတယ်။ နိုင်ငံတော်ဘာသာရေးကိုလည်း ထေရဝါဒ စစ်စစ်ဖြစ်အောင် ပြောင်းလဲစေခဲ့ပါတယ်။ ထေရဝါဒလည်းမဟုတ် မဟာယာနလည်းမမည် ဖြစ်နေတဲ့ အရည်းကြီးဝါဒကို အကြီးအကျယ် နှိပ်ကွပ်တဲ့အပြင် နတ်ကိုးကွယ်မှုကိုလည်း များစွာ ပြုပြင် ပြောင်းလဲစေခဲ့ပါတယ်။

တကယ်တော့ ဘုရင်အနော်ရထာဟာ မြန်မာနိုင်ငံတော်ကို စည်းရုံးတည်ထောင်ပြီး အာဏာစက်ဖြန့်ခဲ့ရုံသာ မဟုတ်ဘဲ ထေရဝါဒ သာသနာတော်ကိုလည်း ချဲ့ဖြန့်ခဲ့တဲ့ မင်းတစ်ပါး ဖြစ်ပါတယ်။ ဘာသာရေး အဆုံးအမတွေကြောင့် ပုဂံဟာ ပိုပြီး စည်ကားတိုးတက်ခဲ့ပါတယ်။

ဒီအကြောင်းနှင့် ပတ်သက်လို့ မြန်မာနိုင်ငံတော် သမိုင်းမှာ "ဗုဒ္ဓသာသနာတော်သည် ပုဂံခေတ် မြန်မာနိုင်ငံသားတို့ကို စည်းရုံးပေးခဲ့၏။ တိုးတက်စေခဲ့၏။ ယဉ်ကျေးမှုကို မြှင့်တင်ပေးခဲ့၏။ ဤအကျိုးတရားများ ထွန်းကားလာမည့်အရေးကို ထောက်ထားလျက် အနော်ရထာမင်းကြီးသည် သာသနာတော်ကို ထိရောက်စွာ ချီးမြှင့် ပြုစုတော်မူခဲ့သည်" လို့ ဖော်ပြခဲ့တဲ့အပြင် –

"ဗုဒ္ဓသာသနာတော်၏ ကျေးဇူးကြောင့်ပင်လျှင် မြန်မာစာပေအရေးအသားသည် ပိုမို များပြား ပြန့်ပွား တိုးတက်လာ၏၊ စာပေဘက်မှာ တိုးတက်သည်နှင့်အမျှ လူမျိုးအဆင့်အတန်းလည်း တိုးတက်လာ၏" လို့ ဗိုလ်မှူးဘရှင်က သုံးသပ် တင်ပြထားပါတယ်။ ဗုဒ္ဓဘာသာဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအပေါ် ဘက်ပေါင်းစုံက ဘယ်လောက်ကျေးဇူးပြုခဲ့တယ်၊ တိုင်းသူပြည်သားတွေ ဘုရင်ကြီးအပေါ် ဘယ်လောက်ကျေးဇူးတင်ကြမယ်၊ ဘယ်လောက်ယုံကြည်ကိုးစားကြမယ်ဆိုတာ ဒီစကားတွေက မီးမောင်းထိုးပြနေပါတယ်။

ဒါတင်မကပါဘူး။ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ကြတဲ့ အခြားဘုရင်တွေနှင့် မွန် ရခိုင်စတဲ့ ဒေသတွေမှာ ထီးနန်းအုပ်ချုပ်ခဲ့ကြတဲ့ဘုရင်အများစုဟာ ဗုဒ္ဓဘာသာကို အလေးအနက်ထား ကိုးကွယ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီဘုရင်တွေဟာ ဗုဒ္ဓဘာသာကို ယုံကြည်လက်ခံလို့ ဗုဒ္ဓတရားတော်များကို လိုက်နာကျင့်သုံးလို့ အာဏာအရှိန်အဝါ လျော့ကျသွားတဲ့ အထောက်အထား မတွေ့ရပါဘူး။

အချုပ်အနေနှင့်ပြောရရင် – ဗုဒ္ဓဝါဒဟာ လူမှုရေး၊ စီးပွားရေး၊ အာဏာအရှိန်အဝါဆိုတဲ့ လောကီကြီးပွားရေးကို အဟန့်အတားပြုစရာ အကြောင်းမရှိဘူး ဆိုတာပါပဲ။ အဟန့်အတားပြုခဲ့တဲ့ အထောက်

အထားလည်း မတွေ့ရပါဘူး။ တကယ်တော့ ဗုဒ္ဓဝါဒကြောင့် အများ ယုံကြည်ကိုးစားမှု၊ အားထားမှုကို ခံယူရပြီး ပိုမိုတိုးတက် ကြီးပွားတာကိုသာ တွေ့ရပါတယ်။ ဒါကလည်း ဘာသာရေး တရားကော်အတိုင်း လိုက်နာပြုလုပ်တဲ့ အနေအထားကို ဆိုလိုတာ ဖြစ်ပါတယ်။ ဘာသာရေးကို အရောင်ပြပြီး အခြားနည်းတွေနှင့် ရောနှောလို့ နိမ့်ကျ၊ ဆုတ်ယုတ်၊ အဟန့်အတားဖြစ်တာတွေ ရှိကောင်းရှိပါလိမ့်မယ်။ ။

## ဗုဒ္ဓဝါဒက နတ်နှင့် နတ်ကိုးကွယ်မှုကို လက်ခံပါသလား ?

ဗုဒ္ဓဝါဒက နတ်တွေ ဗြဟ္မာတွေ ရှိတာကို လက်ခံပါတယ်။ သူတို့ရှိကြောင်း ပြဆိုချက်တွေလည်း အများအပြားရှိပါတယ်။ အထင်ရှားဆုံး သာဓကတွေကိုပြောရရင် –

ဘုရားအလောင်းတော် တောထွက်ပြီး အနော်မာမြစ်ကမ်း ဆံတော်ပယ်ချိန်မှာ သင်္ကန်းသပိတ်ပရိက္ခရာ လာလှူတဲ့ ဃဋိကာရ ဗြဟ္မာ၊ ဘုရားဖြစ်တော်မူပြီးနောက် တရားတော်နက်နဲမှုကြောင့် ဟာရား မဟောတော့ဘူးလို့ အကြံဖြစ်တဲ့အခါ တရားဟောတော်မူပါရန် လာရောက်လျှောက်ထားတဲ့ သဟမ္ပတိဗြဟ္မာ၊ ရုပ်နာမ်တရားတွေဟာ နိစ္စ = မြဲပါတယ်လို့ စွဲကိုင်ပြီး ဘုရားရှင်နှင့် တန်ခိုးပြိုင်တဲ့ ဗကဗြဟ္မာ စတဲ့ဗြဟ္မာတွေကို တွေ့နိုင်ပါတယ်။ အခြားအခြား ဗြဟ္မာတွေနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေလည်း အများအပြားပါပဲ။

နတ်တွေရှိကြောင်း ကြည့်မယ်ဆိုရင် –

ဘုရားရှင် တာဝတိံသာမှာ သတ္တမဝါကပ်တော်မူပြီး အဘိဓမ္မာတရား ဟောကြားတော်မူတဲ့ မယ်တော်ဟောင်း နတ်သား၊ အလောင်းတော် တောထွက်တော်မူစဉ်က တောမထွက်ဖို့တားတဲ့ မာရ်နတ်၊ ဘုရားဆီ မကြာမကြာလာပြီး ပြဿနာမေးတတ်တဲ့ သိကြားမင်း၊ ပဉ္စသိခနတ်သား၊ မာတလိနတ်သား၊ ဝိသကြုံနတ်သား စတဲ့နတ်တွေဟာ သာသနာနှင့်ဆက်စပ်ပြီး အများသိကြတဲ့ နတ်တွေ

ဖြစ်ပါတယ်။ ဒါတွေက လူတွေနှင့် အနေဝေးတဲ့ နတ်တွေပါ။ လူတွေအနီးအနားမှာ နေထိုင်ကြတဲ့ နတ်တွေလည်း ရှိပါတယ်။

ဥပမာ – အာဠဝီမြို့အနီးက သစ်ပင်ကြီးမှာနေတဲ့ အာဠဝက နတ်ဘီလူး။ ရဟန်းတော်တွေရဲ့ သီလအရှိန်အဝါကြောင့် သစ်ပင်ပေါ်မှာ မနေနိုင်ဘဲ အောက်ကိုဆင်းနေကြရလို့ ဒုက္ခရောက်တာနှင့် ရဟန်းတွေကို ခြောက်လှန့်ကြတဲ့နတ်တွေ။ ကာဠယက္ခိနီဘီလူးမကို ဇေတဝန်ကျောင်းဝင်းသို့ ဝင်ခွင့်မပေးတဲ့ ဇေတဝန်ကျောင်းစောင့်နတ်စသည်ဖြင့် အများအပြား တွေ့နိုင်ပါတယ်။ ကျမ်းဂန်တွေမှာ အထက်နတ်ပြည်လေးထပ်က နတ်တွေကို အာကာသဋ္ဌနတ်လို့သုံးပြီး၊ အောက်နတ်ပြည်နှစ်ထပ်က နတ်တွေကိုတော့ ဘူမဋ္ဌနတ်လို့ သုံးပါတယ်။ လူတွေရဲ့အနီးအနားမှာ နေထိုင်ကြတဲ့ နတ်အားလုံးဟာ အောက်ဆုံးစတုမဟာရာဇ် နတ်အုပ်စုဝင်တွေ ဖြစ်ကြပါတယ်။

နတ်ပြဿာတွေ ရှိကြောင်းသာမကပါဘူး။ သူတို့နေရာ ပြဿာဘုံနှစ်ဆယ်၊ နတ်ပြည်ခြောက်ထပ် ရှိကြောင်းနှင့် သူတို့ရဲ့စည်းစိမ်ချမ်းသာ၊ သက်တမ်း စသည်တွေကိုပါ အတိအလင်း ပြဆိုထားတာကို တွေ့နိုင်ပါတယ်။ ဆိုလိုရင်းကတော့–နတ်တွေ ပြဿာတွေရှိကြောင်းကို ဗုဒ္ဓဝါဒက လက်ခံတယ်ဆိုတာပါပဲ။

**နတ်ကိုးကွယ်မှုနှင့်ပတ်သက်လို့ လေ့လာတဲ့အခါ ဘာကြောင့်ကိုးကွယ်ကြသလဲ ဆိုတဲ့အချက်ကိုပါ ထည့်သွင်း စူးစမ်းသင့်ပါတယ်။**

လူတွေဟာ ကြောက်လန့်ခြင်းများစွာနှင့် ရင်ဆိုင်ရုန်းကန်လှုပ်ရှားနေရသူတွေ ဖြစ်ပါတယ်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ မြွေဆိုးဘေး၊ ဆင်ရိုင်းဘေး၊ ကျားရိုင်းဘေး၊ သူပုန်ဘေး၊ ဓားပြဘေး၊ စစ်ဘေး၊ ကပ်ရောဂါဘေးစတဲ့ ဘေးအန္တရာယ်အမျိုးမျိုးနှင့်

ကြုံတွေ့ကြရတတ်ပါတယ်။ ကြုံတွေ့ကြရပြီဆိုရင် မလူးသာ မလွန့်သာအောင် ခံကြရတာကြောင့် ဒီဘေးအန္တရာယ်တွေကို အထူးကြောက်လန့်ကြပါတယ်။ ဒါကြောင့် ဒီဘေးအန္တရာယ်တွေက လွတ်မြောက်ဖို့နည်းလမ်းတွေ ရှာဖွေကြပါတယ်။ ဒီထဲမှာ ကိုးကွယ် ဆည်းကပ်မှုလည်း တစ်ခုပါလာပါတော့တယ်။

ကောင်းကင်၊ နေ၊ လ၊ နက္ခတ်တွေ၊ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်တွေမှာရှိတဲ့ နတ်ဗြဟ္မာတွေဟာ လူသားတွေရဲ့ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးနိုင်သူတွေလို့ ယူဆကြပါတယ်။ သူတို့ကြောင့် ဒီဘေးအန္တရာယ်တွေ ဖြစ်ရတာလို့ ထင်ကြပါတယ်။ ဒါ့ပြင်–လူမှုရေး စီးပွားရေး ကျန်းမာရေး စတဲ့ကိစ္စတွေ အဆင်ပြေရင်လည်း သူတို့မစ–တာကြောင့်လို့ ထင်ကြပါတယ်။ ဒါကြောင့် နတ်တွေအန္တရာယ်မပြုအောင် ကောင်းကျိုးတွေ ဖန်တီးပေးအောင်ဆိုပြီး လာဘ်ထိုးအသနားခံတဲ့အနေနှင့် ပူဇော်ပသခဲ့ကြတာ ဖြစ်ပါတယ်။ ခေတ်တွေစနစ်တွေ ဘယ်လောက် တိုးတက်လာတယ်ပြောပြော ကမ္ဘာတစ်ဝန်းက ဒီလိုယုံကြည်ချက်ရှိသူတွေဟာ ယနေ့တိုင်အောင် ပူဇော်ပသကြဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနှင့် ကြည့်မယ်ဆိုရင်လည်း ဒေသအလိုက် ရိုးရာဓလေ့အလိုက် ပုံစံအမျိုးမျိုးနှင့် ပူဇော်ပသကြဆဲပါ။ ဒါတွေကို ကောက်ချက်ချကြည့်ရင် လူတွေရဲ့ နတ်ကိုးကွယ်မှုဟာ ဘေးအန္တရာယ်ကို ကြောက်လို့နှင့် မစ ကူညီမှုကို လိုချင်လို့ဆိုတာတွေ့ရမှာဖြစ်ပါတယ်။

**သတ္တပါတွေဟာ တကယ်တွေ့ရမယ့် ဘေးအန္တရာယ်၊ တကယ်ကြောက်လန့်ရမယ့် ဘေးအန္တရာယ်တွေကို ဖျက်ကွယ်ပြုပြီး အခါအခွင့်ဆုံမှ ကြုံတွေ့ကြရတဲ့ ဘေးအန္တရာယ်ကို အထူးကြောက်**

**လန့်နေကြပါတယ်။ တကယ်ကြောက်ရမယ့်ဘေး၊ လွတ်အောင်ရှန်းရမယ့်ဘေးက အိုဘေး၊ နာဘေး၊ သေဘေးကြီးတွေ ဖြစ်ပါတယ်။** ဒီဘေးတွေဟာ ကြုံတွေ့ကြဆဲ၊ မလွဲမသွေ ကြုံတွေ့ကြရမယ့် ဘေးတွေပါ။ ဒီနေရာမှာ သတိပြုရမယ့်အချက်တစ်ခုက **သတ္တဝါတွေဟာ မြင်ရတဲ့ကြောက်လန့်စရာအရာဝတ္ထုထက် မမြင်ရတဲ့ကြောက်လန့်စရာအရာဝတ္ထုကို စိတ်ကူးနှင့်ချဲ့ကားပြီး ပိုမိုကြောက်တတ်ကြတယ် ဆိုတာပါပဲ။** မြင်တွေ့ခံစားနေကြရတဲ့ အိုနာသေဘေးကို ကြောက်လန့်ရမှန်း သတိမပြုနိုင်ဘဲ မမြင်ရတဲ့ နတ်ဗြဟ္မာပေးမယ့် အန္တရာယ်ကို ချဲ့ကားပြီး ကြောက်နေကြတာ ဖြစ်ပါတယ်။

ဒီတော့ လူတွေ ထင်မြင်ယူဆကြသလို နတ်တွေဟာ လူတွေရဲ့ကောင်းကျိုး ဆိုးကျိုးကို တကယ်ဖန်တီးနိုင်ကြသလား၊ သူတို့ ရှိနေတာမှန်ရင် သူတို့ကို ဘယ်လိုဆက်ဆံရမလဲ ဒါတွေကိုလည်း စူးစမ်းကြည့်သင့်ပါတယ်။

"နတ်တွေဟာ တရားနှင့်အညီ ပသမှုအစဉ်အလာကို ပယ်ဖျက်ပြီး ပသမှုမပြုသူတွေကို ကောင်းမွန်စွာ မစောင့်ရှောက်ကြကြောင်း၊ ဘေးအန္တရာယ် ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်စွမ်း မရှိကြကြောင်း၊ ဖြစ်ပေါ်နေဆဲ နာစေး ချောင်းဆိုးလို အချို့ဘေးအန္တရာယ် အသေးအမွှားတွေကိုတော့ တိုးပွားအောင် ကြာရှည်အောင် ပြုစွမ်းနိုင်ကြကြောင်း၊ တရားနှင့်အညီ အစဉ်အဆက် ပသလာမှုအတိုင်း ဆက်လက် ပသသူတွေကို ကောင်းမွန်စွာ စောင့်ရှောက်ကြကြောင်း၊ ကောင်းကျိုးတွေ ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်စွမ်းမရှိကြကြောင်း၊ ဖြစ်ပေါ်နေဆဲ အချို့ဘေးဒုက္ခ အသေးအမွှားတွေကိုတော့ ပယ်ရှားပေးနိုင်ကြကြောင်း"- ပြဆိုချက်တွေ ကျမ်းဂန်မှာ အထင်အရှား ရှိပါတယ်။ ဒီလောက်ဆိုရင်

နတ်တွေရဲ့ ဖန်တီးနိုင်မှုစွမ်းရည်ကို နားလည်လောက်ပြီထင်ပါတယ်။ စိတ်ကူးနှင့် ချဲ့ကားထားသလို မဟုတ်ကြောင်း သဘောပေါက်လောက် ပြီထင်ပါတယ်။

ဒါဆိုရင် အထက်နတ်တွေကိုပဲဖြစ်ဖြစ် ပတ်ဝန်းကျင်အနီး အနားမှာ ရှိကြတဲ့ အောက်နတ်တွေကိုပဲဖြစ်ဖြစ် မသိကျိုးကျွန် နေထိုင် ရမှာလားလို့ မေးစရာရှိပါတယ်။ ဒီလိုတော့လည်းမဟုတ်ပါဘူး။ သူတို့နှင့်ဆက်ဆံရပါတယ်။ ဘယ်လိုဆက်ဆံနေထိုင်ရမယ်ဆိုတာ ရှင်တော်ဘုရား ညွှန်ကြားတော်မူထားချက်တွေ အများအပြား ရှိပါတယ်။ ရှင်တော်ဘုရားက -

"အမြော်အမြင်ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးဟာ အိုးသစ် အိမ်သစ် နေရာသစ်မှာ နေတော့မယ်ဆိုရင် သီလရှိတဲ့ ရဟန်းတော်များ လူပုဂ္ဂိုလ်များကို တတ်စွမ်းသမျှ ကျွေးမွေး လှူဒါန်းပါ။ နတ်တွေကို ဖိတ်မန့်ပြီး မိမိကုသိုလ်ကို အမျှပေးဝေပါ။ အမျှပေးဝေခြင်းဟာ နတ်တွေကို ပူဇော်ခြင်းဖြစ်တယ်။ သင်တို့က ပူဇော်ကြ မြတ်နိုးကြတဲ့အတွက် နတ်တွေကလည်း သင်တို့ကို ပြန်လည်ပူဇော်ကြ မြတ်နိုးကြ စောင့်ရှောက်ကြလိမ့်မယ်-" လို့ မိန့်တော်မူထားပါတယ်။

တစ်ခါ - မေတ္တာသုတ္တန်ကို လေ့လာကြည့်ရင် တောထဲမှာ တရားအလုပ် လုပ်နေကြတဲ့ ရဟန်းတော်များကို အနီးဝန်းကျင်မှာ နေထိုင်တဲ့ နတ်တွေက ခြောက်လှန့်ကြပါတယ်။ ဒီအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားတော့ ဘုရားရှင်က မေတ္တာပို့ပုံ ပို့နည်းကို ပြဆိုတဲ့ မေတ္တာသုတ္တန်ကို ဟောတော်မူပါတယ်။ မေတ္တာပို့ဖို့ ညွှန်ကြား တော်မူပါတယ်။ မေတ္တာသုတ် ညွှန်ကြားချက်အတိုင်း ရဟန်းတော်တွေ

လိုက်နာကျင့်သုံးတော်မူကြလို့ နတ်တွေ မခြောက်လှန့်တော့တဲ့အပြင် အကူအညီပေးကြ စောင့်ရှောက်ကြကြောင်း တွေ့ရပါတယ်။

ယခုခေတ် တောတောင်တွေမှာ တောရဆောက်တည်ပြီး တရားအလုပ် အားထုတ်နေကြတဲ့ သူတော်စင်တွေဟာ အနီးဝန်းကျင် ရှိသတ္တဝါတွေကို အဓိကထား မေတ္တာပို့ အမျှဝေပြီးမှ တရားအလုပ်ကို လုပ်တတ်ကြပါတယ်။ ဒါမှသာ တရားအလုပ် အနှောင့်အယှက် ကင်းပြီး စိတ်တိုင်းကျ ဆောင်ရွက်နိုင်ကြတယ်လို့ သိရ ပါတယ်။

ဒါတွေအားလုံးကို ခြုံကြည့်ရင် အထက်–အောက်နတ်တွေနှင့် ဆက်ဆံရေးမှာ သူတို့ကို မေတ္တာပို့ဖို့၊ တတ်စွမ်းသမျှ ကုသိုလ်ပြုပြီး ကြည်ကြည်နူးနူး အမျှပေးဝေဖို့ ဆိုတဲ့အချက်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေဟာ နတ်တွေကို ကူညီတာလည်းဟုတ်၊ စောင့်ရှောက်တာလည်းဟုတ်၊ မိတ်ဆွေဖွဲ့တာလည်း ဟုတ်တဲ့အလုပ် ဖြစ်ပါတယ်။

လောကအလယ် ရှန်းကန်လှုပ်ရှားကြရတဲ့ သတ္တဝါတိုင်းမှာ မိတ်ဆွေကောင်းဆိုတာ မရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခုပါ။ မေတ္တာပို့တယ်၊ အမျှပေးဝေတယ်၊ ကုသိုလ်ပြုနိုင်အောင် ပန်းဆီမီး စသည် စီစဉ်ပေးတယ်ဆိုတာ မိတ်ဆွေကောင်းအလုပ်ပါ။ မိတ်ဆွေဖွဲ့တဲ့ အလုပ်ပါ။ မေတ္တာဓာတ်မခံယူလိုတဲ့ သတ္တဝါရယ်လို့ သတ္တလောကမှာ မရှိပါဘူး။ သတ္တဝါတိုင်းလိုချင်ကြပါတယ်။ မေတ္တာထားသူအပေါ် ပြန်လည်ပြီး မေတ္တာထားတတ်ကြပါတယ်။ ကူညီ စောင့်ရှောက်တတ်ကြပါတယ်။ ကုသိုလ်ကို အမျှပေးဝေတာလည်း အမျှပေးဝေမှုကို မျှော်လင့်နေသူအတွက် အလွန်ဝမ်းမြောက်ဖွယ် ကိစ္စပါ။ အထူးလုပ်ပေးရမယ့် အလုပ်တစ်ခုဖြစ်ပါတယ်။ အမျှပေးဝေမှုကြောင့် သူတို့မှာ

ကောင်းကျိုးအမျိုးမျိုး ရရှိခံစားကြရကြောင်း သာဓကတွေ အများ
အပြားရှိပါတယ်။ နတ်ကိုပူဇော်တယ်ဆိုတာ တခြားမဟုတ်ပါဘူး
အမျှပေးဝေတာကို ပြောတာပါ။

နတ်တွေကို ပန်းဆီမီးစသည်နှင့် ရိုးရာအလျောက် ပသပူဇော်
ကြတာ မကြာခဏ တွေ့ရတတ်ပါတယ်။ **တကယ်ဖြစ်သင့်တာက
ဒီပစ္စည်းတွေနှင့် ဘုရား တရား သံဃာကို ပူဇော်လှူဒါန်းနိုင်ဖို့
မိမိက ကူညီဆောင်ရွက်ပေးတာမျိုး၊ သူတို့ကိုယ်စား မိမိက ကူညီလှူ
ဒါန်းပြီး သူတို့ကို အသိပေးတာမျိုးသာ ဖြစ်သင့်ပါတယ်။** ဥပမာ
ဘာနှင့်တူသလဲဆိုရင်–ငွေကြေးမတတ်နိုင်တဲ့ မိတ်ဆွေသူငယ်ချင်းတွေ
အိမ်နီးနားချင်းတွေအတွက် မိမိက အကုန်အကျခံပြီး တရားပွဲ ကျင်းပ
ပေးတာ၊ ဆွမ်းလောင်းပွဲ ရှင်ပြုရဟန်းခံပွဲတွေ ပြုလုပ်ပေးတာမျိုးနှင့်
တူပါတယ်။ ဘုရားရှင် ညွှန်ကြားတော်မူတဲ့ နည်းတွေကို အကျဉ်းချုပ်
လိုက်ရင် ဒီလုပ်ရပ်တွေကိုသာ တွေ့ရမှာ ဖြစ်ပါတယ်။

အန္တရာယ်ပေးမှာကြောက်လို့ အကူအညီလိုချင်လို့စတဲ့
ရည်ရွယ်ချက်တွေနှင့် သင့်မသင့်ပစ္စည်းတွေကို တင်မြှောက်–ပသ ရှိခိုး
ကိုးကွယ်နေကြတာကို မကြာခဏ တွေ့ရပါတယ်။ လုပ်သူတွေအဖို့
ဘယ်လိုနေမယ် မသိပေမယ့် မြင်ရသူအဖို့တော့ အတော်ကသိ
ကအောက် ဖြစ်ရပါတယ်။ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပြီး ဇနီးသားသမီး
တွေကို တရားသဖြင့် ရှာဖွေကျွေးမွေးသူကို နတ်တို့အရှင်သခင်
သိကြားမင်းကိုယ်တိုင် အမြတ်တနိုး ရှိခိုးဦးချရပါကြောင်း သိကြားမင်း
ကိုယ်တိုင် မာတလိနတ်သားကိုပြောတဲ့စကားကို ဂဟဋ္ဌဝဂ္ဂနာသုတ်
စသည်မှာ တွေ့နိုင်ပါတယ်။ မိမိကိုယ်တိုင် သိကြားမင်းရဲ့ အမြတ်တနိုး
ရှိခိုးမှုကို ခံယူနေရသူဖြစ်ပါလျက် သိကြားမင်းရဲ့ လက်အောက်

ငယ်သား နတ်အသေးအမွှားတွေကို မိမိက ပူဇော်ပသ ရှိခိုးကိုးကွယ်နေမှုဟာ အတော်ကသိကအောက်နိုင်တဲ့အလုပ် ဖြစ်ပါတယ်။ မိမိမှာ ဘာလိုနေတယ်။ မိမိအဆင့်အတန်း ဘယ်ရောက်နေတယ်ဆိုတာ အလွန်စဉ်းစားသင့်တဲ့ကိစ္စ ဖြစ်ပါတယ်။

နတ်ဗြဟ္မာတွေကို ကိုးကွယ်ဆည်းကပ်လို့ အိုနာသေဘေးကြီးတွေက မလွတ်နိုင်သလို ရေဘေး လေဘေးစတဲ့ ဘေးအန္တရာယ်တွေကလည်း လွတ်လမ်းမရှိပါဘူး။ အကြောင်းကတော့ သူတို့ကိုယ်တိုင် ဒီဘေးတွေက မလွတ်ကြလို့ပါပဲ။ သူတို့ကိုယ်တိုင် ဒီဘေးတွေနှင့် ကြုံနေရ၊ ဒီဘေးတွေကို ကြောက်လန့်နေကြရလို့ပါပဲ။

နတ်ဗြဟ္မာတွေကို အားကိုးရာတစ်ခု ကိုးကွယ်ရာတစ်ခုအဖြစ် ပူဇော်မှုနှင့်ပတ်သက်လို့ "တော တောင် အာရာမ် သစ်ပင် နတ် ဗြဟ္မာတွေကို ကိုးကွယ်ခြင်းဟာ အန္တရာယ်ကင်း ဘေးရှင်းတဲ့ ကိုးကွယ်ခြင်း မဟုတ်ကြောင်း၊ ကောင်းမြတ်တဲ့ ကိုးကွယ်ခြင်း မဟုတ်ကြောင်း၊ ဒီလို ကိုးကွယ်လို့ အို နာ သေစတဲ့ ဘေးဒုက္ခတွေက မလွတ်မြောက်နိုင်ကြောင်း" ရှင်တော်ဘုရား ရှင်းရှင်းလင်းလင်း မိန့်တော်မူထားပါတယ်။

အချုပ်အနေနှင့်ပြောရရင် ဗုဒ္ဓဝါဒက နတ်ဗြဟ္မာတွေ ရှိကြောင်း လက်ခံပါတယ်။ ဒါပေမဲ့ နတ်ဗြဟ္မာ ကိုးကွယ်တာကိုတော့ လက်မခံပါဘူး။ ကိုးကွယ်စရာ ရတနာသုံးပါးသာ ရှိတယ်လို့ အတိအလင်း ပြဆိုပြီး ဖြစ်ပါတယ်။ ရတနာသုံးပါးကို ကိုးကွယ်ခြင်းသာလျှင် အို နာ သေစတဲ့ ဘေးဒုက္ခမှ ကင်းဝေးရမယ့် ကိုးကွယ်ခြင်း၊ လောကီ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ရရှိနိုင်မယ့် အကောင်းဆုံး ကိုးကွယ်ခြင်း ဖြစ်ပါတယ်။ ။

## ဒါနက သံသရာကို ရှည်စေနိုင်ပါသလား ?

ဒါနှင့်ပတ်သက်လို့ ဒါနသဘော၊ သံသရာသဘောကို ပဌမ လေ့လာကြည့်သင့်ပါတယ်။

ဒါနဟာ စွန့်လွှတ်ခြင်း လက္ခဏာရှိပါတယ်။ ဘာတွေကို စွန့်လွှတ်သလဲဆိုရင် ကိုယ်ပိုင် ကိုယ်ဆိုင် ပစ္စည်းဥစ္စာတွေ၊ အသွေး အသားတွေ၊ ကိုယ်လက်အင်္ဂါတွေနှင့် အသက်အထိ ပါဝင်ပါတယ်။ ဒီလိုစွန့်လွှတ်နိုင်လို့သာ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ကူညီထောက်ပံ့ ခြင်းဆိုတာတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါနဟာ စွန့်လွှတ်ခြင်း သက်သက်ဖြစ်လို့ မျှော်လင့်မှု၊ တောင့်တမှု၊ လိုချင်စွဲလမ်းမှုနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

သံသရာသဘောကို ဆက်ပြီးကြည့်ရင် – ခန္ဓာ၊ အာယတန၊ ဓာတ်တရားတွေ အဆက်မပြတ် ဖြစ်ပေါ်နေမှုကို သံသရာလို့ ခေါ်ပါတယ်။ မြင်လွယ်အောင်ပြောရရင် ဘဝတွေ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေမှုကို သံသရာလို့ ခေါ်ပါတယ်။ ဘဝတွေ ဒီလိုဆက်ကာဆက်ကာ ဖြစ်နေတာလည်း သူ့အလိုလို ဖြစ်နေတာတော့ မဟုတ်ပါဘူး။ အကြောင်းအကျိုး ဆက်စပ်မှုနှင့် ဖြစ်နေတာ ဖြစ်ပါတယ်။ ဒီတော့ ဘဝဖြစ်ဖို့ အကြောင်းကိုကြည့်ရင် ဥပါဒါန်လို့

ခေါ်တဲ့ လိုချင်မှု၊ တောင့်တမှု၊ မျှော်လင့်စွဲလန်းမှုကို တွေ့ရမှာဖြစ်ပါတယ်။ (ဥပါဒါနပစ္စယာ ဘဝေါ၊) လိုချင်မှု၊ တောင့်တမှု၊ မျှော်လင့်စွဲလမ်းမှုကြောင့် ဘဝဖြစ်ပေါ်လာတာလို့ ရှင်းရှင်းလင်းလင်း နားလည်နိုင်ပါတယ်။ ဒီတော့ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်နေရမှုဆိုတဲ့ သံသရာဟာ ဒါနဆိုတဲ့ စွန့်လွှတ်မှုကြောင့် ဖြစ်ပေါ်လာတာလား၊ ဥပါဒါန်ဆိုတဲ့ လိုချင်တောင့်တ မျှော်လင့်စွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာတာလားဆိုတာ ပေါ်လွင်ပြီး ဖြစ်ပါတယ်။

သံသရာခရီးဆိုတာ ဒါနလုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ အရဟတ္တ မဂ်ဖိုလ်ဉာဏ်ကို မရနိုင်သရွေ့ သတ္တဝါတိုင်း သွားရမယ့် ခရီးဖြစ်ပါတယ်။ ဘယ်ကစခဲ့သလဲဆိုရင် ဘယ်ကစခဲ့တယ်လို့ မပြောနိုင်လောက်အောင် ရှည်လျားခဲ့ပြီး ဖြစ်ပါတယ်။ ဘယ်တော့ ဆုံးမလဲဆိုရင်လည်း အရဟတ္တမဂ်ဖိုလ်ဉာဏ်ကို မရသေးသရွေ့ ဘယ်တော့ဆုံးမယ်လို့ မပြောနိုင်တဲ့ခရီး ဖြစ်ပါတယ်။ အရဟတ္တ မဂ်ဖိုလ်ဉာဏ်ဟာ ရိုးရိုးလိုချင်တောင့်တ မျှော်လင့်စွဲလမ်းမှု (တဏှာ)နှင့် လွန်လွန်ကဲကဲ လိုချင်တောင့်တ မျှော်လင့်စွဲလမ်းမှု (ဥပါဒါန်)ကို အပြီးတိုင်ဖယ်ရှားနိုင်တဲ့တရား ဖြစ်ပါတယ်။ ဒါကြောင့် လိုချင် တောင့်တ မျှော်လင့်စွဲလမ်းမှု (တဏှာ–ဥပါဒါန်)ကို အရဟတ္တ မဂ်ဖိုလ်ဉာဏ်နှင့် ပယ်ရှားပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်မြတ်များမှာ ဒီတရားတွေ မရှိတော့တာကြောင့် ဘဝ မရှိတော့တာဖြစ်ပါတယ်။

**ဒီတော့ ဒါနကို ဘာကြောင့် သံသရာကို ရှည်စေတတ်တဲ့ တရားအဖြစ် ထင်မြင်ယူဆ ပြောဆိုတတ်ကြသလဲ ဆိုတာကိုလည်း လေ့လာကြည့်သင့်ပါတယ်။**

သံသရာထွက်မြောက်ကြောင်း မဂ္ဂင်ရှစ်ပါးကျင့်စဉ်မှာ

ရှင်တော်မြတ်ဘုရားက သီလသမာဓိပညာတွေကိုသာ အဓိကထားပြီး ပြဆိုတော်မူထားပါတယ်။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်မှာ ဒါနမဂ္ဂင်ရယ်လို့ မပါပါဘူး။ ထေရဝါဒ သာသနာနယ်မှာ အလွန်ထင်ရှားတဲ့ ဝိသုဒ္ဓိမဂ်လို ကျမ်းတွေမှာလည်း ဒါနအကြောင်း တစ်စွန်းတစ်စမျှ မပြဘူး။ သီလအကြောင်း သမာဓိအကြောင်း ပညာအကြောင်းတွေကိုသာ ပြဆိုသွားတယ်။ ဒါကြောင့် ဒါနဟာ သံသရာမှလွတ်ကြောင်း မဟုတ်ဘူး။ သံသရာရှည်ကြောင်းလို့ ထင်မှတ်ပြောဆိုကြတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ရှင်တော်မြတ်ဘုရားရဲ့ ရည်ရွယ်တော်မူချက်ကို သိဖို့ အထူးလိုအပ်ပါတယ်။ သီလ သမာဓိ ပညာကို အဓိကထားပြီး ဟောတော်မူခြင်းဟာ ယခုဘဝမှာ မဂ်ဖိုလ်ကို ရယူနိုင်မယ့် ပုဂ္ဂိုလ်များအတွက် အထူးရည်ရွယ်တော်မူတာ ဖြစ်ပါတယ်။ သူတို့မှာ နောက်ဘဝမရှိတော့တာကြောင့် ဒါနအကျိုးကို ခံစားစရာ မရှိတော့ပါဘူး။ ဒါနအတွက် ကြိုးစားအားထုတ်နေရမှုဟာ မဂ်ဖိုလ်ရရေး အပြင်းအထန်အားထုတ်နေသူအတွက် အနှောင့်အယှက်ဖြစ်ပါတယ်။ သမာဓိလုပ်ငန်း ပညာလုပ်ငန်းတွေ နှောင့်နှေးနိုင်ပါတယ်။ ဒါနအရေးထက် မဂ်ဖိုလ်ကို ထိုးထွင်းသိမြင်ရေးက ပိုပြီးအဓိကကျပါတယ်။ ဒီရည်ရွယ်တော်မူချက်ကြောင့် သီလ သမာဓိ ပညာကို အဓိကထားပြီး ဟောတော်မူထားတာဖြစ်ပါတယ်။

နောက်အကြောင်းတစ်ခုက – ဘယ်သူ ဘယ်လိုဆုတွေတောင်းပြီး ဘယ်လိုဒါနပြုခဲ့လို့ ဘယ်လိုဘဝ ရရှိတယ်။ ဘယ်လိုစည်းစိမ်ချမ်းသာကို ခံစားရတယ်စသည်ဖြင့် ဒါနနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို ဖတ်ရှုနားထောင်တတ်ကြရပါတယ်။ ဒီတော့ ဒါနကြောင့် ဘဝသံသရာမှာ ဘဝသမ္ပတ္တိလို့ခေါ်တဲ့ လူ့ဘဝ နတ်ဘဝ

ကိုရနိုင်တယ်။ ဘောဂသမ္ပတ္တိလို့ခေါ်တဲ့ ပစ္စည်းဥစ္စာ အသုံးအဆောင် ပြည့်စုံမှုကို ရနိုင်တယ် စသည်ဖြင့် ယုံကြည်ကြပါတယ်။ ဒီလို ယုံကြည်မှုကြောင့် အများစုဟာ ဒါနပြုတဲ့အခါ ဘယ်လိုဘဝ ရရပါလို၏၊ ဘယ်လို ချမ်းသာသုခနှင့် ပြည့်စုံရပါလို၏လို့ တောင့်တ တတ်ကြပါတယ်။ အချို့လည်း ဒီလို ဦးတည်ချက်ထားပြီး ဒါနပြုတတ်ကြပါတယ်။ ဒီလို ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဦးတည်ချက်နှင့် ဒါနပြုတာကိုကြည့်ပြီးတော့လည်း ဒါနကို သံသရာရှည်စေတတ်တဲ့တရားတစ်ခုအဖြစ် ပြောဆိုကြတာဖြစ်ပါတယ်။

ဒါနဟာ လိုချင်တောင့်တ စွဲလမ်းမှုနှင့် ဆန့်ကျင်ဘက်ဖြစ်ပေမဲ့ သူ့အနားမှာ ဒီတရားတွေ ဝိုင်းအုံနေပါတယ်။ ဒီသဘောကို သာမန်အသိနှင့် သိမြင်ဖို့မလွယ်ပါဘူး။ သိမ်သိမ်မွေ့မွေ့ ဝိုင်းအုံနေကြတာမို့ ဝိုင်းအုံနေမှန်းကို မသိနိုင် မမြင်နိုင်ကြတာ ဖြစ်ပါတယ်။ ဒါနက စွန့်လွှတ်ပေမဲ့ တဏှာဥပါဒါန်က ဒါနနှင့်ပူးကပ်ပြီး လိုချင်တောင့်တစွဲလမ်းတတ်ပါတယ်။

ဒါနနှင့်ပတ်သက်ပြီး ရှင်တော်ဘုရား ဟောကြားတော်မူတာဟာ သတ္တဝါတွေ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို မျှော်လင့်ဖို့အတွက် မဟုတ်ပါဘူး။ ဘယ်ဒါနက ဘယ်လိုအကျိုးကိုပေးတတ်တယ်ဆိုတာ သိနားလည်ဖို့အတွက်သာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် – ဘဝအမျိုးမျိုးနှင့် သံသရာမှာ ကျင်လည်ကြရမယ့် သတ္တဝါတွေ ဘဝဝိပ္ပတ္တိ ဘောဂဝိပ္ပတ္တိနှင့် ကျင်လည်ရတာနှင့်စာရင် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် ကျင်လည်ရတာ တော်သေးတယ်ဆိုတဲ့ ရည်ရွယ်တော်မူချက်နှင့် ဒါနအကျိုးကို ထုတ်ဖော်ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ပြောလို့သာပြောကြတာပါ။ ဒီလို မျှော်လင့်တောင့်တ စွဲလမ်းမှုတွေနှင့် ဒါနကိုသာ လုပ်တတ်ကြတာမဟုတ်ပါဘူး။ သီလဆောက်တည်မှု ဘာဝနာအားထုတ်မှုတွေကိုလည်း အချို့ ဒီလိုမျှော်လင့်တောင့်တစွဲလမ်းမှုတွေနှင့် လုပ်တတ်ကြပါတယ်။ ဒါပေမဲ့ ဒီလိုသဘောတွေနှင့် သီလဆောက်တည် ဘာဝနာပွားများတာတွေကိုတော့ သံသရာရှည်စေတဲ့အလုပ်လို့ မပြောကြပါဘူး။

မျှော်လင့်မှု တောင့်တမှု စွဲလမ်းမှုတွေပါဝင်ရောနှောနေတဲ့ ဒီလိုဒါနမျိုးကို ရှင်တော်ဘုရား နှစ်သက်တော်မမူပါဘူး။ ချီးမွမ်းတော်မမူပါဘူး။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ မျှော်လင့်ချက် တောင့်တစွဲလမ်းချက်ကင်းတဲ့ ဒါနမျိုးကိုသာ ချီးမွမ်းတော်မူပါတယ်။ အားပေးတော်မူပါတယ်။ ဒီသဘောတွေကို သိစေချင်လို့ ရှင်တော်ဘုရားက–

ဒါနလုပ်တဲ့အခါ–မလုပ်မီဖြစ်စေ လုပ်နေဆဲမှာဖြစ်စေ လုပ်ပြီးတဲ့အခါမှာဖြစ်စေ ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာကို မျှော်လင့်တောင့်တစွဲလမ်းမှု (တဏှာ–ဥပါဒါန်)ပါနေရင် ဒီဒါနဟာ သံသရာဝဋ္ဋဆင်းရဲကို မှီတွယ်နေတာမို့ **ဝဋ္ဋနိဿိတ** ဒါနဖြစ်ကြောင်း၊ မျှော်လင့်တောင့်တစွဲလမ်းမှု (တဏှာ–ဥပါဒါန်)အလိုကျလုပ်ရတာမို့ **ဒါသ** ဒါနဖြစ်ကြောင်း၊ မျှော်လင့်တောင့်တစွဲလမ်းမှု (တဏှာ–ဥပါဒါန်)ရဲ့ ချယ်လှယ်သုံးသပ်လွှမ်းမိုးခြင်းခံရလို့ **မရာမဋ္ဌ** ဒါနဖြစ်ကြောင်း၊ မျှော်လင့်တောင့်တစွဲလမ်းမှုဟာ ယုတ်နိမ့်တဲ့အရာတွေဖြစ်လို့ ဒီတရားတွေပါနေတဲ့ဒါနဟာ **ဟီန** ဒါနဖြစ်ကြောင်း အတိအလင်း မိန့်တော်မူထားပါတယ်။

ပညာရှိသူတော်ကောင်းများဟာ ဒါနပြုတဲ့အခါမှာဖြစ်စေ၊ သီလဆောက်တည် ဘာဝနာပွားတဲ့အခါမှာဖြစ်စေ ဒီလိုမျှော်လင့်တောင့်တမှုတွေမပါအောင် အထူးသတိထားတော်မူကြပါတယ်။

နားလည်တဲ့ဆရာသမားများကလည်း ဒီကိစ္စကို အထူးသတိပေးတော်မူတတ်ကြပါတယ်။ ဒါကြောင့် ကုသိုလ်ကောင်းမှုလုပ်တိုင်း "ဘယ်လိုမြင့်မြတ်တဲ့ဘဝ ဘယ်လိုရာထူး ဂုဏ်သိရ် စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသူဖြစ်ပါစေ ဒုက္ခဆင်းရဲနှင့် မကင်းကြဘူး။ ရောဂါကြီးငယ်နှိပ်စက်လို့ဖြစ်ရတဲ့ဆင်းရဲ၊ ဆံဖြူ သွားကျိုး ခါးကိုင်း နားထိုင်းလို့ဖြစ်ရတဲ့ဆင်းရဲ၊ လက်ရှိဘဝ ဆက်စပ် သက်ဆိုင်သမျှကို စွန့်လွှတ်သေဆုံးရတဲ့ဆင်းရဲစတဲ့ ဘဝနှင့်ဆက်စပ်သမျှဆင်းရဲတွေကို ခံကြရတယ်။ ဘဝရှိနေသမျှ ဒီကြောက်စရာ လန့်စရာဆင်းရဲတွေ ရှိနေမယ်။ ဘဝမရှိတော့မှ ဒီဆင်းရဲဒုက္ခလည်းကင်းမယ်" လို့ ဘဝအပြစ်ကို မြင်အောင်ကြည့်သင့်ပါတယ်။ ဒုက္ခဆင်းရဲတွေ ပြည့်ကျပ်နေပုံကိုတွေးပြီး ဘဝကိုမလိုချင်၊ မတောင့်တမိအောင် သတိထားသင့်ပါတယ်။ ဘဝကိုကြောက်လန့် ဘဝမှ လွတ်ကင်းလိုတဲ့ ဦးတည်ချက်နှင့် ဒါနမှု သီလမှုဘာဝနာမှု ပြုလုပ်နိုင်အောင် ကြိုးစားသင့်ပါတယ်။

ဒီလို ဘဝဆင်းရဲမှလွတ်ကင်းလိုတဲ့ဦးတည်ချက်နှင့် ပြုလုပ်တဲ့ဒါနကို သံသရာဝဋ္ဋဆင်းရဲကို မှီတွယ်မှုမရှိလို့ **ဝိဝဋ္ဋနိဿိတ** ဒါနလို့ခေါ်ပါတယ်။ မျှော်လင့်တောင့်တစွဲလမ်းမှု တဏှာ ဥပါဒါန်အလိုကျလုပ်တာမဟုတ်လို့ **အဒါသ** ဒါနလို့ ခေါ်ပါတယ်။ တဏှာ ဥပါဒါန်တို့ရဲ့ ချယ်လှယ်လွှမ်းမိုးမှုမခံရလို့ **အပရာမဋ္ဌ** ဒါနလို့ ခေါ်ပါတယ်။ ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာအပေါ် ကြောက်လန့်စရာအဖြစ် သိမြင်တဲ့ဉာဏ်နှင့်ပြုလုပ်တာမို့ **ပဏ္ဍိတ** ဒါနလို့ ခေါ်ပါတယ်။ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိ မျှော်လင့်တောင့်တမှုမရှိတဲ့ ဒီလိုဒါနမျိုးကိုသာ ရှင်တော်ဘုရား ချီးမွမ်းတော်မူပါတယ်။ အားပေးတော်မူပါတယ်။ ဒီလိုဒါနမျိုးကျတော့ သံသရာကိုရှည်စေတယ်လို့ ပြောနိုင်စရာ အကြောင်းမရှိ

တော့ပါဘူး။

**သတိပြုသင့်တာ တစ်ခုရှိပါသေးတယ် –**

ဒါနပြုရင် နောက်ဘဝမှ ဒါနအကျိုးခံစားရမယ်လို့ အများအားဖြင့် ထင်တတ်၊ ပြောဆိုတတ်ကြပါတယ်။ ဒါနအကျိုးတွေကို ရှင်တော်ဘုရား ဟောတော်မူခဲ့တာ အနာဂတ်အကျိုးသက်သက် မဟုတ်ပါဘူး။ ပစ္စုပ္ပန်အကျိုး မြောက်မြားစွာကိုလည်း ထုတ်ဖော် ဟောကြားတော်မူထားပါတယ်။ ဒါနဟာ ပစ္စုပ္ပန်မှာလည်း အလွန်အကျိုးများတဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ ဒါနဝါသနာပါသူနှင့် မပါသူတို့ရဲ့စိတ်နေသဘောထား အလွန်ကွာခြားကြောင်း ဆက်ဆံကြည့်ရင် သိနိုင်ပါတယ်။ ဒါနသမားဟာ မေတ္တာကရုဏာစိတ် ကြီးမားတတ်ပါတယ်။ အများအတွက် အမြဲစဉ်းစားတတ်ပါတယ်။ ဒါနသမား မဟုတ်သူကတော့ မေတ္တာကရုဏာအားနည်းပြီး မိမိအတွက်သာ စဉ်းစားတတ်ပါတယ်။ ဒါနရဲ့ ပစ္စုပ္ပန်အကျိုးတွေထဲက အချို့ကို ထုတ်ပြရရင် –

(က) ပေးကမ်းလှူဒါန်းလေ့ရှိသူဟာ အလှူခံပုဂ္ဂိုလ်များအပေါ် ချမ်းချမ်းသာသာဖြစ်စေလိုတဲ့ မေတ္တာတရားကြီးမားတတ်ပါတယ်။ ဒီမေတ္တာဓာတ်ကြောင့်ပဲ မြင်ရသူတိုင်း ချစ်ခင်လေးစားမှု ခံရပါတယ်။ အားပေးကူညီမှု ခံရပါတယ်။

(ခ) အရက်သမားကို အရက်သမားက ချဉ်းကပ်မိတ်ဆွေဖွဲ့သလို သူခိုးဓားပြကိုလည်း သူခိုးဓားပြလုပ်စားသူက အသိမိတ်ဆွေဖွဲ့တတ်ပါတယ်။ သူတို့အချင်းချင်း အသိမိတ်ဆွေဖြစ်တတ်ကြပါတယ်။ ဒီအတိုင်းပါပဲ ဒါနပြုလုပ်သူကို ဒါနဝါသနာပါသူတွေ၊ အလှူခံပုဂ္ဂိုလ်တွေက အသိမိတ်ဆွေဖွဲ့ကြပါတယ်။ သူတို့နှင့် အသိမိတ်ဆွေဖြစ်ရ

ပါတယ်။ အလျှုခံပုဂ္ဂိုလ်တွေထဲမှာ ပုတုဇဉ် သူတော်စင်များသာမက အရိယာပုဂ္ဂိုလ်ကြီးများပါ ပါနိုင်တာမို့ သူတို့ရဲ့ သွန်သင်မှု ညွှန်ပြမှုတွေကြောင့် ဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးတရားတွေကို ရရှိတတ်ပါတယ်။

(ဂ) အလှူခံပုဂ္ဂိုလ်များဟာ အကြောင်းအားလျော်စွာ ဟိုအရပ် ဒီအရပ် သွားတတ် ရောက်တတ်ကြပါတယ်။ ရောက်ရာအရပ်မှာ ဒါနပြုသူရဲ့ကောင်းသတင်းကို စကားစပ်မိတိုင်း ပြောဆိုတတ်ကြပါတယ်။ ဆိုင်းဘုတ်တင်စရာမလို၊ ကြော်ငြာကပ်စရာမလိုဘဲ ဒါနပြုသူရဲ့ကောင်းသတင်းဟာ အရပ်လေးမျက်နှာမှာ ပျံ့လွင့်နေတတ်ပါတယ်။

(ဃ) ဒါနပြုသူဟာ မိမိက လှူဒါန်း ထောက်ပံ့ထားသူဖြစ်လေတော့ ဘယ်လိုပုဂ္ဂိုလ်နှင့်ဆုံရဆုံရ၊ ဘယ်လိုပရိသတ်ထဲ ဝင်ရဝင်ရ စိတ်ထဲမှာ တွန့်ဆုတ်မှု၊ အားငယ်ကြောက်လန့်မှုမရှိပါဘူး။ ကြည်ကြည်လင်လင် ရဲရဲဝံ့ဝံ့ သွားလာပြောဆို ဆက်ဆံရတတ်ပါတယ်။ ဒါတွေဟာ ဒါနရဲ့ ပစ္စုပ္ပန်အကျိုးအချို့ ဖြစ်ပါတယ်။

အချုပ်အနေနှင့်ပြောရရင် ဒါနဟာ စွန့်လွှတ်မှုသက်သက်ဖြစ်လို့ သံသရာကိုရှည်စေနိုင်တဲ့တရား မဟုတ်ပါဘူး။ သံသရာကိုရှည်စေတာက တဏှာ ဥပါဒါန်သာဖြစ်ပါတယ်။ ဒါနသဘော တဏှာဥပါဒါန် သဘောကို နားလည်ရင် ဒီပြဿနာ အလိုလိုပြေရှင်းပြီးဖြစ်ပါလိမ့်မယ်။ ။

## မြေလျှိုးမိုးပျံစျာန်ရသူနှင့် ရဟန္တာ တူပါသလား ?

ဒါနှင့်ပတ်သက်လို့ ဖြစ်ရပ်သာဓကနှင့်ပြောရင် ပိုပြီးမြင်လွယ်မယ်ထင်ပါတယ်။

ရှင်တော်ဘုရား လက်ထက်တော်အခါက တစ်နေ့မှာ ရာဇဂြိုဟ်မြို့က သေဌေးကြီးတစ်ဦး သူ့အခြံအရံတွေနှင့်အတူ ဂင်္ဂါမြစ်ကို သွားပြီး ရေချိုးပါတယ်။ မြစ်ထဲမှာ စန္ဒကူးနီတုံးတစ်ခု မျောနေတာ တွေ့လို့ ဆယ်ယူလာခဲ့ပါတယ်။ သေဌေးကြီးက ဘာသာရေးကို စိတ်ဝင်စားသူ မဟုတ်ပါဘူး။ အိမ်ပြန်ရောက်တော့ "လောကကြီးမှာ ရဟန္တာလို့ဝန်ခံသူတွေ အများကြီးပဲ၊ ရာဇဂြိုဟ်ပတ်ဝန်းကျင်မှာလည်း သူရဟန္တာ ငါရဟန္တာနှင့် အမြဲကြားနေရတယ်၊ ငါလည်း ရဟန္တာကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဒီတော့ ရဟန္တာကို ကိုယ်တိုင်မြင်ရအောင် စမ်းသပ်ကြည့်မယ်၊ ရလာတဲ့စန္ဒကူးတုံးကို သပိတ်လုပ်ခိုင်းမယ်၊ သပိတ်ကို တိုင်တစ်ခုမှာချိတ်ဆွဲထားမယ်၊ ရဟန္တာမှန်ရင် ဈာန်ပျံပြီး သပိတ်ကိုယူပါလို့ ကြေညာရင်ကောင်းမယ်" လို့ စဉ်းစားမိပါတယ်။

ဒါနဲ့ စန္ဒကူးတုံးကို သပိတ်လုပ်ခိုင်းပြီး အတောင်ခြောက်ဆယ်မြင့်တဲ့တိုင်တစ်ခုကို သူ့အိမ်ရှေ့မှာ စိုက်ထူပါတယ်။ သပိတ်ကို တိုင်ထိပ်မှာချိတ်ပြီး "ရဟန္တာဟုတ်ရိုးမှန်ရင် ဈာန်ပျံပြီး သပိတ်ကိုယူပါ၊

သပိတ်ယူနိုင်သူကို မိသားစုတစ်ခုလုံးကိုးကွယ်မယ်” လို့ ရာဇဂြိုဟ် တစ်မြို့လုံးမှာ ကြေညာတော့တာပါပဲ။

ပုရာဏကဿပစတဲ့ တိတ္ထိဆရာကြီးတွေက သူတို့ရဟန္တာ အစစ်ဖြစ်တယ်၊ ဒါကြောင့် သပိတ်ကိုပေးပါလို့ လာတောင်းကြတယ်။ သေဋ္ဌေးကြီးကလည်း ခပ်တင်းတင်းပဲ။ ဈာန်ပျံပြီး ကိုယ့်အစွမ်းအစနှင့် ယူနိုင်ရင်တက်ယူပါ။ ဒီအတိုင်းတော့ မပေးနိုင်ဘူးလို့ ငြင်းလွှတ်တယ်။ အချို့တိတ္ထိဆရာတွေက စိတ်မရှည်တဲ့ပုံစံမျိုးနှင့် ဒီလောက်ဖြစ်နေ ရင်လည်း ယူမယ်ဆိုပြီး လက်တွေ ခြေထောက်တွေမြှောက်ပြီး အပေါ်ပျံ တက်မယ့်ပုံစံလုပ်ကြတယ်။ ဒီအခါမှာ တပည့်တွေက ဝိုင်းဝန်းဆွဲ ထားပြီး ဒီသပိတ်ကလေးတစ်လုံးအတွက်နှင့် အထူးလျှို့ဝှက်ထား ရမယ့်ဈာန်တရားကို မသုံးပါနှင့်လို့ တောင်းပန်ကြတယ်။ ဒီလိုနဲ့ ခြောက်ရက်သာကုန်သွားတယ် ဘယ်သူမှလာမယူသေးဘူး။ တိတ္ထိ ဆရာကြီးတွေကလည်း ဟိုကဒီက နီးစပ်ရာအဆက်အသွယ်တွေနှင့် လာတောင်းဆဲပဲ။ ရာဇဂြိုဟ်တစ်နယ်လုံးလည်း ဒီကိစ္စကို စိတ်ဝင် တစား စောင့်ကြည့်နေကြတယ်။

ခုနစ်ရက်မြောက်မှာတော့ အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့ ရာဇဂြိုဟ်မြို့ထဲဆွမ်းခံကြွဖို့ မြို့ပြင်တစ်နေရာ ကျောက်ဖျာတစ်ခု ပေါ်မှာ သင်္ကန်းရုံတော်မူနေကြတယ်။ ဒီအချိန် အနားကဖြတ်သွားတဲ့ အရက်သမားတစ်စုက “လောကကြီးမှာ ကိုယ့်ကိုယ်ကို ရဟန္တာလို့ ဝန်ခံသူတွေများပေမဲ့ လက်တွေ့မှာတော့ ရဟန္တာမရှိတာ ထင်ရှားနေပြီ။ တကယ်ရှိရင် ရာဇဂြိုဟ်သေဋ္ဌေးသပိတ်ကိုယူပြမှာပဲ။ ခုဆိုရင် ခုနစ်ရက် ရှိနေပြီ၊ တကယ်မရှိလို့ မယူနိုင်တာပါ” လို့ သူတို့အချင်းချင်း ပြောသွား ကြတယ်။ အရှင်မောဂ္ဂလာန်တို့ကိုမြင်လို့ စောင်းပြောတာ ဖြစ်ရင်လည်း

ဖြစ်မှာပါ။ ဒီလို သာသနာတော်ကို ထိပါးစော်ကားလာတဲ့စကားကို ကြားရတော့ အရှင်မောဂ္ဂလာန်မထေရ်မြတ်က အရှင်ပိဏ္ဍောလကို သပိတ်ယူဖို့ တာဝန်ပေးလိုက်ပါတယ်။ အရှင်ပိဏ္ဍောလဟာ သုံးဂါဝုတ်ခန့်ရှိတဲ့ကျောက်ဖျာကြီးကို အဘိညာဉ်တန်ခိုးနှင့်ယူဆောင်ပြီး ရာဇဂြိုဟ်မြို့ပေါ်က ခုနစ်ကြိမ်ပတ်ပြလိုက်ပါတယ်။ လူတွေက ကျောက်ဖျာ ပြုတ်ကျမှာကြောက်လို့ တောင်းပန်ကြတော့မှ ကျောက်ဖျာကို မူလနေရာမှာထားပြီး သေဋ္ဌေးကြီးရဲ့အိမ်အထက် ကောင်းကင်မှာ ရပ်တော်မူနေပါတယ်။ ဒီအခါကျတော့မှ သေဋ္ဌေးကြီးက အားရဝမ်းသာ ရှိခိုးပြီး အောက်သို့ကြွတော်မူဖို့ လျှောက်ထားတယ်။ မထေရ်မြတ်ကြွလာတော့ စန္ဒကူးသပိတ်မှာ စတုမဓုအပြည့်ထည့်ပြီး ကပ်လှူပါတယ်။

ဒီဖြစ်ရပ်တွေကို လေ့လာကြည့်ရင် ရာဇဂြိုဟ်သေဋ္ဌေးနှင့် အရက်သမားတစ်စုရဲ့ထင်မြင်ချက်ကိုတွေ့နိုင်ပါတယ်။ ဘာလဲဆိုရင်– ရဟန္တာဆိုရင် တန်ခိုးပြနိုင်တယ်၊ တန်ခိုးပြနိုင်ရင် ရဟန္တာဖြစ်ပြီဆိုတဲ့ အယူအဆ ဖြစ်ပါတယ်။ သူတို့သာမဟုတ်ပါဘူး၊ ဒီကိစ္စကို စိတ်ဝင်တစားစောင့်ကြည့်သူ အများစုလည်း ဒီလိုထင်မြင်မှုရှိကြပါတယ်။ ဒါက ရှင်တော်ဘုရား သက်တော်ထင်ရှားရှိတဲ့ခေတ်၊ ရဟန္တာတွေ အဘိညာဉ်ရပုဂ္ဂိုလ်တွေ အထူးပေါ်များတဲ့ခေတ်မှာ ဒီအယူအဆ ရှိနေတာဖြစ်ပါတယ်။ ယနေ့လိုခေတ်မှာတော့ ဒီအယူအဆ ပိုပြီး ကျယ်ပြန့်ပါတယ်။ နေရာအတော်များများမှာ ဒီအတွေးအခေါ်ကို မကြာမကြာ တွေ့နေရကြားနေရပါတယ်။

တန်ခိုးပြမှုနှင့်ပတ်သက်လို့ နည်းနည်းလေ့လာကြည့်မယ်ဆိုရင်–ဇာတ်တော်တွေမှာ တန်ခိုးပြနိုင်တဲ့ရသေ့တွေ မကြာမကြာ တွေ့ရတတ်ပါတယ်။ ဆိုပါစို့ – မုဒုလက္ခဏဇာတ်တော်မှာ နန်းတော်ကို

ဆွမ်းခံကြွတဲ့ အလောင်းတော်ရသေ့လိုပေါ့။ အလောင်းတော်ရသေ့က ဈာန်အဘိညာဉ်နှင့် ပြည့်စုံတာမို့ ဟိုဟိုဒီဒီသွားတဲ့အခါ ကောင်းကင်ခရီးကကြွလေ့ရှိပါတယ်။ ဆွမ်းခံကြွတဲ့အခါလည်း နန်းတော် အပေါ်ထပ်တံခါးကနေ နန်းတော်ထဲဝင်လေ့ရှိပါတယ်။ တစ်ခါတော့ အလောင်းတော်ရသေ့ ဆွမ်းခံကြွအလာကိုစောင့်ရင်း သလွန်ပေါ်မှာ အိပ်ပျော်သွားတဲ့ မိဖုရားကြီးဟာ ရသေ့ကြွလာသံကိုကြားလို့ ရုတ်တရက်အထမှာ အဝတ်လျောကျသွားပါတော့တယ်။ ရုတ်တရက် ကြုံလိုက်ရတဲ့ အလောင်းတော်ရသေ့ဟာ စိတ်ကိုထိန်းဖို့မေ့လျော့ပြီး မိဖုရားကြီးအပေါ် စွဲလမ်းစိတ် ပြင်းပြစွာ ဖြစ်ပေါ်ခဲ့ပါတော့တယ်။ ဒါကြောင့် နန်းတော်ကအပြန်မှာ ဈာန်မပျံနိုင်တော့ဘဲ ခြေလျင်ကြွခဲ့ရပါတော့တယ်။ ဒီရသေ့လိုပဲ ဈာန်ပျံနိုင်တဲ့ရသေ့တွေ ဇာတ်တော်တွေမှာ အများအပြားတွေ့ရပါတယ်။

ပြီးတော့ ဘုရားအလောင်းတော်မွေးဖွားပြီး မကြာမီ အလောင်းတော်ကိုကြည့်ဖို့ ကပိလဝတ်နန်းတော်ကို ကြွလာတဲ့ ဒေဝိလရသေ့တို့၊ အလောင်းတော် ဒုက္ကရစရိယာကျင့်စဉ်က နည်းခံခဲ့တဲ့ အာဠာရ ရသေ့၊ ဥဒကရသေ့တို့ဟာ ထိတ်ထိတ်ကြဲ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ ဒီပုဂ္ဂိုလ်တွေအားလုံးဟာ သာသနာပြင်ပမှာ ဈာန်အဘိညာဉ်ကို ရရှိသူတွေ ဖြစ်ကြပါတယ်။ ဒါတွေဟာ သာသနာပြင်ပမှာလည်း ဈာန်အဘိညာဉ်ကို ရနိုင်ကြောင်း သာဓကတွေ ဖြစ်ပါတယ်။

သာသနာတွင်းမှာ ကြည့်မယ်ဆိုရင် အရှင်ဒေဝဒတ်ဆိုတာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ပါ။ သူ့အဘိညာဉ် အစွမ်းအစကိုပြပြီး အဇာတသတ်မင်းသားကို စည်းရုံးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ပြီးတော့ စေတိယတိုင်း ဘဒ္ဒဝတိကာမြို့အနီးက သရက်ပင်ဆိပ်မှာ အင်မတန် တန်ခိုး

ကြီးတဲ့ နဂါးကြီးတစ်ကောင်ရှိပါတယ်။ ဒီနဂါးကြီးကို မထေရ်မြတ် တစ်ပါးက အဘိညာဉ်တန်ခိုးနှင့် နှိမ်နင်းတော်မူခဲ့ပါတယ်။ သူကတော့ အရှင်သာဂတ မထေရ်ပါ။ ဒီမထေရ်မြတ်ဟာလည်း အဲဒီအချိန်က ရဟန္တာ မဟုတ်သေးပါဘူး။ ဈာန်အဘိညာဉ်ကိုသာ ရတာပါ။

ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတွေဘက်ကိုလှေ့လာကြည့်ရင်- သာသနာ့သမိုင်းမှာထင်ရှားတဲ့ စက္ခုပါလ မထေရ်ဆိုတာ ရှိခဲ့ပါတယ်။ မထေရ်မြတ်ဟာ ဝိပဿနာကျင့်စဉ်သက်သက်နှင့် ရဟန္တာဖြစ်တော်မူ ခဲ့တာမို့ ဈာန်အဘိညာဉ် ရတော်မမူပါဘူး။ မထေရ်မြတ်လိုပဲ ဈာန်အဘိ ညာဉ်မရဘဲ ရဟန္တာဖြစ်တော်မူသွားကြတဲ့ ပုဂ္ဂိုလ်မြတ်တွေ သာသနာ့ သမိုင်းမှာ အများကြီးပါ။

ဒါတွေအားလုံးကို ခြုံငုံသုံးသပ်လိုက်ရင် - ဈာန်အဘိညာဉ် ဆိုတာ လောကီတရားသာဖြစ်ပြီး ရဟန္တာလို့ ခေါ်နိုင်တဲ့ အရဟတ္တမဂ် ဖိုလ်ကတော့ လောကုတ္တရာတရားဖြစ်ပါတယ်။ ဈာန်အဘိညာဉ်ဟာ သမထကျင့်စဉ်ကြောင့်ရတာဖြစ်ပြီး၊ အရဟတ္တမဂ်ဖိုလ်ကတော့ ဝိပဿ နာကျင့်စဉ်ကြောင့်ရတာဖြစ်ပါတယ်။ ဈာန်အဘိညာဉ်ကို သာသနာ တွင်း၊ သာသနာပ နှစ်မျိုးလုံးမှာရနိုင်ပေမဲ့ အရဟတ္တမဂ်ဖိုလ်ကိုတော့ သာသနာတွင်းကာလမှာသာ ရနိုင်ပါတယ်။ သူတို့နှစ်ခုဟာ ဆိုင်ရာ အကုသိုလ်ကို ပယ်နိုင်ကြတာချင်း တူသယောင်ရှိပေမဲ့ ဈာန်အဘိ ညာဉ်က အခိုက်အတန့်ခွါထားတဲ့ သဘောလောက် ဖြစ်ပါတယ်။ ဒါကြောင့် ဈာန်အဘိညာဉ်ရ ရသေ့ ရဟန်းတွေ ကိလေသာစိတ် ဝင်လာတဲ့အခါ ဈာန်လျောတာ၊ ဈာန်ကွယ်ပျောက်တာတွေ ဖြစ်ကြ တာပါ။ အရဟတ္တမဂ်ဖိုလ်ကတော့ အကုသိုလ် ကိလေသာ နောက်ထပ် ဖြစ်စရာမရှိအောင် အပြီးတိုင်ပယ်တာမို့ ရဟန္တာအဖြစ်က လျောကျ

သွားတယ်လို့ မရှိတော့ပါဘူး။ ဈာန်အဘိညာဉ်ရဲ့ နောက်ဆုံးအကျိုးပေးက ဗြဟ္မာဘုံ၊ ဗြဟ္မာဘဝ ဖြစ်ပါတယ်။ သံသရာအတွင်းမှာသာ ဖြစ်ပါတယ်။ အရဟတ္တမဂ်ဖိုလ်ကတော့ ရုပ်နာမ်အားလုံး ချုပ်ငြိမ်းပြတ်စဲမှုကို ဖြစ်စေပါတယ်။ သံသရာနယ်ကိုကျော်ပြီး အသခ်တနယ်ကိုရောက်စေပါတယ်။ ဒါတွေဟာ ဈာန်အဘိညာဉ်နှင့် မဂ်ဖိုလ်တရားတို့ရဲ့ ထူးခြား ကွဲပြားမှုတွေ ဖြစ်ပါတယ်။

**ဒါကြောင့် ဈာန်အဘိညာဉ်ကိုရတိုင်း ရဟန္တာမဟုတ်ကြသလို၊ ရဟန္တာဖြစ်တိုင်းလည်း ဈာန်အဘိညာဉ်ကို မရကြဘူးဆိုတာ သိထားသင့်ပါတယ်။** အရှင်အနုရုဒ္ဓါ မထေရ်မြတ်တို့လို အဘိညာဉ်ကိုရပြီးနောက်မှ ရဟန္တာဖြစ်တော်မူကြတဲ့ မထေရ်မြတ်များရှိသလို၊ သမထနှင့်ဝိပဿနာကိုတွဲပြီး ကျင့်ကြံတော်မူကြလို့ ရဟန္တာဖြစ်တော်မူတာနှင့်အတူ ဈာန်အဘိညာဉ်ကို ရတော်မူကြတာလည်း ရှိပါတယ်။ အတိတ်ဘဝအဆက်ဆက်က ပါရမီဖြည့်ဆည်းခဲ့ကြတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေကတော့ ဂါထာတစ်ပုဒ်၊ အဆုံးအမတစ်ခု၊ တရားပွဲတစ်ခုအတွင်းမှာပဲ ရဟန္တာဖြစ်တော်မူတာနှင့်အတူ ဈာန်အဘိညာဉ်ကိုပါ ရတော်မူတတ်ကြပါတယ်။ ဒီလောက်ဆိုရင် မြေလျှိုးမိုးပျံဈာန်ရသူနှင့် ရဟန္တာတို့ကွဲပြားခြားနားချက်ကို သဘောပေါက်လောက်ပြီထင်ပါတယ်။

အများပြောဆိုကြတဲ့ ဈာန်နှင့်ပတ်သက်လို့ သိထားသင့်တာတွေ ရှိပါသေးတယ်။ မြေလျှိုးမိုးပျံနိုင်တာကို ဈာန်ရတယ်လို့ နားလည်တတ်ကြပါတယ်။ ဒီအဆင့်က ဈာန်ရရုံ သာမန်အဆင့်မဟုတ်ပါဘူး၊ ဈာန်ရှစ်ပါးလုံးကို ရရှိရမယ်။ ဒီဈာန်တွေကို အကြိမ်များစွာ အလေ့အလာလုပ်ရမယ်။ အထူးကျွမ်းကျင်အဆင့်ရောက်မှ ဈာန်ပျံနိုင်တဲ့ကိစ္စကို လုပ်နိုင်ပါတယ်။ ဒီလိုလုပ်နိုင်တာကို "အဘိညာဉ်"

လို့ စာပေမှာသုံးပါတယ်။ ဒီလိုအဘိညာဉ်အဆင့်ရောက်မှ မြေလျှိုးမိုးပျံ စတဲ့ ကိစ္စတွေကို လုပ်နိုင်တာဖြစ်ပါတယ်။

ပြီးတော့ အများစုသိနားလည်ကြတာက မြေလျှိုးမိုးပျံတာကိုသာ တန်ခိုးတစ်ခုလို့ သိနားလည်ကြတာ ဖြစ်ပါတယ်။ ဒါလည်း အများစု မြင်လွယ်တဲ့ကိစ္စမို့ ဖြစ်ပါလိမ့်မယ်။ ကျမ်းဂန်တွေမှာတော့ တန်ခိုးဣဒ္ဓိပါဒ်လို့ခေါ်တဲ့ အဘိညာဉ်(၇)မျိုးရှိကြောင်း ပြဆိုထားပါတယ်။

၁။ မြေလျှိုးမိုးပျံမှု၊ ရေပေါ်လမ်းလျှောက်မှု၊ ကောင်းကင်မှာ သွားရပ် ထိုင် လျောင်းပြုမှု၊ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းမှုစတဲ့ **ဣဒ္ဓိဝိဓ** အဘိညာဉ်။

၂။ အနီး အဝေး၊ အတိုး အကျယ်စတဲ့ အသံအားလုံးကိုကြားတဲ့ **ဒိဗ္ဗသောတ** အဘိညာဉ်။

၃။ သူတစ်ပါး စိတ်၊ အကြံအစည်ကိုသိတဲ့ **ပရစိတ္တဝိဇာနန** အဘိညာဉ်။

၄။ သတ္တဝါတစ်ဦးချင်း ရှေ့ကဖြစ်ခဲ့တဲ့ ဘုံဘဝ၊ အမျိုးအနွယ်၊ အမည်၊ အလုပ်အကိုင်၊ ချမ်းသာဆင်းရဲစတဲ့ ဆက်စပ်သမျှကို သိနိုင်တဲ့ **ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဉ်။

၅။ အနီး အဝေး၊ အကြီး အသေး၊ ရုပ်အဆင်းအားလုံးကိုမြင်တဲ့ **ဒိဗ္ဗစက္ခု** အဘိညာဉ်။

၆။ သတ္တဝါတွေရဲ့ ရှေ့ကပြုခဲ့တဲ့ကံနှင့် ဒီကံကြောင့် သွားရောက်ရတဲ့ ဘုံဘဝစတဲ့ ဆက်စပ်သမျှကိုသိတဲ့ **ယထာကမ္မူပဂ** အဘိညာဉ်။

၇။ သတ္တဝါတွေရဲ့ အနာဂတ်ကာလ ဖြစ်ရမယ့်ဘုံဘဝ၊ အမျိုးအနွယ်၊ အမည်၊ အလုပ်အကိုင်၊ ချမ်းသာ ဆင်းရဲစတဲ့ ဆက်စပ်

သမ္မာကို သိတဲ့ **အနာဂတံသ** အဘိညာဉ်-တို့ ဖြစ်ပါတယ်။

ယခုလူတွေ အသိများ အပြောများတဲ့ မြေလျှိုးမိုးပျံဆိုတာ "လောကီဝိဓ" အဘိညာဉ်ကို ပြောတာဖြစ်ပါတယ်။ ပုဂ္ဂိုလ်တိုင်းလည်း ပြဆိုခဲ့တဲ့ အဘိညာဉ်(၇)ပါးလုံးကို ရကြတာတော့မဟုတ်ပါဘူး။ အချို့ တစ်ခု၊ အချို့နှစ်ခု စသည်ဖြင့် မိမိတို့ ဉာဏ်စွမ်းအား၊ ပါရမီဓာတ်ခံ အလျောက် ရကြတာဖြစ်ပါတယ်။ အင်မတန် ဉာဏ်ထက်၊ ဝီရိယ အားကောင်းပြီး ပါရမီထူးရှိသူတွေသာ (၇)ပါးလုံးကို ရနိုင်ကြပါတယ်။

နောက်တစ်ခုက -

မြေလျှိုးမိုးပျံကိစ္စပြုလုပ်နိုင်သူ၊ ကြီးကျယ်တဲ့လုပ်ငန်းတွေကို ဩဇာအရှိန်အဝါသုံးပြီး ပြီးစီးအောင် ဆောင်ရွက်နိုင်သူစတဲ့ ပုဂ္ဂိုလ်ထူးတွေကို "တန်ခိုးကြီးသူ၊ လောကီပါဒ်ရှိသူ" လို့ ပြောဆိုတတ်ကြပါတယ်။ အများပြောဆိုကြတဲ့ အဲဒီတန်ခိုးဟာ ဆယ်မျိုးရှိတယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။

၁။ အဘိညာဉ်ရပုဂ္ဂိုလ်က လောကီဝိဓ အဘိညာဉ်ကိုဝင်စားပြီး "တစ်ယောက်က အများဖြစ်စေ၊ ကောင်းကင်သို့ပျံတက်စေ၊ ရေပေါ် လမ်းလျှောက်နိုင်စေ" စသည်ဖြင့် အဓိဋ္ဌာန်လို့ တစ်ယောက်က အများ ဖြစ်လာမှု၊ ကောင်းကင်ပျံမှု၊ ရေပြင်မှာလမ်းလျှောက်မှုစတဲ့ ကိစ္စရပ် တွေဟာ "**အဓိဋ္ဌာန်တန်ခိုး**" ဖြစ်ပါတယ်။

၂။ အဘိညာဉ်ရပုဂ္ဂိုလ်က လောကီဝိဓ အဘိညာဉ်ကိုဝင်စားပြီး ပင်ကိုရုပ်သွင်ကနေ လူ နတ် ဗြဟ္မာ ဘီလူး နဂါး ဂဠုန်စတဲ့ ရုပ်သွင် အမျိုးမျိုးကို ဖန်ဆင်းမှုဟာ "**ဝိကုဗ္ဗနိဒ္ဓိတန်ခိုး**" ဖြစ်ပါတယ်။

၃။ အဘိဉာဉ်ရပုဂ္ဂိုလ်က ဣဒ္ဓိဝိဓ အဘိဉာဉ်ကိုဝင်စားပြီး ကိုယ်ပွားများ အလိုရှိသလောက် ဖန်ဆင်း နိုင်မှုဟာ **"မနောမယိဒ္ဓိတန်ခိုး"** ဖြစ်ပါတယ်။

၄။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကြောင့်ဖြစ်စေ၊ အဲဒီဉာဏ်အရှိန် သတ္တိကြောင့်ဖြစ်စေ ဘေးအန္တရာယ်မှ လွတ်မြောက်မှု၊ အကုသိုလ်တရားများ ကင်းဝေးမှုကို **"ဉာဏဝိပ္ဖါရတန်ခိုး"** လို့ ခေါ်ပါတယ်။ ယခုဘဝ ရဟန္တာဖြစ်မယ့်သူဟာ ရဟန္တာမဖြစ်မီ ဘယ်လိုအန္တရာယ်နှင့်မဆို ကြုံရပေမဲ့ မသေနိုင်ပါဘူး။ ဥပမာပြောရရင်–မွေးကင်းစအရွယ် အရှင်ဗာကုလ မထေရ် အလောင်းအလျာကို မြစ်ဆိပ်မှာ ရေချိုးပေးနေစဉ် ငါးကြီးတစ်ကောင်က အစာမှတ်ထင်ပြီး မျိုသွားပါတယ်။ အခြားတစ်နေရာမှာ အဲဒီငါးကြီးကို တံငါတွေကဖမ်းမိပြီး သေဌေးတစ်ဦးကို ရောင်းလိုက်ပါတယ်။ သေဌေးကတော်ကြီးက ငါးဝမ်းဗိုက်ကို ခွဲလိုက်တော့ ကလေးကိုတွေ့လို့ သားအရင်းအဖြစ် မွေးစားလိုက်ပါတယ်။

နောက်တစ်ခုက သံကိစ္စသာမဏေရဲ့ဖြစ်ရပ်ပါ။ သာမဏေအလောင်း မွေးဖွားခါနီး မိခင်သေဆုံးသွားပါတယ်။ ဆွေမျိုးတွေက မိခင်အလောင်းကို ထင်းပုံပေါ်တင် မီးရှို့ကြပါတယ်။ မိခင်အလောင်းပြာကျသွားပေမဲ့ သန္ဓေအိမ်က မီးမလောင်ဘဲကျန်နေပါတယ်။ မီးငြိမ်းသွားတဲ့အခါ မီးမလောင်ဘဲကျန်နေတဲ့ ကလေးကိုတွေ့တော့မှ ကျွေးမွေးစောင့်ရှောက်ကြရပါတယ်။ ဒါတွေဟာ အရဟတ္တမဂ်ဖိုလ်ဉာဏ်ကို မရသေးပေမဲ့ ဒီဘဝမှာ မုချရမယ့် အရဟတ္တမဂ်ဖိုလ်ဉာဏ်ရဲ့ အရှိန်သတ္တိကြောင့် သေဘေးမှ လွတ်မြောက်ကြရတာ ဖြစ်ပါတယ်။

ဆိုင်ရာကျင့်စဉ် ဆိုင်ရာမဂ်ဖိုလ်တရားကြောင့် ဆိုင်ရာဆိုင်ရာ အကုသိုလ်တရားတွေ ကွယ်ပျောက်ကင်းစင်သွားတာဟာ သက်ဆိုင်ရာဉာဏ်ရဲ့ အစွမ်းသတ္တိကြောင့်ဖြစ်ပါတယ်။

၅။ သမာဓိအစွမ်းကြောင့် ဘေးအန္တရာယ် မရောက်နိုင်မှု၊ သူတစ်ပါး မဖျက်ဆီးနိုင်မှုကို **"သမာဓိဝိပ္ဖါရတန်ခိုး"** လို့ ခေါ်ပါတယ်။

တစ်ခါက တိမ်ကင်းစင်တဲ့ လပြည့်ညတစ်ညမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်မြတ်တို့ဟာ တပေါဒါချောက်ဘေးက ကျောက်ဖျာမှာ သမာပတ်ဝင်စားတော်မူနေကြပါတယ်။ ခေါင်းရိတ်ပြီးစဖြစ်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ရဲ့ ဦးခေါင်းတော်ဟာ လရောင်ဟပ်တာကြောင့် အရောင်ထွက်နေပါသတဲ့။ အနားကဖြတ်သွားတဲ့ ဘီလူးတစ်ကောင်ဟာ မထေရ်မြတ်ဦးခေါင်းကို မြင်တော့ အလိုလိုနေရင်း ရိုက်ကြည့်ချင်နေသတဲ့။ ဒါနဲ့ ပါလာတဲ့ တင်းပုတ်နှင့်ထုလိုက်တာ မိုးခြိမ်းသံလောက် မြည်ဟည်းသွားပါသတဲ့။ သာမန်လူဆိုရင် အရိုးအသားတွေ ကြေမွသွားမှာပါ။ မထေရ်မြတ်မှာတော့ သမာပတ်သမာဓိကြောင့် ရိုက်မှန်းလည်းမသိ၊ နာကျင်မှုလည်းမရှိပါဘူး။

ပြီးတော့ အရှင်သဥ္စိဝဆိုတဲ့ မထေရ်မြတ်တစ်ပါးရဲ့ ဖြစ်ရပ်လည်းရှိပါသေးတယ်။ မထေရ်မြတ်ဟာ လမ်းဘေးတစ်နေရာ ခြုံတစ်ခုကိုဝင်ပြီး သမာပတ်ဝင်စားတော်မူနေပါတယ်။ ဒါကို နွားကျောင်းသားလေးတွေတွေ့တော့ မလှုပ်မယှက်မို့လို့ သေပြီလို့ ထင်သွားကြတယ်။ အနီးအနားက ရတတ်ရာရာ သစ်ရွက်၊ ထင်း၊ မြက်ခြောက်တွေ ရှာဖွေစုပုံပြီး မီးရှို့ကြတော့တယ်။ ဒါပေမဲ့ သောင်စာကုန်လို့ မီးသာငြိမ်း

သွားတယ်၊ အရှင်မြတ်ရဲ့ အသွေးအသားကို အသာထား ဝတ်တော်မူထားတဲ့ သင်္ကန်းကိုပင် မီးမဟပ်ပါဘူး။ ဒါတွေဟာ သမာပတ်သမာဓိရဲ့ အစွမ်းသတ္တိတန်ခိုး ဖြစ်ပါတယ်။

၆။ စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ်မဟုတ်သလို နှလုံးသွင်းနိုင်မှု၊ စွဲလမ်းနှစ်သက်ဖွယ်အာရုံကို စက်ဆုပ်ရွံရှာဖွယ်လို နှလုံးသွင်းနိုင်မှု၊ စက်ဆုပ်ဖွယ်၊ နှစ်သက်ဖွယ် နှစ်မျိုးလုံးကို လျစ်လျူရှုနေနိုင်မှုစတဲ့ အလိုရှိသလို နှလုံးသွင်းနေနိုင်မှုဟာ အရိယာပုဂ္ဂိုလ်တွေရဲ့ အစွမ်းသတ္တိဖြစ်လို့ **"အရိယာတန်ခိုး"** လို့ ခေါ်ပါတယ်။

တစ်ခါက အရှင်မဟာကဿပ မထေရ်မြတ်ဟာ အနာကြီးရောဂါသည်တစ်ဦးကို ချီးမြှောက်လိုလို့ ရောဂါသည်ရဲ့အိမ်ပေါက်မှာ ဆွမ်းရပ်တော်မူပါတယ်။ ရောဂါသည်က အားရဝမ်းသာ ဆွမ်းထွက်လောင်းပါတယ်။ ဆွမ်းလောင်းစဉ်မှာပဲ ပုပ်ပွဆွေးရိပြီး သွေးပုပ်ပြည်ပုပ်တွေ ပေကျံနေတဲ့ လက်ချောင်းတစ်ချောင်း သပိတ်ထဲမှာ ပြတ်ကျကျန်ခဲ့ပါတော့တယ်။ မထေရ်မြတ်ကိုယ်တိုင်လည်း ဒါကိုမြင်တော်မူပါတယ်။ မထေရ်မြတ်ဟာ ရောဂါသည် ဆွမ်းဒကာ သဒ္ဓါတရားတိုးစေလိုလို့ သူမြင်လောက်ရာ အနီးအနား တစ်နေရာမှာ ထိုင်ပြီး လက်ချောင်းပြတ်ကလေးကို ဖယ်ကာဖယ်ကာ ဆွမ်းဘုဉ်းပေးတော်မူပါတယ်။ ဒီကိစ္စမျိုးဟာ ပုထုဇဉ်တွေအတွက် စိတ်ကူးဖို့ပင် မလွယ်ကူလှပေမဲ့ အရိယာအရှင်သူမြတ်များမှာတော့ ကြုံလာတဲ့အာရုံကို အလိုရှိသလို နှလုံးသွင်းတော်မူနိုင်ကြလို့ ဒီလို ပြုမူနိုင်ကြတာ ဖြစ်ပါတယ်။

၇။ ကံတရားရဲ့ အများနှင့်မတူ ထူးခြားတဲ့အစွမ်းသတ္တိကို

**"ကမ္မဇိဒ္ဓိတန်ခိုး"** လို့ ခေါ်ပါတယ်။ နတ်တွေ၊ နဂါးတွေ၊ အသူရာတွေ၊ အချို့ပြိတ္တာတွေ၊ တစ္ဆေတွေဟာ ဈာန်အဘိညာဉ် မရကြပါဘူး။ ဒါပေမဲ့ ကောင်းကင်မှာ သွားလာနိုင်ကြပါတယ်။ ကိုယ်ဖျောက်မှု၊ ကိုယ်ထင် ပြမှု၊ ရုပ်သွင်အမျိုးမျိုးဖန်ဆင်းပြမှု စတဲ့ကိစ္စတွေကို လုပ်နိုင်ကြပါ တယ်။ ဒါဟာ ကံတရားရဲ့ ထူးခြားတဲ့အကျိုးပေးကြောင့် ဖြစ်ပါတယ်။

၈။ ထူးခြားတဲ့ ကုသိုလ်ရှင် ဘုန်းကံရှင်ရဲ့ အစွမ်းသတ္တိကို **"ပုညဝတောသိဒ္ဓိတန်ခိုး"** လို့ ခေါ်ပါတယ်။ ဈာန်အဘိညာဉ် မရပေမဲ့ စကြာဝတေးမင်းကြီး ကောင်းကင်မှာ လှည့်လည်သွားလာနိုင်မှု၊ အလို ရှိရင် ဆင်တွေ မြင်းတွေပါမကျန် စစ်တပ်ကြီးတစ်ခုလုံးကို ခေါ်ဆောင် ပျံသွားနိုင်မှု၊ လိုက်လိုတဲ့ပရိသတ်တွေလည်း လိုက်ပါနိုင်မှု စသည်ဖြစ် ပါတယ်။ ဒီကိစ္စရပ်တွေဟာ ထူးခြားတဲ့ဘုန်းကံရှင်ရဲ့ အစွမ်းသတ္တိ ဖြစ်ပါတယ်။

၉။ ဝိဇ္ဇာဓိုရ်၊ ဇော်ဂျီတွေရဲ့ အတတ်ပညာအစွမ်းသတ္တိကို **"ဝိဇ္ဇာမယိဒ္ဓိတန်ခိုး"** လို့ ခေါ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ မန္တာန်၊ အင်း၊ ဆေးစတဲ့ အတတ်ပညာ၊ ဓာတ်လုံးစတဲ့ အဆောင်ပစ္စည်းတွေကြောင့် မြေလျှိုးမိုးပျံနိုင်ကြပါတယ်။ ဆင်တပ်၊ မြင်းတပ်စတဲ့ မိမိပြလိုတဲ့အရာ တွေကို ကောင်းကင်မှာ ပြသနိုင်ကြပါတယ်။ ဒါဟာ သူတို့ရဲ့ ပညာရပ် တန်ခိုးအစွမ်းဖြစ်ပါတယ်။

၁၀။ နည်းမှန်လမ်းမှန် လုပ်ကိုင်ဆောင်ရွက်လို့ ဆိုင်ရာကိစ္စ

အောင်မြင်ပြီးမြောက်မှုကို **"သမ္မာပယောဂပစ္စယိဒ္ဓိတန်ခိုး"** လို့ခေါ်ပါတယ်။ ဓာတုဗေဒ၊ ဇီဝဗေဒပညာရပ်တွေ၊ ဆေး၊ ဗေဒင်၊ စစ်ပညာရပ်တွေ၊ စိုက်ပျိုးရေး မွေးမြူရေးစတဲ့ ပညာရပ်တွေကို အခြေခံကျကျသင်ကြားမယ်။ ကျွမ်းကျင်အဆင့်ရောက်အောင် လေ့ကျင့်မယ်။ ကျွမ်းကျင်လာတဲ့အခါ သက်ဆိုင်ရာပညာရပ်နှင့် ပတ်သက်တဲ့ကိစ္စတွေကို ပြီးစီးအောင် ဆောင်ရွက်နိုင်မှု ဖြစ်ပါတယ်။ သက်ဆိုင်ရာပညာရပ်ကို ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပြီး သက်ဆိုင်ရာကိစ္စကို ဒီလို ပြီးစီးအောင် ဆောင်ရွက်နိုင်မှုကို "တန်ခိုး" လို့ ဆိုလိုတာဖြစ်ပါတယ်။

ဒါက လူအများပြောနေကြတဲ့ တန်ခိုးနှင့်စပ်ပြီး တန်ခိုးအမျိုးမျိုးရှိကြောင်းကို ထုတ်ဖော်လေ့လာကြည့်တာ ဖြစ်ပါတယ်။ ။

## အလှူအတန်းကိစ္စမှာ
## ရေစက်ချမှ ကုသိုလ်အထမြောက်ပါသလား ?

ဒါနဆိုတာ စွန့်လွှတ်ခြင်း သဘောပါ။ ကိုယ်ပိုင်ပစ္စည်း ဝတ္ထုကို အလှူခံပုဂ္ဂိုလ်ဆီမှာ ကာယကံမြောက်ဖြစ်ဖြစ်၊ နှုတ်ကရွတ်ဆိုပြီး ဝစီကံမြောက်ဖြစ်ဖြစ် စွန့်လွှတ်လှူဒါန်းလိုက်ရင် ဒါန အထမြောက်သွားပါပြီ။ ကုသိုလ် အထမြောက်သွားပါပြီ။ **ပုညကိရိယဝတ္ထု** လို့ခေါ်တဲ့ ကုသိုလ်ဖြစ်ကြောင်းတရားတွေကို လေ့လာကြည့်ရင်လည်း သီလဆောက်တည်မှု၊ ဘာဝနာပွားများမှု၊ အရိအသေပြုမှု၊ ဝတ်ကြီး ဝတ်ငယ်ပြုမှု စတဲ့အလုပ်တွေဟာ သက်ဆိုင်ရာအလုပ်ကို လုပ်လိုက်တာနှင့် ကုသိုလ် အထမြောက်သွားပြီးဖြစ်ကြောင်း တွေ့နိုင်ပါတယ်။

အကုသိုလ်အရာမှာလည်း ဒီအတိုင်းပါပဲ။ သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု စတဲ့ကိစ္စတွေမှာ သက်ဆိုင်ရာအလုပ်ကို လုပ်လိုက်တာနှင့် အကုသိုလ် အထမြောက်သွားပြီး ဖြစ်ပါတယ်။

**ဒါဆိုရင် ရေစက်ချမှုဟာ အကျိုးမရှိ အလဟဿအလုပ်လားလို့ မေးစရာရှိပါတယ်။** ဒီလိုတော့ မဟုတ်ပါဘူး။ ရေစက်ချမှုဟာ အလွန်လေးနက်တဲ့ အဓိပ္ပါယ်ရှိပါတယ်။ အကျိုးတရားပေါင်းမြောက်မြားစွာကို မျှော်ကိုးပြီး ပညာရှိသူတော်ကောင်းကြီးများ လက်ခံကျင့်

သုံးကြတဲ့ အစဉ်အလာတစ်ခုဖြစ်ပါတယ်။ အကျိုးရှိလို့သာ ရှေးက တည်းက လုပ်ခဲ့ကြသလို ယခုလည်း လုပ်ကြဆဲဖြစ်ပါတယ်။

ဥပမာ–အိမ်တစ်အိမ်မှာ သံဃာငါးပါးပင့်ပြီး ဆွမ်းကပ်တယ် ဆိုပါစို့။ စားသောက်ဖွယ်ရာတွေကို လက်နှင့်ကိုင်ပြီး သံဃာတော်တွေ ကိုကပ်လှူလိုက်ကတည်းက ဒါနအထမြောက်သွားပါပြီ။ သံဃာတော် များဘုဉ်းပေးပြီးနောက် သီလယူကြမယ်။ ပရိတ်တရားနာကြမယ်။ အနုမောဒနာတရားနာကြမယ်။ ပြီးတော့ ရေစက်ချကြမယ်။ (အချို့ သီလယူ၊ ပရိတ်နာ၊ တရားနာ၊ ရေစက်ချကိစ္စကို ဆွမ်းမကပ်မီ ကြိုတင် လုပ်ကြတာလည်း ရှိတတ်ပါတယ်) ဒါတွေဟာ အလှူအတန်းကိစ္စမှာ လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ပါတယ်။

ဒီထဲက ရေစက်ချသဘောကိုလေ့လာကြည့်ရင် -

**(က) ဘယ်လိုကုသိုလ်ကို ဘယ်လိုရည်ရွယ်ချက်နှင့်လုပ် တယ်ဆိုတဲ့အပိုင်းရယ်။**

**(ခ) လိုရာဆုကိုတောင်းတဲ့အပိုင်းရယ်။**

**(ဂ) ကုသိုလ်အဖို့ဘာဂ အမျှပေးဝေတဲ့အပိုင်းရယ်လို့ အကြမ်းဖျင်း သုံးပိုင်း ခွဲခြားကြည့်နိုင်ပါတယ်။**

(က)အပိုင်းက လှူဒါန်းနေစဉ်မှာ အလှူကြီးကျယ်ရင်ကြီး ကျယ်သလောက် အလှူကိစ္စ ဆောင်ရွက်နေရတာကြောင့် လှူဒါန်းမှု နှင့်စပ်လို့ သိသင့်နားလည်သင့်တာတွေကို အာရုံမစိုက်အား ဖြစ်တတ် ပါတယ်။ အနုမောဒနာတရားဟောတဲ့အခါ ဆရာတော် သံဃာတော် များက သိသင့်သိထိုက်တာတွေကို ဟောတော်မူတတ်ကြပါတယ်။ ဒါကြောင့် အလှူနှင့်စပ်ပြီး စိတ်ထားတတ်မှုတွေ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုတွေ၊ ကံနှင့်ကံအကျိုးပေးကိုယုံကြည်တဲ့ ကမ္မဿကတာဉာဏ်နှင့်

သံသရာဆင်းရဲ ဘဝဒုက္ခအမျိုးမျိုးကို ကြောက်လန့်ငြီးငွေ့တဲ့ အသိဉာဏ်တွေကို ဖြစ်ပေါ်စေပါတယ်။ ဒါတင်မကပါဘူး၊ မိမိတို့လှူဒါန်းမှုကို ကိုယ်တိုင်ကိုယ်ကျ ကာယကံမြောက်ပြုလုပ်ရုံမက နှုတ်ကပါရွတ်ဆိုပြီး ဝစီကံမြောက်လှူဒါန်းမှုကိုလည်း ဖြစ်စေပါတယ်။

(ခ)အပိုင်းကတော့ အလှူအတန်းလုပ်ပေမဲ့ ဘာဆုမှမတောင်းမိဘဲ အများအားဖြင့် အမှတ်တမဲ့ ပြီးသွားတတ်ကြပါတယ်။ ဒါကြောင့် ဆုတစ်ခုခုတောင်းဖြစ်အောင် စီမံဆောင်ရွက်တဲ့သဘောဖြစ်ပါတယ်။

(ဂ)အပိုင်းက မိမိပြုလုပ်တဲ့ကုသိုလ်ကို အများရရှိအောင်ပေးဝေတဲ့ ပတ္တိဒါန၊ အများကဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တဲ့ ပတ္တာနုမောဒနကုသိုလ်တွေ ထပ်ဆင့်ပြီးတိုးပွားအောင် စီမံဆောင်ရွက်တဲ့သဘောဖြစ်ပါတယ်။

ဒီကိစ္စတွေအားလုံးကိုခြုံကြည့်ရင် အပြစ်ကင်းပြီး အများအကျိုးရှိတဲ့အလုပ်၊ ကုသိုလ်တိုးပွားတဲ့အလုပ်ဖြစ်လို့ ပညာရှိသူတော်ကောင်းကြီးများကိုယ်တိုင် လက်ခံ ကျင့်သုံးတော်မူခဲ့ကြတာဖြစ်ပါတယ်။

**ရေစက်ချလှူဒါန်းမှုသမိုင်းကိုလေ့လာကြည့်ရင် –**

ရေစက်ချလှူဒါန်းမှုဟာ ရှေးရှေးကတည်းကရှိခဲ့တဲ့ အစဉ်အလာတစ်ခုဖြစ်ပါတယ်။ လက်လှမ်းမီသလောက် လေ့လာကြည့်တော့ ရေစက်ချလှူဒါန်းကြတဲ့အထောက်အထားတွေ ကျမ်းဂန်မှာ အများအပြားတွေ့ရပါတယ်။ ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်ကိုလှူခန်း၊ အနာထပိဏ်သေဌေး ဇေတဝန်ကျောင်းလှူပွဲ၊ ဒေဝါနံ ပိယတိဿမင်းကြီး မေဃဝ[illegible]ယျာဉ်လှူပွဲ၊ နန္ဒိယသူကြွယ် ဣသိပတနကျောင်း

လှူပွဲ၊ စိတ္တသုကြွယ် ကျောင်းလှူပွဲစတဲ့ အလှူပွဲတွေမှာ ရေစက်ချ လှူဒါန်းကြတာကိုတွေ့ရပါတယ်။

ရေစက်ချပုံကတော့ ကာလဒေသကွဲပြားသည့်အလျောက် မတူညီကြပါဘူး။ ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ကျောင်းလှူပွဲ၊ အနာထပိဏ်သေဋ္ဌေး ဇေတဝန်ကျောင်းလှူပွဲစတဲ့ နေရာတွေမှာ အလှူခံပုဂ္ဂိုလ်ရဲ့လက်ကို ရေသွန်းလောင်းပြီး လှူဒါန်းကြောင်းတွေ့ရပါတယ်။

ဘုရားဆင်းတုတော် ရုပ်ပွားတော်များကို ဆွမ်း ဆီမီးစသည် လှူပြီး ရေစက်ချတဲ့အခါမှာတော့ ရေခွက်တစ်ခုမှရေကို ရေခံခွက်တစ်ခုထဲသို့ သွန်းလောင်းလှူဒါန်းကြောင်းတွေ့ရပါတယ်။ အထူးသဖြင့် ကိုင်တွယ်လို့ရတဲ့အရာဆိုရင် ရေစက်ချလှူဒါန်းပြီးနောက်မှ လှူဖွယ်ပစ္စည်းကို လှူဒါန်းကြကြောင်းတွေ့ရပါတယ်။

မျက်မှောက်ခေတ်မှာတော့ ရေခံခွက်တစ်ခုထဲသို့ ရေတစ်စက်ချင်းချပြီး ရေစက်ချကိစ္စဆောင်ရွက်တတ်ကြသလို၊ အချို့နေရာတွေမှာ ရေစက်ခွက်မသုံးဘဲ နှုတ်ကရွတ်ဆို ရေစက်ချကိစ္စဆောင်ရွက်ကြတာကိုလည်းတွေ့ရပါတယ်။ ဒါက ရေစက်ချမှုနှင့်စပ်လို့ လက်လှမ်းမီသလောက် လေ့လာကြည့်တာဖြစ်ပါတယ်။

**နောက်တစ်ခုက အလှူအတန်းပြုလုပ်တဲ့အခါ အခြားအရာဝတ္ထုတွေကိုမသုံးဘဲ "ရေစက်ချ" ဆိုပြီး ရေကိုသာ အလှူရဲ့သင်္ကေတအဖြစ် အသုံးပြုတဲ့ရည်ရွယ်ချက်ကို လေ့လာကြည့်သင့်ပါတယ်။**

လေ့လာမိသလောက် ကျမ်းအထောက်အထား ခုထိမတွေ့ရသေးပါဘူး။ ရေကိုအသုံးပြုခြင်းဟာ လေးနက်တဲ့အဓိပ္ပါယ်ကိုဆောင်ကြောင်း ပညာရှင်များ မိန့်ဆိုချက်ကိုတော့ ကြားဖူး မှတ်သားဖူးပါတယ်။

"ညစ်ပတ်ပေရေနေတဲ့အရာဝတ္ထုကို ရေနှင့်သာ စင်ကြယ်အောင်လုပ်နိုင်တာဖြစ်လို့ ရေဟာ ဖြူစင်ခြင်း စင်ကြယ်ခြင်းနိမိတ်ကို ဆောင်တယ်။ လှူဒါန်းမှုမှာ ရေကို အသုံးပြုခြင်းဟာ အလှူပစ္စည်းဝတ္ထုအပေါ် တွယ်တာမှု (တဏှာ)၊ ဝန်တိုမှု (မစ္ဆရိယ) စတဲ့ အကုသိုလ်အညစ်အကြေးများ အလှူရှင်မှာ ကင်းရှင်းစင်ကြယ်တဲ့ သင်္ကေတကို ဖော်ပြတာဖြစ်တယ်"။

နောက်တစ်ခုက "ခွက်ထဲကသွန်ချလိုက်တဲ့ရေဟာ အောက်သို့လျောကျတဲ့အခါ အတားအဆီး အပိတ်အပင် မရှိသလို၊ လှူဒါန်းတဲ့ ပစ္စည်းဝတ္ထုအပေါ် ငြိကပ်မှု ပြန်လိုချင်မှုဆိုတဲ့ ပိတ်ဆို့တားဆီးမှု မရှိကြောင်းကို ရေနှင့် ဖော်ညွှန်းတာဖြစ်တယ်"။

နောက်တစ်ခုက "ရေဟာ အေးမြခြင်းရဲ့သင်္ကေတဖြစ်တယ်။ အလှူရှင်သန္တာန်မှာ အလှူခံများအပေါ် ချမ်းသာစေလိုတဲ့မေတ္တာစာတ် အပြည့်အဝရှိတယ်။ ဒါကြောင့် အေးမြတဲ့မေတ္တာသဘောကို ရေနှင့် ဖော်ညွှန်းတာဖြစ်တယ်၊" လို့ ပညာရှင်များ မိန့်ဆိုကြပါတယ်။ ဒီမိန့်ဆိုချက်တွေဟာ လေးနက်မှုရှိ ယုတ္တိရှိလို့ အလွန်အဖိုးတန်လှပါတယ်။

ဆုတောင်းအပိုင်းမှာ သတိပြုစရာတစ်ခုရှိပါတယ်။ မြန်မာနိုင်ငံအတိုင်းအတာနှင့်ကြည့်ရင် နေရာအတော်များများမှာ ရေစက်ချတာကို ဆရာတော်သံဃာတော်များက "ဘန္တေ-အရှင်ဘုရား၊ မယံ-တပည့်တော်တို့သည်၊" စသည်ဖြင့် ရေ့ကရွတ်ဆို ချပေးတတ်ကြပါတယ်။ အလှူရှင်တွေက နောက်ကလိုက်ဆို ရေစက်ချတတ်ကြပါတယ်။ ဆုတောင်းတဲ့အခါမှာလည်း ဆရာတော်သံဃာတော်တွေ ချပေးတဲ့အတိုင်း လိုက်ဆိုဆုတောင်းတတ်ကြပါတယ်။ ဒီလိုလိုက်ဆိုရမှုဟာ မိမိမျှော်လင့်တောင့်တတဲ့ဆုနှင့် ချပေးလို့လိုက်ဆိုရတဲ့ဆု တူချင်

မှတ္တူမှာပါ။ အလိုဆန္ဒဆိုတာ အမျိုးမျိုးရှိတတ်ကြတယ်မဟုတ်ပါလား။ နောက်တစ်ခုက သူများချပေးလို့ လိုက်ဆိုတာနှင့် မိမိလိုလားချက်ကို ဖွင့်ဟတောင်းဆိုတာဟာ တစ်ခုနှင့်တစ်ခု အာရုံစူးစိုက်မှု၊ အလေးအနက် ထားမှုမှာ အလွန်ကွာခြားတတ်ပါတယ်။

ဒါကြောင့် မိမိလိုလားချက်ကို မိမိစိတ်တိုင်းကျ တောင်းဆို နိုင်အောင် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တိုင်း ကြိုးစားသင့်ကြပါတယ်။ မိမိ ကိုယ်တိုင်ရွတ်ဆို ရေစက်ချနိုင်အောင် အလေ့အလာပြုသင့်ပါတယ်။ မိမိပြုတဲ့ ကုသိုလ်ကို မိမိကိုယ်တိုင် စိတ်တိုင်းကျဆုတောင်း၊ မိမိ ကိုယ်တိုင် အမျှဝေနိုင်မှသာ ပိုပြီးလေးနက်မှုရှိမှာဖြစ်ပါတယ်။ ။

## လူချင်းတူပါလျက်
## ချမ်းသာမှု၊ ရောဂါကင်းမှု၊ အသက်ရှည်မှုစတဲ့ ဘဝအနိမ့်အမြင့် ဘာကြောင့်ကွာခြားရပါသလဲ ?

တစ်မြေတည်းနေ တစ်ရေတည်းသောက် အတူကြီးပြင်းလာကြတဲ့ တစ်နိုင်ငံတည်းသားတွေ၊ တစ်နယ်တည်း၊ တစ်မြို့တည်း၊ တစ်ရွာတည်းသားတွေ တစ်ယောက်နှင့်တစ်ယောက် မတူမညီ ကွာဟချက်တွေ အများကြီးရှိကြပါတယ်။ အသက်ရှည်မှု–တိုမှု၊ ပစ္စည်းချမ်းသာမှု–ဆင်းရဲမှု၊ ရုပ်ရည်လှမှု–မလှမှု၊ အခြံအရံ ဩဇာအာဏာရှိမှု–မရှိမှု မတူကြပါဘူး။ အခြားမတူညီချက်တွေလည်း အများကြီးပါပဲ။ သွေးသားဝေးကွာသူတွေကိုအသာထား အမေတစ်ယောက်တည်းက မွေးတဲ့ သားသမီးတွေပင် တစ်ယောက်နှင့်တစ်ယောက် မတူညီမှုတွေ အများကြီးရှိကြပါတယ်။ ပိုပြီးသိသာတာက အမွှာမွေးလာသူတွေ ပင်လျှင် တစ်ယောက်နှင့်တစ်ယောက် ကွာခြားမှု အများအပြားရှိတာကို တွေ့နိုင်ပါတယ်။ လူချင်းတူပါလျက် ဒီလိုကွာခြားရခြင်းဟာ "ကံ" အခြေခံကြောင့်လို့ နားလည်သင့်ပါတယ်။

ဒါနှင့်ပတ်သက်လို့ ရှင်တော်ဘုရား လက်ထက်တော်က "သုဘ" လို့ ခေါ်တဲ့ သေဋ္ဌေးသားတစ်ယောက် ရှင်တော်ဘုရားဆီမှာ

သူအင်မတန်သိချင်တဲ့အကြောင်းအရာတွေကို မေးခဲ့ဖူးပါတယ်။ သူမေးရတဲ့အကြောင်းရင်းကလည်း စိတ်ဝင်စားစရာပါ။

သာဝတ္ထိမြို့နှင့်မနီးမဝေးမှာ "တုဒိ" ဆိုတဲ့ ရွာကြီးတစ်ရွာရှိပါတယ်။ ဒီရွာမှာ တောဒေယျလို့ခေါ်တဲ့ ပုဏ္ဏားသေဋ္ဌေးကြီးတစ်ယောက်ရှိပါတယ်။ ကုဋေခုနစ်ဆယ်လောက် ချမ်းသာပါတယ်။ သုဘ–ဆိုတာ သူ့ရဲ့တစ်ဦးတည်းသောသားပါ။ ပုဏ္ဏားကြီးက ပေးကမ်းလှူဒါန်းမှုဟာ ကိုယ့်ပစ္စည်းလျော့သွား ကုန်သွားစေတဲ့ အလုပ်လို့ သဘောထားပါတယ်။ ဒါကြောင့် ပေးကမ်းလှူဒါန်းမှုကို လုပ်လေ့လုပ်ထမရှိပါဘူး။ သူ့ဝါဒက ပစ္စည်းဥစ္စာ များသထက်များအောင်စုဆောင်းဖို့သာဖြစ်ပါတယ်။ သူ့သားတော်မောင်ကိုလည်း ဒီသဘောတရားတွေကို အပြည့်အဝ သင်ပေးထားပါတယ်။ ဒါကြောင့် သူတို့မိသားစု ပစ္စည်းချမ်းသာပေမဲ့ ဘယ်သူ့ကိုမှ ပေးကမ်း ထောက်ပံ့လှူဒါန်းတာ မရှိပါဘူး။

ဒီလိုနဲ့ တစ်နေ့တော့ တောဒေယျပုဏ္ဏားကြီး ကွယ်လွန်သွားပါတယ်။ မကြာမီမှာပဲ အဲဒီအိမ်မှာ ခွေးလာဖြစ်ပါတော့တယ်။ အတိတ်ဘဝက သွေးသားသံယောဇဉ်မို့ထင်ပါရဲ့ သုဘဟာ ခွေးကလေးကို အတော်သံယောဇဉ်ကြီးပါတယ်။ သူစားသလို အကောင်းအမွန်တွေ ကျွေးမွေးပြီး မွေ့ယာတွေ ကော်ဇောအခင်းတွေနှင့် အကျအနထားပါတယ်။

တစ်နေ့ ရှင်တော်ဘုရား တုဒိရွာထဲဆွမ်းခံကြွတော့ သုဘအိမ်ရှေ့မှာ ဆွမ်းရပ်တော်မူပါတယ်။ အဲဒီအချိန်က အိမ်မှာ သုဘမရှိဘူး၊ အလုပ်ကိစ္စရှိလို့ အပြင်သွားနေတယ်။ ခွေးက ရှင်တော်ဘုရားကိုမြင်တော့ ခြံပေါက်ဝနားထိ ထွက်ဟောင်တယ်။ ဒီတော့ ရှင်တော်

ဘုရားက "တောဒေယျ၊ လူ့ဘဝတုန်းကလည်း ဘောဂေါတမ၊ ဘောဂေါတမဆိုပြီး တဘောဘောနဲ့ ငါ့ကိုရှုတ်ချပြောဆိုနေခဲ့တယ်၊ ခု–ခွေးဖြစ်ပြန်တော့လည်း ဟောင်ပြန်ပြီ၊ မင်းသေရင် အဝီစိရောက်လိမ့်မယ်" လို့ မိန့်တော်မူလိုက်တယ်။ ခွေးက ဘုရားရှင် ငါ့အဖြစ်ကို သိသွားပြီဆိုပြီး စိတ်မချမ်းမသာနှင့် အမြီးကုပ် အိမ်ထဲဝင်သွားတယ်။ အစာလည်းမစားတော့ဘူး။ အိပ်နေကျနေရာမှာလည်း မအိပ်တော့ဘဲ ပြာပုံမှာ သွားအိပ်နေတော့တယ်။

သုဘပြန်ရောက်တော့ သူ့ခွေးခါတိုင်းလိုမဟုတ်မှန်းသတိထားမိတယ်။ ဒါနဲ့ အစေအပါးတွေကိုမေးကြည့်တော့ အခြေအနေကို သိသွားတယ်။ သူက သူ့အဖေ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီးဖြစ်နေတယ်လို့ ယုံကြည်ထားတာ။ ရှင်တော်ဘုရားက ခွေးကို တောဒေယျလို့ ပြောသွားကာကြောင့် အတော်ခံပြင်းသွားတယ်။ ကျောင်းလိုက်သွားပြီး ဒီအကြောင်း ဘုရားရှင်ကို သွားမေးတယ်။ ဘုရားရှင်ကလည်း ဟုတ်ကြောင်းမိန့်တော်မူတယ်။ ပြီးတော့ ခွေးဟာသူ့အဖေဖြစ်ကြောင်း ခိုင်လုံစေလိုတာနှင့် ပုဏ္ဏားကြီးသေဆုံးမဉ်က ရှာမတွေ့သေးတဲ့ ပစ္စည်းဥစ္စာတွေ ရှိသလားလို့မေးတော့ တစ်သိန်းတန်ရွှေခြေနင်း၊ တစ်သိန်းတန်ရွှေခွက်၊ တစ်သိန်းတန်ရွှေပန်းကုံးနှင့် အသပြာတစ်သိန်း ရှာမတွေ့သေးကြောင်း သုဘကလျှောက်တယ်။

ဒီပစ္စည်းတွေကို ခွေးကလေးဆီမှာ တောင်းဖို့ နည်းလမ်းကို ဘုရားရှင် ညွှန်ကြားတော်မူလိုက်ပါတယ်။ ရှင်တော်ဘုရား ညွှန်ကြားတဲ့အတိုင်းလုပ်တော့ ခုနကပစ္စည်းတွေ အားလုံးရသွားတယ်။ ဒီတော့မှ ဒီခွေးဟာ သူ့အဖေပဲလို့ လက်ခံသွားတော့တယ်။ ရှင်တော်ဘုရားကိုလည်း သဗ္ဗညု = အလုံးစုံအကုန်သိသူလို့ ယုံကြည်သွားပါတယ်။

ဒါကြောင့် ရှင်တော်ဘုရားဆီ နောက်တစ်ခေါက်သွားပြီး သူဘယ်လိုမှ နားမလည်နိုင် မဖြေရှင်းနိုင်တဲ့ မေးခွန်းတွေကို မေးပါတော့တယ်။

ရှင်တော်ဘုရား ဖြေလိုက်တော့ သူအင်မတန် ကျေနပ်အားရ သွားတယ်။ ရတနာသုံးပါးအပေါ်မှာလည်း အထူးလေးစားယုံကြည် သွားတယ်။ သူ့ကို တပည့်ဒါယကာတစ်ယောက်လို့ အသိအမှတ်ပြု ဖို့လည်း ရှင်တော်ဘုရားကို လျှောက်ထားသွားပါတယ်။ သုဘသေဋ္ဌေး သားရဲ့အမေးနှင့် ရှင်တော်ဘုရားရဲ့အဖြေကို အကျဉ်းချုပ် လေ့လာ ကြည့်မယ်ဆိုရင် –

### ၁။ အချို့ကအသက်တို၊ အချို့ကအသက်ရှည်ဖြစ်ရတာ ဘာကြောင့်ပါလဲ ?

အချို့သူတွေဟာ သနားကြင်နာစိတ်၊ ညှာတာထောက် ထားစိတ် အင်မတန်နည်းကြပါတယ်။ သတ်ရ ဖြတ်ရမှာ ဝန်မလေး ကြဘူး။ နိုင်ထက်စီးနင်း လက်ရဲဇက်ရဲ သတ်ဖြတ်တတ်ကြပါတယ်။ သတ်ရ ဖြတ်ရတာကိုပဲ ကျေနပ်အားရ ဖြစ်ဟတ်ကြပါတယ်။ ဒီပုဂ္ဂိုလ် တွေသေရင် ငရဲကိုရောက်ရတတ်ပါတယ်။ တကယ်လို့ အခြားကံတစ် ခုခုကြောင့် လူ့ပြည်ကိုရောက်လာရင်လည်း လူ့ဘဝမှာ ကြာကြာမနေ ကြရဘူး။ သက်တမ်းမစေ့မီ အကြောင်းတစ်ခုမဟုတ်တစ်ခုနှင့် သေကြ ရပါတယ်။ သူတစ်ပါးအသက်ကိုသတ်ခြင်းဟာ အသက်တိုဖို့ရာ ကံ အကြောင်းတရား ဖြစ်ပါတယ်။

အချို့ကတော့ မေတ္တာ၊ ကရုဏာစိတ် အားကြီးကြပါတယ်။ ကူညီလိုစိတ် စောင့်ရှောက်လိုစိတ်နှင့် ပြုမူပြောဆို ဆက်ဆံတတ်ကြ ပါတယ်။ သတ်ဖြတ်ရမှာ အလွန်ဝန်လေးပြီး အထူးရှောင်ကြဉ်တတ်

ကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကို ရောက်ရတတ်ပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုကြောင့် လူ့ပြည်ကို ရောက်လာရင်လည်း လူ့ဘဝမှာ သက်တမ်းစေ့ အသက်ရှည်ရှည် နေကြရပါတယ်။ ကြားကာလမှာ သေရိုးထုံးစံ မရှိပါဘူး။ သူတစ်ပါးကို မသတ်ခြင်းဟာ အသက်ရှည်ဖို့ရာ ကံ အကြောင်းတရား ဖြစ်ပါတယ်။

## ၂။ အချို့ရောဂါထူ၊ အချို့ရောဂါကင်းဖြစ်ရတာ ဘာကြောင့်လဲ ?

အချို့သူတွေဟာ သေအောင်သတ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒဏ်ရာရအောင်၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းအောင်၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ညှဉ်းပန်းနှိပ်စက်တတ်ကြပါတယ်။ ဗိုလ်ကျတတ်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင် ငရဲရောက်ရတတ်ပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုကြောင့် လူ့ဘဝကိုရောက်လာရင်လည်း ဆေးရုံ၊ ဆေးခန်း၊ ဆေးဆရာတွေနှင့် မကင်းနိုင်လောက်အောင် ရောဂါထူပြောတတ်ပါတယ်။ ရောဂါတစ်ခုပြီးတစ်ခု လှည့်ပတ်ဖြစ်နေတတ်ပါတယ်။ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်ခြင်းဟာ အနာရောဂါထူပြောဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့ကတော့ သည်းခံစိတ် ကိုယ်ချင်းစာစိတ်နှင့် ပြောဆိုဆက်ဆံ လုပ်ကိုင်တတ်ကြပါတယ်။ အခွင့်ကြုံလာရင်လည်း ညှဉ်းပန်းနှိပ်စက်မှုကို ရှောင်လေ့ရှိကြပါတယ်။ စာနာ ခွင့်လွှတ်လေ့ရှိကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကိုရောက်ရတတ်ပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုကြောင့် လူ့ဘဝရောက်လာရင်လည်း အနာရောဂါ ကင်းကင်းရှင်းရှင်းနှင့် နေကြရပါတယ်။ သူတစ်ပါးကို

မညှဉ်းဆဲခြင်းဟာ အနာရောဂါကင်းဖို့ ကံ အကြောင်းတရား ဖြစ်ပါတယ်။

## ၃။ အချို့က အရုပ်ဆိုး အကျည်းတန်၊ အချို့က ရုပ်ချော ရုပ်လှ ဖြစ်ရတာ ဘာကြောင့်လဲ ?

အချို့သူတွေဟာ ဒေါသ အာဃာတ အလွန်များကြပါတယ်။ ဘာမဟုတ်တဲ့ကိစ္စလေးကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ရှူးရှူးရှဲရှဲလုပ်တတ်ကြပါတယ်။ အခြားသူကို ထိပါးပုတ်ခတ် ပြောလိုက်ရ၊ လုပ်လိုက်ရမှ ကျေနပ်တတ်ကြပါတယ်။ ဆတ်ဆတ်ထိမခံ ပြန်ပက်တတ်ကြပါတယ်။ အသေးအဖွဲအကြောင်းအရာလေးနှင့်ပဲ ရန်ငြိုးထားတတ်၊ လက်စားချေတတ်ကြပါတယ်။ သည်းခံစိတ် ခွင့်လွှတ်စိတ် အလွန်နည်းကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် ငရဲကိုရောက်ရတတ်ပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးခွင့်သာလို့ လူ့ဘဝရောက်လာရင်လည်း ရုပ်ဆိုးအကျည်းတန်ဖြစ်တတ်ကြပါတယ်။ ဒေါသစိတ် အာဃာတစိတ်များမှုဟာ ရုပ်ဆိုးအကျည်းတန်ဖြစ်ဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့ကတော့ ဒီလိုမဟုတ်ပါဘူး။ စိတ်ရှည်သည်းခံတတ်ပါတယ်။ ဒေါသဖြစ်စရာကြုံလာရင်လည်း အသင့်အတင့်နှလုံးသွင်းမှု၊ ဒေါသဖြစ်ဘာကို လူသူမြင်မှာ ရှက်ကြောက်မှုတွေကြောင့် ဒေါသမဖြစ်အောင် ထိန်းတတ်ကြပါတယ်။ ဖြစ်လာရင်လည်း အလျင်အမြန်ပြေပျောက်ပစ်တတ်ကြပါတယ်။ ရန်ငြိုးထားမှု လက်စားချေမှု မလုပ်တတ်ကြပါဘူး။ ဒေါသ အာဃာတစိတ် နည်းပါးကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကို ရောက်တတ်ပါတယ်။ တကယ်လို့

အခြားကံတစ်ခုခု အကျိုးပေးခွင့်ရလို့ လူ့ဘဝရောက်လာရင်လည်း ရုပ်ချောရုပ်လှ ဖြစ်တတ်ကြပါတယ်။ ဒေါသ အာဃာတစိတ် နည်းပါးမှုဟာ ရုပ်ချောရုပ်လှဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

### ၄။ အချို့က အခြံအရံ ဩဇာအရှိန်အဝါမရှိဘူး၊ အချို့က ရှိတယ်၊ အဲဒါဘာကြောင့်လဲ ?

အချို့ မနာလိုစိတ်များကြပါတယ်။ ကံ ဉာဏ် ဝီရိယကြောင့် ရရှိလာတဲ့ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာ၊ ကျော်စောထင်ရှားလူသိများမှု၊ ဘွဲ့ထူးဂုဏ်ထူးရမှု၊ အသိပညာ အတတ်ပညာ တတ်မြောက်ကျွမ်းကျင်မှု၊ ဩဇာအာဏာရှိမှုစတဲ့ ကိစ္စတွေမှာ နေမထိထိုင်မထိအောင် မနာလိုဖြစ်တတ်ကြပါတယ်။ မျက်စောင်းထိုး၊ နှုတ်ခမ်းရွဲ့၊ မလိုတမာပြောစသည် လုပ်တတ်ကြပါတယ်။ သူတစ်ပါး ကြီးပွားချမ်းသာတာကို မျက်စိစပါးမွေးစူးတတ်ကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် ငရဲကို ရောက်ရတတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးခွင့်ရလို့ လူ့ဘဝကိုရောက်လာရင်လည်း အခြံအရံအသင်းအပင်းမရှိ၊ ဩဇာအာဏာ အရှိန်အဝါမရှိ ဖြစ်ကြရပါတယ်။ မနာလိုစိတ်များမှုဟာ အခြံအရံ ဩဇာအရှိန်အဝါနည်းပါးဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့ကတော့ မနာလိုမှု နည်းပါးတတ်ကြပါတယ်။ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာပြည့်စုံမှု၊ အခြံအရံ ဩဇာအာဏာရှိမှုစတဲ့ ကိစ္စရပ်တွေမှာ မိမိရရှိတာနှင့်ထပ်တူထားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြပါတယ်။ အကြောင်းအားလျော်စွာ မနာလိုဖြစ်ပေါ်လာရင်လည်း အလျင်အမြန် ဖြေဖျောက်ပစ်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင်

နတ်ပြည်ကိုရောက်တတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခု အကျိုးပေးခွင့်သာလို့ လူ့ဘဝရောက်လာရင်လည်း အခြံအရံအသင်း အပင်းများသူ၊ ဩဇာအရှိန်အဝါကြီးမားသူ ဖြစ်တတ်ပါတယ်။ မနာလို မှုကင်းခြင်းဟာ ဩဇာအာဏာ အခြံအရံပေါများဖို့ ကံ အကြောင်း တရားဖြစ်ပါတယ်။

## ၅။ အချို့ ပစ္စည်းဥစ္စာချို့တဲ့၊ အချို့က ပေါများ ဖြစ်ရတာ ဘာကြောင့်ပါလဲ ?

အချို့သူတွေ နှမြောဝန်တိုစိတ်များကြပါတယ်။ အစား အသောက် အဝတ်အထည်စတဲ့ မိမိပိုင်ပစ္စည်းကို ပေးကမ်းထောက်ပံ့ လှူဒါန်းရမှာ အလွန်ဝန်လေးကြပါတယ်။ ပေးလိုက်ရင် မိမိပစ္စည်း ကုန်သွား၊ နည်းသွား၊ လျော့သွားတယ်လို့ သဘောထားတတ်ကြ ပါတယ်။ မိမိပိုင်ပစ္စည်းဥစ္စာကို သူတစ်ပါးနှင့်ဆက်စပ်ရမှာ အလွန် နှမြောတွန့်တိုတတ်ကြပါတယ်။ မိမိက ပစ္စည်းဥစ္စာ ရာထူးအာဏာရှိ သလို အခြားသူတွေရှိလာမှာကို မလိုလားဖြစ်တတ်ကြပါတယ်။ ဒီလို ပုဂ္ဂိုလ်တွေသေရင် ငရဲကိုရောက်ရတတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခု အကျိုးပေးခွင့်ရလို့ လူ့ဘဝကိုရောက်လာရင်လည်း ပစ္စည်းဥစ္စာချို့တဲ့သူ၊ ဆင်းရဲနွမ်းပါးသူ ဖြစ်ကြရပါတယ်။ နှမြောဝန်တို ခြင်းဟာ ပစ္စည်းဥစ္စာဆင်းရဲနွမ်းပါးဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့ကတော့ မိမိမှာရရှိလာတဲ့ပစ္စည်းကို မျှဝေ သုံးစွဲတတ် ကြပါတယ်။ နှမြောစိတ်၊ ဝန်တိုစိတ် နည်းပါးကြပါတယ်။ မိမိပိုင် ပစ္စည်းဥစ္စာကို ကြည်ကြည်ဖြူဖြူ ပေးကမ်း လှူဒါန်းတတ်ကြပါတယ်။ မိမိပြည့်စုံသလို အခြားသူတွေပြည့်စုံရင်လည်း ဝမ်းမြောက်ဝမ်းသာ

ဖြစ်တတ်ကြပါတယ်။ ပြည့်စုံလာအောင် ကူညီထောက်ပံ့ပေးတတ်ကြပါတယ်။ နည်းပေးလမ်းပြ လုပ်တတ်ကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကို ရောက်ရတတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးခွင့်ရလို့ လူ့ဘဝကိုရောက်လာရင်လည်း ပစ္စည်းဥစ္စာ ချမ်းသာပေါများသူ ဖြစ်ကြရပါတယ်။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဟာ ပစ္စည်းဥစ္စာပေါများဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

### ၆။ အချို့က အောက်တန်းအမျိုးအနွယ်၊ အချို့က အထက်တန်းအမျိုးအနွယ်မှာ ဖြစ်ကြရပါတယ်၊ အဲဒါ ဘာကြောင့်ပါလဲ ?

အချို့သူတွေ မာနအလွန်ကြီးကြပါတယ်။ မိမိကိုအထင်ကြီးသူတစ်ပါးကို အထင်သေးအမြင်သေး ပြုမူပြောဆို ဆက်ဆံတတ်ကြပါတယ်။ မာနကိုရှေ့တန်းတင်ပြီး အသက်သိက္ခာ ဂုဏ်ဝါကြီးသူတွေကို မထီမဲ့မြင် လုပ်တတ်ကြပါတယ်။ ငါနှင့်ငါသာနိုင်းစရာသဘောနှင့် ဘယ်သူ့ကိုမှ ဂရုမစိုက် ဘဝင်ကိုင်တတ်ကြပါတယ်။ ဒီလိုလုပ်ရတာကိုလည်း လူပါး လူနပ် လူလည်အဖြစ်နှင့် ကျေနပ်နေတတ်ကြပါတယ်။ မိဘ ဆရာစတဲ့ အလေးထားသင့်သူများကိုပင် အပေါ်စီးက ဆက်ဆံတတ်ကြပါတယ်။ ဒီပုဂ္ဂိုလ်တွေသေရင် ငရဲကိုရောက်ရတတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခု အကျိုးပေး ခွင့်ရလို့ လူ့ဘဝကိုရောက်လာရင်လည်း သုဘရာဇာမျိုး၊ သူတောင်းစားမျိုးစတဲ့ နိမ့်ကျတဲ့ အမျိုးအနွယ်မှာ ဖြစ်ကြရပါတယ်။ လွန်ကဲတဲ့မာနထားမှုဟာ ယုတ်နိမ့်တဲ့အမျိုးမှာဖြစ်ဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့ကတော့ မာနကို အထူးချိုးနှိမ်ထားကြပါတယ်။ ဘုရား

တရား သံဃာ မိဘ ဆရာသမားတွေ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးမြင့်သူတွေအပေါ် တရိုတသေ ပြောဆိုဆက်ဆံတတ်ကြပါတယ်။ မိမိနှင့်အဆင့်တူသူတွေကို လေးလေးစားစား ဆက်ဆံတတ်သလို မိမိအောက်နိမ့်သူတွေကိုလည်း ကြင်ကြင်နာနာ ဆက်ဆံတတ်ကြပါတယ်။ မာနထားစရာကြုံလာရင်လည်း အထူးချိုးနှိမ်နိုင်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကို ရောက်ရတတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးခွင့်သာလို့ လူ့ဘဝကိုရောက်လာရင်လည်း မင်းမျိုး၊ သေဋ္ဌေးမျိုး၊ သူကြွယ်မျိုးစတဲ့ မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ကြရပါတယ်။ မာနမထားခြင်းဟာ မြင့်မြတ်တဲ့အမျိုးမှာဖြစ်ဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

## ၇။ အချို့ အသိဉာဏ်ထိုင်းမှိုင်းသူ၊ အချို့ ထက်မြတ်သူ ဖြစ်ရတာ ဘာကြောင့်ပါလဲ ?

အချို့သူတွေဟာ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်၊ အပြစ်ရှိမယ့်အလုပ်၊ အပြစ်ကင်းမယ့်အလုပ်၊ အကျိုးရှိမယ့်အလုပ် အကျိုးမရှိမယ့်အလုပ်စတဲ့ ကိစ္စရပ်တွေမှာ တတ်သိနားလည်ကျွမ်းကျင်သူကို ဆရာတင်လေ့ မရှိကြပါဘူး။ နည်းခံ သင်ယူလေ့မရှိကြသလို ဆွေးနွေးမေးမြန်းမှုလည်း မလုပ်ကြပါဘူး။ ကိုယ့်အယူအဆနှင့်ကိုယ် ထင်ရာမြင်ရာလုပ်တတ်ကြပါတယ်။ ဒီလိုနှင့် ပညာရှိသူတော်ကောင်းတွေဆီက ဘယ်လိုအသိပညာ၊ ဘယ်လိုအတွေးအခေါ်မှ မရတာကြောင့် လုပ်သင့်တာမလုပ်မိဘဲ၊ မလုပ်သင့်တာကို လုပ်မိတတ်ကြပါတယ်။ အကုသိုလ် ဒုစရိုက်တွေကို အများအပြား ပြုမိတတ်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင် ငရဲကိုရောက်ရတတ်ကြပါတယ်။

တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးခွင့်သာလို့ လူ့ဘဝကို ရောက်လာရင်လည်း လူဖျင်း၊ လူအ၊ အထုံအထိုင်း၊ လူမိုက် ဖြစ်ကြရပါတယ်။ သိသင့်သိထိုက်တာကို သင်ယူ မေးမြန်း ဆွေးနွေးမှုမပြုခြင်းဟာ လူဖျင်းလူအ လူမိုက်ဖြစ်ဖို့ ကံ အကြောင်းတရားဖြစ်ပါတယ်။

အချို့သူတွေကတော့ နားလည်တတ်ကျွမ်းသူတွေကို ချဉ်းကပ် ဆရာတင်လေ့ရှိကြပါတယ်။ သိသင့်တတ်သင့်တာတွေကို သင်ယူကြပါတယ်။ လေ့လာမေးမြန်းတတ်ကြပါတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ အဆုံးအမတွေကြောင့် အကျိုးရှိအလုပ်ကို လုပ်ပြီး အကျိုးမဲ့အလုပ်ကို ရှောင်ဖြစ်ကြပါတယ်။ အပြစ်ကင်းတဲ့ အလုပ်ကိုလုပ်ပြီး အပြစ်ရှိတဲ့အလုပ်ကို ရှောင်ဖြစ်ကြပါတယ်။ အကုသိုလ်ဒုစရိုက်အလုပ်ကိုရှောင်ပြီး ကုသိုလ်ရေးကို လုပ်ဖြစ်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေသေရင် နတ်ပြည်ကို ရောက်တတ်ကြပါတယ်။ တကယ်လို့ အခြားကံတစ်ခုခုက အကျိုးပေးလို့ လူ့ဘဝကိုရောက်လာရင်လည်း အသိဉာဏ်ကြီးမားသူ၊ ထက်မြက်သူဖြစ်တတ်ပါတယ်။ သိသင့်တတ်သင့်တဲ့အရာတွေကို သင်ယူဆွေးနွေး မေးမြန်းခြင်းဟာ ဉာဏ်ပညာ ကြီးကျယ်ထက်မြက်ဖို့ ကံ အကြောင်း တရားဖြစ်ပါတယ်။

သုဘသေဋ္ဌေးသားနှင့် ရှင်တော်ဘုရားတို့ရဲ့ ဒီမေးမြန်းဖြေဆိုချက်တွေကိုလေ့လာလိုက်ရင် အထက်ကမေးခွန်းရဲ့အဖြေကိုလည်း သဘောပေါက်လောက်ပြီထင်ပါတယ်။ သတ္တဝါတွေရဲ့ဘဝအနိမ့်အမြင့်မညီမျှမှုဟာ "ဘယ်သူမပြု မိမိမှု" ဆိုတဲ့အတိုင်း အတိတ်က မိမိတို့ကိုယ်တိုင်ပြုခဲ့တာနှင့်အညီ ဖြစ်ကြရတာဖြစ်ပါတယ်။ ဒီဘဝမှာ ဆက်လုပ်ကြရင် နောက်နောက်ဘဝတွေမှာ ဆက်ပြီး အနိမ့်အမြင့် ဖြစ်ကြအုံးမှာပါပဲ။ ဘယ်သူကမှ ပယ်ဖျက်လို့ ဖြည့်စွက်ပြင်ဆင်လို့

ရရှိးမရှိပါဘူး။ ကံတရားရဲ့ ဒီလိုချယ်လှယ်အကျိုးပေးမှုကို နားလည်သဘောပေါက်သူဟာ ယခုဘဝ မိမိနှင့် မိမိပတ်ဝန်းကျင်ပုဂ္ဂိုလ်တွေရဲ့ အခြေအနေကိုအကဲခတ်ပြီး အတိတ်က ပြုလုပ်ခဲ့တဲ့ ကံ အကြောင်းတရားကို ခန့်မှန်းသိနိုင်ပါတယ်။

ဒါတင်မကပါဘူး။ ယခုဘဝ ပြုမူဆောင်ရွက်မှုတွေကို ကြည့်ပြီး နောက်နောက်ဘဝ ဘယ်လိုအကျိုးတွေ ခံစားရမယ်ဆိုတာ နားလည်နိုင်ပါတယ်။ ဗေဒင်မေးစရာ၊ ဆုတောင်းနေစရာမလိုပါဘူး။ ဒီအကြောင်းကံတရားက ဒီအကျိုးကိုပေးတယ်ဆိုတာ တိကျသေချာတဲ့ ကိစ္စဖြစ်လို့ပါပဲ။ ။

## ဆုတောင်းဆိုတာ ဘာလဲ၊
## ဆုတောင်းပြည့်ဖို့ ဘာတွေ လိုအပ်ပါသလဲ ?

မိမိဖြစ်လို ရလိုတဲ့အရာကို စိတ်ထဲကဖြစ်စေ၊ နှုတ်က ဖွင့်ဟလို့ဖြစ်စေ တောင်းဆိုမှုကို "ဆုတောင်း" လို့ ခေါ်ပါတယ်။ အဘိဓမ္မာသဘောနှင့်ပြောရရင် "**ဆန္ဒစေတသိက်**" ကို ပြောတာဖြစ်ပါတယ်။

ဆုတောင်းမှုဟာ ယနေ့ခေတ် ကမ္ဘာ့လူ့အသိုင်းအဝိုင်းအတွင်း လူမျိုးအသီးသီး ဘာသာအသီးသီးမှာ အရေးပါတဲ့ အခန်းကဏ္ဍက နေရာယူထားတာကို တွေ့နေရပါတယ်။ အခြေခံ ရည်ရွယ်ချက်အမျိုးမျိုးရှိလို့ ဆုတောင်းမှုလည်း အမျိုးမျိုးရှိနိုင်ပါတယ်။ မိမိအတွက် တောင်းတာရှိသလို သူတစ်ပါးအတွက် တောင်းတာလည်းရှိပါတယ်။ လက်ရှိဘဝအတွက် တောင်းတာရှိသလို နောင်ဘဝအတွက်၊ သံသရာအတွက်၊ ဘဝလွတ်မြောက်ရေးအတွက် တောင်းတာလည်းရှိပါတယ်။

**လိုလားချက်အမျိုးမျိုးနှင့်တောင်းကြတဲ့ ဒီဆုတောင်းတွေကို အုပ်စုခွဲလိုက်ရင် ကောင်းတဲ့ဆုတောင်းနှင့် မကောင်းတဲ့ဆုတောင်းလို့ နှစ်မျိုးတွေ့နိုင်ပါတယ်။** မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါးနှစ်မျိုးလုံးကိုဖြစ်စေ ကောင်းကျိုးပြုမယ့် ဆုတောင်းကို

ကောင်းတဲ့ဆုတောင်း။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါးနှစ်မျိုးလုံးကိုဖြစ်စေ ဆင်းရဲဒုက္ခဖြစ်စေမယ့် ဆုတောင်းကို မကောင်းတဲ့ဆုတောင်းလို့ ယေဘုယျအားဖြင့် သိနိုင်ပါတယ်။

ကောင်းတဲ့ဆုဟာ တောင်းသင့်တဲ့အရာတစ်ခု ဖြစ်ပါတယ်။ ဆုတောင်းမှုကို အလေးထားသူအတွက် ကုသိုလ်တစ်ခုခု အမြဲလုပ်ဖြစ်ဖို့ တွန်းအားတစ်ခုဖြစ်ပါတယ်။ ဘဝဦးတည်ချက် ရည်မှန်းချက်တစ်ခုလည်း ဖြစ်ပါတယ်။ ဥပမာပြောရရင် – မြစ်၊ ချောင်း၊ ပင်လယ်ကိုဖြတ်ကူးတဲ့ လှေသင်္ဘောဟာ တက်မ အထိန်းမပါရင် လေပင့်ရာရေသင့်ရာသို့ ဦးတည်ရာမဲ့ မျောပါနိုင်ပါတယ်။ လိုရာခရီးကို မရောက်နိုင်ဘဲ အချိန်ကြာနေတတ်ပါတယ်။ အထိန်းတက်မ ပါရင်တော့ လိုရာခရီးကို အချိန်တိုတိုနှင့် တည့်တည့်မတ်မတ် ရောက်နိုင်ပါကယ်။ ဒီအတိုင်းပါပဲ သံသရာဆိုတဲ့ ပင်လယ်ကို ဖြတ်ကူးကြတဲ့ သတ္တဝါတွေအတွက် ဆုတောင်းဆိုတဲ့ အထိန်းတက်မ လိုအပ်ပါတယ်။ ဆုတောင်းဆိုတဲ့ အထိန်းတက်မ ရှိနေရင် ဖြစ်လိုတဲ့ဘဝ ရလိုတဲ့အရာကို ဦးတည်ချက်ထားပြီး ရအောင်ကြိုးစားနိုင်ပါတယ်။ ဖြစ်လိုတဲ့ဘဝ ရလိုတဲ့အရာကို အချိန်တိုအတွင်း ရရှိနိုင်ပါတယ်။ ဒါကြောင့် ကောင်းတဲ့ဆုဟာ တောင်းသင့်တဲ့အရာတစ်ခုလို့ ပြောနိုင်တာဖြစ်ပါတယ်။

ကောင်းပေမဲ့ မိမိလည်းစွမ်းနိုင် ဖြစ်နိုင်ခြေလည်းရှိတဲ့ဆုကိုသာ တောင်းသင့်ပါတယ်။ လောကဥပမာနှင့်ပြောရရင် – တစ်ရာတန်ပစ္စည်းကို လိုချင်သူဟာ တစ်ရာပေးနိုင်သူဖြစ်ရမယ်။ တစ်ထောင်တန်ပစ္စည်းကိုလိုချင်သူဟာ တစ်ထောင်ပေးနိုင်သူဖြစ်ရမယ်။ တန်ရာတန်ကြေးပေးနိုင်မှ လိုချင်တဲ့ပစ္စည်းကို ရရိုးထုံးစံ ရှိပါတယ်။ ငွေကလေးတစ်ရာနှင့် တစ်သိန်းတန်ရွှေလက်စွပ်ကိုလိုချင်နေလို့ မရနိုင်

ပါဘူး။ တစ်သိန်းတန်ရွှေလက်စွပ်ကိုလိုချင်ရင် တစ်သိန်းပေးနိုင်သူ ဖြစ်ရပါလိမ့်မယ်။

ဒီအတိုင်းပါပဲ အဂ္ဂသာဝကဆုကိုတောင်းသူဟာ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် အဂ္ဂသာဝကနှင့်တန်တဲ့ ပါရမီတွေကို ဖြည့်ကျင့်နိုင်သူဖြစ်ရမယ်။ မဟာသာဝကဆုကိုတောင်းသူလည်း ကမ္ဘာတစ်သိန်းတိုင်အောင် မဟာသာဝကနှင့်တန်တဲ့ ပါရမီတွေကို ဖြည့်ကျင့်နိုင်သူဖြစ်ရမယ်။ အရှင်ဗာကုလလို အနာကင်းတဲ့ဆု၊ အရှင်သာရိပုတ္တရာလို ပညာကြီးတဲ့ဆု၊ ဇောတိက ဇဋိလတို့လို ချမ်းသာတဲ့ဆု၊ အရှင်သီဝလိလို လာဘ်ပေါများတဲ့ဆုစတဲ့ ဆုတွေကိုတောင်းသူဟာ သူတို့လို ပါရမီဖြည့်နိုင်သူ၊ သူတို့လိုလုပ်ဆောင်နိုင်သူ ဖြစ်ရပါ့မယ်။ ဒီဘဝမှာ မင်္ဂဖိုလ်ကိုရဖို့ ဆုတောင်းသူဟာ မင်္ဂဖိုလ်ရအောင် ကြိုးစားအားထုတ်သူ ဖြစ်ရမယ်။ ဝတ်ကျေရုံ ကုသိုလ်လေးတစ်ခုလုပ်ပြီး အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပညာကြီးတဲ့ဆု၊ အနာကင်းတဲ့ဆု၊ ချမ်းသာကြွယ်ဝတဲ့ဆု၊ ဝိသာခါ အနာထပိဏ်တို့လို ကျောင်းဒကာ ကျောင်းအမဆု စသည်ဖြင့် ဆုပေါင်းများစွာကို သိမ်းကြုံးတောင်းနေရုံနှင့် မလုံလောက်ပါဘူး။ တောင်းတဲ့ဆုနှင့် ထိုက်တန်တဲ့လုပ်ဆောင်မှုကို မဖြစ်မနေ ပြုလုပ်နိုင်မှသာ သင့်လျော်ပါလိမ့်မယ်။

အချို့က ဆုတောင်းထားရင် တာဝန်ကျေပြီ၊ အချိန်တန်ရင် အကျိုးပေးလာလိမ့်မယ်လို့ ထင်တတ်ကြပါတယ်။ ဒီအယူအဆဟာ ပြည့်စုံမှုမရှိပါဘူး။ ဆုတောင်းတယ်ဆိုတာ ဦးတည်ချက်၊ ရည်ရွယ်ချက်တစ်ခု သတ်သတ်မှတ်မှတ် ထားရုံမျှဖြစ်ပါတယ်။ ဦးတည်ချက် အကောင်အထည်ပေါ်အောင် ထပ်ဆင့်ကြိုးစားရပါတယ်။ ဥပမာ ရန်ကုန်မှာနေသူတစ်ယောက် မန္တလေးကိုရောက်ချင်တယ်ဆိုပါစို့။

စိတ်ကလည်း တကယ်ရောက်ချင်၊ နှုတ်ကလည်း တဖွဖွပြောနေပေမဲ့ ရောက်အောင်လည်းမကြိုးစား၊ ကား ရထား လေယာဉ် ခြေလျင် စသည် တစ်ခုခုနှင့် ရောက်အောင်လည်းမသွားရင်တော့ ရောက်မှာ မဟုတ်ပါဘူး။ နည်းလမ်းတစ်မျိုးမျိုးနှင့် ရောက်အောင်သွားပါမှ မန္တလေးကိုရောက်မှာဖြစ်ပါတယ်။

ဒီနေရာမှာ မန္တလေးကို ရောက်ချင်တယ်ဆိုတာ ရောက်ချင်တာတွေထဲက တစ်ခုကိုရွေးထုတ်ပြီး ဦးတည်ချက် ရည်ရွယ်ချက်ထားရုံမျှဖြစ်ပါတယ်။ ဒီလောက်နှင့် မန္တလေးကိုရောက်မသွားပါဘူး ရောက်အောင်ကြိုးစားပြီး ရောက်အောင်သွားပါမှ မန္တလေးကိုရောက်မှာပါ။ ကား ရထား လေယာဉ်စတဲ့ အရာတွေက မန္တလေးကိုရောက်နိုင်ဖို့ အားကောင်းတဲ့ အကူအညီတွေဖြစ်ပါတယ်။

ဒီအတိုင်းပါပဲ ဆုတောင်းတယ်ဆိုတာ ဦးတည်ချက်ရည်ရွယ်ချက်တစ်ခုထားရုံမျှဖြစ်ပါတယ်။ ဆုတောင်းနေရုံနှင့် ဖြစ်ချင်တာတွေဖြစ်မလာနိုင်သေးပါဘူး။ တောင်းတဲ့ဆုနှင့်လျော်တဲ့ လုပ်သင့်ရာကိစ္စတွေကို ကြိုးစားလုပ်ဆောင်ရပါလိမ့်မယ်။ ဒါမှသာ ဆုတောင်းအတိုင်းဖြစ်လာပါလိမ့်မယ်။ ဘုရား တရား သံဃာ သီလဝန္တ ဂုဏဝန္တ စတဲ့ ပုဂ္ဂိုလ်ထူးတွေကတော့ ဆုတောင်းပြည့်ဖို့ရာ အားကောင်းတဲ့ အကူအညီ အထောက်အပံ့တွေဖြစ်ပါတယ်။

**ဒီတော့ ဆုတောင်းမှုအပေါ် ဘယ်လိုမြင်သင့်သလဲဆိုရင် မိမိဖြစ်ချင် ရချင်တာကို ဖြစ်အောင်၊ ရအောင်လုပ်ပါ့မယ်လို့ ဝန်ခံမှုတစ်ခုလို့ မြင်သင့်ပါတယ်။ ဒါမှသာ ဆုတောင်းမှုရဲ့ အဓိပ္ပါယ်ဟာ ပိုပြီးလေးနက်ပြည့်စုံပါလိမ့်မယ်။** ပြဆိုခဲ့တာတွေအားလုံးကို ခြုံကြည့်ရင် မိမိတောင်းတဲ့ဆုကို ပြည့်အောင်လုပ်ပေးသူဟာ တစ်ခြားမဟုတ်ဘူး။

မိမိရဲ့ ကံတရားပဲဆိုတာ တွေ့နိုင်ပါတယ်။ ဒါကြောင့် ပြုလုပ်ဆဲပစ္စုပ္ပန်ကံ (အလုပ်) နှင့် ရှေးရှေးကလုပ်ခဲ့တဲ့ အတိတ်ကံ (အလုပ်) တွေသာ ဆုတောင်းပြည့်အောင် လုပ်ပေးနိုင်သူများဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း နားလည်နိုင်ပါတယ်။

ဒါက ဆုတောင်းအမျိုးမျိုးနှင့် သဘောသဘာဝကို လေ့လာကြည့်တာဖြစ်ပါတယ်။ ဆုတောင်းပြည့်မှု မပြည့်မှုနှင့်စပ်ပြီး လေ့လာကြည့်မယ်ဆိုရင် –

နောက်ဘဝအတွက် ဆုတောင်းမှုနှင့်ပတ်သက်လို့ လိုအပ်တဲ့ အချက်အလက်တွေနှင့် ပြည့်စုံဖို့လိုကြောင်း ကျမ်းဂန်တွေမှာ ညွှန်းဆိုထားတာရှိပါတယ်။

(က) တကယ်ဖြစ်ရမယ်လို့ ခိုင်မြဲတဲ့ ယုံကြည်ချက် ရှိရမယ်၊
(ခ) သက်ဆိုင်ရာ ကိုယ်ကျင့်တရား (ရဟန်းဖြစ်ရင် ရဟန်းသီလ၊ လူဖြစ်ရင် လူသီလ) နှင့် ပြည့်စုံရမယ်၊
(ဂ) ဘာသာရေး၊ မိမိတောင်းတဲ့ဆုနှင့်စပ်လို့ ဗဟုသုတ ရှိရမယ်၊
(ဃ) စားသောက်စရာစသည် လှူဒါန်းရမယ်၊
(င) ဒီလိုလုပ်ရင် ဒီလိုအကျိုးကိုရမယ်လို့ ကံနှင့် ကံအကျိုးပေးကို သိမြင်တဲ့ ဉာဏ်ရှိရမယ်။

ပြီးတော့ ဒီအချက်အလက်တွေကို ပြင်းထန်တဲ့ဆန္ဒက ဦးဆောင်နေရမယ်၊ တစ်ကြိမ်တစ်ခါ ဆုတောင်းတာနှင့် ပြီးသွားတာမျိုး မဟုတ်ဘဲ စိတ်ထဲမှာ စွဲစွဲမြဲမြဲထားရမယ်၊ ကျင့်ဝတ်တစ်ခု အဓိဋ္ဌာန်ချက်တစ်ခု ဖြစ်နေအောင်လုပ်ရမယ်၊ ဖြစ်လိုရလိုစိတ် ပြင်းထန်နေအောင် အမြဲကြိုးစားအားထုတ်မှုရှိရမယ်လို့ ညွှန်းဆိုထားတာ တွေ့ရပါတယ်။

ဘုရားဖြစ်ချင်ပါတယ်ဆိုသူက ကုသိုလ်လေးတစ်ကြိမ်လုပ်ဆုတောင်းပြီး စားကာသောက်ကာ ပျော်ပါးကာနှင့် ဘုရားဖြစ်လာနိုးမျှော်ကိုးနေလို့ ဘုရားဖြစ်လာနိုင်စရာမရှိပါဘူး။ ရှင်တော်ဘုရား အဘိဓမ္မာတရား ဟောတော်မူပြီး တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာစဉ်က ရှင်တော်ဘုရားရဲ့ တင့်တယ်သပ္ပါယ်တော်မူပုံကို အားကျပြီး သတ္တဝါတွေ ဘုရားဆုကိုတောင်းကြကြောင်း တွေ့ရပါတယ်။ ဘယ်လောက်များသလဲဆိုရင် သင်္ကာသမြို့ပတ်ဝန်းကျင် သုံးဆယ့်ခြောက်ယူဇနာအတွင်း စုဝေးရောက်နေတဲ့ လူ နတ် ဗြဟ္မာ နဂါး ဂဠုန်စတဲ့ ပရိသတ်ထဲမှာ ဘုရားဆုကိုမတောင်းသူ တစ်ယောက်မှ မရှိဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ ဘုရားအလောင်းတော်များ ဖြည့်ဆည်းတော်မူကြတဲ့ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး စသည်ကို မဖြည့်ကျင့်ရင်တော့ ဘုရားဖြစ်လာနိုင်စရာမရှိပါဘူး။

အခြား အခြား ဆုတွေလည်း ဒီအတိုင်းပါပဲ။ ဆုတောင်းနှင့်သင့်လျော်တဲ့အလုပ်တွေကို ကိုယ်တိုင်ကြိုးစား လုပ်ဆောင်ရပါတယ်။ ဆုတောင်းပြည့်အောင်ဆိုပြီး တစ်ဦးရဲ့ဆုတောင်းကို အခြားတစ်ဦးက ခွဲဝေပေး၊ ကိုယ်စားလုပ်ပေးလို့ ရတဲ့အရာမဟုတ်သလို၊ အမိန့်အာဏာနှင့်စေခိုင်းလို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် ဖန်ဆင်းယူလို့ ရတဲ့အရာလည်း မဟုတ်ပါဘူး။

ဘုရားရှင်များပင်လျှင် ဘယ်သူအဂ္ဂသာဝကဖြစ်စေ၊ ဘယ်သူမဟာသာဝကဖြစ်စေ၊ ဘယ်သူက ဘယ်လိုဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်စေ၊ ဘယ်သူရှင်ဘုရင်ဖြစ်စေ၊ ဘယ်သူသေဋ္ဌေးကြီးဖြစ်စေ စသည်ဖြင့် ဆုပေးတော်မူကြတာကို မတွေ့ရပါဘူး။ တစ်ယောက်ယောက် ဆုတောင်းလာရင်–အနာဂတံသဉာဏ်တော်နှင့် ကြည့်တော်မူပြီး

ကြိုးစားအားထုတ်လို့ ဆုတောင်းအတိုင်း ဖြစ်လာမှာကို မြင်တော်မူရင် ဘယ်ကာလ၊ ဘယ်နေရာ၊ ဘယ်လိုအမျိုးအနွယ်မှာ ဘယ်လိုနာမည်နှင့် ဖြစ်လာလိမ့်မယ် စသည်ဖြင့် ဗျာဒိတ်ပေးတော်မူကြတာကိုသာ တွေ့ရပါတယ်။ အခြားအခြား အကောင်းအဆိုး ကိစ္စတွေမှာလည်း ဒီလိုပါပဲ။ အနာဂတံသဉာဏ်တော်နှင့် ကြည့်တော်မူပြီး သတ္တဝါတွေရဲ့ ဖြစ်ပေါ်လာမယ့် အကောင်းအဆိုးတွေကို မိန့်တော်မူကြတာကိုသာ တွေ့ရပါတယ်။

ဒါကြောင့် မိမိရချင် ဖြစ်ချင်တာကို မိမိကိုယ်တိုင်ရအောင် အားမထုတ်ဘဲ တန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ ဗြဟ္မာ၊ သိကြား၊ နတ်တွေဆီမှာ အသနားခံ တောင်းပန်နေရုံနှင့် ရလာ ဖြစ်လာမှာမဟုတ်ပါဘူး။ ဣဒ္ဓိရှင်၊ သိဒ္ဓိရှင်၊ ဘိုးတော်၊ ဘွားတော်တွေဆီမှာ ဦးဖွ မန်းမှုတ်ခံနေရုံနှင့်လည်း ပြည့်စုံလာမှာ မဟုတ်ပါဘူး။ ပင်ကိုက ပြည့်စုံနိုင်လောက်တဲ့ အခြေခံရှိပါမှ မ–စမယ့်သူကလည်း မ–စပေးသင့်ရင် ပေးပါလိမ့်မယ်။ အတိတ်ကလည်း ထူးထူးခြားခြား လုပ်ခဲ့တာ ဘာမှမရှိ။ ပစ္စုပ္ပန်မှာလည်း ဆုတောင်းရုံသာရှိပြီး မယ်မယ်ရရ ဘာမှမလုပ်။ အသိဉာဏ်ပိုင်း ဝီရိယပိုင်းလည်း အားနည်းနေရင် ဘယ်နတ်မှ မ–ပေးရဲမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူက မ–ပေးလိုက်ပါရက်နှင့် ဘာမှဖြစ်မလာရင် သူ့ပါ အချောင်နာမည်ပျက်မှာစိုးလို့ပါပဲ။ ဒီသဘောကို သိစေလိုလို့ မန်လည် ဆရာတော်ဘုရားကြီးက –

**"ကံမွဲဉာဏ်နုံ့၊ မလုံ့မလ၊ နတ်မမဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုရှော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမ၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏"** လို့ မဃဒေဝလင်္ကာမှာ ဆုံးမတော်မူခဲ့တာ ဖြစ်ပါတယ်။

**ပစ္စုပ္ပန်ဘဝ ဆုတောင်းအတွက် လေ့လာကြည့်မယ်ဆိုရင်–**

အထက်ကပြဆိုခဲ့တဲ့ အချက်အလက်အင်္ဂါရပ်တွေ ဒီမှာလည်းအထူးလိုအပ်ပါတယ်။ ထူးခြားချက်အချို့ကတော့ အာကခေံယျသုတ်၊ ကိမတ္တိယသုတ်စတဲ့ နေရာအတော်များများမှာ သီလစင်ကြယ်မှုကို အထူးဦးစားပေး ဟောတော်မူထားတာ တွေ့ရပါတယ်။ ပြီးတော့ "ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ= တောင့်တမှု သန့်ရှင်းစင်ကြယ်လို့ သီလရှိသူရဲ့ တောင့်တမှုဟာ တောင့်တတိုင်း ပြီးစီးအောင်မြင်တယ်" စသည်ဖြင့် သီလစင်ကြယ်ရင် တောင့်တတိုင်း ပြီးပြည့်စုံနိုင်ကြောင်း မိန့်ဆိုချက်တွေ အများအပြား တွေ့ရပါတယ်။ ဒါကြောင့် ပစ္စုပ္ပန်ဘဝ ဆုတောင်းပြည့်လိုသူဟာ ကိုယ်ကျင့်သီလစင်ကြယ်မှုကို အထူးအလေးထားရပါလိမ့်မယ်။

သတိပြုသင့်တာတစ်ခုရှိပါသေးတယ်။ အတိတ်ကံတစ်ခုခု အကျိုးပေးခွင့်သာနေရင် ပစ္စုပ္ပန်မှာ ဘယ်လိုအင်္ဂါရပ်တွေနှင့် ပြည့်စုံပြီး ဘယ်လိုကြိုးစားပေမဲ့ ဆုတောင်းသလို မဖြစ်နိုင်တဲ့အရာတွေ ရှိတတ်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ထင်ရှားတဲ့ သာဓကတစ်ခုကို ကြည့်ရရင် –

ဗောဓိမင်းသားဆိုတာ ရှင်တော်ဘုရားလက်ထက်တော်က ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ရဲ့ မြို့စားဖြစ်ပါတယ်။ မြို့ထဲမှာ သူနေဖို့ အလွန်လှပတဲ့ ပြာသဒ်ကြီးတစ်ခုဆောက်ပါတယ်။ ပြာသဒ်ဆောက်ပြီးလို့ ပြာသဒ်တက်ပွဲမှာ ရှင်တော်ဘုရားနှင့် သံဃာတော်များကိုပင့်ပြီး ဆွမ်းကပ်ဖို့စီစဉ်ပါတယ်။ ဒီလိုလုပ်ရတာ သူ့မှာ အကြံတစ်ခုရှိနေလို့ပါ။ သူ့မှာ သားသမီးမထွန်းကားဘူး။ ဒီတော့ သားသမီးသိပ်လိုချင်နေတယ်။ ကုသိုလ်ကောင်းမှုလုပ်ပြီး ဘုရားဆီ ဆုတောင်းရင်

ဆုတောင်းပြည့်တယ်လို့ သူကြားဖူးထားတယ်။ သားသမီးရရေး ဆုတောင်းဖို့အတွက် ဒီလိုစီစဉ်တာ ဖြစ်ပါတယ်။

အဲဒီနေ့ကျတော့ ပြဿဒ်အတွင်းသာမက လှေကားမှန် ထိအောင် အဝတ်ဖြူခင်းထားပါတယ်။ တကယ်လို့ သားသမီးရမယ် ဆိုရင် ဘုရားရှင်နှင့် သံဃာတော်များ ပိတ်ဖြူအခင်းကိုနင်းပြီး ပြဿဒ် ထဲကြွပါစေလို့ ဆုတောင်းထားပါတယ်။ ရှင်တော်ဘုရား ကြွလာတော့ မှန်ဦးလှေကားမှာ ရပ်တော်မူနေပါတယ်။ ဗောဓိမင်းသားက အထဲကြွ ပါလို့ သုံးကြိမ်တိုင်အောင် လျှောက်ပေမဲ့ ရှင်တော်ဘုရား ရပ်မြဲရပ်တော် မူနေပါတယ်။ အရှင်အာနန္ဒာ မထေရ်မြတ်က အဝတ်ဖြူတွေကို အသိမ်းခိုင်းလို့ သိမ်းလိုက်တော့မှ ရှင်တော်ဘုရား ပြဿဒ်ထဲ ကြွတော် မူပါတယ်။

ရှင်တော်ဘုရား အဝတ်ဖြူကို နင်းတော်မမူတာက ဗောဓိ မင်းသားရဲ့ဆုတောင်းကို သိတော်မူလို့ပါ။ အတိတ်က သူတို့လုပ်ခဲ့တဲ့ အကုသိုလ်ကံ အကျိုးပေးခွင့်သာနေလို့ ဒီဘဝမှာ သူ သားသမီးမရ နိုင်ပါဘူး။ သူ့ဆုတောင်း မပြည့်နိုင်တာကိုသိတော်မူလို့ နင်းတော်မမူ တာဖြစ်ပါတယ်။

သူ့အတိတ်သမိုင်းကြောင်းက ဒီလိုပါ။ အတိတ်ဘဝတစ်ခုမှာ ဗောဓိမင်းသားတို့ဇနီးမောင်နှံ ရေကြောင်းခရီးသွားရင်း သင်္ဘော ပျက်လို့ ကျွန်းတစ်ခုဆီရောက်သွားပါတယ်။ အဲဒီကျွန်းမှာ နေထိုင်ရင်း ကျွန်းပေါ်က ငှက်ဥတွေ၊ ငှက်ပေါက်လေးတွေကို ကာလအတော် ကြာအောင် ရှာဖွေစားသောက်ခဲ့ကြပါတယ်။ တကယ်လို့ တစ်ယောက် သာလုပ်ခဲ့တယ်ဆိုရင် အခြားတစ်ယောက်ကံကြောင့် သားသမီး ရနိုင် စရာရှိပါတယ်။ ယခုတော့ နှစ်ယောက်လုံး စိတ်တူကိုယ်တူ လုပ်ခဲ့ကြ

တာဖြစ်ပါတယ်။ အဲဒီကဲ အကျိုးပေးခွင့်သာနေလို့ ဒီဘဝမှာ သားသမီး မရနိုင်တာပါ။

ဗောဓိမင်းသားဟာ ဘာသာရေးကိုအထူးလိုက်စားပြီး ကိုယ်ကျင့်သီလရှိသူဖြစ်ပါတယ်။ ပြည့်စုံသင့်တဲ့ အချက်အလက်တွေနှင့်ပြည့်စုံသူလည်းဖြစ်ပါတယ်။ ဒါပေမဲ့ သက်တော်ထင်ရှားဘုရားဆီမှာ ဆုတောင်းသည့်တိုင် ဆုမပြည့်နိုင်တာကို တွေ့နိုင်ပါတယ်။

ဒီသာဓကကိုထောက်ထားပြီး မိမိတို့ဆုတောင်းမပြည့်တိုင်း ရတနာသုံးပါးအပေါ် သံသယမဝင်သင့်ပါဘူး။ ဆုတောင်းပြည့်မှု မပြည့်မှုဟာ မိမိကံနှင့်သာ အဓိကသက်ဆိုင်ကြောင်း ပြောခဲ့ပြီးဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ အထူးကောင်းအောင်နေထိုင်ပေမဲ့ အတိတ်ကံကိုလည်း မေ့မထားသင့်ပါဘူး။ အတိတ် အကုသိုလ်ကံ အကျိုးပေးခွင့်သာနေရင် ပစ္စုပ္ပန် ကုသိုလ်ကံ နောက်ဆုတ်နေတတ်ပါတယ်။

**ဆက်ပြီး ဘဝလွတ်မြောက်ရေး ဆုတောင်းကို လေ့လာကြည့်ရင် –**

နေရာအတော်များများမှာ ကိုယ်ကျင့်သီလကို ဦးစားပေးညွှန်းဆိုထားတာ တွေ့ရပါတယ်။ ဆုကြီးပန်သူ မဟုတ်ရင် ဘုရားအဆုံးအမတော်တွေ အထင်အရှားရှိနေဆဲကာလဖြစ်လို့ ကြိုးစားမယ်ဆိုရင် ဒီဘဝမှာပဲ ဘဝကို အဆုံးသတ်စေနိုင်တဲ့ အခွင့်အလမ်း အများကြီးရှိပါတယ်။ ဒီဘဝမဟုတ်ရင် နောက်ဘဝ၊ ဒါမှမဟုတ် နောင်ပွင့်တော်မူမယ့် ဘုရားသာသနာတော်မှာ ဘဝအဆုံးသတ်နိုင်ပါတယ်။

ဆုတောင်းနှင့်ပတ်သက်လို့ ကျမ်းဂန်မှာ အသိပေးထားတာတစ်ခုကို အထူးသိထားဖို့လိုအပ်မယ် ထင်ပါတယ်။ "မြက်တစ်ဆုပ် လှူဒါန်းမှုလို သေးငယ်တဲ့ကုသိုလ် ဖြစ်ချင်ဖြစ်ပါစေ၊ ဝေလာမပုဏ္ဏား

လှူသလို ကြီးကျယ်တဲ့ကုသိုလ် ဖြစ်ချင်ဖြစ်ပါစေ၊ ဘဝ ဝဋ္ဋဆင်းရဲကို တောင့်တပြီးလုပ်ရင် ဒီကုသိုလ်ဟာ ဘဝ ဝဋ္ဋဆင်းရဲ အကျိုးကိုသာပေးနိုင်တယ်။ ဘဝလွတ်မြောက်မှု အကျိုးကိုမပေးနိုင်ဘူး။ "ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု (ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု)" လို့ ဘဝလွတ်မြောက်ရေးကို တောင့်တပြီးလုပ်တဲ့ ကုသိုလ်ဆိုရင်တော့ ပုဂ္ဂိုလ်အားလျော်စွာ အရဟတ္တမဂ်ဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ကို ပေးစွမ်းနိုင်တယ် " လို့ အသိပေးထားပါတယ်။ ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါတိုင်း ဘဝရဲ့ ကြောက်လန့်စရာ ဆင်းရဲဒုက္ခတွေကို မြင်အောင်ကြည့်ပြီး ဘဝလွတ်မြောက်ရေးဆုကို တောင်းဖြစ်အောင်ကြိုးစားသင့်ပါတယ်။

**ဆက်လက်ပြီး သူတစ်ပါးအတွက် ဆုတောင်းမှုကို လေ့လာကြည့်ရင်** –

သူတစ်ပါးအတွက် တောင်းတဲ့ကိစ္စမှာ သက်ရှိထင်ရှား ရှိနေသူအတွက်နှင့် ကွယ်လွန်သူအတွက်လို့ နှစ်မျိုး ရှိနိုင်ပါတယ်။ သက်ရှိထင်ရှား ရှိနေသူအတွက် အခြားတစ်ယောက်က ဆုတောင်းပေးခြင်းဟာ အထက်ကပြဆိုခဲ့တဲ့ အထောက်အထားတွေကိုကြည့်ပြီး ဖြစ်နိုင်မှုရှိမရှိ သဘောပေါက်လောက်ပါပြီ။ ဒီနေရာမှာ မေတ္တာပို့မှု၊ သစ္စာပြုမှုစတဲ့ ကိစ္စရပ်တွေကို ဆုတောင်းနှင့် ခွဲခွဲခြားခြား နားလည်ဖို့လိုအပ်ပါလိမ့်မယ်။

ကွယ်လွန်သူအတွက် ဆုတောင်းမှုကို ကြည့်မယ်ဆိုရင် ဒီကိစ္စဟာ မျက်မှောက်ခေတ်မှာ မကြာမကြာ ကြားနေမြင်နေရတဲ့ကိစ္စဖြစ်ပါတယ်။ ကွယ်လွန်သူ ကောင်းရာသုဂတိရောက်ဖို့၊ တမလွန်မှာ ချမ်းချမ်းသာသာ ခံစားနိုင်ဖို့ဆိုတဲ့ မေတ္တာကရုဏာဦးစီးတဲ့ ရည်ရွယ်

ချက်နှင့် လုပ်တာဖြစ်လို့ မှန်မြတ်တဲ့လုပ်ရပ်လို့ ဆိုနိုင်ပါတယ်။ အများစုပေါင်းလုပ်တာဆိုရင် ညီညွတ်မှုကိုဖေါ်ဆောင်နိုင်လို့ လောကအမြင်မှာလည်း ကြည်နူးစရာဖြစ်ပါတယ်။ ဒါပေမဲ့ ဆုတောင်းပေးရုံသက်သက်နှင့် ကွယ်လွန်သူမှာ အကျိုးရှိမရှိဆိုတာကိုတော့ ဆန်းစစ်လေ့လာဖို့လိုပါလိမ့်မယ်။ ဒီလိုဆုတောင်းပေးမှုဟာ ရှင်တော်ဘုရားလက်ထက်တော်ကလည်း ရှိခဲ့ပါတယ်။ ရှင်တော်ဘုရားဆီ လာမေးလို့ ဖြေရှင်းပေးတော်မူခဲ့ဖူးပါတယ်။ အဲဒီဖြေရှင်းချက်ကိုလေ့လာကြည့်ရင် မျက်မှောက်ခေတ် ဆုတောင်းပေးမှုကိစ္စလည်း ကွယ်လွန်သူအတွက် အကျိုးရှိမရှိဆိုတာ သဘောပေါက်ပြီး၊ ဖြေရှင်းပြီး ဖြစ်ပါလိမ့်မယ်။

တစ်ခါက အသိဗန္ဓကရဲ့သား ရွာသူကြီးတစ်ဦး ရှင်တော်ဘုရားဆီရောက်လာပြီး သူအလွန်သိချင်နေတဲ့ ကိစ္စတစ်ခုကို မေးလျှောက်ပါတယ်။ သူက – "မြတ်စွာဘုရား၊ ဗြဟ္မဏဆရာကြီးတွေဟာ ကွယ်လွန်သူ နတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ကြပါတယ် (ဆုတောင်းပြီး နတ်ပြည်သို့ ပို့ပေးနိုင်ကြပါတယ်)၊ အရှင်ဘုရားလည်း ဒီလိုလုပ်ပေးနိုင်ပါသလား–" လို့ မေးလျှောက်ပါတယ်။ ဒီတော့ ရှင်တော်မြတ်ဘုရားက – "ရွာသူကြီး၊ ရေထဲမြုပ်နေတဲ့ ကျောက်တုံးတစ်ခုကို ကမ်းပေါ်ကနေပြီး ကမ်းပေါ်တက်လာပါစေလို့ ဆုတောင်းပေးတာကြောင့် ကျောက်တုံးကြီး ကမ်းပေါ်တက်လာမှုမျိုး မဖြစ်နိုင်သလို၊ ပါဏာတိပါတ၊ အဒိန္နာဒါနစတဲ့ အကုသိုလ် ဒုစရိုက်တွေနှင့် ကွယ်လွန်သူကို နတ်ပြည်ရောက်ပါစေလို့ ဆုတောင်းပေးတာကြောင့် နတ်ပြည်ရောက်မယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စဖြစ်တယ်။ ရေပေါ်မှာဝဲနေတဲ့ ထောပတ်ဆီကို ရေထဲနစ်မြုပ်ပါစေလို့ ကမ်းပေါ်ကနေ ဆုတောင်းပေးတာကြောင့် ထောပတ်ဆီရေထဲမြုပ်သွားတာမျိုး

မဖြစ်နိုင်သလို၊ ဒါနမှု သီလမှုစတဲ့ ကုသိုလ်လုပ်ရပ်တွေနှင့်ကွယ်လွန်သူကို ငရဲကျပါစေလို့ ဆုတောင်းပေးတာကြောင့် ငရဲရောက်ရမယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စသာဖြစ်တယ်–" လို့ အတိအလင်း မိန့်ကြားဖြေရှင်းတော်မူခဲ့ပါတယ်။

ဒီသဘောသဘာဝကိုကြည့်ရင် ဆုတောင်းပေးရုံသက်သက်နှင့် ကွယ်လွန်သူမှာ ဘယ်လိုအကျိုးမှမရှိကြောင်း သိနိုင်ပါတယ်။ ဒီတော့ လုပ်ရချင်းအတူတူ မိမိလည်းအကျိုးရှိ ကွယ်လွန်သူလည်းအကျိုးရှိနိုင်မယ့် နည်းလမ်းနှင့် လုပ်ဆောင်နိုင်ရင် အဓိပ္ပါယ်ရှိတဲ့လုပ်ရပ်တစ်ခု ဖြစ်လာပါလိမ့်မယ်။

**ကောင်းတဲ့ဆုတောင်းနှင့်ပတ်သက်လို့ အတော်အသင့်လေ့လာခဲ့ပြီးပါပြီ။ မကောင်းတဲ့ဆုတောင်းကိုလည်း သိသာရုံ လေ့လာကြည့်သင့်ပါတယ်။**

မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါးနှစ်မျိုးလုံးကိုဖြစ်စေ ဆင်းရဲဒုက္ခရောက်စေမယ့် ဆုတောင်းဟာ မကောင်းတဲ့ဆုတောင်းလို့ ပြောခဲ့ပြီးဖြစ်ပါတယ်။ မကောင်းတဲ့ဆုတောင်းတစ်ခုပြည့်ဖို့ ဘယ်လို အချက်အလက်တွေ လိုအပ်တယ်ဆိုပြီး ကျမ်းဂန်တွေမှာ သီးခြားပြထားတာ မတွေ့ရပါဘူး။

မကောင်းတဲ့ဆုတောင်းဟာ ရလွယ် ပြည့်လွယ်တဲ့သဘောရှိဟန်တူပါတယ်။ ဥပမာ – ခဲတစ်လုံးကို အပေါ်သို့ ပစ်တင်လိုသူဟာ မြင့်လိုရင် မြင့်လိုသလောက် အားစိုက်ပြီး ပစ်တင်ရပါတယ်။ အောက်သို့ ပစ်ချချင်သူကတော့ အထူးအားစိုက်ဖို့ မလိုပါဘူး။ လွတ်ချလိုက်ရုံနှင့် အောက်သို့ လျောကျသွားပါတော့တယ်။ "ပါပသ္မိံ ရမတီ မနော = စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တတ်တယ်–"

ဆိုတဲ့ ဥပဒေသအတိုင်း စိတ်ဟာ အကုသိုလ်အရာမှာဆိုရင် အထူး အားမစိုက်ရဘဲ ဆန္ဒ၊ ဝီရိယ ထက်သန်နေတတ်ပါတယ်။ ဒါကြောင့် ဒေါသ အာဃာတ လက်စားချေလိုစိတ်နှင့် ဆုတောင်း မှုဟာ ရလွယ် ပြည့်လွယ်တဲ့သဘောရှိပါတယ်။

ဆဒ္ဒန်ဆင်းမင်းကို လက်စားချေလိုစိတ်နှင့် စူဠသုဘဒ္ဒါ တောင်းတဲ့ဆုမျိုး၊ ကိုယ်ဝန်အကြိမ်ကြိမ်ပျက်ကျအောင်လုပ်လို့ မယား ကြီးအပေါ် လက်စားချေလိုစိတ်နှင့် "ဖြစ်လေရာဘဝမှာ သင်နှင့် သင့်သားသမီးတွေကို သတ်ဖြတ်နိုင်သူဖြစ်ရပါလို၏–" လို့ မယား ငယ်က တောင်းတဲ့ဆုမျိုးတွေဟာ ပြင်းထန်တဲ့ အာဃာတနှင့် တောင်းခဲ့ ကြတာဖြစ်ပါတယ်။ တောင်းတဲ့အတိုင်းပြည့်ကြကြောင်း ဆဒ္ဒန္တဇာတ် တော်နှင့် ကာဠယက္ခိနီ ဝတ္ထုတွေမှာ တွေ့နိုင်ပါတယ်။ အခြားအခြား သာဓကတွေလည်းအများကြီးပါပဲ။ ဒီလိုဆုမျိုးဟာ တောင်းသင့်တဲ့ဆု မဟုတ်ပါဘူး။ တစ်ယောက်နှင့်တစ်ယောက် လက်စားချေ တုန့်ပြန်ရင်း ဘဝများစွာ ရန်ငြိုး အဆုံးမသတ်နိုင် ဖြစ်တတ်ပါတယ်။ ဒီလိုဆုမျိုးကို အထူးသတိထား ရှောင်ရှားသင့်ပါတယ်။

ဒါတင်မကပါဘူး။ မိမိအတွက်အန္တရာယ်ပေါ်များ ဒုက္ခပွား စေတဲ့ဆုလည်း မကောင်းတဲ့ဆုဖြစ်ပါတယ်။ ဒီလိုဆုတောင်းကြောင့် ဒုက္ခများခဲ့ရတဲ့ သာဓကတစ်ခုကိုပြချင်ပါတယ်။

ရှင်တော်ဘုရား လက်ထက်တော်က သာဝတ္ထိမြို့မှာ ခေမက ဆိုတဲ့ သေဋ္ဌေးသားတစ်ယောက်ရှိခဲ့ပါတယ်။ အနာထပိဏ်သေဋ္ဌေး ကြီးရဲ့တူအရင်းပါ။ ယောကျ်ားပီသတဲ့ ရုပ်ရည်ကိုပိုင်ဆိုင်သူ၊ အလွန် ခန့်ညားချောမောသူ ဖြစ်ပါတယ်။ ဒီလိုခန့်ညားချောမောမှုကြောင့် သူ့မိသားစုနှင့် ဆွေမျိုးရင်းချာ အမျိုးသမီးများကလွဲရင် သူ့ကိုမြင်တွေ့

ရတဲ့ အခြားအမျိုးသမီးတွေဟာ မချစ် မနှစ်သက်ဘဲ မနေနိုင် ဖြစ်ကြရပါတယ်။ ဒါကြောင့် သူ့အနီးအနားမှာ အမျိုးသမီး အကြီးအငယ် အပျိုအအိုတွေ ဝိုင်းဝိုင်းလည်နေပါတော့တယ်။ သူကလည်း ဒီအမျိုးသမီးတွေနှင့် လွန်ကျူးပျော်ပါးနေရတာကိုပဲ သာယာပျော်မွေ့နေပါတယ်။

အမျိုးသမီးများရဲ့ လင်သားတွေ၊ အစ်ကိုတွေ၊ မောင်တွေ၊ ဆွေမျိုးနီးစပ်သူတွေ မကျေနပ်ကြပေမဲ့ အနာထပိဏ်သေဌေးကြီး အရှိန်အဝါကြောင့် မတိုင်ရဲ မပြောရဲကြပါဘူး။ ဒါပေမဲ့ ကာလကြာလာတော့ မင်းမှုထမ်းတွေဆီ သတင်းရောက်သွားပါတယ်။ မင်းမှုထမ်းတွေက သူ့ကိုဖမ်းဆီးပြီး ဘုရင်ကောသလဆီပို့လိုက်ပါတယ်။ ဘုရင်ကြီးက "ဒီကိစ္စကို သေဌေးကြီးသိရင် ရှက်နေပါလိမ့်မယ်–"လို့ တွေးပြီး အပြစ်မယူဘဲ ပြန်လွှတ်လိုက်ပါတယ်။

မင်းမှုထမ်းတွေက လက်ပူးလက်ကြပ်ဖမ်းပြီး ဘုရင်ကြီးဆီပို့လိုက်၊ ဘုရင်ကြီးက ပြန်လွှတ်လိုက်နှင့် သံသရာလည်နေပါတယ်။ နောက်တော့ သေဌေးကြီးသိသွားလို့ တူတော်မောင်ကို ရှင်တော်ဘုရားဆီခေါ်သွားပြီး ဖြစ်ပျက်ပုံကိုလျှောက်ထားပါတယ်။ ဆုံးမပေးတော်မူဖို့လည်း တောင်းပန်ပါတယ်။ ရှင်တော်ဘုရားက သူနှင့်သင့်လျော်မယ့် တရားကိုဟောပြောပြီး ဆုံးမလိုက်တော့ ခေမက သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ကိုရသွားပါတယ်။ အဲဒီအချိန်ကျတော့မှ အဲဒီအန္တရာယ်တွေဆင်းရဲဒုက္ခတွေက လွတ်ကင်းသွားပါတော့တယ်။

ဒီလိုဖြစ်ရတာ သူ့ရေးဆုတောင်းကြောင့်ဖြစ်ပါတယ်။ သူဟာ အတိတ်ဘဝတစ်ခုမှာ အလွန်ကျော်ကြား လူကြိုက်များတဲ့ လက်ဝှေ့ကျော်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ လက်ဝှေ့ထိုးလို့ရတဲ့ဆုငွေတွေနှင့်

ရွှေတံခွန်တိုင်နှစ်ခု စိမ်ပြီး ကဿပဘုရားရှင်ရဲ့ ရွှေစေတီမှာ လှူဒါန်း ဆုတောင်းခဲ့ပါတယ်။ သူ့ဆုတောင်းက " မိသားစုနှင့် ဆွေမျိုးရင်းချာ တော်စပ်တဲ့ အမျိုးသမီးများကလွဲလို့ အခြားတွေ့မြင်ကြတဲ့ အမျိုးသ မီးတိုင်း သူ့ကိုချစ်ခင်နှစ်သက်စွဲလမ်းကြပါစေ– " လို့ ထူးထူးခြားခြား ဆုတောင်းခဲ့ပါတယ်။ အတိတ်က သူ့ဆုတောင်းကြောင့် ယခုဘဝမှာ ဘေးဒုက္ခတွေ အန္တရာယ်တွေများစွာနှင့် ကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို အန္တရာယ်များလှတဲ့ အလားတူ ဆုမျိုးကိုလည်း မတောင်းမိဖို့ အထူးသတိထားသင့်ပါတယ်။

ပြဆိုခဲ့တဲ့ ကောင်း–မကောင်းဆုတောင်းဆိုတဲ့ အယူအဆ တွေဟာ လောကသားအများရဲ့ထင်မြင်ချက်၊ ပုထုဇဉ်တွေရဲ့အယူအဆ နှင့်ပြဆိုတာဖြစ်ပါတယ်။ ပုထုဇဉ်တွေရဲ့အမြင်မှာ ဗြဟ္မာဘဝ၊ လူ နတ်စည်းစိမ်ရိပ်ငြိမ်ချမ်းသာကို ခံစားရတဲ့ဘဝ၊ အရာရာပြည့်စုံပြီး အများအကျိုးသယ်ပိုးနိုင်တဲ့ဘဝကို တောင့်တမှုဟာ ကောင်းတဲ့တောင့် တမှုလို့ မြင်ကြပေမဲ့ အရိယာပုဂ္ဂိုလ်မြတ်များ အမြင်မှာတော့ ဒီလို မဟုတ်ပါဘူး။ ဘယ်လောက်ကြီးကျယ် မြင့်မြတ်တဲ့ဘဝ ဖြစ်ပါစေ ဘဝရရှိမှုမှန်သမျှ ဆင်းရဲဒုက္ခအစုအပုံကို ရရှိမှုသာဖြစ်တယ်လို့ မြင်တော်မူကြပါတယ်။ ဘဝဆိုတာ ဆင်းရဲဒုက္ခ၊ ဆင်းရဲဒုက္ခရဲ့ အကြောင်းရင်းမူလဟာ ဘဝပဲလို့ သိတော်မူကြပါတယ်။ ဒါကြောင့် ဘယ်လိုဘဝမျိုးပဲဖြစ်ပါစေ ဘဝကိုလိုချင်တဲ့ ဆုတောင်းဆိုရင် အားပေး တော်မမူကြပါဘူး။ ကောင်းတဲ့ ဆုတောင်းတစ်ခုလို့လည်း ချီးမွမ်းတော် မမူကြပါဘူး။

အရိယာအရှင်သူမြတ်တွေ လိုလားအားပေးတော်မူကြတဲ့ ဆုတောင်းက ဘဝလွတ်မြောက်ရေးဖြစ်ပါတယ်။ ဒါကြောင့် သေးငယ်

တဲ့ကုသိုလ်လုပ်တာပဲဖြစ်ဖြစ် ကြီးကျယ်တဲ့ကုသိုလ်လုပ်တာပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှုလုပ်တိုင်း "ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု (ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု)–"စသည်ဖြင့် ဘဝလွတ်မြောက်ရေးဆုကိုသာ တောင့်တစေချင်တော်မူကြပါတယ်။ တောင့်တဖြစ်အောင်လည်း နည်းပေးလမ်းပြ ပြုတော်မူကြပါတယ်။

ဒါကြောင့် သေးငယ်တဲ့ကုသိုလ်လုပ်တာပဲဖြစ်ဖြစ် ကြီးကျယ်တဲ့ကုသိုလ်လုပ်တာပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှုလုပ်တိုင်း အရိယာပုဂ္ဂိုလ်ထူးများ လိုလားတဲ့ ဘဝလွတ်မြောက်ရေးဆုကို တောင်းဖြစ်အောင်ကြိုးစားသင့်ပါတယ်။ ။

## ကွယ်လွန်သူကို ရည်စူးပြီး ကုသိုလ်ပြု အမျှဝေရင် ကွယ်လွန်သူ ရနိုင်ပါသလား ?

ဒီကိစ္စဟာ အထူးနားလည်ထားသင့်တဲ့ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ မိသားစုဝင်တစ်ယောက်ယောက် ကွယ်လွန်သွားတဲ့အခါ ကျန်ခဲ့တဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေသူငယ်ချင်းတွေက တတ်စွမ်းသလောက် ကုသိုလ်ပြု အမျှဝေလေ့ရှိကြပါတယ်။ မြန်မာနိုင်ငံအတိုင်းအတာနှင့်ကြည့်ရင် ဒီကိစ္စကို ဘာသာရေးဓလေ့တစ်ခုအနေဖြင့် မဖြစ်မနေပြုလုပ်တတ်ကြတာ တွေ့ရပါတယ်။ အချို့ဒေသတွေမှာ အလောင်းရှိနေဆဲမှာ သက်ပျောက်အလှူဆိုပြီး နေ့တိုင်းပြုလုပ်ကြသလို၊ သင်္ဂြိုဟ်ပြီးနောက်မှာလည်း ရက်လည်၊ လပတ်လည်၊ နှစ်ပတ်လည် စသည်ဖြင့် ပြုလုပ်တတ်ကြပါတယ်။ ဒီကိစ္စဟာ ကိုယ်တိုင်မကြုံဖူးပေမဲ့ ပတ်ဝန်းကျင်မှာ အမြဲမြင်တွေ့နေရတဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် နားလည်ထားဖို့ အထူးလိုအပ်ပါတယ်။

ကွယ်လွန်သူကိုရည်စူးပြီး ကုသိုလ်ပြုအမျှဝေမှုဟာ မိဘနှင့်သားသမီးအနေဖြင့်ကြည့်ရင် မိဘကိုကျေးဇူးဆပ်တဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။ မိဘတိုင်း သားသမီးတွေအပေါ်ထား ~ ဲ့ မျှော်လင့်ချက်တွေထဲမှာ "ငါတို့ ကွယ်လွန်တဲ့အခါ ကုသိုလ်ပြုအမျှဝေကြလိမ့်မယ်"

ဆိုတဲ့ မျှော်လင့်ချက်တစ်ခု ပါဝင်ပါတယ်။ မိဘတွေရဲ့ ဒီမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျေးဇူးဆပ်တဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ သားသမီးတွေ မဖြစ်မနေလုပ်ပေးရမယ့် အလုပ်တစ်ခုလည်းဖြစ်ပါတယ်။

ညီအစ်ကို မောင်နှမ၊ မိတ်ဆွေသူငယ်ချင်းအနေဖြင့်ကြည့်ရင် တစ်ဦးကျေးဇူးကိုတစ်ဦးတုန့်ပြန်တဲ့အနေ၊ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်တဲ့အနေဖြင့် လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ခုဖြစ်ပါတယ်။ မိသားစုဝင်ကောင်း၊ မိတ်ဆွေသူငယ်ချင်းကောင်းတစ်ဦးရဲ့ လုပ်ပေးရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

ကွယ်လွန်သူအတွက် ရည်စူးပြီး ကုသိုလ်ပြု အမျှပေးဝေတာကို ကွယ်လွန်သူရနိုင်တဲ့ဘဝရှိသလို မရနိုင်တဲ့ဘဝလည်းရှိပါတယ်။ သတ္တဝါတွေဟာ ရဟန္တာအဖြစ်နှင့် ဘဝဇာတ်သိမ်းတာမဟုတ်သေးသရွေ့ ကွယ်လွန်ပြီးနောက် ဘဝတစ်ခုခုမှာ ဖြစ်ကြရပါတယ်။ ဖြစ်ရတဲ့ဘဝတွေကို အမျိုးအစားအလိုက် တူရာပေါင်းလိုက်ရင် ငါးမျိုးရှိပါတယ်။

(၁) နတ်၊ ဗြဟ္မာဘဝ၊

(၂) လူ့ဘဝ၊

(၃) တိရစ္ဆာန်ဘဝ၊

(၄) ငရဲသားဘဝ၊

(၅) ပြိတ္တာဘဝ ဖြစ်ပါတယ်။

သတ္တဝါတွေဟာ ရဟန္တာမဖြစ်သေးသရွေ့ ဒီဘဝငါးမျိုးအတွင်းမှာပဲ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ကြရပါတယ်။ ကံအကြောင်းအားလျော်စွာ လှည့်ပတ်ကူးပြောင်း သံသရာလည်နေကြရပါတယ်။

ဒီထဲက အမှတ်(၁၊ ၂၊ ၃၊ ၄)ဖြစ်တဲ့ နတ် ဗြဟ္မာဘဝ၊ လူ့ဘဝ၊ တိရစ္ဆာန်ဘဝ၊ ငရဲသားဘဝကို ရောက်သွားသူတွေဟာ ရည်စူးပြုလုပ်တဲ့ကုသိုလ်ကို မရနိုင်ကြပါဘူး။ ဒီကုသိုလ်အကျိုးကို မခံစားကြရပါဘူး။

အကြောင်းကတော့ နတ်ဘဝ ဗြဟ္မာဘဝရောက်သူတွေဟာ ဖြစ်ရာဘုံအလျောက် ချမ်းသာသုခအမျိုးမျိုးကို ခံစားကြရပါတယ်။ အတိတ်ကံအားလျော်စွာ စားဝတ်နေရေး ပြည့်စုံကြပါတယ်။ လူ့ဘဝ တိရစ္ဆာန်ဘဝရောက်သူတွေဆိုရင်လည်း ဖြစ်ရာဘဝအလျောက် စားသောက်စရာ နေထိုင်စရာ ရှိသွားကြပြီးဖြစ်ပါတယ်။ ဘဝသစ်မှာ ရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်ကြရလို့ အတိတ်ဘဝကို အာရုံမစိုက်ကြတော့ပါဘူး။ ငရဲရောက်သွားသူတွေဆိုရင်လည်း ဒုက္ခမျိုးစုံကို အလူးအလိမ့်ခံစားရင်း အကုသိုလ်ကံအလျောက် အသက်ရှည်နေကြရပါတယ်။ ဒီလို လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲဘဝရောက်သွားသူတွေဟာ အတိတ်ဘဝမိသားစုတွေ ပေးဝေမယ့်ကုသိုလ်ကို အာရုံစိုက်မှု၊ မျှော်လင့်မှု မထားကြတော့ပါဘူး။ ဒါကြောင့် ဒီဘဝ ဒီဘုံဌာနတွေဟာ ရည်စူးပြုလုပ်တဲ့ ကုသိုလ်က အကျိုးပေးခွင့်သာတဲ့ ဘဝ ဘုံဌာနတွေ မဟုတ်ပါဘူး။

အမှတ်(၅) ပြိတ္တာဘဝရောက်သွားသူတွေကတော့ ရရှိခံစားနိုင်ကြပါတယ်။ ရည်စူးပြုလုပ်တဲ့ကုသိုလ် အကျိုးပေးခွင့်သာတဲ့ဘဝဟာ ပြိတ္တာဘဝတစ်ခုသာရှိပါတယ်။ ပြိတ္တာဆိုပေမဲ့ တစ်မျိုးတည်းတော့မဟုတ်ပါဘူး၊ ပြိတ္တာအမျိုးအစားတွေ အများကြီးရှိပါတယ်။

ဆာလောင်မွတ်သိပ်မှုဒုက္ခကို အမြဲခံနေရတဲ့ ခုပ္ပိပါသ ပြိတ္တာမျိုးရှိပါတယ်။ အချို့ခန္ဓာကိုယ်ကြီးသလောက် ပါးစပ်က အပ်ဖျားဆံ့ရုံလောက်သာပါလို့ အစာမစားနိုင်ကြပါဘူး။ အချို့စားသောက်နိုင်

အောင်ပါးစပ်ပါပေမဲ့ စားစရာမရှိကြပါဘူး၊ စားသောက်စရာကို အဝေးကလှမ်းမြင်ရပေမဲ့ အနီးရောက်ရင် ပျောက်ကွယ်သွားတတ်ပါတယ်။ ရေဆာလွန်းလို့ ရေပြည့်နေတဲ့ မြစ်ထဲကို ပြေးဆင်းလာပေမဲ့ ရေတွေပျောက်ပြီး သဲတွေကိုသာ မြင်ရတတ်ပါတယ်။ အစာစားရနိုး ပြေးလွှားရှာဖွေရင်း တစ်သက်လုံး မွတ်သိပ်ဆာလောင်မှုဒုက္ခကို ခံကြရတဲ့ ပြိတ္တာမျိုးဖြစ်ပါတယ်။

မီးစွဲလောင်ခံနေရတဲ့ **နိဇ္ဈာမတဏှိက** ပြိတ္တာမျိုးလည်းရှိပါတယ်။ အဝတ်ပတ် ခတ်ဆီလောင်းပြီး မီးရှို့ခံရသူလို အချို့တစ်ကိုယ်လုံး၊ အချို့ကိုယ်ခန္ဓာအစိတ်အပိုင်း၊ အချို့အဝတ်အစားစသည်ဖြင့် မီးစွဲလောင်ခံရသူတွေ ဖြစ်ပါတယ်။ ကယ်ပါယူပါ အော်ဟစ်ပြေးလွှားရင်း တစ်သက်လုံး ဒုက္ခခံကြရတဲ့ ပြိတ္တာမျိုးဖြစ်ပါတယ်။

ထွေးအန်ဖတ်ကိုစားသောက်ရတဲ့၊ တစ်နည်းပြောရရင် ဝမ်းထဲကအစာကို အမြဲအန်ထုတ်နေရတဲ့ **ဝန္တာသိက** ပြိတ္တာမျိုးလည်းရှိပါတယ်။ ဒီပြိတ္တာမျိုးက ရွံရှာဖွယ်ထွေးအန်ဖတ်ကို ရှာဖွေစားသောက်ကြရပါတယ်။ အချို့လည်း ဝမ်းထဲကအစာကို အမြဲအန်ထုတ်ရတဲ့ ဆင်းရဲကို တစ်သက်လုံးခံစားရတဲ့ ပြိတ္တာမျိုးဖြစ်ပါတယ်။

သူတစ်ပါးကိုမှီခိုပြီး ဘဝရပ်တည်ရတဲ့ **ပရဒတ္တူပဇီဝိ** ပြိတ္တာမျိုးလည်းရှိပါတယ်။ ပြိတ္တာဘဝဟာ လူတွေ တိရစ္ဆာန်တွေလို ခွန်အားပညာ ဝီရိယအားကိုးနှင့် လုပ်ကိုင်စားသောက်နိုင်တဲ့ အခြေအနေ မရှိပါဘူး။ လူတွေစွန့်ပစ်တဲ့ ထမင်းလုံး၊ ဟင်းဖတ်၊ မုန့်၊ ချွဲ၊ နပ်၊ တံတွေး၊ မစင်၊ အသား၊ ငါးစသည်တွေကို ရှာဖွေစားသောက်ရပါတယ်။ ပရဒတ္တူပဇီဝိ ပြိတ္တာအမျိုးအစားမှာ ဘီလူး၊ သရဲ၊ သဘက်၊ ဖုတ်၊ တစ္ဆေ၊ မင်စာ၊ ကျုတ်၊ အစိမ်းစသည် ပါဝင်ပါတယ်။

ရည်စူးပြုလုပ်တဲ့ ကုသိုလ်ကို ရယူခံစားနိုင်ဖို့နီးစပ်သူတွေ ကတော့ ပရဒတ္တူပဇီဝီ ပြိတ္တာမျိုးဝင်တွေဖြစ်ပါတယ်။ သူတို့ဟာ အစား အဝတ် အနေအထိုင်ဆင်းရဲတာကြောင့် အတိတ်ဘဝမိသားစုဝင်တွေ ကုသိုလ်ပြုမှုကို အများဆုံးမျှော်လင့်တတ်ကြပါတယ်။ တစ်ခါတစ်ရံ ကလေးသူငယ်များကို ခြောက်လှန့်လို့ဖြစ်စေ ဝင်ပူးလို့ဖြစ်စေ အစား အစာတောင်းရမ်း စားသောက်ကြရပါတယ်။ တစ်ခါတစ်ရံ ကုသိုလ်ပြု အမျှပေးဝေဖို့ တစ်နည်းနည်းဖြင့် တောင်းခံတတ်ကြပါတယ်။ လူတွေရဲ့ အနီးအနား အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြား၊ ချုံပုတ်၊ သစ်ပင်၊ ဇရပ်၊ သုသာန်စသည်မှာ နေထိုင်ကြတာကြောင့် ရည်စူးပြုလုပ်တာကို သိနိုင် မြင်နိုင် ကြားနိုင်သူတွေ ဖြစ်ကြပါတယ်။

ရည်စူးပြုလုပ်တဲ့ ကုသိုလ်အကျိုးကို ခံစားနိုင်ဖို့အတွက် အင်္ဂါ သုံးချက်နှင့်ပြည့်စုံဖို့လိုအပ်ပါတယ်။

**(က) ရည်စူးပြီး ကုသိုလ်ပြုလုပ်အမျှဝေရမယ်။**

**(ခ) အလှူခံ စင်ကြယ်ရမယ်။**

**(ဂ) ရည်စူးသူက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမယ်။**

ဒီအင်္ဂါသုံးချက်နှင့်ပြည့်စုံရင်တော့ သာဓုခေါ်တဲ့ခဏအတွင်းမှာပဲ ကုသိုလ်အကျိုးကိုခံစားကြရပါတယ်။ လှူဒါန်းတဲ့ပစ္စည်းအားလျော်စွာ နတ်နှင့်တူတဲ့ အစားအစာ၊ အဝတ်တန်ဆာ၊ နေထိုင်စရာ အသုံးအ ဆောင်ပစ္စည်းတွေကို ရရှိတယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။

လူတွေ၊ နတ်တွေ၊ တိရစ္ဆာန်တွေ သာဓုခေါ်တဲ့ခဏအ တွင်းမှာ ကုသိုလ်အကျိုးကို အများအားဖြင့် မခံစားကြရသေးပေမဲ့ ပြိတ္တာတွေကတော့ ခံစားကြရပါတယ်။ ဒါဟာ ပြိတ္တာတွေရဲ့ထူးခြား ချက်တစ်ခုဖြစ်ပါတယ်။ ဒီလို သိမ်မွေ့နက်နဲတဲ့အကြောင်းအရာကို

သဗ္ဗညုတဉာဏ်သခင်ဘုရားရှင်များ ထုတ်ဖော်ဟောကြားလို့ သိကြရတာဖြစ်ပါတယ်။

ကုသိုလ်ပြုပေမဲ့ ရည်စူးပြီး အမျှမပေးရင်လည်း အကျိုးမခံစားရပါဘူး။ သာဓကကိုကြည့်မယ်ဆိုရင်–ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလာတဲ့ ရှင်တော်ဘုရားနှင့် သံဃာတော်များကို ဗိမ္ဗိသာရမင်းကြီးက ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ ရှင်တော်ဘုရားနှင့် သင့်လျော်မယ့် ကျောင်းနေရာကို စိတ်ကူးနှင့်ရှာဖွေနေတာကြောင့် အဲဒီနေ့က ဘုရင်ကြီး အမျှပေးဝေဖို့ သတိမေ့သွားပါတယ်။ ရှေးကဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ ပြိတ္တာတွေဟာ ဘုရင်ကြီး အမျှပေးဝေနိုး စောင့်မျှော်ကြပေမဲ့ အဲဒီနေ့က အမျှမရခဲ့ကြပါဘူး။ ဒါကြောင့် ညအခါမှာ ကိုယ်ထင်ပြပြီး အော်ဟစ်တောင်းခံကြကြောင်း ကျမ်းဂန်မှာ အထင်အရှားရှိပါတယ်။

အမျှပေးဝေပေမဲ့ အလှူခံမစင်ကြယ်ရင်လည်း အကျိုးမခံစားရပါဘူး။ ကွယ်လွန်ပြီးနောက် ပြိတ္တာဘဝရောက်နေတဲ့ ဆွေမျိုးတစ်ယောက်အတွက် မုဆိုးတစ်ယောက်ဟာ ဒုဿီလရဟန်းတစ်ပါးဆီမှာ နှစ်ကြိမ်တိုင်အောင် ကုသိုလ်ပြုလုပ်ပြီး အမျှပေးဝေပါတယ်။ ဒါပေမဲ့ ဆွေမျိုးပြိတ္တာက အကျိုးမခံစားရပါဘူး။ သုံးကြိမ်မြောက် အလှူလုပ်အမျှဝေတဲ့အခါမှာတော့ ပြိတ္တာက "ငါရမယ့်ဟာကို ဒုဿီလကြီးလုယူထားတယ်" လို့ ဝင်ပူးပြီး အော်ဟစ်ပြောဆိုကြောင်း ကျမ်းဂန်မှာပြဆိုထားပါတယ်။ ဒါကြောင့် လှူတဲ့အခါ သံဃိကဒါနဖြစ်အောင်ကြိုးစားသင့်ပါတယ်။ တကယ်လို့ ပုဂ္ဂိုလ်တစ်ပါးဆီမှာ ပြုခွင့်ကြုံရင်လည်း သံဃာကိုရည်မှန်းပြီး ပြုသင့်ပါတယ်။ ပုဂ္ဂလိက လှူဒါန်းရင်လည်း သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဆီမှာ လှူဒါန်းနိုင်အောင် ကြိုးစားသင့်ပါတယ်။

ရှေ့အင်္ဂါနှစ်ရပ်နှင့်ပြည့်စုံပေမဲ့ ဝမ်းမြောက်ဝမ်းသာ သာခုမခေါ်ရင်လည်း အကျိုးမခံစားရပါဘူး။ အချို့ဟာ အတိတ်ဘဝ သားသမီးသံယောဇဉ် ပစ္စည်းဥစ္စာသံယောဇဉ်ကြောင့် ခွဲခွာမသွားလိုလို့ သာခုမခေါ်ဘဲ နေတတ်ကြကြောင်း ကြားဖူးပါတယ်။ အချို့လည်း လူသူမနီးတော တောင်တွေ၊ မြစ် ချောင်း ပင်လယ် သမုဒ္ဒရာ ကျွန်းတွေမှာ ဖြစ်တတ်ကြပါတယ်။ ဒီလိုအနေဝေးရင်လည်း မိမိအတွက် ရည်စူးကုသိုလ်ပြုတာကို မသိနိုင် မမြင်နိုင်လို့ သာခုမခေါ်နိုင်ကြပါဘူး။ ဒါကြောင့် ကုသိုလ်အကျိုးကို မခံစားကြရပါဘူး။

ဒီနေရာမှာ မေးစရာတစ်ခုရှိပါတယ်။ **ကွယ်လွန်သူဟာ ပြိတ္တာဘဝမှာမဟုတ်ဘဲ တကယ်လို့ လူ့ဘဝ တိရစ္ဆာန်ဘဝကိုရောက်သွားရင် ရည်စူးပြုလုပ်တဲ့ကုသိုလ်ဟာ အကျိုးမဲ့ အလဟဿဖြစ်သွားသလား?** ဆိုတဲ့ မေးခွန်းပါပဲ။ ဒီမေးခွန်းကို ရှင်တော်ဘုရားလက်ထက်တော်က ဇာဏုသောဏိပုဏ္ဏားကြီးမေးလို့ ရှင်တော်ဘုရား ဖြေခဲ့ဖူးပါတယ်။

ပုဏ္ဏားကြီးက "အရှင်ဘုရား၊ ရည်စူးသူဟာ တကယ်လို့ ပြိတ္တာဘဝမှာ မရှိဘူးဆိုရင် ဒီကုသိုလ်အကျိုးကို ဘယ်သူခံစားမှာပါလဲ" လို့ မေးပါတယ်။ ရှင်တော်ဘုရားက "ပုဏ္ဏား၊ တကယ်လို့ ရည်စူးသူ ပြိတ္တာဘဝမှာ မရှိဘူးဆိုရင် ပြိတ္တာဘဝရောက်နေကြတဲ့ အခြားဆွေမျိုးတော်စပ်ခဲ့ဖူးသူတွေရှိပါတယ်။ သူတို့ ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ရင် ဒီကုသိုလ်အကျိုးကို ခံစားရပါတယ်" လို့ ဖြေတော်မူပါတယ်။ ပုဏ္ဏားကြီးက တဆင့်တက်ပြီး " ပြိတ္တာဘဝရောက်နေတဲ့ အခြားဆွေမျိုးတော်စပ်သူလည်း မရှိဘူးဆိုရင်ကော ဘုရား" လို့ ထပ်မေးပြန်ပါတယ်။ ရှင်တော်ဘုရားက "ပုဏ္ဏား၊

ရှည်းလျားလှတဲ့သံသရာခရီးမှာ ပြိတ္တာဘဝရောက်နေတဲ့ ဆွေမျိုးသား ချင်းမရှိဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သင်ပြောသလို မရှိဘူးဘဲထားဦးတော့။ ကုသိုလ်ပြုလုပ်သူဟာ ဒီကုသိုလ်အကျိုးကို ခံစားရပါတယ်–" လို့ ဖြေတော်မူခဲ့ပါတယ်။ ဒီစကားရပ်တွေကို လေ့လာကြည့်ရင် ကုသိုလ်ပြု အမျှဝေတဲ့အခါ အထူးရည်စူးသူအပြင် အခြားသူတွေကိုလည်း အမျှပေးဝေသင့်ကြောင်း၊ ရည်စူးသူ ရသည် ဖြစ်စေ မရသည်ဖြစ်စေ ပြုလုပ်သူက ကုသိုလ်ရပြီးဖြစ်လို့ ကုသိုလ်အ ကျိုးကို ခံစားရမှာသေချာကြောင်း တွေ့မြင်နိုင်ပါတယ်။

နောက်ထပ် မေးသင့်တာတစ်ခုရှိပါသေးတယ်။ ပြုလုပ်တဲ့ **ကုသိုလ်ကို အခြားသူတွေကို မျှဝေပေးလိုက်ရင် မူလကုသိုလ်ရှင်မှာ ကုသိုလ်တွေ နည်းမသွားဘူးလား? လျော့မသွားဘူးလား? ဆိုတဲ့** မေးခွန်းပါ။

ဒါနဲ့ပတ်သက်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားတဲ့ ဥပမာဟာ အလွန်ထိရောက် မြင်လွယ်လှပါတယ်။

လူတစ်ယောက်က ဖယောင်းတိုင်တစ်ချောင်း မီးထွန်းထား တယ်ဆိုပါစို့။ အခြားတစ်ယောက်ကလည်း ခုနကထွန်းထားတဲ့ ဖယောင်းတိုင်မီးကတစ်ဆင့်ကူးယူပြီး သူ့ဖယောင်းတိုင်ကို မီးထွန်း တယ်။ နောက်တစ်ယောက် နောက်တစ်ယောက်စသည်ဖြင့် မီးကူးယူ ထွန်းကြတယ်ဆိုရင် မူလထွန်းထားတဲ့ဖယောင်းတိုင်မီးဟာ နောက် နောက် မီးကူးယူကြတဲ့ ဖယောင်းတိုင်တွေဆီပါသွားလို့ နည်းသွား လျော့သွားတာမရှိတဲ့အပြင် နောက်နောက်ထွန်းတဲ့ မီးတွေကြောင့် အလင်းရောင် ပိုပြီးအားကောင်း တိုးပွားလာသလိုပဲ။ မူလပြုလုပ်သူရဲ့ ကုသိုလ်ဟာ ဆွေမျိုး မိတ်ဆွေတွေ ပြိတ္တာတွေကို ခွဲဝေပေးလိုက်ရလို့

နည်းသွား လျော့သွား ကုန်သွားတာမရှိပါဘူး။ တကယ်တော့ မိမိကုသိုလ်ကို အမှီပြုပြီး အများသူငါ ကုသိုလ်ရကြ၊ ချမ်းသာကြတာကို မြင်ရကြားရလို့ ပိုပြီးဝမ်းမြောက်ဝမ်းသာဖြစ်ရ ကြည်နူးပီတိဖြစ်ရတဲ့ အတွက် ကုသိုလ်တွေသာတိုးလာကြောင်း ပြဆိုထားပါတယ်။

ပညတ်နယ်ကိုကျော်ပြီး ပရမတ်သဘောနှင့်ကြည့်ရင်- တစ်ယောက်မှာရှိတဲ့ ကုသိုလ်ကိုဖြစ်စေ အကုသိုလ်ကိုဖြစ်စေ လက်ပြောင်းလက်လွှဲသဘောဖြင့် အခြားတစ်ယောက်ကို ပေးလို့ရစကောင်းတဲ့အရာ မဟုတ်ပါဘူး။ ကုသိုလ် အကုသိုလ်ကိစ္စဟာ လုပ်သူနှင့်သာဆိုင်ပါတယ်။ လုပ်သူသာရပါတယ်။

ကွယ်လွန်သူအတွက် ကုသိုလ်ပြု အမျှဝေတဲ့ကိစ္စကို လေ့လာကြည့်ရင်- ဆွမ်းစတဲ့စားသောက်ဖွယ်တွေ၊ သင်္ကန်းစတဲ့ပစ္စည်းဝတ္ထုတွေကို လှူဒါန်းတော့ ဒါနကုသိုလ်၊ သီလခံယူဆောက်တည်တော့ သီလကုသိုလ်၊ သံဃာတော်တွေ ဟောကြားတဲ့တရားကို နာယူတော့ ဓမ္မဿဝနကုသိုလ်၊ မိမိကုသိုလ်ရသလို အခြားသတ္တဝါတွေကို ရစေလိုတဲ့ဆန္ဒနှင့် အမျှပေးဝေတော့ ပတ္တိဒါနကုသိုလ် စတဲ့ကုသိုလ် အမျိုးမျိုးကို ပြုလုပ်သူရတာဖြစ်ပါတယ်။

ကုသိုလ်လုပ်ရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ မိသားစုတွေ သူငယ်ချင်းမိတ်ဆွေတွေကလည်း သီလခံယူဆောက်တည်မှု၊ တရားနာမှု၊ ကူညီဆောင်ရွက်ပေးမှု၊ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု စသည်ကြောင့် ကုသိုလ်အမျိုးမျိုး ရကြပါတယ်။ ဒီကုသိုလ်တွေကို သူတို့ကိုယ်တိုင်လုပ်ယူလို့ရကြတာပါ။

ကွယ်လွန်ပြီး ပြိတ္တာဘဝရောက်နေသူတွေအနေနှင့်ကြည့်ရင်လည်း-ရဟန်းတော်များကိုဖူးမြော်ရမှု၊ တရားနာရမှု၊ ရည်စူးပြုလုပ်

တာကို မြင်ရကြားရလို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု စတဲ့ကုသိုလ်တွေကို သူတို့ကိုယ်တိုင် ပြုလုပ်ကြတာဖြစ်ပါတယ်။

လောကဖြစ်ပျက်သမျှအရာအားလုံးဟာ အကြောင်းအကျိုးဆက်စပ်မှုရှိကြတာချည်းပါပဲ။ ဒီသဘောကို ရှောင်ရှားပစ်ပယ်လို့ ရရိုးထုံးစံမရှိပါဘူး။ ခုနကကိစ္စမှာ ကုသိုလ်လုပ်စဉ် ကူညီဆောင်ရွက်ပေးသူတွေ၊ ပြိတ္တာဘဝရောက်နေသူတွေ ကုသိုလ်ရကြတာဟာ မူလကုသိုလ်ရှင်ကို အကြောင်းပြုပြီး ကုသိုလ်ရကြတာဖြစ်ပါတယ်။ ဒါကိုပဲ "မူလကုသိုလ်ရှင်က ပေးလို့ရတာ" လို့ ပညတ်နယ်မှာ ပြောကြတာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက် ကုသိုလ်လုပ်တာကို အခြားတစ်ယောက်က ကြည်နူးဝမ်းမြောက်စွာ သာဓုခေါ်ရင် မူလကုသိုလ်ရှင်လိုပဲ ကုသိုလ်ရကြောင်းကို သတိပြုမိရင် ဒီကိစ္စ အလွယ်တကူ နားလည်နိုင်ပါလိမ့်မယ်။ ။

## ဗုဒ္ဓဝါဒပေါ်ထွက်လာလို့ ဘယ်လိုအကျိုးတွေ ရရှိပါသလဲ ?

လောကကြီးမှာ ဗုဒ္ဓဝါဒပေါ်ထွက်လာလို့ –

**၁။ ကမ္ဘာ့အဆင့်အမြင့်ဆုံး ယဉ်ကျေးမှုကြီး ပေါ်ပေါက်လာခဲ့ပါတယ်။**

ကမ္ဘာ့လူ့အသိုင်းအဝိုင်းမှာ မတူညီတဲ့ ယဉ်ကျေးမှုတွေ အမြောက်အမြားပါပဲ။ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးပါတယ်ဆိုတဲ့လုပ်ရပ်ဟာ အခြားလူမျိုးတစ်မျိုးအတွက် မနှစ်သက်စရာ လက်မခံနိုင်စရာ ဖြစ်နေတတ်ပါတယ်။ လူမျိုးစုတစ်ခုရဲ့ သိမ်မွေ့ပါတယ်ဆိုတဲ့ အမူအရာဟာ အခြားလူမျိုးစုတစ်ခုအတွက် စိတ်မချမ်းမြေ့စရာ ဖြစ်နေတတ်ပါတယ်။ ဒီတော့ အများလက်ခံတဲ့ ယဉ်ကျေးမှုကောင်းတစ်ခုလို့ သတ်မှတ်ဖို့ " စံ " လိုအပ်လာပါတယ်။

ယဉ်ကျေးမှုတစ်ခုဟာ –

**(က) မိမိအကျိုးကိုဖြစ်စေ၊ သူတစ်ပါးအကျိုးကိုဖြစ်စေ၊ မိမိသူတစ်ပါးနှစ်ဦးသားအကျိုးကိုဖြစ်စေ မထိခိုက် မနစ်နာ မပျက်စီးစေရပါဘူး။**

**(ခ) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ မိမိသူတစ်ပါးနှစ်ဦးသားအတွက်ဖြစ်စေ ကောင်းကျိုးကို**

**ဖေါ်ဆောင်နိုင်ရပါတယ်။ ဒါဟာ ယဉ်ကျေးမှုကောင်း တစ်ခုရဲ့ " စံ " ပါပဲ။**

ဗုဒ္ဓယဉ်ကျေးမှုဟာ ကိုယ်ယဉ်ကျေးမှုသုံးမျိုး၊ နှုတ်ယဉ်ကျေးမှု လေးမျိုး၊ စိတ်ယဉ်ကျေးမှုသုံးမျိုးကို အခြေခံထားပါတယ်။ ကိုယ်ယဉ်ကျေးမှုသုံးမျိုးက –

(၁) ဘယ်လိုအကြောင်းနှင့်ဖြစ်ဖြစ် သူတစ်ပါးအသက်ကို မသတ်ဖို့၊ လူသားချင်းသာမက ကျွဲ နွား ကြက် ဝက် စတဲ့ တိရစ္ဆာန်တွေကိုပင် မသတ်မညှဉ်းဆဲဖို့၊

(၂) ပိုင်ရှင်က ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ မပေးတဲ့ သူတစ်ပါးပိုင်ပစ္စည်းကို ဘယ်လိုနည်းနှင့်မှ မယူဖို့၊

(၃) မိမိဇနီး ခင်ပွန်းမှတစ်ပါး အခြားအမျိုးသား အမျိုးသမီး များနှင့် ကာမဂုဏ်ကိစ္စမပြုလုပ်ဖို့ ညွှန်ပြထားပါတယ်။

နှုတ်ယဉ်ကျေးမှုလေးမျိုးက –

(၁) မဟုတ်မမှန်စကားကို မပြောဆိုဖို့၊

(၂) တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညီညွတ်စည်းရုံး နေမှု ပြိုကွဲပျက်စီးအောင် မပြောဆိုဖို့၊

(၃) ပစ္စုပ္ပန်၊ တမလွန်၊ မိမိ၊ သူတစ်ပါး အကျိုးမရှိတဲ့ စကားကို မပြောဆိုဖို့၊

(၄) ဆဲဆို ကြိမ်းမောင်း စိတ်မချမ်းမြေ့စရာစကားကို မပြော ဆိုဖို့ ညွှန်ပြထားပါတယ်။

စိတ်ယဉ်ကျေးမှုသုံးမျိုးက –

(၁) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာစသည်ကို မိမိပိုင်ဖြစ်အောင် မတရားမကြံစည်ဖို့၊

(၂) သူတစ်ပါးအသက် အိုးအိမ် စည်းစိမ် ပျက်စီးဆုံး ရှုံးအောင် မကြံစည်ဖို့၊

(၃) ကံနှင့် ကံအကျိုးပေးကို ယုံကြည်လက်ခံဖို့ – ညွှန်ကြား ထားပါတယ်။ ဒီအချက်တွေဟာ ဗုဒ္ဓယဉ်ကျေးမှု အခြေခံအဆင့်မျှ ဖြစ်ပါတယ်။ ဒီအခြေခံအဆင့်မျှကိုလေ့လာကြည့်ရင်ပဲ ဘယ်လောက် စံမီတယ်၊ ဘယ်လောက် ယဉ်ကျေးသိမ်မွေ့ပြီး အများလက်ခံနိုင်တယ် ဆိုတာ တွေ့နိုင်ပါတယ်။ မိမိသူတစ်ပါးအကျိုးကို မထိခိုက် မပျက်စီး စေဘဲ မိမိအကျိုး သူတစ်ပါးအကျိုးကို ဘယ်လောက် ဖော်ဆောင်ပေး တယ်ဆိုတာ မြင်နိုင်ပါတယ်။

ဒီထက်မြင့်တဲ့အဆင့်မှာတော့–ရဟန်းဖြစ်ရင် ရဟန်း အလျောက် ရှင်ဖြစ်ရင်ရှင်အလျောက် လူဝတ်ကြောင်ဖြစ်ရင် လူဝတ် ကြောင်အလျောက် မလုပ်ရလို့ တားမြစ်တဲ့ (ဝါရိတ္တသီလ)တွေ၊ ဖြည့်ကျင့်ပြုလုပ်ရမယ်လို့ ညွှန်ကြားထားတဲ့ (စာရိတ္တသီလ)တွေ၊ စိတ်ကိုတည်ငြိမ်အောင်ထိန်းတဲ့ သမထနည်းတွေ၊ ရုပ်နာမ်သဘော သဘာဝကို လေ့လာရှုမှတ်တဲ့ ဝိပဿနာနည်းတွေ ပါလာပါတယ်။ ရုပ်နာမ်သဘောသဘာဝကို လေ့လာရှုမှတ်တဲ့နေရာမှာ အဆင့်အမျိုး မျိုးရှိပါတယ်။

(၁) ကမ္ဘာလောကထဲရှိရှိသမျှအရာတွေကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရင် ရုပ်တရားနှင့် နာမ်တရားသာရှိတယ်။ ဒီရုပ် နာမ်တရားတွေဟာ စက္ကန့်မလပ် ဖောက်ပြန်ပြောင်း လဲနေတယ်။ ဖောက်ပြန်ပြောင်းလဲနေလို့ အမြဲဆင်းရဲ နေရတယ်။ မဖောက်ပြန်မပြောင်းလဲအောင် ထိန်းနိုင် တဲ့အရာရယ်လို့ တစ်ခုမျှမရှိဘူးလို့ ဆင်ခြင်သုံးသပ်

နိုင်တဲ့အဆင့်။

(၂) ရုပ်နာမ်တရားတွေဟာ ဆိုင်ရာအကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာပြီး သူ့သဘာဝအလျောက် ချုပ်ပျောက်ပျက်စီးကြတယ်လို့ ဆင်ခြင်သုံးသပ်နိုင်တဲ့ အဆင့်။

(၃) ဖြစ်ပျက်သဘောကို ဆင်ခြင်သုံးသပ်ဖန်များလာတဲ့ အခါ ဖြစ်မှုထက် ပျက်မှုသဘောကို ပိုပြီး မြင်လာသိလာတဲ့အဆင့်။

(၄) အပျက်သဘောကို မြင်သိလာတဲ့အခါ ရုပ်နာမ်တရားတွေကို ကြောက်လန့်စရာ ဘေးအန္တရာယ်ကြီးလို့ မြင်သိလာတဲ့အဆင့်။

(၅) ကြောက်လန့်စရာ ဘေးအန္တရာယ်ကြီးလို့ မြင်လာတာကြောင့် ရုပ်နာမ်တရားမှာ ကောင်းကွက်တစ်ခုမျှ မရှိ၊ အပြစ်အတိပြည့်နေတယ်လို့ မြင်လာတဲ့အဆင့်။

(၆) ရုပ်နာမ်တရားတွေနှင့်စပ်ပြီး သာယာမှု ပျော်ရွှင်မှု မရှိနိုင်တော့ဘဲ စိတ်ပျက်ငြီးငွေ့လာတဲ့အဆင့်။

(၇) စိတ်ပျက်ငြီးငွေ့လာလို့ ရုပ်နာမ်တရားတွေနှင့် မပတ်သက်လို ကင်းဝေးလိုတဲ့အဆင့်။

(၈) အပြစ်အဖြစ်မြင်ထားတဲ့ ရုပ်နာမ်တရားတွေရဲ့ အမြဲတမ်းဖောက်ပြန်နေပုံ၊ ဆင်းရဲပုံ၊ အနှစ်သာရ မရှိပုံကို ပြန်လည်သုံးသပ်နိုင်တဲ့အဆင့်။

(၉) ရုပ်နာမ်တရားတွေအပေါ် ကြောက်လန့်စရာ၊ ငြီးငွေ့စရာ၊ နှစ်သက်စရာလို့ မကြည့်တော့ဘဲ လျစ်လျူရှုနိုင်

တဲ့အဆင့်။

(၁၀) ရှေးရှေးက သိမြင်ခဲ့တဲ့ အသိဉာဏ် နောက်နောက် သိမြင်လာမယ့် မဂ်ဖိုလ်ဉာဏ်တွေနှင့်လျော်အောင် သိမြင်နိုင်တဲ့အဆင့်တို့ ဖြစ်ပါတယ်။ ဒီအဆင့်တွေကို လွန်မြောက်တာနှင့် မဂ်လေးမျိုး ဖိုလ်လေးမျိုးကိုရရှိပြီး ကမ္ဘာ့အယဉ်ကျေးဆုံး ပုဂ္ဂိုလ်တွေထဲမှာ အပါအဝင်ဖြစ်သွားပါတော့တယ်။

ဗုဒ္ဓယဉ်ကျေးမှုမှာ အခိုက်အတန့်မျှလိုက်နာနိုင်လို့ အခိုက်အတန့်မျှယဉ်ကျေးသူ၊ အချိန်အတန်ကြာအောင်လိုက်နာနိုင်လို့ အချိန်အတန်ကြာအောင်ယဉ်ကျေးသူ၊ လုံးဝလိုက်နာနိုင်လို့ လုံးဝယဉ်ကျေးသူလို့ အခြေအနေကိုလိုက်ပြီး ကွဲပြားမှုရှိပါတယ်။ မယဉ်ကျေးမှုကို ဖြစ်စေတတ်တဲ့အရာတွေကို မဂ်ဖိုလ်တရားနှင့် ပယ်ဖျက်ပြီးသူကို အပြီးတိုင်ယဉ်ကျေးသူလို့ ဆိုရပါတယ်။ ဈာန်တရားနှင့် ပယ်ဖျက်ထားသူကိုတော့ အချိန်အတန်ကြာအောင်ယဉ်ကျေးသူလို့ ဆိုရပါတယ်။ မဂ်ဖိုလ်တရား ဈာန်တရားနှင့်မဟုတ်ဘဲ စောင့်ထိန်းလိုက်နာလို့ ယဉ်ကျေးသူကိုတော့ အခိုက်အတန့်ယဉ်ကျေးသူလို့ ဆိုရပါတယ်။

ရှင်တော်မြတ်ဘုရားကတော့ ကမ္ဘာ့ဘယ်ပုဂ္ဂိုလ်နှင့်မှမတူအောင်ယဉ်ကျေးတော်မူတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်။ ကိုယ် နှုတ် စိတ် အမူအရာတိုင်းမှာ မယဉ်ကျေးတဲ့ အလေ့အကျင့် အထုံဝါသနာ တစ်ခုမျှမရှိအောင် ယဉ်ကျေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်စတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေ အပြီးတိုင်ယဉ်ကျေးတော်မူကြပေမဲ့ အချို့အချို့ကိစ္စတွေမှာ ဝါသနာလေးတွေ အထုံလေးတွေ ကျန်နေတတ်ပါသေးတယ်။

ဥပမာ ဘာနှင့်တူသလဲဆိုရင် – လတွေနှစ်တွေကြာအောင်

အရက်ထည့်ထားတဲ့ ပုလင်းတစ်လုံးရှိတယ် ဆိုပါစို့။ ပုလင်းထဲရှိသမျှ အရက်တွေကို ကုန်အောင်သွန်လိုက်လို့ အရက်အစအန တစ်ခုမျှမရှိတော့ပေမဲ့ အရက်အနံ့က ပုလင်းမှာ ကျန်နေသေးသလိုပါပဲ။ အခြားအခြားပုဂ္ဂိုလ်မြတ်တွေဟာ မယဉ်ကျေးတဲ့သဘောကို ဖြစ်ပေါ်စေတတ်တဲ့အရာတွေကို မဂ်ဖိုလ်တရားနှင့် အပြီးတိုင်ပယ်ဖျက်လိုက်ပေမဲ့ သံသရာတစ်လျှောက် စွဲကပ်လာတဲ့ အလေ့အကျင့်သဘော အထုံသဘောလေးတွေကတော့ ကျန်ရှိတတ်ကြပါသေးတယ်။

ရှင်တော်မြတ်ဘုရားကတော့ ဒီလိုအထုံဝါသနာမရှိတော့အောင်ယဉ်ကျေးတော်မူတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်။ ကိုယ်တော်တိုင် ဒီလို ယဉ်ကျေးတော်မူရုံသာမက အခြားသူတွေကို ယဉ်ကျေးအောင် ဆုံးမရာမှာလည်း တူသူမရှိအောင် ထူးထူးခြားခြား ဆုံးမတော်မူနိုင်ပါတယ်။ ဒါကြောင့် ဘုရားဖြစ်တော်မူပြီးနောက် ပဌမဆုံး ဟောတော်မူတဲ့ မိဂဒါဝုန်တရားပွဲကြီးမှာ အပြီးတိုင်ယဉ်ကျေးသွားကြတဲ့ နတ်ဗြဟ္မာတွေ တစ်ဆယ့်ရှစ်ကုဋေမျှ ရှိခဲ့ပါတယ်။ ဒီအချိန်ကစပြီး ကမ္ဘာလောကမှာ အလွန်အဆင့်မြင့်တဲ့ ဗုဒ္ဓယဉ်ကျေးမှုကြီး သရုပ်ပေါ်လာခဲ့ပါတယ်။

နောက်နောက်ကာလတွေမှာတော့ ဗိမ္ဗိသာရ၊ မဟာကပ္ပိန၊ သုဒ္ဓေါဒနတို့လို ဘုရင်ကြီးတွေ၊ အနုရုဒ္ဓါ၊ ဘဒ္ဒိယ၊ ကိမိလ၊ နန္ဒတို့လို မင်းညီမင်းသားတွေ၊ အရှင်မဟာကဿပ၊ အရှင်မောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာအလောင်းတို့လို သူဌေးသူကြွယ်ကြီးတွေ၊ ပေါက္ခရသာတိ ဗြဟ္မာယုတို့လို ပညာတတ်ပုဂ္ဂိုလ်ကြီးတွေကစပြီး ကျွန်ပုဏ္ဏာတို့လို လူဆင်းရဲတွေတိုင်အောင် လူတန်းစားအလွှာမျိုးစုံဟာ ရှင်တော်ဘုရားအဆုံးအမနှင့် အပြီးတိုင် ယဉ်ကျေးခဲ့ကြလို့ အဆင့်မြင့် ယဉ်ကျေးမှုကြီး

ထွန်းကားလာခဲ့ပါတော့တယ်။

ဗုဒ္ဓယဉ်ကျေးမှုလို အဆင့်မြင့်တဲ့ယဉ်ကျေးမှုကို ကမ္ဘာ့ဘယ်ဘာသာ ဘယ်လိုအဖွဲ့အစည်းမှာမှ ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။ ရှေးကလည်းမရှိခဲ့၊ ယခုလည်းမရှိသလို နောင်ကိုလည်းမရှိနိုင်ပါဘူး။ ဒါကြောင့် ဒီယဉ်ကျေးမှုကို ကမ္ဘာ့အဆင့်အမြင့်ဆုံး ယဉ်ကျေးမှုလို့ ပြော နိုင်တာဖြစ်ပါတယ်။ ရှင်တော်ဘုရားမရှိတော့တဲ့ နောက်ပိုင်းမှာလည်း ဒီယဉ်ကျေးမှုကြီး ကမ္ဘာတစ်ဝှမ်း ပျံ့နှံ့ခဲ့ပါတယ်။ မျက်မှောက်ခေတ်မှာလည်း ပျံ့နှံ့ထွန်းကားဆဲပါပဲ။

အချုပ်အနေနှင့်ပြောရရင် ရှင်တော်မြတ်ဘုရားဟာ ကိုယ်တော်တိုင်လည်း ယဉ်ကျေးတော်မူတယ်။ သူတစ်ပါးတွေကိုလည်း ယဉ်ကျေးအောင် ထူးထူးခြားခြား ဆုံးမတော်မူနိုင်ပါတယ်။ ရှင်တော်ဘုရားဆုံးမတော်မူလို့ လုံးဝယဉ်ကျေးသွားတဲ့ လူ နတ် ဗြဟ္မာတွေ၊ အချိန်အတန်ကြာအောင်ယဉ်ကျေးသွားတဲ့ လူ နတ် ဗြဟ္မာတွေ၊ အခိုက်အတန့်ယဉ်ကျေးကြတဲ့ လူ နတ် ဗြဟ္မာတွေ မြောက်မြားစွာ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလောက်ယဉ်ကျေးတဲ့ ယဉ်ကျေးမှုမျိုး ကမ္ဘာတစ်ခွင်ဘယ်မှာမှ ရှာတွေ့နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ ကမ္ဘာ့သမိုင်းမှာ အဆင့်အမြင့်ဆုံး ယဉ်ကျေးမှုကြီးကို ဖေါ်ဆောင်နိုင်ခဲ့တယ်လို့ ပြောနိုင်တာဖြစ်ပါတယ်။ ။

## ၂။ သူတစ်ပါးကို အားကိုးမှီခိုရတဲ့အခြေအနေကနေ မိမိကို အားကိုးမှီခိုတဲ့အခြေအနေသို့ ပြောင်းလဲစေခဲ့ပါတယ်။

ဘုရားပွင့်တော်မမူမီနှင့် ပွင့်ပေါ်ပြီးနောက်ပိုင်း ပေါ်ပေါက်တဲ့ အယူဝါဒတွေကိုလေ့လာကြည့်ရင် အများအားဖြင့် သူတစ်ပါးစီမံသလို ခံယူရကြောင်း ဟောပြောညွှန်ကြားချက်တွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအယူဝါဒတွေကို ယုံကြည်လက်ခံသူတွေက မိမိအစွမ်းအစကို ဘေးဖယ်ပြီး သူတစ်ပါးအစွမ်းအစကို အားကိုးမှီခိုမှု၊ ချုပ်ကိုင်သူ ချယ်လှယ်သူ ဖန်တီးသူ စီမံပေးသူဆီမှာ မိမိဘဝကိုပုံအပ်ထားမှုတွေကို အများဆုံး လုပ်ဆောင်ကြတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီအယူဝါဒ တွေကိုလိုက်နာသူအများစုဟာ မိမိဘဝအနာဂတ်မျှော်လင့်ချက် အားလုံးကို သူတစ်ပါးဆီမှာ ပုံအပ်ထားရသူများ၊ မိမိအစွမ်းအစကို ဖော်ထုတ်ခွင့်မရှိဘဲ သူတစ်ပါးအားကိုးနှင့်သာ ဘဝရပ်တည်ရသူများ ဖြစ်ကြောင်း တွေ့မြင်နိုင်ပါတယ်။

ဘုရားရှင်ရဲ့အယူဝါဒမှာတော့ ဘုရားရှင်က –**"အတ္တာ ဟိ အတ္တနော နာထော = မိမိရဲ့အားကိုးရာဟာ မိမိကိုယ်တိုင်ဖြစ်ပါတယ်"** လို့ ကြွေးကြော်တော်မူပြီး သူတစ်ပါးအားကိုးမှုအယူအဆကို ဖြိုဖျက် တော်မူပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ဘဝဖြစ်စဉ်ကို စီမံဖန်တီးပေးတဲ့

အခြားတစ်စုံတစ်ယောက်ရှိတယ်ဆိုတဲ့အယူအဆ မှားယွင်းကြောင်း၊ အောက်ဆုံး ငရဲဘုံကနေ အထက်ဆုံး ဗြဟ္မာ့ဘုံတိုင်အောင် သုံးဆယ့်တစ်ဘုံအတွင်း ဒီလိုစီမံပေးနိုင်သူ ဘယ်နေရာမှာမှမရှိကြောင်း ဖော်ထုတ်တော်မူခဲ့ပါတယ်။ စီမံ ချယ်လှယ် ဖန်တီးသူ ရှိတယ်ဆိုတာလည်း အထင် အတွေး ကြံဆမှုမျှသာဖြစ်ကြောင်း သိစေတော်မူခဲ့ပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် မယ်တော် မဟာမာယာဒေဝီ ခမည်းတော် သုဒ္ဓေါဒန ကြင်ယာတော်ဟောင်း ယသောဓရာဒေဝီ သားတော် ရာဟုလာတို့ရဲ့ဘဝကို စီမံဖန်တီးပေးတော်မမူခဲ့ပါဘူး။ မိမိဘဝကို မိမိကိုယ်တိုင်ဖန်တီးဖို့သာ အသိပေးတော်မူပါတယ်။ ဘယ်လိုဖန်တီးရမယ်ဆိုတဲ့ နည်းလမ်းကိုသာ ညွှန်ကြားတော်မူပါတယ်။ ညွှန်ကြားတော်မူတဲ့အတိုင်း သူတို့ဘဝကို သူတို့ကိုယ်တိုင်ဖန်တီးခဲ့ကြပါတယ်။

ရှင်တော်ဘုရား ညွှန်ကြားမှု နည်းလမ်းပေးမှုတွေကြောင့် အခြားအခြားသူတွေလည်း မိမိသာလျှင် မိမိရဲ့အားကိုးရာအဖြစ်သိမြင်ပြီး မိမိတို့ပစ္စုပ္ပန်အနာဂတ်ကို မိမိတို့ကိုယ်တိုင်ဖန်တီးကြပါတယ်။ မိမိတို့အတွက် ကောင်းမွန်တဲ့ ပစ္စုပ္ပန်အနာဂတ်ဖြစ်အောင် ကြိုးစားစီမံကြပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားရဲ့ ပဌမဆုံး မိဂဒါဝုန်တော တရားပွဲကြီးအဆုံးမှာ မိမိဘဝကို စီမံဖန်တီးသွားကြတဲ့ နတ်ဗြဟ္မာတွေ ကုဋေပေါင်းများစွာထွက်ပေါ်ခဲ့ပါတယ်။ နောက်နောက်ကာလတွေမှာလည်း မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် စီမံဖန်တီးသွားကြတဲ့ လူ နတ် ဗြဟ္မာတွေ အမြောက်အမြား ရှိခဲ့ပါတယ်။ ယခုလည်း ရှိနေဆဲပါ။ ဗုဒ္ဓဝါဒထွန်းကားနေသမျှ နောင်လည်းရှိနေဦးမှာပါ။

တစ်ဦးတစ်ယောက် ငရဲရောက်အောင်၊ တိရစ္ဆာန် ပြိတ္တာဖြစ်အောင်၊ လူဖြစ်အောင်၊ နတ်ဗြဟ္မာဖြစ်အောင်၊ သံသရာမှလွတ်မြောက်အောင် တကယ်တမ်း စီမံချယ်လှယ် ဖန်တီးတာက ကိုယ်တိုင်ပြုတဲ့ ကံတရားသာဖြစ်ပါတယ်။ ကံ ဆိုတာ ကိုယ်ဖြင့်လုပ်တဲ့အလုပ်၊ နှုတ်ဖြင့်ပြောတဲ့စကား၊ စိတ်ဖြင့်ကြံတဲ့အကြံမှာပါတဲ့ "စေတနာ"ကို ပြောတာပါ။ မကောင်းတာကိုလုပ်ရင် မကောင်းကျိုးခံစားရမယ်၊ မကောင်းတာကိုပြောရင် မကောင်းကျိုးခံစားရမယ်၊ မကောင်းတာကို ကြံရင် မကောင်းကျိုးခံစားရမယ်။ ကောင်းတာလုပ် ကောင်းတာပြော ကောင်းတာကြံစည်ရင် ကောင်းကျိုးခံစားရမယ်။ ဒီလို ကောင်းတဲ့ ကံတရားက ကောင်းကျိုး၊ မကောင်းတဲ့ကံတရားက မကောင်းကျိုး ပေးတဲ့သဘောကို ဘယ်သူမှ လှည့်စားတားမြစ်လို့ ပြောင်းပြန်ဖြစ်အောင်လုပ်လို့မရပါဘူး။ လုပ်နိုင်သူလည်းမရှိပါဘူး။ တစ်ဦးတစ်ယောက်အတွက် အခြားတစ်ဦးတစ်ယောက်က ကိုယ်စားဝင်လို့မရပါဘူး။ မျှပေးလို့မရပါဘူး။ ကိုယ်လုပ်ကိုယ်ခံ ကိုယ်လုပ်ကိုယ်စံသာဖြစ်ပါတယ်။ မိမိကို မိမိကိုယ်တိုင် စီမံဖန်တီးရပါတယ်။ အခြား စီမံဖန်တီးပေးသူ မရှိပါဘူး။

ဗုဒ္ဓဝါဒကိုလေ့လာကြည့်ရင်–အပါယ်လေးဘုံရောက်ပြီး ဆင်းရဲဒုက္ခအမျိုးမျိုး ခံနေရသူတွေဟာ သူတို့ကိုယ်တိုင် ပြုလုပ်ဖန်တီးခဲ့လို့ ဒီလိုဒုက္ခဆင်းရဲခံစားကြရတာဖြစ်တယ်။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံမှာ ချမ်းသာအမျိုးမျိုး ခံစားနေရသူတွေလည်း ဒီလိုဖြစ်အောင် သူတို့ကိုယ်တိုင် စီမံ ဖန်တီးခဲ့လို့ ဒီလိုချမ်းသာသုခခံစားကြရတာဖြစ်တယ်။ သုံးဆယ့်တစ်ဘုံ ဝဋ်ဆင်းရဲကလွတ်ကင်းသူ၊ ဘဝဇာတ်သိမ်းသွားသူတွေလည်း သူတို့ကိုယ်တိုင် စီမံ ဖန်တီးကြလို့ ဘဝဇာတ်သိမ်းနိုင်

ကြတာဖြစ်တယ်။ ဘာဖြစ်ချင်သလဲ ဖြစ်ချင်တဲ့အတိုင်းဖြစ်လာဖို့ မိမိကိုယ်တိုင် စီမံ ဖန်တီးရတယ်။ မိမိပစ္စုပ္ပန် အနာဂတ်ကို စီမံ ဖန်တီးတာ မိမိကိုယ်တိုင်ဖြစ်တယ်။ မိမိအားကိုးရာဟာ မိမိသာလျှင် ဖြစ်တယ်လို့ မိမိလုပ်ပိုင်ခွင့်နှင့် လုပ်နိုင်စွမ်းကို အစွမ်းကုန် ဖော်ထုတ်ပေးထားတာ တွေ့နိုင်ပါတယ်။ ညွှန်ပြပေးထားတာ တွေ့နိုင်ပါတယ်။ ဒီလို မိမိလုပ်ပိုင်ခွင့်နှင့် လုပ်နိုင်စွမ်းကိုသိမြင်လို့ မိမိပစ္စုပ္ပန် အနာဂတ်ကို မိမိကိုယ်တိုင် စီမံ ဖန်တီးသွားကြသူတွေ အမြောက်အမြားပါပဲ။

ဒါကြောင့် ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဝါဒပေါ်လာခြင်းဟာ သူတစ်ပါးကို အားကိုးမှီခိုရတဲ့ ဘဝအခြေအနေကနေပြီး မိမိကိုအားကိုးမှီခိုတဲ့ ဘဝအခြေအနေသို့ ပြောင်းလဲစေခဲ့တယ်လို့ ပြောနိုင်တာ ဖြစ်ပါတယ်။ ။

## ၃။ မသေချာမရေရာတဲ့ အနာဂတ်ဘဝမျှော်လင့်ချက်နေရာမှာ သေချာရေရာတဲ့ လက်ရှိဘဝ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စကို လုပ်ကိုင်ခြင်းနှင့် အစားထိုးနိုင်ခဲ့ပါတယ်။

သတ္တဝါတွေဟာ အနာဂတ်မျှော်လင့်ချက်ကိုယ်စီနှင့် ရုန်းကန်လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ ဆင်းရဲ ချမ်းသာ၊ အာဏာရှိ အာဏာမဲ့၊ ပညာတတ် ပညာမဲ့စသည်ဖြင့် အခြေအနေအမျိုးမျိုး ပုံစံအမျိုးမျိုး ဘဝအမျိုးမျိုး ကွာခြားပေမဲ့ မျှော်လင့်ချက်ကိုယ်စီနှင့်ပါ။ သတ္တဝါတွေရဲ့ မျှော်လင့်ချက်က ဘာလဲဆိုရင် ချမ်းသာမှုပါပဲ။

ပုထုဇဉ်တွေဟာ မိမိအနာဂတ်ကို မသိနိုင် မမြင်နိုင်ကြပါဘူး။ မသိနိုင်ကြလို့ အနာဂတ်ကိုတွေးတိုင်း စိတ်မွန်းကြပ်မှုကို ခံစားကြရပါတယ်။ စိတ်မွန်းကြပ်မှုကိုကုစားနိုင်ဖို့ ဘာသာရေးအမျိုးမျိုးကို လှေ့လာလိုက်စားကြပါတယ်။ ဒီအခါမှာ အချို့က နောက်ဘဝရှိတယ်လို့ယုံကြည်ကြပါတယ်။ ဒါကြောင့် လက်ရှိဘဝ ချမ်းသာဖို့ ရုန်းကန်လှုပ်ရှားကြသလို အနာဂတ် ချမ်းသာတဲ့ဘဝကိုရရှိဖို့ မျှော်လင့်လုပ်ဆောင်တတ်ကြပါတယ်။ အချို့ကတော့ ဒီဘဝပြီးရင်ပြီးပြီ၊ နောက်မရှိတော့ဘူးလို့ ယုံကြည်ကြပါတယ်။ သူတို့လည်း ဒီဘဝပြီးရင် ငြိမ်းအေးပြီဆိုတဲ့ အနာဂတ်မျှော်လင့်ချက်နှင့်ပါပဲ။

သတ္တဝါတွေအတွက် ကြောက်စရာအကောင်းဆုံး ဘေးဆိုးကြီးတစ်ခု ရှိပါတယ်။ "ဝိနိပါတ" ဆိုတဲ့ အပါယ်လေးပါးဘေးကြီးပါ။ ဒါနဲ့ပတ်သက်လို့ **"အပါယ်လေးပါးဆိုတာ ပုထုဇဉ်တွေအတွက် ကိုယ်ပိုင်အိမ်နှင့်တူတယ်"** လို့ ကျမ်းဂန်တွေမှာ မိန့်ဆိုထားပါတယ်။ ကိုယ်ပိုင်အိမ်ဆိုတာ အနေများတဲ့နေရာဖြစ်တယ်။ ဟိုဟိုဒီဒီ ခရီးသွားတယ်ဆိုတာ တစ်ခါတစ်ရံပဲ။ သွားရင်လည်း ခဏတဖြုတ်ပဲ။ အနေများတာ ကိုယ်ပိုင်အိမ်ဖြစ်တယ်။ ဒီအတိုင်းပဲ ပုထုဇဉ်တွေအတွက် အပါယ်လေးပါးဆိုတာ ကိုယ်ပိုင်အိမ်နှင့်တူတယ်။ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာဖြစ်ရတာ တစ်ခါတစ်ရံသဘောပဲ။ အများအားဖြင့် အပါယ်လေးပါးမှာသာ ဖြစ်ရတယ်လို့ ပြောလိုတာဖြစ်ပါတယ်။

သတ္တဝါတွေမှာ သံသရာတစ်လျှောက် ပြုမူ ပြောဆို ကြံစည်ခဲ့တဲ့ ကံတရားတွေရှိသလို ယခုဘဝ ပြုမူ ပြောဆို ကြံစည်တဲ့ ကံတရားတွေလည်းရှိပါတယ်။ ဒီကံတွေဟာ အရိပ်လိုပဲ သတ္တဝါတွေနှင့်ထပ်ကြပ်မကွာ ပါနေပါတယ်။ ကောင်းတဲ့ကံရော မကောင်းတဲ့ကံပါ အခွင့်သင့်ရင်သင့်သလို အကျိုးပေးတတ်ပါတယ်။ ဒီထဲက အားကောင်းတဲ့ အကုသိုလ်ကံတစ်ခုခု အကျိုးပေးလိုက်ရင် မမျှော်လင့် မတောင့်တဘဲ ဒုက္ခမျိုးစုံနှင့် တွေ့ကြုံရပါတော့တယ်။ အပါယ်လေးပါးမှာ ဒုက္ခအမျိုးမျိုးကို ခံစားကြရပါတော့တယ်။ ပုထုဇဉ်မှန်သမျှ ဒီဘေးဆိုးကြီးကဘယ်သူမှ မလွတ်ကြပါဘူး။ ဖြစ်နိုင်ဖြစ်ခွင့်များတဲ့ ဘေးကြီးဖြစ်ပါတယ်။ ဒါကြောင့် ပုထုဇဉ်တွေရဲ့ အနာဂတ်ဘဝ မျှော်လင့်ချက်ဟာ သေချာရေရာတဲ့ မျှော်လင့်ချက်မဟုတ်ပါဘူး။

ဘဝမျှော်လင့်ချက်ကို ဘုရားရှင် အလွန်စက်ဆုပ်တော်မူပါတယ်။ သူဌေးသူကြွယ်ဘဝ၊ မင်းစိုးရာဇာဘဝ၊ နတ်ဗြဟ္မာဘဝ

ဘယ်လောက် ပြည့်စုံချမ်းသာတဲ့ ဘယ်ဘဝမျိုးကိုမှ ချီးမွမ်းတော်မမူပါဘူး။ အနာဂတ်ဘဝနှင့်ပတ်သက်လို့ ဘယ်လောက်ထိ မိန့်တော်မူထားသလဲဆိုရင် **"မစင်ကျင်ကြီးဟာ အနည်းငယ်ဖြစ်ပေမဲ့ အနံ့အသက်ဆိုးဝါးသလို မြတ်နိုးတွယ်တာစရာမရှိသလိုပဲ။ ဘဝဆိုတာလည်း ဒီအတိုင်းပဲ အနည်းငယ်ပေမဲ့ အို နာ သေ ဒုက္ခနှင့်မို့ ဆိုးဝါးတယ်။ မြတ်နိုးတွယ်တာစရာ တစ်ခုမှမရှိဘူး"** လို့ မိန့်တော်မူထားပါတယ်။

ဆိုလိုရင်းကတော့ ဘဝဆိုတာ မွေး၊ အို၊ နာ၊ သေ–နှင့်ပြီးရတာမို့ ဆင်းရဲဒုက္ခများလှပါတယ်။ ဒီလို ဒုက္ခများတဲ့ဘဝကို မျှော်လင့်တောင့်တမနေဘဲ လက်ရှိဘဝမှာပဲ ဘဝကို အဆုံးသတ်နိုင်အောင် ကြိုးစားစေလိုတာ ဖြစ်ပါတယ်။ ကြိုးစားရင်ကြိုးစားသလောက်ဖြစ်နိုင်တဲ့ အချိန်အခါကောင်းမို့ ကြိုးစားစေလိုတာဖြစ်ပါတယ်။ ဘုရားရှင် ဘုရားဖြစ်အောင်ကြိုးစားတော်မူခဲ့တာ၊ ဘုရားဖြစ်တော်မူပြီးနောက် မနေမနား ဟောပြောဆုံးမတော်မူခဲ့တာ၊ သာသနာတော်ကြီးကိုတည်ထောင်တော်မူခဲ့တာဟာ သတ္တဝါတွေ အနာဂတ်ဘဝ မျှော်လင့်ချက်ထားဖို့အတွက် မဟုတ်ပါဘူး။ ဘဝအပြစ်ကို မြင်အောင်ကြည့်တတ်ဖို့၊ ဘဝလွတ်မြောက်မှုချမ်းသာကို သိရှိဖို့ဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော်အခါက လူ နတ် ဗြဟ္မာ အများစုဟာ ဘဝမျှော်လင့်မှုဆိုတာ ရေရာသေချာတဲ့ကိစ္စ မဟုတ်ကြောင်းနားလည်ခဲ့ကြပါတယ်။ ဒါကြောင့် ဘဝမျှော်လင့်ချက်ကိုပယ်စွန့်ပြီးလက်ရှိဘဝမှာပဲ အဆုံးသတ်နိုင်ရေးအတွက် ကြိုးစားခဲ့ကြပါတယ်။ ဒီလိုကြိုးစားခဲ့ကြလို့လည်း နတ်တွေ၊ ဗြဟ္မာတွေ၊ ရှင်ဘုရင်တွေ၊ မိဖုရားတွေ၊ မင်းညီမင်းသားတွေ၊ သေဋ္ဌေးကြီးတွေ၊ သေဋ္ဌေးကတော်ကြီးတွေ၊ ပညာတတ် ပဏ္ဍိတ်ကြီးတွေကစပြီး အောက်ဆုံး တောင်သူ

လယ်သမား လက်လုပ်လက်စားတွေတိုင်အောင် ဘဝလွတ်မြောက် သွားကြသူတွေ မရေမတွက်နိုင်အောင်ပါပဲ။

ဘုရားရှင်က ဘယ်လောက်ထိ ကြိုးစားစေချင်သလဲဆိုရင်–

တစ်ခါက ရဟန်းတော်တစ်ပါးကို မေးတော်မူဖူးပါတယ်။ "ရဟန်း၊ သင်မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ဘယ်လောက်အရေးထား ပွားများသလဲ" လို့ မေးတော်မူပါတယ်။ ရဟန်းက "တစ်နေ့ တစ်ည ဆိုတဲ့ တစ်ရက်အတွင်းမှာ ငါသေနိုင်တယ်။ ဒီတစ်ရက်အတွင်းမှာ ဘဝဇာတ်သိမ်းအောင်လုပ်မယ်" လို့ တစ်ရက်ကို အကန့်ထားပြီး ပွားများအားထုတ်ပါကြောင်း လျှောက်ထားပါတယ်။

ဘုရားရှင်က နောက်ရဟန်းတစ်ပါးကို မေးတော်မူပြန်ပါ တယ်။ ဒီရဟန်းက "တပည့်တော် တစ်နေ့၊ ဒါမှမဟုတ် တစ်ညအ တွင်းကို အကန့်ထားပြီး ပွားများအားထုတ်ပါကြောင်း" လျှောက်ထား ပါတယ်။

နောက်တစ်ပါးကို မေးတော်မူပြန်ပါတယ်။ ဒီရဟန်းက "တပည့်တော် ဆွမ်းတစ်ခါစားခန့်အချိန်ကို အကန့်ထားပြီး ပွားများ အားထုတ်ပါကြောင်း" လျှောက်ထားပါတယ်။

နောက်တစ်ပါးကို မေးတော်မူပြန်ပါတယ်။ ဒီရဟန်းက "တပည့်တော် ဆွမ်းလေးငါးလုပ်စားအချိန်ခန့်ကို အကန့်ထားပြီး ပွားများအားထုတ်ပါကြောင်း" လျှောက်ထားပါတယ်။

နောက်တစ်ပါးကို မေးတော်မူပြန်ပါတယ်။ ဒီရဟန်းက "တပည့်တော် ဆွမ်းတစ်လုပ်စားခန့်အချိန်ကို အကန့်ထားပြီး ပွားများ အားထုတ်ပါကြောင်း" လျှောက်ထားပါတယ်။

နောက်တစ်ပါးကို မေးတော်မူတဲ့အခါမှာတော့ ရဟန်းက

"တစ်ရှူတစ်ရှိုက်ခန့်အချိန်အတွင်းမှာ ငါသေနိုင်တယ်။ ဒီအချိန်အတွင်း ဘဝဇာတ်သိမ်းအောင်လုပ်မယ်လို့ တစ်ရှူတစ်ရှိုက်ခန့်ကို အကန့်ထားပြီး ပွားများအားထုတ်ပါကြောင်း" လျှောက်ထားပါတယ်။

ဒီရဟန်းတွေထဲက၊ တစ်ရှူတစ်ရှိုက်ခန့်အချိန်၊ တစ်လုပ်စားခန့်အချိန်ကို အပိုင်းအခြားသားပြီး ကြိုးစားအားထုတ်ကြတဲ့ ရဟန်းတော်များကိုသာ ဘုရားရှင်ချီးမွမ်းတော်မူခဲ့ပါတယ်။ ကျန်ရဟန်းတော်များကိုတော့ မေ့လျော့ပေါ့ဆသူများလို့ အပြစ်တင်တော်မူခဲ့ပါတယ်။

ပုထုဇဉ်တွေရဲ့ အနာဂတ်ဘဝမျှော်လင့်ချက်ဟာ မရေရာမသေချာလှပါဘူး။ အာမခံချက်ကင်းမဲ့လှပါတယ်။ ဝိနိပါတ–ဘေးကြီးက အချိန်မရွေးဝင်ရောက်နိုင်ပါတယ်။ မရေရာမသေချာတဲ့ ဘဝအခြေအနေကို သိမြင်ကြလို့ ရေရာသေချာတဲ့အလုပ်ကို လုပ်သွားကြသူတွေ အမြောက်အမြားပါ။ လက်ရှိခြေအနေမှာ ဘုရားရှင်ရဲ့ လမ်းညွှန်ချက်တွေ အပြည့်အစုံရှိနေဆဲပါ။ ဘဝအဆုံးသတ်ရေး ဦးစားပေးကျင့်ကြံသူတွေရှိနေဆဲပါ။ ဒါကြောင့် ဗုဒ္ဓဝါဒပေါ်ထွက်လာခြင်းဟာ မရေရာမသေချာတဲ့ ဘဝမျှော်လင့်ချက်နေရာမှာ ရေရာသေချာတဲ့ လက်ရှိဘဝမှာ လုပ်သင့်တာကို လုပ်တဲ့စနစ်နှင့် အစားထိုးနိုင်ခဲ့တယ်လို့ ပြောနိုင်တာဖြစ်ပါတယ်။ ။

## ၄။ ကမ္ဘာ့အဆင့်အမြင့်ဆုံး အသိဉာဏ်ပိုင်းကို ပေါ်ထုတ်ပြသနိုင်ခဲ့ပါတယ်။

ဘုရားပွင့်တော်မမူမီနှင့် ပွင့်တော်မူပြီးနောက်ပိုင်း ပေါ်ထွက်လာတဲ့ အယူဝါဒအများစုဟာ ကိုးကွယ်ပသမှု၊ ယဇ်ပူဇော်မှု၊ မန္တာန်ရွတ်ဖတ်မှု၊ ဝတ်ပြုမှု၊ ဆုတောင်းမှု၊ အသနားခံမှုလောက်နှင့်ပဲ ပြီးဆုံးသွားတတ်ကြပါတယ်။ အချို့ဝါဒတွေမှာတော့ ဆိုင်ရာစည်းကမ်း (သီလ) ထိန်းသိမ်းမှုတွေ ပါသင့်သလောက် ပါကြပါတယ်။ အချို့မှာတော့ သမထကျင့်စဉ်တွေနှင့် ဈာန်အဘိညာဉ်ရတဲ့အထိ ညွှန်ပြထားတာတွေ ရှိပါတယ်။ အားလုံးကိုခြုံကြည့်ရင် ဒီဝါဒတွေရဲ့ အသိဉာဏ်အဆင့်ဟာ အလွန်ဆုံး ဈာန်အဘိညာဉ်အဆင့်သာရှိပါတယ်။ အတ္တနယ်ကိုကျော်လွန်နိုင်တဲ့ အဆင့်မြင့် အသိဉာဏ်ပိုင်း မပါပါဘူး။ ဒါကြောင့် ဒီဝါဒတွေအားလုံး အတ္တနယ်မှာပဲ လည်ပတ်နေကြပါတယ်။ သုံးဆယ့်တစ်ဘုံအတွင်းမှာပဲ ပိတ်မိနေကြပါတယ်။

ဗုဒ္ဓဝါဒကတော့ အတ္တကို လုံးဝဖြိုဖျက်ထားပါတယ်။ ဘုရားဖြစ်တော်မူပြီးစအချိန်မှာပဲ အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူရင်း အနတ္တသဘောကို ကြေညာတော်မူခဲ့ပါတယ်။ ပုံသဏ္ဌာန်ပညတ်ကိုအစွဲပြုပြီး လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊

သစ်ပင်၊ တောတောင်စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကြပေမဲ့ ဒါတွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာလိုက်ရင် "ရုပ်" ဆိုတဲ့ မသိတတ်တဲ့ဓာတ်တစ်မျိုး၊ "ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်" ဆိုတဲ့ သိတတ်တဲ့နာမ်ဓာတ်လေးမျိုးသာရှိတယ်။ ဒီတရားတွေဟာ တစ်ခုချင်းပဲဖြစ်ဖြစ်၊ နှစ်ခု၊ သုံးခု၊ လေးခု၊ ငါးခုပေါင်းလို့ပဲဖြစ်ဖြစ် မပျက်မစီးခိုင်ခံ့မှု၊ အလိုအတိုင်း စီမံ ဖန်တီးနိုင်မှုမရှိတာကြောင့် အတ္တမဟုတ်ကြဘူး။ အတ္တလည်းမရှိကြဘူး။ သူ့သဘာဝအလျောက် ဖြစ်ပျက် ပြောင်းလဲနေကြတာသာဖြစ်တယ်။ ဒီတရားတွေကို ငါ၊ ငါ့အတ္တလို့စွဲလမ်းမှု၊ ငါပိုင်၊ ငါ့ဥစ္စာလို့စွဲလမ်းမှု၊ ငါသိ ငါတတ်တယ်လို့ စွဲလမ်းမှုတွေဟာ အမှားတွေဖြစ်တယ်။ အကျိုးမဲ့အလုပ်သာဖြစ်တယ်။ ဒီအစွဲအလမ်းမှားတွေကို အပြီးတိုင်တွန်းလှန်ပယ်ဖျက်နိုင်တဲ့ အသိဉာဏ်ကို ရအောင်ကြိုးစားရမယ်လို့ သိစေတော်မူခဲ့ပါတယ်။ ပယ်ဖျက်ဖို့ရာ ကျင့်စဉ်တွေကိုလည်း ညွှန်ကြားတော်မူခဲ့ပါတယ်။

ဒီတရားတော်တွေကို နာကြားရတဲ့ ပဉ္စဝဂ္ဂီတွေဟာ မိမိနှင့်တကွ ကမ္ဘာလောကရှိရှိသမျှအရာတွေမှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်သာရှိတယ်။ တခြားဘာမှမရှိဘူး။ ဒီတရားတွေဟာ သူ့သဘာဝအလျောက် မပြတ်မလပ် ဖြစ်ပျက်ပြောင်းလဲနေကြတယ်။ အမြဲဖြစ်ပျက်ပြောင်းလဲနေလို့ ဆင်းရဲခြင်းအစုအပုံသာဖြစ်တယ်။ မိမိအလိုကျ စီမံဖန်တီးလို့ရတဲ့အရာမဟုတ်ဘူးလို့ ထူးထူးခြားခြား မြင်တွေ့သွားကြပြီး ဒီတရားတွေအပေါ် ငါ ငါ့ဥစ္စာစတဲ့ အမှားအယွင်းစွဲလမ်းမှု လုံးဝကင်းရှင်းသွားကြပါတယ်။ ဒီအသိဉာဏ်ဟာ အတ္တကိုဖြိုဖျက်၊ အတ္တနယ်ကို ကျော်လွှန်တဲ့ အဆင့်မြင့် အသိဉာဏ်ဖြစ်ပါတယ်။ ဒီအဆင့်မြင့် အသိဉာဏ်ကို တရားပွဲအဆုံးမှာ ပဉ္စဝဂ္ဂီငါးဦးနှင့်

အတူ နတ်ဗြဟ္မာပေါင်း မြောက်မြားစွာလည်း ရရှိခဲ့ကြပါတယ်။

သံသရာမှာ သတ္တဝါတွေကျင်လည်ကြရတာ ဥပမာ ဘာနှင့်တူသလဲဆိုရင် –

တိုင်၊ နံရံ၊ အမိုး၊ အကာတွေနှင့် အခိုင်အခံ့တည်ဆောက်ထားတဲ့ လှောင်ချိုင့်တစ်ခုရှိတယ်ဆိုပါစို့။ လှောင်ချိုင့်အတွင်းမှာ အမှောင်ထုကြီးစိုးနေလို့ အမိုးအကာ တိုင်နံရံတွေကို မမြင်ရဘူး။ ဒါတွေရှိမှန်းလည်း မသိရဘူး။ ဒီထဲမှာ ငှက်တွေ ပိတ်မိနေကြတယ်။ အများစုဟာ အချုပ်အနှောင်ခံနေရတယ်လို့မသိကြဘူး။ အချို့ သိပေမဲ့ လွတ်အောင်ကြိုးစားဖို့သတိမရကြဘူး။ လှောင်ချိုင့်ထဲနေရတာကိုပဲ သာယာနေကြတယ်။ စားကြ၊ သောက်ကြ၊ မြည်တွန်ကြ၊ တစ်ကောင်နှင့်တစ်ကောင် ထိုးဆိတ်ကြ၊ သတ်ပုတ်ကြ၊ ကာမဂုဏ်ခံစားကြ၊ မွေးကြ၊ သေကြနှင့် အချိန်ကုန်နေကြတယ်။ ငှက်အချို့ လွတ်လိုလို့ ကြိုးစားခုန်ပျံရုန်းထွက်ပေမဲ့ အမှောင်ထုကြောင့် ထွက်လမ်းကို မမြင်နိုင်ဘဲ အမိုးအကာ တိုင်နံရံတွေနှင့်ထိပြီး လှောင်ချိုင့်အတွင်းပဲ ပြန်ကျကြရပါတယ်။

ဒီဥပမာအတိုင်းပါပဲ။ သုံးဆယ့်တစ်ဘုံလှောင်ချိုင့်ထဲမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ပိတ်မိနေကြတယ်။ ဒီလှောင်ချိုင့်ကို အတ္တဆိုတဲ့ တိုင်တွေ နံရံတွေ အမိုးအကာတွေနှင့် အခိုင်အခံ့ကာရံထားတယ်။ ဒီလိုကာရံထားမှန်းမသိ၊ မမြင်အောင် အဝိဇ္ဇာက အမှောင်ချထားတယ်။ သတ္တဝါတွေဟာ လှောင်ချိုင့်ထဲရောက်နေတယ်လို့မသိနိုင်ကြပါဘူး။ အချို့သိပေမဲ့ လွတ်အောင်ရုန်းထွက်ဖို့ သတိမရကြဘူး။ လှောင်ချိုင့်ထဲနေရတာကိုပဲ သာယာနှစ်သက်နေကြပါတယ်။ ဒီထဲမှာပဲ စားသောက်ကြ၊ ပညာသင်ကြ၊

စီးပွားရေး ကြီးပွားရေးလုပ်ကြ၊ အိမ်ထောင်ပြုကြ၊ တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စကားများကြ၊ ရန်ဖြစ်ကြ၊ သတ်ဖြတ်ကြ၊ ငိုကြွေးကြ၊ မွေးကြ၊ သေကြစသည်ဖြင့် ဒုက္ခမျိုးစုံနှင့် သံသရာလည်နေကြပါတယ်။

အချို့ ဒီကိစ္စကို ဒုက္ခဆင်းရဲလို့သိမြင်ငြီးငွေ့ပြီး လွတ်အောင် ကြိုးစားကြပါတယ်။ အဝိဇ္ဇာအမှောင်ထုကို ဖေါက်ထွင်းပြီး အတ္တ အကာအရံ အတားအဆီးကို တွေ့မြင်နိုင်လောက်တဲ့ အသိပညာ အလင်းရောင်မရှိတာကြောင့် ကြိုးစားပေမဲ့ အတ္တဆိုတဲ့ တိုင်နံရံ အကာ အရံတွေနှင့် တိုးမိတိုက်မိကြပါတယ်။ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်စသည်ဖြင့် ထင်မြင်နေမှုဟာ အတ္တအထင် အမြင်၊ သက္ကာယဒိဋ္ဌိအထင်အမြင် ဖြစ်ပါတယ်။ ဒါဟာ တကယ်မရှိတဲ့ ကိစ္စကို တကယ်ရှိတယ်လို့ ထင်မြင်နေတာဖြစ်လို့ အထင်မှားအမြင်မှား သာဖြစ်ပါတယ်။ အမှားကို အမှားလို့ သိနိုင်မြင်နိုင်လောက်တဲ့ အသိ ဉာဏ်ကို မရနိုင်ကြတာကြောင့် ကြိုးစားရန်းထွက်ပေမဲ့ အတ္တ–သက္ကာ ယဒိဋ္ဌိကို မကျော်လွန်နိုင်ကြဘူး။ ဒါကြောင့် သုံးဆယ့်တစ်ဘုံအတွင်း ကိုပဲ ပြန်လည်ကျရောက် သံသရာလည်ကြရပါတယ်။

သုံးဆယ့်တစ်ဘုံလှောင်ချိုင့်ထဲက ပဌမဆုံး လွတ်မြောက်လာ သူကတော့ ဘုရားရှင်ဖြစ်ပါတယ်။ ဘုရားရှင်ဟာ ဝိပဿနာဉာဏ် အလင်းရောင်အကူအညီနှင့် အဝိဇ္ဇာအမှောင်ထုကို ဖေါက်ထွင်းပြီး အတ္တဆိုတဲ့ တိုင်၊ နံရံ၊ အကာအရံတွေကို တွေ့မြင်တော်မူပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်အလင်းရောင်အကူအညီ၊ သဒ္ဓါ ဝီရိယစတဲ့ ဗိုလ် ငါးပါးအကူအညီနှင့် အတ္တ အကာအရံအတားအဆီးကို ဖြိုဖျက်တော် မူနိုင်လို့ သုံးဆယ့်တစ်ဘုံအပြင်ဘက်ကို ရောက်တော်မူခဲ့ပါတယ်။

သုံးဆယ့်တစ်ဘုံဝဋ်ဆင်းရဲလွတ်ကင်းမှုဆိုတဲ့ ချမ်းသာထူးကို ခံစားတော်မူခဲ့ရပါတယ်။

ကိုယ်တော်တိုင် သုံးဆယ့်တစ်ဘုံဝဋ်ဆင်းရဲမှ လွတ်ကင်းရသလို ဝဋ်ဆင်းရဲအတွင်း လှောင်ပိတ်ဒုက္ခရောက်နေတဲ့ သတ္တဝါတွေကိုလည်း လွတ်ကင်းစေတော်မူလိုပါတယ်။ ကိုယ်တော်တိုင် ဝဋ်ဆင်းရဲလွတ်ကင်းမှုချမ်းသာကို ခံစားရသလို သတ္တဝါတွေကိုလည်း ခံစားစေတော်မူလိုပါတယ်။ ဒါကြောင့် သုံးဆယ့်တစ်ဘုံကို အဝိဇ္ဇာအမှောင်ထုဖုံးလွှမ်းထားကြောင်း၊ သူ ငါ သတ္တဝါစသည်ဖြင့် အမြင်မှားမှု အတ္တ–သက္ကာယဒိဋ္ဌိနှင့် အခိုင်အခံ့ကာရံထားကြောင်း၊ ဝိပဿနာဉာဏ်အလင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်အလင်း၊ သဒ္ဓါ ဝီရိယစတဲ့ မိုလ်ငါးပါးအကူအညီနှင့် အတ္တ အကာအရံ အတားအဆီးကို ရိုက်ချိုးဖယ်ဖျက်နိုင်ကြောင်း၊ အတ္တ–အကာအရံ ဟိုဘက်မှာ ဝဋ်ဆင်းရဲဒုက္ခမရှိတော့ကြောင်း အသိပေးတော်မူပါတယ်။ မနေမနား ညွှန်ကြားတော်မူပါတယ်။

ဘုရားဖြစ်တော်မူပြီး မကြာမီမှာပဲ ပဉ္စဝဂ္ဂီငါးဦးနှင့်အတူများပြားလှတဲ့ နတ်ပြဟ္မာတွေဟာ ဘုရားရှင်ပေးတော်မူတဲ့ နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ကြလို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်အလင်းကို ရရှိသွားကြပါတယ်။ အဝိဇ္ဇာအမှောင်ထုကိုဖောက်ထွင်းပြီး အတ္တ–သက္ကာယဒိဋ္ဌိ အကာအရံကို ချိုးဖျက်နိုင်ကြလို့ သုံးဆယ့်တစ်ဘုံဝဋ်ဆင်းရဲမှ လုံးဝလွတ်ကင်းခဲ့ကြပါတော့တယ်။ ဒီနောက်လည်း လေးဆယ့်ငါးဝါကာလတိုင်အောင် မနေမနား ဟောပြောညွှန်ပြတော်မူလို့ အမြင့်ဆုံး ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်အလင်းကို ရရှိသွားကြတဲ့ ပုဂ္ဂိုလ်ထူးတွေ မရေမတွက်နိုင်အောင်ရှိခဲ့ပါတယ်။

ယခုလည်း ရှိနေဆဲပါ။

ဒါကြောင့် ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဝါဒပေါ်လာခြင်းဟာ ကမ္ဘာ့အဆင့်အမြင့်ဆုံး အသိဉာဏ်ပိုင်းကို ဖေါ်ထုတ်နိုင်ခဲ့တယ်လို့ ပြောနိုင်တာဖြစ်ပါတယ်။ ။

## ကမ္ဘာ့ဘာသာတွေထဲမှာ
## ဗုဒ္ဓဘာသာရဲ့ အထူးခြားဆုံးအချက်က ဘာလဲ ?

အထူးခြားဆုံးအချက်က အနတ္တဝါဒဖြစ်ပါတယ်။

ဒီနေရာမှာ အနတ္တရယ် အနတ္တနှင့်ဆက်စပ်နေတဲ့ အကြောင်းအရာတွေရယ်ကို အကျဉ်းချုပ်ပြီး သိထားဖို့ လိုပါလိမ့်မယ်။ ဖြစ်စေချင်သလိုမဖြစ်ဘဲ သူ့သဘာဝအလျောက် ဖြစ်ပျက်ခြင်းဟာ အနတ္တသဘောလက္ခဏာဖြစ်ပါတယ်။ **တစ်နည်းပြောရရင် - ဖြစ်ပေါ်ဆဲအရာကို မတည်တံ့ပါနှင့်၊ တည်တံ့ဆဲအရာကို မအို မဟောင်း မရင့်ရော်ပါနှင့်၊ အိုမင်းရင့်ရော်ဆဲအရာကို မပျက်ပါနှင့်လို့ တောင့်တ ပြုပြင်တားဆီးပိတ်ပင်နိုင်မှုမှ ကင်းဆိတ်ခြင်းသဘော၊ အစိုးတရ စိမံနိုင်မှုမရှိခြင်းသဘော၊ အလိုမရှိဘဲဖြစ်ပျက်ခြင်းသဘော၊ အတ္တနှင့်လုံးဝဆန့်ကျင်ဘက်သဘောတွေဟာ အနတ္တရဲ့သဘောလက္ခဏာတွေဖြစ်ပါတယ်။**

အနိစ္စသဘောလက္ခဏာ ဒုက္ခသဘောလက္ခဏာတွေကို သာမန်သိအနေဖြင့် သိနိုင်မြင်နိုင်ပေမဲ့ အနတ္တသဘောလက္ခဏာကိုတော့ သာမန်သိအနေဖြင့် သိမြင်ဖို့ပင် အလွန်ခက်ခဲလှပါတယ်။ ဥပမာဆိုကြပါစို့ - ပစ္စည်းတစ်ခုခုကွဲသွားပျက်သွားတဲ့အခါ အို အနိစ္စ

အနိစ္စလို့ ပြောတတ်ကြသလို၊ တစ်စုံတစ်ယောက် သေဆုံး ပျက်စီးတဲ့ အခါမှာလည်း အနိစ္စရောက်တယ်လို့ ပြောတတ်ကြပါတယ်။ ပြီးတော့ သွားလာရင်း ခလုတ်တိုက်မိတဲ့အခါ၊ ရောဂါကြီးငယ်တစ်မျိုးမျိုး ခံစားရတဲ့အခါတွေမှာ – အို ဒုက္ခ ဒုက္ခလို့ ညည်းညူ ပြောဆိုတတ်ကြပါတယ်။ ဒါတွေဟာ အများအားဖြင့် သာမန်သိဖြင့် ပြောဆိုကြတာဖြစ်ပါတယ်။ အနတ္တကျတော့ ဒီလိုသာမန်သိအနေဖြင့် ပြောဆိုနိုင်တာကိုမရှိပါဘူး။ အကြောင်းကတော့ အသိခက် အမြင်ခက်လို့ဖြစ်ပါတယ်။ ဒီလိုခက်ခဲလွန်းလို့ပဲ ဘုရားရှင်များ အနတ္တသဘောကို ဟောပြတော်မူကြတဲ့အခါ အနိစ္စသဘော ဒါမှမဟုတ် ဒုက္ခသဘော ဒါမှမဟုတ် နှစ်မျိုးလုံးကို အခြေခံပြီး ဟောပြတော်မူလေ့ရှိကြတာဖြစ်ပါတယ်။

ဘာဖြစ်လို့ ဒီလောက်အသိခက်ရသလဲဆိုရင်–**အထူးသဖြင့် သက်ရှိအရာတွေကို သက်ဆိုင်ရာ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓစတဲ့ဓာတ်တွေ၊ စိတ်စေတသိက်တွေနှင့်ဖွဲ့စည်းထားတဲ့ ဓာတ်စု ဓာတ်ပုံ ဓာတ်အစုအဝေးလို့မမြင်ဘဲ သူ ငါ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ကျွဲ နွား ဆင် မြင်းစသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါ အကောင်ဒြပ် တစ်လုံးတစ်ခဲအနေဖြင့် သိနေမြင်နေကြလို့ဖြစ်ပါတယ်။**

ဒီအသိအမြင်ဟာ တစ်ကြိမ် တစ်ဘဝ အသိအမြင်မဟုတ်ပါဘူး။ သံသရာနှင့်ချီပြီးကြာအောင် သိမြင်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် အတ္တအထုံအစွဲက အထူးခိုင်မြဲလှပါတော့တယ်။ ဘုရားရှင်များပွင့်တော်မူမှ ဘုရားရှင်များဟောကြားတော်မူမှ အနတ္တသဘောကို နားလည်သိမြင်ကြတာဖြစ်ပါတယ်။ ဘုရားဟောတရားတော်များ ကွယ်ပျောက်သွားချိန်တွေမှာတော့ အနတ္တသဘောလက္ခဏာကို သိမြင်

ဖို့မပြောနှင့် အနတ္တဆိုတဲ့အသံကိုပင် မကြားရနိုင်ပါဘူး။ သူ ငါ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အတ္တစွဲနှင့် ကျင်လည်ကြရပါတော့တယ်။

**ဒီတော့ အနတ္တသဘောကိုလေ့လာတဲ့အခါ အတ္တသဘောကိုလည်း အခြေခံလောက်တော့ သိထားသင့်ပါတယ်။ အတ္တရဲ့ သဘောလက္ခဏာက ဘာလဲ –**

မပျက်စီးခြင်း၊ ခိုင်ခံ့တည်မြဲခြင်း၊ အလိုအတိုင်းဖြစ်စေနိုင်ခြင်း၊ အစိုးရခြင်းစတဲ့ သတ္တိတွေဟာ အတ္တရဲ့သဘောလက္ခဏာတွေဖြစ်ပါတယ်။ ဒီအတ္တဟာ ဇီဝအတ္တ ပရမအတ္တရယ်လို့ နှစ်မျိုးရှိကြောင်း အတ္တဝါဒီတွေက ပြဆိုကြပါတယ်။ သူတို့အဆိုအရ–လူ နတ် တိရစ္ဆာန်စတဲ့သတ္တဝါတွေမှာ အတ္တ အသီးသီးရှိကြတယ်။ အတ္တကို အသက် ဝိညာဉ် လိပ်ပြာစသည်ဖြင့် နာမည်အမျိုးမျိုးနဲ့ ခေါ်ဝေါ်ကြတယ်။ ဒီအတ္တကို ဘုရားသခင်က ဖန်ဆင်းထားတာလို့ ယူဆကြသလို အချို့က ဘုရားသခင်ဆီမှ ခွဲထွက်လာတာလို့ ယုံကြည်လက်ခံကြတယ်။ ဒါဟာ **ဇီဝအတ္တ** ဖြစ်ပါတယ်။

ကမ္ဘာလောကထဲရှိရှိသမျှ လူ နတ် တိရစ္ဆာန်စတဲ့ သက်ရှိ သတ္တဝါတွေ၊ ရေ မြေ တော တောင် ကြယ် လ နက္ခတ်စတဲ့ သက်မဲ့ ဝတ္ထုတွေနှင့် ကမ္ဘာလောကကြီး တစ်ခုလုံးကို ဖန်ဆင်းသူရှိတယ်။ သူ့ကို ဗြဟ္မာကြီး၊ ထာဝရ ဘုရားသခင်စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြတယ်။ ဒါဟာ **ပရမအတ္တ** ဖြစ်ပါတယ်လို့ အတ္တဝါဒီတွေရဲ့ ဖေါ်ပြချက်မှာ တွေ့နိုင်ပါတယ်။ ဒါက အတ္တသဘောကို မြင်လွယ်အောင် အကြမ်းဖြင်း လေ့လာကြည့်တာ ဖြစ်ပါတယ်။

ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်စဉ်ဟာ အလွန်ဆန်းကြယ် လှပါတယ်။ နက်နဲသိမ်မွေ့လှပါတယ်။ ရုပ်တရားတွေမှာ ကံကိုအခြေ

ခံတဲ့ရုပ်ဖြစ်စဉ်၊ စိတ်ကိုအခြေခံတဲ့ရုပ်ဖြစ်စဉ်၊ ဥတုကိုအခြေခံတဲ့ရုပ်ဖြစ်စဉ်၊ အာဟာရကိုအခြေခံတဲ့ရုပ်ဖြစ်စဉ် စသည်ရှိသလို နာမ်တရားတွေမှာလည်း အမြင်အာရုံကိုအခြေခံတဲ့နာမ်ဖြစ်စဉ်၊ အကြားအာရုံ အနံ့အာရုံ အရသာအာရုံ အတွေ့အထိအာရုံ အသိအာရုံကိုအခြေခံတဲ့ နာမ်ဖြစ်စဉ်ရယ်လို့ အမျိုးမျိုးရှိပါတယ်။ ဒီဖြစ်စဉ်တွေနှင့် ဒီဖြစ်စဉ်တွေရဲ့အကြောင်းတရားတွေကို သိနားလည်ဖို့ အလွန်ခက်ခဲလှပါတယ်။ ဒါကြောင့် ရုပ်နာမ်တရားတွေရဲ့ ဖြစ်ပေါ်မှုအခြေအနေကိုကြည့်ပြီး ချုပ်ကိုင်လွှမ်းမိုး ဖန်တီးသူရှိရမယ်။ ချုပ်ကိုင်ဖန်တီးသူရှိလို့သာ ဒီလိုဖြစ်ပေါ်လာတာလို့ တွေးတောကြံဆကြပါတော့တယ်။ ရုပ်နာမ်တွေရဲ့ဖြစ်စဉ်နှင့် ဖြစ်ရခြင်းအကြောင်းရင်းကို နားမလည် မသိရှိမှုဟာ အတ္တရှိတယ်လို့ ကြံဆယုံကြည်ဖို့ရာ အကြောင်းရင်းတစ်ချက်ဖြစ်ပါတယ်။

ဒီလို မသိနိုင် မမြင်နိုင်ကြလို့သာ သတ္တဝါတွေဟာ ရုပ်တရားနာမ်တရားတွေရဲ့ ဖြစ်စဉ်အပြုအမူကိုကြည့်ပြီး မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ အတ္တကို အခြေအနေအမျိုးမျိုးနှင့် ကြံဆလက်ခံတတ်ကြကြောင်း တွေ့ရပါတယ်။

(က) သွားမှု ရပ်မှု ထိုင်မှု လျောင်းမှု ပြောဆိုမှု ကြံစည်မှု စတဲ့ကိစ္စရပ်တွေကို ငါဆိုတဲ့အတ္တက လွှမ်းမိုးချုပ်ကိုင်အုပ်စိုးချယ်လှယ်ထားတာ၊ ဒီလှုပ်ရှားပြုမူမှုမှန်သမျှ အတ္တအလိုကျ ဖြစ်ရတာလို့ အတ္တကို သာမိ = အရှင်သခင် အဖြစ်နှင့် ယုံကြည်လက်ခံမှု။

(ခ) ကိုယ်ခန္ဓာမှာ ငါဆိုတဲ့ အတ္တကောင်ရှိတယ်။ သေတဲ့

အခါ ကိုယ်ခန္ဓာပျက်စီးပေမဲ့ အတ္တကမပျက်စီးဘူး။ ဘဝသစ်တစ်ခု ခန္ဓာသစ်တစ်ခုသို့ ပြောင်းရွှေ့သွားတယ်။ ဒါကြောင့် ရှေးရှေးဘဝတွေတုန်းကငါဟာ ယခုဘဝငါနှင့်အတူတူပဲ၊ နောင်ဘဝတွေမှာ ဖြစ်ရမှာလည်း ယခုဘဝငါသာဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ အချို့ကတော့ ရုပ်ခန္ဓာ အသက်ရှင်နေသမျှ ငါဆိုတဲ့အတ္တကရှိနေတယ်။ ရုပ်ခန္ဓာ သေဆုံးပျက်စီးတာနှင့် အတ္တလည်း တခါတည်း သေဆုံးပျက်စီးသွားတယ်လို့ ယုံကြည်ကြပါတယ်။ ဒီလို အတ္တကို နိဝါသီ= ကိုယ်ခန္ဓာမှာ အမြဲနေသူအဖြစ် ယုံကြည်လက်ခံမှု။

(ဂ) ကိုယ်မှု နှုတ်မှု စိတ်မှုဆိုင်ရာ ကိစ္စရပ်တိုင်းမှာ ပြုသမျှ ပြောသမျှ ကြံစည်သမျှ ငါဆိုတဲ့ အတ္တကပြုလုပ်တာ။ ငါပြောတာ၊ ငါလုပ်တာ၊ ငါစားတာ၊ ငါကြံစည်တာ စသည်ဖြင့် အတ္တကို ကာရက = ပြုလုပ်တတ်သူအဖြစ် ယုံကြည်လက်ခံမှု။

(ဃ) ချမ်းသာ ဆင်းရဲအမျိုးမျိုးကို ငါဆိုတဲ့ အတ္တကခံစားတာ။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုအမျိုးမျိုးနှင့် ကြုံရတဲ့ အခါ ဒီဆင်းရဲဒုက္ခကို ခံစားတာငါပဲ။ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုအမျိုးမျိုးနှင့် ကြုံရတဲ့အခါ ဒီချမ်းသာမှုကိုခံစားတာငါပဲလို့ အတ္တကို ဝေဒက = ခံစားတတ်သူ အဖြစ်ဖြင့် ယုံကြည်လက်ခံမှု စတဲ့အခြေအနေ အမျိုး

မျိုးနှင့် အတ္တကို ယုံကြည်လက်ခံကြပါတော့တယ်။

**အတ္တရှိတယ်လို့ ယုံကြည်လက်ခံတာနှင့်အတူ –**

(က) ငါ့အိမ်၊ ငါ့မြေ၊ ငါ့သား၊ ငါ့သမီး၊ ငါပိုင်ပစ္စည်း၊ ငါဆိုင်ပစ္စည်းစသည်ဖြင့် တဏှာဖြင့်စွဲလမ်းမှု။

(ခ) ငါချမ်းသာတယ်၊ ငါပညာတတ်တယ်၊ ငါအဆင်းလှတယ်၊ ငါမြတ်တယ်စသည်ဖြင့် မာနဖြင့်စွဲလမ်းမှု။

(ဂ) ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးလုံးကိုဖြစ်စေ၊ နှစ်ပါး သုံးပါး စသည်ကိုဖြစ်စေ သူငါ စသည်ဖြင့် ဒိဋ္ဌိဖြင့်စွဲလမ်းမှုတွေဟာ တသီတတန်းကြီး ပေါ်လာတတ်ပါတော့တယ်။

**အတ္တ ဒါမှမဟုတ် အတ္တရှိတယ်လို့ ယုံကြည်လက်ခံတဲ့အရာတွေရှိပါတယ်။ ဒါတွေကတော့ – ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ပါပဲ။** ဒီထဲမှာ ရုပ်တရားကလွဲရင် ကျန်တာတွေက နာမ်တရားတွေ ဖြစ်ပါတယ်။ ဒါကိုနည်းနည်းလေ့လာကြည့်ကြရအောင်–

**(က) ရုပ်တရား။** ။ ရုပ်တရားဆိုတာ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓစတဲ့ ဓာတ်တွေဖြစ်ပါတယ်။ အမျိုးအစားအနေနှင့် နှစ်ဆယ့်ရှစ်မျိုးလောက်ရှိပါတယ်။ ဒီဓာတ်တွေ အနည်းဆုံး ရှစ်ခုလောက်နှင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဟာ ရုပ်မှုန်ရုပ်မွှား တစ်ခု၊ ရုပ်ကလာပ်တစ်ခုဖြစ်ပါတယ်။ သူဟာ စက္ကန့်မလပ် အမြဲဖောက်ပြန် ပြောင်းလဲ ဖြစ်ပျက်နေတတ်ပါတယ်။ သူ–ငါလို့ ထင်နေကြတဲ့ ခန္ဓာကိုယ်ဟာ ဒီရုပ်မှုန်ရုပ်မွှားပေါင်းများစွာ ဖွဲ့စည်းပေါင်းစုနေတဲ့အရာဖြစ်ပါတယ်။ ဒီခန္ဓာကိုယ်ကို အမြဲမပြတ် ဖောက်ပြန် ဖြစ်ပျက်

နေတဲ့ ရုပ်မှုန်ရုပ်မွှား အစုအဝေးတစ်ခုလို့မမြင်ဘဲ အကောင်အထည် တစ်ခု၊ အသက်ရှင်နေတဲ့အရာတစ်ခုလို့ ရှုမြင်တတ်ကြပါတယ်။ ဒါကြောင့် ရုပ်တရားကို ငါ၊ ငါ့ခန္ဓာ၊ သူ၊ သူ့ခန္ဓာ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာအဖြစ်ဖြင့် ထင်မြင်ယုံကြည်ကြတာ ဖြစ်ပါတယ်။ အစိတ်အပိုင်းတစ်ခုစီအနေဖြင့်လည်း ငါ့ခြေ၊ ငါ့လက်၊ ငါ့မျက်စိ၊ ငါ့ဦးခေါင်း စသည်ဖြင့် ထင်မြင်တတ်ကြပါတယ်။ ဒါတွေဟာ ရုပ်တရားကို ငါဆိုတဲ့ အတ္တစွဲနှင့် စွဲလမ်းမှုဖြစ်ပါတယ်။

(ခ) **ဝေဒနာ။** ။ ဝေဒနာဆိုတာ ခံစားမှုသဘောပါ။ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အသိတွေမှာ အကောင်း အဆိုး အာရုံအမျိုးမျိုးကို ခံစားတတ်ပါတယ်။ ဒီခံစားတတ်တဲ့ ဝေဒနာ ကိုပဲ ကောင်းတဲ့အရာမှာဖြစ်စေ၊ ဆိုးတဲ့အရာမှာဖြစ်စေ ငါခံစားတယ်၊ သူခံစားတယ်လို့ ယူဆစွဲလမ်းကြပါတယ်။ ငါဘယ်တုန်းက ဘယ် လောက်ဒုက္ခရောက်ခဲ့တယ်။ သူဘယ်တုန်းက ဘယ်လောက်ဒုက္ခ ရောက်ခဲ့တယ် စသည်ဖြင့် ထင်မှတ်ပြောဆိုတတ်ကြပါတယ်။ ဒါဟာ ဝေဒနာကို ငါဆိုတဲ့ အတ္တစွဲနှင့် စွဲလမ်းမှုဖြစ်ပါတယ်။

(ဂ) **သညာ။** ။ သညာဆိုတာ မှတ်သားတတ်တဲ့သ ဘောပါ။ အမြင်အကြားအာရုံတွေ၊ အနံ့အရသာအာရုံတွေ၊ အတွေ့ အထိအသိအာရုံတွေမှာ မှတ်သားတတ်ပါတယ်။ ဒီသညာကိုလည်း သူ–ငါလို့ မှတ်ထင်တတ်ကြပါတယ်။ ငါဘယ်လောက်မှတ်မိတယ်၊ မှတ်နိုင်တယ်၊ သူဘယ်လောက်မှတ်မိတယ်၊ မှတ်နိုင်တယ် စသည်ဖြင့် သညာကို သူ–ငါအမှတ်ဖြင့် ပြောဆိုတတ်ကြပါတယ်။ ဒါဟာ

သညာကို ငါဆိုတဲ့ အတ္တစွဲနှင့် စွဲလမ်းမှုဖြစ်ပါတယ်။

**(ဃ) သင်္ခါရ။** ။ သင်္ခါရဆိုတာ ကိုယ်နှုတ်စိတ် အမှုအရာတွေဖြစ်အောင် ဆောင်ရွက်တတ်တဲ့သဘောပါ။ သွားမှု၊ လာမှု၊ ထိုင်မှု၊ ရပ်မှု၊ ကွေးမှု၊ ဆန့်မှု၊ ပြုံးရယ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုစတဲ့ ကိုယ်နှုတ်စိတ် အမှုအရာတွေဖြစ်အောင် ဆောင်ရွက်တတ်ပါတယ်။ ဒီလိုဖြစ်ပေါ်လာအောင်ဆောင်ရွက်တာ သင်္ခါရတရားပါ။ ဒါပေမဲ့ ဒီကိုယ်နှုတ်စိတ် အမှုအရာတွေမှာ ငါပြောတယ်၊ သူပြောတယ်၊ ငါသွားတယ်၊ သူသွားတယ်စသည်ဖြင့် သူ-ငါအမှတ်နှင့် ပြောဆိုတတ်ကြပါတယ်။ ဒါဟာ သင်္ခါရကို သူ-ငါဆိုတဲ့ အတ္တစွဲနှင့် စွဲလမ်းမှုဖြစ်ပါတယ်။

**(င) ဝိညာဉ်။** ။ ဝိညာဉ်ဆိုတာ သိတတ်တဲ့သဘောပါ။ အမြင် အကြား အနံ့စတဲ့ အာရုံတွေကို သိတတ်တဲ့သဘောပါ။ ဒီအာရုံတွေမှာ မြင်တယ်လို့သိတာငါ၊ ကြားတယ်လို့သိတာငါ၊ နံတယ်လို့သိတာငါ၊ ကောင်းမကောင်းအရသာကိုသိတာငါ စသည်ဖြင့် သိတတ်တဲ့ ဝိညာဉ်ကို သူ-ငါလို့ မှတ်ထင်တတ်ကြပါတယ်။ ဒါဟာ ဝိညာဉ်ကို ငါဆိုတဲ့ အတ္တစွဲနှင့် စွဲလမ်းမှုဖြစ်ပါတယ်။

ဒီတော့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးမှာ အများထင်သလို သူ-ငါဆိုတဲ့ အတ္တ တကယ်ရှိ မရှိ ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ စောစောက အတ္တရဲ့အစွမ်းသတ္တိတွေကို လေ့လာတင်ပြခဲ့ပြီးပါပြီ။ အစိုးရတယ်၊ အလိုအတိုင်းဖြစ်စေနိုင်တယ် စသည်ဖြင့်ပေါ့။

တကယ်လို့သာ ရုပ်တရားဟာ အတ္တဖြစ်တယ်၊ အတ္တရှိတယ်ဆိုရင် ငါ့ရုပ်ဟာ အချောအလှ အနုအရွလေးဖြစ်ပါစေ။ အကောင်းစားဖြစ်ပါစေ။ မကောင်းတဲ့ပုံ၊ မလှမပတဲ့ပုံ မဖြစ်ပါစေနှင့်လို့ စီမံ ဖန်တီးလို့ရမှာပေါ့။ ခုတော့ဒီလိုမဟုတ်ဘူး။ လှတာရော မလှတာရော၊ နုတာရော ကြမ်းတာရော အမျိုးမျိုးဖြစ်ရတယ်။ ဒါတင်မကဘူး။ နုရာကနေ အိုမင်းရင့်ရော်လာတယ်။ ဆံဖြူ သွားကျိုး နားထိုင်း ခါးကိုင်း မျက်စိမှုန် အရေတွန့်ဖြစ်လာတယ်။ မျက်စိနာ သွားနာ နားကိုက် ခါးအောင့် စသည်ဖြင့် နာတာတို နာတာရှည်ရောဂါ အမျိုးမျိုးဖြစ်ရတယ်။ နောက်တော့ သေဆုံး ပျက်စီးမှုလည်းဖြစ်ရတယ်။

အိုမှု နာမှု သေမှုဆိုတာ ဘယ်သူမှ မတွေ့လို မရလိုတဲ့အရာဖြစ်ပါတယ်။ တကယ်လို့ ရုပ်သာ အတ္တ၊ ဒါမှမဟုတ် အတ္တရှိရိုးမှန်ရင် ဒီလို အိုမှု နာမှု သေမှုတွေမဖြစ်အောင် စီမံ ဖန်တီးနိုင်ရမှာပေါ့။ ခုတော့ ရုပ်ဟာ အိုမှု နာမှု သေမှု အမျိုးမျိုးနှင့်ရင်ဆိုင်ရတယ်။ မအို မနာ မသေအောင် ပြုပြင် စီမံ ဖန်တီးမှု မပြုနိုင်တာ အလိုအတိုင်း မဖြစ်တာကိုကြည့်ရင် ရုပ်ဟာ အတ္တမဟုတ်ဘူး၊ ရုပ်တရားမှာ အတ္တမရှိဘူးဆိုတာ ထင်ရှားလှပါတယ်။

နောက်ပြီး ဝေဒနာစသည်ကို စစ်ဆေးကြည့်မယ်ဆိုရင် –

ဝေဒနာလည်း နှိပ်စက်မှုအမျိုးမျိုးဖြစ်ရပါတယ်။ သာမန်အနေဖြင့်ပြောရရင် သွား ရပ် ထိုင် လျောင်း ဣရိယာပုတ်တွေမှာ ဣရိယာပုတ် တစ်ခုတည်းနှင့် အကြာကြီးနေလို့မဖြစ်ပါဘူး။ မကြာမကြာ ပြောင်းပေး ရွှေ့ပေး လဲပေးရပါတယ်။ ဒါက ဝေဒနာနှိပ်စက်လို့ နှိပ်စက်ဒဏ်မခံနိုင်လို့ ပြောင်းပေးရတာဖြစ်ပါတယ်။ ရောဂါကြီးငယ်ဖြစ်လာပြီဆိုရင် ကယ်ပါ ယူပါ အော်ဟစ်ညည်းညူကြရတယ်။ အချို့

မခံနိုင်လွန်းလို့ သတ်သေတဲ့အထိ ဖြစ်ကြရတယ်။ နောက်ပြီး မိဘသေဆုံးလို့၊ သားသမီး ဇနီး ခင်ပွန်း ညီအစ်ကိုမောင်နှမသေဆုံးလို့၊ စီးပွါးဥစ္စာ ပျက်စီးဆုံးရှုံးလို့၊ အပေါင်းအသင်းမိတ်ဆွေတွေနှင့် ခွဲခွါရလို့၊ မချစ်မနှစ်သက်သူတွေနှင့် အတူနေရလို့စတဲ့ အကြောင်းရပ်တွေကြောင့် စိုးရိမ် ပူဆွေးရ ငိုကြွေးရစတဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အမျိုးမျိုးဖြစ်ရပါတယ်။

ဒီဆင်းရဲတွေကို ဘယ်သူမှ မခံစားလိုပါဘူး။ တကယ်လို့သာ ဝေဒနာက အတ္တဟုတ်ရိုး အတ္တရှိရိုးမှန်ရင် ဒီဆင်းရဲဒုက္ခတွေ မဖြစ်အောင် စီမံနိုင်မှာပေါ့။ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုတွေချည်း ဖြစ်အောင် ဖန်တီးနိုင်မှာပေါ့။ အတ္တမဟုတ် အတ္တမရှိလို့သာ အလိုအတိုင်းမဖြစ်၊ စီမံ ဖန်တီးလို့မရတာပေါ့။

မှတ်သားတတ်တဲ့ သညာဟာ လင်သေ၊ သားသမီးသေ၊ ဆွေမျိုးသေ၊ စီးပွားပျက်စတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးကို မမေ့မပျောက်နိုင်ဘဲ အမှတ်ရနေတတ်ပါတယ်။ အချို့ဆိုရင် ဒီလိုကိစ္စရပ်တွေကို တစိမ့်စိမ့်တွေး အမှတ်ရပြီး မစားနိုင် မအိပ်နိုင် ရောဂါကြီးငယ်စွဲကပ်ပြီး ဘဝဆုံးတဲ့အခြေရောက်သွားကြပါတယ်။ တကယ်လို့သာ သညာက အတ္တဟုတ်လို့မို့ အလိုအတိုင်းဖြစ်နိုင် အစိုးတရစီမံ ဖန်တီးနိုင်ရင် ချမ်းသာစရာ ဝမ်းသာစရာစတဲ့ ကောင်းတာတွေကိုသာ အမှတ်ရအောင်၊ ကြောက်စရာ လန့်စရာ စိုးရိမ်ပူဆွေးစရာစတဲ့ မကောင်းတာတွေကို အမှတ်မရအောင် စီမံ ဖန်တီး လုပ်ဆောင်နိုင်မှာပေါ့။ အလိုအတိုင်းမဖြစ် အစိုးမရလို့သာ ဒီလို မကောင်းတဲ့ကိစ္စတွေကို အမှတ်ရနေတာပေါ့။

နောက်ပြီးတော့ သင်္ခါရ။ ကိုယ်နှုတ်စိတ် အမှုအရာကို

ဖြစ်စေတတ်တဲ့ သင်္ခါရတရားဟာ ပကယ်လို့ အတ္တဟုတ်ရိုးမှန်ရင် ကောင်းတဲ့ ကိုယ်နှုတ်စိတ် အမူအရာတွေသာဖြစ်ပါစေ၊ မကောင်းတာ မှန်သမျှ တစ်ခုမှမဖြစ်ပါနှင့်လို့ စီမံ ဖန်တီးလို့ ရသင့်တာပေါ့။ ခုတော့ ဒီလိုမဟုတ်ဘူး။ လောဘအလျောက် ကာမဂုဏ်ဖေါက်ပြန်မှုတွေ၊ ခိုးယူမှု လုယက်မှုတွေ၊ ဒေါသအလျောက် ထိုးမှု ခုတ်မှု သတ်ဖြတ်မှုတွေ၊ လိမ်ညာပြောဆိုမှုတွေ၊ စွပ်စွဲပြောဆိုမှုတွေ၊ ဆဲဆိုကြိမ်းမောင်းမှုတွေ၊ မတွေးမကြံသင့်တာကို တွေးတောကြံဆမှုတွေစတဲ့ မကောင်းတဲ့ အမူအရာများစွာ ဖြစ်တတ်ကြပါတယ်။ ဒါတွေကိုအကြောင်းခံပြီး အချုပ်အနှောင် အဖမ်းဆီးခံရ၊ အရိုက်အနှက် အညှဉ်းဆဲခံရစသည်ဖြင့် ဒုက္ခအမျိုးမျိုးရောက်ကြပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် သင်္ခါရဟာ လိုလားတဲ့အတိုင်း ပြုပြင်ဖန်တီးနိုင်စွမ်းမရှိဘူး။ အစိုးမရဘူးဆိုတာ ထင်ရှားပါတယ်။

အာရုံကိုသိတတ်တဲ့ ဝိညာဉ်ဟာ တကယ်လို့ အတ္တဟုတ်ခဲ့ရင်၊ ငါ့ရဲ့အသိတွေ အကောင်းတွေချည်းဖြစ်ပါစေ၊ မကောင်း မကြိုက်မနှစ်သက် မလိုလားတဲ့အသိမဖြစ်ပါနှင့် စီမံလို့ ပြုပြင်ဖန်တီးလို့ ရသင့်ပါတယ်။ ခုတော့ ဒီလိုမဟုတ်ဘူး။ ကြောက်လန့်စရာ ရွံရှာစက်ဆုတ်စရာတွေကိုလည်းသိတယ်။ ဆဲဆိုတာ၊ မကောင်းပြောတာ၊ ခြိမ်းခြောက်တာတွေကိုလည်းသိတယ်။ အပုပ်အသိုး မစင်စတဲ့ အနံ့တွေကိုလည်းသိတယ်။ ပူလွန်း စပ်လွန်း ခါးလွန်းတဲ့ အရသာတွေကိုလည်းသိတယ်။ ဆူးစူး၊ လှံစူး၊ ဓါးထိုး၊ လက်နက်ထိ၊ မီးလောင်စတဲ့ မကောင်းတဲ့ အတွေ့အထိတွေကိုလည်းသိတယ်။ ဝမ်းနည်းပူဆွေးစရာ၊ ထိတ်လန့်စရာကိုလည်းသိတယ်။ ဘယ်လိုမှ မနှစ်သက် မလိုလား မသိချင်ပေမဲ့ ဒီလိုမကောင်းတာတွေကို သိနေရတာဟာ အစိုးမရလို့

ပြုပြင်နိုင်စွမ်းမရှိလို့ဆိုတာ ထင်ရှားပါတယ်။

ဒီတော့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေရဲ့ အခြေအနေကို စစ်ဆေးလေ့လာကြည့်ရင် သူတို့ကိုယ်တိုင် အမြဲမပြတ် ဖြစ်ပျက်ပြောင်းလဲနေရတာမို့ ဖန်တီးနိုင်စွမ်းမရှိဘူး၊ အစိုးမရဘူးဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်လို့ ပြောဆိုစရာ၊ သူ–ငါလို့ ထင်မှတ်စွဲလမ်းစရာ အတ္တမရှိဘူး။ အတ္တမဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ညွှန်ပြနေတာ ဖြစ်ပါတယ်။

**ဒီနေရာမှာ မေးစရာတစ်ခုရှိပါတယ်။ ဘုရားရှင်က ငါဘုရားလို့ ပြောဆိုသုံးနှုန်းတာရှိသလို အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးများလည်း ငါ့သပိတ် ငါ့သင်္ကန်းစသည်ဖြင့် ပြောဆိုသုံးနှုန်းတာတွေ့ရပါတယ်။ ဒီတော့ ဘုရား ရဟန္တာတွေမှာလည်း ငါဆိုတဲ့ အတ္တစွဲရှိလို့ ဒီလိုပြောတာလားလို့ မေးစရာရှိပါတယ်။**

ဒီအတွက် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ခွဲခြားနားလည်ထားရပါမယ်။ သမ္မုတိဆိုတာ လောကလူသားများ သတ်မှတ်သုံးနှုန်းချက်ပါ။ ဥပမာ – ယောကျ်ား မိန်းမ အပျို အအို ကလေး လူကြီး ထမိ အင်္ကျီ ဘောင်းဘီ လုံချည် သစ်ပင် တော တောင် မြစ်ချောင်း အင်း အိုင်စတဲ့ လောကမှာ ရှိသမျှအရာတွေကို သတ်မှတ်ခေါ်ဝေါ် သုံးနှုန်းတာမျိုးဖြစ်ပါတယ်။ ဒါဟာ အများနားလည်ဖို့ရာ သတ်မှတ်ခေါ်ဝေါ်တာမို့ လက်ခံကျင့်သုံးရပါတယ်။

ပရမတ္ထဆိုတာ တကယ်အဟုတ်အမှန် ထင်ရှားရှိနေတဲ့အရာဖြစ်ပါတယ်။ ဒါကတော့ ရုပ်တရားနှင့် နာမ်တရားပါပဲ။ လောကရှိရှိသမျှအရာတွေကို အရင်းစစ်ထုတ်နဘ်လိုက်ရင် ဒီတရားတွေသာတွေ့ရတာမို့ အမှန်တရားဖြစ်ပါတယ်။ ဒါကိုလည်း လက်ခံကျင့်သုံးရ

ပါတယ်။

သမ္မုတိသစ္စာကိုမသုံးဘဲ ပရမတ္ထသစ္စာကိုသာသုံးနေရင်လည်း လောကမှာ အတော်အဆင်မပြေ ဖြစ်ပါလိမ့်မယ်။ ဥပမာဆိုပါစို့ – "ရဟန်းတော်တစ်ပါး သင်္ကန်းရုံ သပိတ်လွယ်ပြီး ဆွမ်းခံကြွတယ်" ဆိုတဲ့ စကားရပ်မှာ ရဟန်းတော်တစ်ပါးဆိုတာ သမ္မုတိနယ်စကားရပ်နှင့်ပြောတာပါ။ ပရမတ္ထနယ်ကပြောရင် ရုပ်တရားနှင့် နာမ်တရားပဲရှိပါတယ်။ သင်္ကန်း သပိတ်ဆိုတာလည်း သမ္မုတိနယ်စကားပါပဲ။ ပရမတ္ထနယ်ကပြောရင် ရုပ်တရားပဲရှိပါတယ်။ ဆွမ်းခံကြွတယ်ဆိုတာလည်း သမ္မုတိနယ်စကားပါ။ ပရမတ္ထနယ်ကပြောရင် ရုပ်တရားပါ။ ဒီတော့ ရဟန်းတော်တစ်ပါး သင်္ကန်းရုံ သပိတ်လွယ်ပြီး ဆွမ်းခံကြွတယ်–ဆိုတဲ့ သမ္မုတိနယ်စကားကိုမသုံးဘဲ ပရမတ္ထနယ် စကားရပ်နှင့်ပြောရရင် – "ရုပ်နာမ်တစ်ခု ရုပ်ကိုရုံ ရုပ်ကိုလွယ်ပြီး ရုပ်ခံကြွတယ်" လို့ ပြောရပါလိမ့်မယ်။ အရာရာမှာ ဒီလိုပဲ ပြောဆိုနေရင် လောကမှာ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး။ တရားဟောတော်မူတဲ့အခါမှာလည်း ကျွတ်ထိုက်တဲ့ သတ္တဝါတွေအတွက် အဆင်ပြေမှာ မဟုတ်ဘူး။ ဒါကြောင့် ဘုရား ရဟန္တာပုဂ္ဂိုလ်မြတ်များလည်း သမ္မုတိသစ္စာကို အသုံးပြုတော်မူကြရပါတယ်။

ဒီလိုသုံးတော်မူကြတဲ့အခါ ငါဘုရား ငါ့သင်္ကန်း ငါ့သပိတ် စသည်ဖြင့် သုံးနှုန်းတော်မူကြတာဟာ ပုထုဇဉ်ပုဂ္ဂိုလ်တွေလို တဏှာစွဲ ဒိဋ္ဌိစွဲ မာနစွဲတွေနှင့် သုံးနှုန်းတော်မူကြတာမဟုတ်ပါဘူး။ ဘုရား ရဟန္တာ အရှင်မြတ်များရဲ့ စိတ်ဖြစ်စဉ်မှာ ဒီတရားတွေ လုံးဝမရှိတော့ပါဘူး။ လုံးဝ ပယ်ရှားတော်မူကြပြီး ဖြစ်ပါတယ်။ ငါ ငါ့သပိတ် ငါ့သင်္ကန်း မရှိ၊ ရုပ်နာမ်သာရှိကြောင်းကို ရှင်းရှင်းကြီး သိတော်မူပြီးကြပါပြီ။

လောကအလိုက် အဆင်ပြေအောင် ပြောဆိုသုံးနှုန်းတော်မူကြခြင်းသာ ဖြစ်ပါတယ်။

ဥပမာ ဘာနှင့်တူသလဲဆိုရင် – အသက်ဆယ်နှစ် ဆယ့်တစ်နှစ်အရွယ်ရောက်မှ ဖခင်ကွယ်လွန်သွားတဲ့ ကလေးတစ်ယောက်ဟာ မိခင် နောက်အိမ်ထောင်ပြုလို့မို့ နောက်အိမ်ထောင်ပထွေးကို လောကအလိုက် "အဖေ" လို့ ခေါ်ရပေမဲ့ စိတ်ထဲမှာတော့ ငါ့အဖေအရင်း မဟုတ်ဘူးဆိုတာ ရှင်းရှင်းကြီးနားလည်ထားသလိုပါပဲ။ ငါ ငါ့သက်န်း ငါ့သပိတ်ဆိုတာမရှိ ရုပ်နာမ်သာရှိကြောင်းကို ရှင်းရှင်းကြီး သိတော်မူကြပါတယ်။ လောကအလိုက် အဆင်ပြေအောင် ပြောဆိုသုံးနှုန်းတော်မူကြခြင်းသာ ဖြစ်ပါတယ်။

**အနတ္တသဘောကိုမြင်သိတော့ ဘယ်လိုအကျိုးတွေရှိသလဲလို့ မေးစရာရှိပါတယ်။ မေးလည်းမေးထိုက်ပါတယ်။**

အနတ္တသဘောကိုသိမြင်လို့ ရတဲ့အကျိုးတွေက ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။ လိုရင်းကိုပြောရရင် အတ္တရှိကယ်လို့ ယုံကြည်စွဲလမ်းမှုကို အခြေခံဖြစ်ရတဲ့ ဆင်းရဲဒုက္ခများစွာကနေ လွတ်မြောက်ရခြင်း အကျိုးရှိပါတယ်။

ရုပ်နာမ်တရားကို ရုပ်နာမ်လို့ မမြင်နိုင် မသိနိုင်ဘဲ ငါလို့ ထင်မြင်စွဲလမ်းမိတာနှင့် ငါ့သား ငါ့သမီး ငါ့ခင်ပွန်း ငါ့ဇနီး ငါ့ဆရာ ငါ့တပည့် ငါ့ဆွေမျိုး ငါပိုင်ပစ္စည်း ငါဆိုင်ပစ္စည်း ငါနှင့်ပတ်သက်သူ ငါနှင့်ဆက်စပ်သူ စသည်ဖြင့် တသီတတန်းကြီး ပေါ်လာပါတော့တယ်။

ဒီတော့ ငါဆိုတဲ့အရာ ချမ်းသာဖို့ အားထုတ်ရတော့တယ်။

အစားအတွက် အဝတ်အတွက် နေရာထိုင်ခင်းအတွက် ကျန်းမာရေးအတွက် စသည်ဖြင့် ငါနှင့်ပတ်သက်ပြီး ကြံစည်ရ ပြောဆိုရ လုပ်ကိုင်ရတော့တယ်။ ငါပိုင်ပစ္စည်းရှိလာတော့ လက်ရှိအခြေအနေထက်များလာအောင်၊ တိုးပွါးသထက်တိုးပွါးလာအောင် ကြံစည်ပြောဆိုလုပ်ကိုင်ရတယ်။ လက်ရှိငါပိုင်ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ရတယ်။ ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ခင်ပွန်းစသူတွေ ရှိလာတော့ သူတို့အတွက် ကြံစည်ပြောဆိုလုပ်ကိုင်ရတော့တယ်။ အခြားအခြား ငါနှင့်ဆက်စပ်သမျှကိစ္စတွေမှာ ဒီလိုပဲ အနည်းအများ လှုပ်ရှားရုန်းကန်ရတော့တယ်။ ဒီလို ကြံစည် ပြောဆို လုပ်ကိုင်ရင်းနှင့်ပဲ ကြံတိုင်း ပြောတိုင်း လုပ်တိုင်း မအောင်မြင်လို့ ဖြစ်ရတဲ့ဒုက္ခတွေ၊ ငါဆိုတဲ့ ရုပ်ခန္ဓာကိုယ်က တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ဆံဖြူနားထိုင်း ခါးကိုင်း မျက်စိမှုန် အရေတွန့် အင်အားယုတ်လာလို့ ဖြစ်ရတဲ့ဒုက္ခတွေ၊ နာတာရှည် နာတာတို ရောဂါကြီးငယ်နှိပ်စက်လို့ ဖြစ်ရတဲ့ဒုက္ခတွေ၊ လက်ရှိဘဝ ငါပိုင်ပစ္စည်း ငါဆိုင်ပစ္စည်းတွေ သား သမီး ဇနီး ခင်ပွန်း ဆွေမျိုး မိတ်ဆွေတွေကို စွန့်ခွါ သေဆုံးလို့ ဖြစ်ရတဲ့ဒုက္ခတွေ၊ မလိုလား မနှစ်သက်သူတွေနှင့် အတူနေရလို့ ဖြစ်ရတဲ့ဒုက္ခတွေ၊ လိုလားနှစ်သက်သူနှင့် မတွေ့မဆုံ အတူမနေရလို့ ဖြစ်ရတဲ့ဒုက္ခတွေ စတဲ့စတဲ့ ဆင်းရဲဒုက္ခတွေဟာ ငါဆိုတဲ့အရာကို အခြေခံပြီး ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

အတိတ်ဘဝများစွာကလည်း ငါဆိုတဲ့အရာကိုအခြေခံပြီး ဒီလို ဒုက္ခပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ကြရပြီ။ ပစ္စုပ္ပန်မှာလည်း ရင်ဆိုင်ရဆဲပါ။ ငါဆိုတဲ့ အစွဲကို မစွန့်နိုင်သမျှ အနာဂတ်ဘဝတွေမှာလည်း ဒီဒုက္ခတွေနှင့် ရင်ဆိုင်တွေ့ကြရဦးမှာပါ။

ငါလို့ထင်မှတ်ပြောဆိုတဲ့အရာ သူလို့ထင်မှတ်ပြောဆိုတဲ့အရာ တကယ်မရှိ၊ ရုပ်တရား နာမ်တရားသာရှိတယ်။ ရုပ်တရား နာမ်တရားလည်း သူ့သဘာဝအလျောက် စက္ကန့်မလပ် ဖြစ်ပျက်ပြောင်းလဲတတ်တဲ့ တရားသာဖြစ်တယ်လို့ အနတ္တသဘောကိုမြင်လိုက်တာနှင့် ငါလို့ထင်မြင်စွဲလမ်းတုန်းက ယုယတွယ်တာမှုတွေ၊ ငါလို့ထင်မြင်မှုကို အခြေခံပြီး ဖြစ်ခဲ့ရတဲ့ လောဘ ဒေါသ ဣဿာ မစ္ဆရိယတရားတွေ ပျောက်ကွယ်သွားပါတော့တယ်။ ငါဆိုတဲ့အရာ မရှိတော့တာကြောင့် ငါပိုင်ပစ္စည်း ငါဆိုင်ပစ္စည်းတွေ၊ ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ခင်ပွန်း စတဲ့ ငါနှင့်ပတ်သက်သူတွေလည်း ကွယ်ပျောက်သွားပါတော့တယ်။ ဒါကြောင့် ဒါတွေနှင့်ပတ်သက်ပြီး ကြံစည် ပြောဆို လှုပ်ရှားရုန်းကန်ရသမျှဒုက္ခတွေ၊ ဒါတွေနှင့်ဆက်စပ်ပြီး ဝမ်းနည်း ပူဆွေး ငိုကြွေးရမှုဒုက္ခတွေ ငြိမ်းအေးသွားပါတော့တယ်။ လက်ရှိဘဝ အိုမှု နာမှု သေမှုကို အခြေခံတဲ့ ကာယိကဒုက္ခကတော့ လက်ရှိအခြေအနေမှာ မလွတ်ကင်းနိုင်ပေမဲ့ စိတ်ဒုက္ခကတော့ ငြိမ်းအေးရပါတယ်။

**ငြိမ်းအေးတယ်ဆိုတဲ့နေရာမှာ ငြိမ်းအေးမှု အမျိုးမျိုးရှိပါတယ်–**

ဆရာသမားတွေ ဟောပြော ညွှန်ပြလို့ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းစသူတွေက ပြောပြလို့ဖြစ်စေ၊ ကိုယ်တိုင်တွေ့ကြုံခံစားရလို့ဖြစ်စေ အနတ္တသဘောကို ခဏတာသိမြင်လို့ ခဏတာငြိမ်းအေးမှုမျိုးရှိပါတယ်။ ဒါကို **"တဒင်္ဂ"** ငြိမ်းအေးမှုလို့ခေါ်ပါတယ်။

အထူးအားကောင်းတဲ့ သမာဓိစွမ်းအားနှင့် အနတ္တသဘောကိုသိမြင်လို့ ရက်တွေ လတွေ နှစ်တွေကြာအောင် ငြိမ်းအေးမှုမျိုးရှိပါတယ်။ ဒါကို " **ဝိက္ခမ္ဘန**" ငြိမ်းအေးမှုလို့ခေါ်ပါတယ်။

သံသရာတစ်လျှောက် စွဲလမ်းယုံကြည်လာခဲ့တဲ့ အတ္တအယူ

အဆက်ကို နောက်ထပ် ဘယ်တော့မှ ဖြစ်ပေါ်မလာအောင် အပြီးတိုင် ပယ်သတ်နိုင်တဲ့ အရဟတ္တမဂ်ဖြင့် ပယ်သတ်လို့ ငြိမ်းအေးမှုမျိုးရှိပါတယ်။ ဒါကို **"သမုစ္ဆေဒ"** ငြိမ်းအေးမှုလို့ခေါ်ပါတယ်။

ဒါတွေက အနတ္တသဘောကိုသိမြင်လို့ ဆင်းရဲဒုက္ခများစွာမှ လွတ်မြောက်ငြိမ်းအေးရမှုကို လိုရင်းအကျဉ်းချုပ်ပြီး ပြဆိုခြင်းဖြစ်ပါတယ်။

ခြုံပြီးပြောရရင် – အနတ္တသဘောကို ထုတ်ဖော်ဟောပြောနိုင်တယ်ဆိုတာ သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်တို့ရဲ့အရာသာဖြစ်ပါတယ်။ ဘုရားရှင်များ ထုတ်ဖော်ဟောကြားတော်မူလို့သာ သတ္တဝါတွေ သိကြရ၊ နားလည်ကြရတာဖြစ်ပါတယ်။ တစ်ဆင့် ဟောပြောနိုင်ကြတာဖြစ်ပါတယ်။ ဘုရားရှင်များရဲ့အဆုံးအမကင်းဆိတ်တဲ့ အခြားအယူဝါဒတွေမှာ အနတ္တသဘောသဘာဝကိုအသာထားလို့ "အနတ္တ" ဆိုတဲ့ စကားသံကိုပင် ကြားနိုင်စရာမရှိပါဘူး။ ဒါကြောင့် အနတ္တဝါဒကို အထူးခြားဆုံးအချက်လို့ ပြောနိုင်တာဖြစ်ပါတယ်။ ။

# မှီငြမ်းကိုးကားကျမ်းများ


၁။ အင်္ဂုတ္တရပါဠိ (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၇-ခု။

၂။ အင်္ဂုတ္တရပါဠိ (ဒုတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၈-ခု။

၃။ ဥပရိပဏ္ဏာသပါဠိ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၈-ခု။

၄။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၁-ခု။

၅။ မိလိန္ဒပဉှာပါဠိ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၇-ခု။

၆။ အင်္ဂုတ္တရဋ္ဌကထာ (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၈-ခု။

၇။ အင်္ဂုတ္တရဋ္ဌကထာ (တတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၀-ခု။

၈။ ဥပရိပဏ္ဏာသဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၀-ခု။

၉။ ခုဒ္ဒကပါဌဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၅၈-ခု။

၁၀။ ဇာတကဋ္ဌကထာ (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၅၉-ခု။

၁၁။ ဇာတကဋ္ဌကထာ (သတ္တမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၅၉-ခု။

၁၂။ ဓမ္မပဒဋ္ဌကထာ (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၉-ခု။

၁၃။ ဓမ္မပဒဋ္ဌကထာ (ဒုတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၉-ခု။

၁၄။ ပါရာဇိကကဏ္ဍဋ္ဌကထာ (ပထမတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၄-ခု။

၁၅။ မဟာဝဂ္ဂဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၃-ခု။

၁၆။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဒုတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၅၇-ခု။

၁၇။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၈-ခု။

၁၈။ သာရတ္ထဋီကာ (တတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၀-ခု။

၁၉။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒုတိယတွဲ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၁-ခု။

၂၀။ မဟာဝဂ္ဂဋီကာ၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၁-ခု။

၂၁။ အနုတ္တလက္ခဏာသုတ်တရားတော်ကြီး၊ မဟာစည်ဆရာတော်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၇-ခု။

၂၂။ မြန်မာနိုင်ငံတော်သမိုင်း၊ ဗိုလ်မှူးဘရှင်၊ ပြည်သူ့အင်အားပုံနှိပ်တိုက်၊ ၁၉၅၉-ခု။

၂၃။ ရတနာ့ဂုဏ်ရည်၊ အရှင်ဇနကာဘိဝံသ၊ လွင်ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၄၁-ခု။

၂၄။ မဃဒေဝလင်္ကာသစ်၊ မန်လည်ဆရာတော်၊ ကောင်းကင်ပြာပုံနှိပ်တိုက်၊ ၁၉၉၅-ခု။

အောင်မြင်ကျော်ကြား

စီးပွားတိုးတက်

ကုသိုလ်ဖြစ်လိုသူများအတွက်

အရှင်နန္ဒသေန လင်္ကာရ

သာမဏေကျော် မမ္မာစရိယ မဟာဓမ္မာစရိယ **M.A** ၏

ထွန်းထွန်းတောက်ဝတ်ရွတ်စဉ်

ထွက်ပါပြီ။

ဖြန့်ချိရေး - ထွန်းထွန်းတောက်စာပေ
အမှတ် ၂၀၂၊ ဦးချစ်မောင်လမ်း၊ ရန်ကင်းစင်တာအနီး
ဂွတ္တာလစ်၊ ဗဟန်း။
ဖုန်း - ၅၄၅၅၅၉၊ ၅၄၈၈၉၂

# အရှင်နန္ဒသေနာ ဃလင်္ကာရ

သာမဏေကျော် - ဓမ္မာစရိယ

မဟာဓမ္မာစရိယ

M.A

၏

# ဘာသာရေးအနှစ်သာရများ

စာစဉ် (၂)

မကြာမီ ထွက်ပါတော့မည်၊

၂၆၀၃၄

- ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ဖို့
- ကျမ်းဂန်နှင့်အညီ ရှိခိုးတတ်ဖို့
- ရတနာတွေရဲ့ သဘောသဘာဝ
- သာသနာဆိုတာ
- သူသေအလောင်းနှင့် သရဏဂုံ

  - သရဏဂုံ ညှိုးနွမ်း ပျက်ပြယ်ချိန်
  - ဗုဒ္ဓဝါဒနှင့် လောကီကြီးပွားရေး
  - **နတ်ကိုးကွယ်မှုနှင့်ဗုဒ္ဓဝါဒ**
  - ဒါနနှင့် သံသရာ
  - ရဟန္တာနှင့် ဈာန်ရပုဂ္ဂိုလ်

- ရေကိုသာအသုံးပြုတဲ့ ရေစက်ချကိစ္စ
- ဘဝအနိမ့်အမြင့် ကွာခြားချက်
- တောင်းတဲ့ဆုပြည့်နိုင်ဖို့
- အများပေးဝေမှုနှင့် တမလွန်လောက
- **ဗုဒ္ဓဘာသာရဲ့ အထူးခြားဆုံးအချက်**

စတဲ့အကြောင်းအရာတွေကိုစုစည်းထားပါတယ်။

